မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃) အမှတ် (၁၅၁)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ တပို့တွဲလကွယ်နေ့ | ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၈ ရက်၊ သောကြာနေ့။

ဒို့တာဝန်အရေး (၃) ပါး

- ❒ ပြည်ထောင်စု မပြိုကွဲရေး။
- ❒ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❒ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ပြည်သူများ၏ စားဝတ်နေရေးပြေလည်အောင် အဓိကထားကြိုးပမ်းဆောင်ရွက်ပေးနေ

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက် ၈ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ဇဂျမ်း-ကန်မြဲကျေးရွာအုပ်စုရှိ ဇဂျမ်း-ကန်မြဲကန်ပြန်လည်ပြုပြင်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတသည် ကန်မြဲကျေးရွာသို့ ရောက်ရှိရာ ကျေးရွာလူထုက လှိုက်လှဲစွာကြိုဆိုကြသည်။

ထို့နောက် ရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့်ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်တို့က ဇဂျမ်း-ကန်မြဲကန် ပြန်လည်ပြုပြင်နေမှု၊ ပြုပြင်ပြီးစီးပါက ဒေသခံပြည်သူများအတွက် အကျိုးဖြစ်ထွန်းလာမည့်အခြေအနေ၊ တောင်သာမြို့နယ်အနောက်ခြမ်း ရေရရှိရေးအတွက် စက်ရေတွင်းများတူးဖော်နေမှုတို့ကိုရှင်းလင်းတင်ပြကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ❁

> “ စိုက်ပျိုးရေရရှိရေး ကြိုးပမ်းဆောင်ရွက်ပေးသည့်အတွက် ယခင်မိုးရာသီတစ်သီးသာ စိုက်ပျိုးနိုင်ရာမှ တစ်နှစ်နှစ်သီး၊ သုံးသီးအထိ စိုက်ပျိုးလာနိုင်ပြီး ကျေးလက်နေပြည်သူများ၏ ဝင်ငွေသည်လည်း နှစ်ဆမှ သုံးဆအထိ တိုးတက်လာမည်ဖြစ် ”

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နွားထိုးကြီးမြို့နယ် ကန်နားကျေးရွာမှ အသက် ၉၆ နှစ်အရွယ်ရှိ အဘွား ဒေါ်ငြိမ်းတင်အား ရင်းနှီးခင်မင်စွာ နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရန်ကုန်မြစ်ကြောင်းနှင့် အနီးဝန်းကျင်လှေလာအပန်းဖြေနိုင်သည့် ကမ္ဘာလှည့်ခရီးသွားများအတွက် အပျော်စီးသင်္ဘောငယ်

သတင်း-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် ဝန်ဆောင်မှုပေးနိုင်မှုက အရေးကြီးသော အချက်များတွင် ပါဝင်သည်။ ခရီးသွားဧည့်သည်များ တဖြည်းဖြည်း တိုးတက်များပြားလာသော မြန်မာနိုင်ငံ၏ ခရီးသွားဝန်ဆောင်မှုအဖြစ် ရန်ကုန်မြစ်တွင်းနှင့် အနီးဝန်းကျင်ဒေသများသို့ အပန်းဖြေခရီး သွားလာနိုင်ရေးအတွက် အပျော်စီးသင်္ဘောငယ် Royal Green River Baby ကို စတင်ပြေးဆွဲတော့မည်ဖြစ်သည်။

အဆိုပါ အပျော်စီးသင်္ဘောငယ် မိတ်ဆက်ပွဲကို ရန်ကုန်မြို့ ဗိုလ်တထောင်ဆိပ်ကမ်း၌ ဖေဖော်ဝါရီ ၂၇ ရက် ညနေ ၅ နာရီက ကျင်းပသည်။ ယင်းအပျော်စီးသင်္ဘောငယ်ကို Royal Green River ကုမ္ပဏီက Sight Seeing Boat အသစ်အဖြစ် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ယခု သင်္ဘောငယ်သည် အလျား ပေ ၄၀၊ အနံ ၁၂ ပေ၊ ရေစူး ခြောက်ပေရှိပြီး ခရီးသည် ၁၂ ဦးအထိလိုက်ပါစီးနင်းနိုင်သည်။ အပျော်စီးသင်္ဘောငယ်ပေါ်တွင် ခရီးသွားမိတ်ဆွေများအားလုံး စုဝေးနိုင်မည့်နေရာကျယ်တစ်ခု၊ အိပ်ခန်းတစ်ခန်းနှင့် ရေချိုးခန်းပူးတွဲ သန့်စင်ခန်းတစ်ခန်းတို့ပါဝင်ဖွဲ့စည်းထားသည်။

Royal Green River Baby အပျော်စီးသင်္ဘောငယ်သည် အင်္ဂလန်နိုင်ငံ သိမ်းမြစ်အတွင်း ပြေးဆွဲနေသော သင်္ဘောငယ်များ၏ ပုံစံဒီဇိုင်းကို နမူနာယူကာ တည်ဆောက်ထားခြင်းဖြစ်ပြီး ရန်ကုန်မြစ်အတွင်းနှင့် အနီးပတ်ဝန်းကျင်ဒေသများသို့ အပန်းဖြေခရီးအဖြစ် သွားလာနိုင်သည်။

ယခုသင်္ဘောငယ်ကို သင်္ဘောတည်ဆောက်မှု ကျွမ်းကျင်သည့် အင်ဂျင်နီယာများက လှိုင်းလေဘေးအန္တရာယ်များ လုံခြုံစိတ်ချပြီး ခရီးသည်များ စိတ်အေးချမ်းသာစွာစီးနင်းအပန်းဖြေနိုင်ရေးအတွက် အတွေ့အကြုံရှိသော ကျွမ်းကျင်သင်္ဘော

စာမျက်နှာ ၈ ကော်လံ ၁ ✳

မိသားစုဘဝများ လုံခြုံဖို့ "Two Stars" သွပ်ပြား မိုးကြစို့...

TWO STARS သွပ်ပြားနှင့်ကာလာစတီးလ်အမိုးပြားများ

Distributed by: Lwin Oo Htwe Trading Co., Ltd.

Factory : R-1

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ဘဝမှတ်တိုင်

ကျွန်ုပ်တို့လူသားအများစုသည် လူ့လောကထဲရောက်လာပြီး အများအကျိုးရှိစေသည့် ဘဝမှတ်တိုင်များ မစိုက်ထူဘဲ ဤလောကထဲမှ ပြန်ထွက်သွားကြကုန်၏။ ဘဝမှတ်တိုင်ဟူသည်ကား မွေးဖွားသည်မှ သေဆုံးသည်အထိ ကာလအတွင်း မိမိ၏ကြိုးစားအားထုတ်မှုများ၊ လုပ်ကိုင်ဖန်တီးမှုများပင် ဖြစ်ပါသည်။ ဤဘဝမှတ်တိုင်များသည် မိမိနှင့်တကွ မိမိပတ်ဝန်းကျင်၊ ဒေသရပ်ရွာ၊ နိုင်ငံအစရှိသည်တို့အတွက် အကျိုးကျေးဇူး ဖြစ်ထွန်းစေနိုင်ပါသည်။ ဤကဲ့သို့သော ဘဝမှတ်တိုင်များ စိုက်ထူခဲ့သူများမှာ လွန်စွာရှားပါးလှသည်။ အချို့မှာ ဘဝတစ်လျှောက်လုံး မည်သည့်အားထုတ်လုပ်ကိုင်မှုများ မရှိဘဲ မထင်မရှား ပြန်ထွက်သွားကြသည်မှာ နောင်းလူတို့အတွက် ဝမ်းနည်းဖွယ်ရာကောင်း၏။

လောကထဲရောက်လာပြီး သက်တမ်းစေ့နေထိုင်သွားသူတိုင်းသည် လူသားတို့အတွက် တစ်ခုခုကျန်အောင် ဘဝမှတ်တိုင်ထားခဲ့သင့်ပေသည်။ အလုပ်သမား၊ လယ်သမားတို့က အလုပ်လုပ်ကိုင်ခြင်းဖြင့် ကုန်ထုတ်စွမ်းအား မြှင့်တင်ပေးခဲ့ကြသည်။ သိပ္ပံဆရာများက တီထွင်ဖန်တီးမှုများဖြင့် လူမှုဘဝကို တောက်ပစေခဲ့သည်။ ဝိဇ္ဇာဆရာတို့၏ကျေးဇူးကြောင့် အသိပညာ အတတ်ပညာများ တိုးပွားစေခဲ့သည်။ စီးပွားရေးပညာရှင်တို့၏ ကြိုးပမ်းအားထုတ်မှုကြောင့် စီးပွားရေးတိုးတက်စေခဲ့သည်။ နိုင်ငံရေး ပြုပြင်ပြောင်းလဲသူများ၏ ကြိုးစားအားထုတ်မှုကြောင့် မှန်ကန်သော အုပ်ချုပ်ရေးစနစ်ကို ဖြစ်စေခဲ့သည်။ ဤသူတို့အားလုံးသည် ဘဝမှတ်တိုင် စိုက်ထူခဲ့ကြသူများပေတည်း။

ယနေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအဖြစ် မားမားမတ်မတ်ရပ်တည်နိုင်ခြင်းသည် ကျွန်ုပ်တို့ ဘိုးဘွားဘီဘင် မင်းအဆက်ဆက်နှင့် သူရဲကောင်းတို့၏လက်ရုံးရည် နှလုံးရည်တို့ဖြင့် ကြိုးစားအားထုတ်မှုကြောင့်ဆိုလျှင် မှားမည်မဟုတ်ပေ။ ထို့အတူ လေယာဉ်ပျံ၊ မီးရထား၊ မော်တော်ကား၊ ကွန်ပျူတာ အစရှိသည်တို့ တိုးတက်ပေါ်ပေါက်လာခြင်းမှာလည်း သိပ္ပံပညာရှင်တို့၏ ကျေးဇူးကင်းမည်မဟုတ်ပါ။ အားလုံးသော ထိုပုဂ္ဂိုလ်အပေါင်းတို့သည် ဘဝမှတ်တိုင်များ စိုက်ထူပေးခဲ့ခြင်းကြောင့် နောင်းလူတို့အတွက် အကျိုးကျေးဇူးများ ခံစားနေကြရခြင်းဖြစ်ပါသည်။

ဤသို့ဆိုလျှင် ကျွန်ုပ်တို့အားလုံးသည် ဘဝမှတ်တိုင်များ စိုက်ထူပေးခဲ့သင့်ပေသည်။ အနိမ့်ဆုံး မိမိ မိသားစုအတွက် တိုးတက်အောင် လုပ်ကိုင်ဆောင်ရွက်ပေးခြင်းဖြင့် ဘဝမှတ်တိုင် စိုက်ထူပေးသင့်သည်။ ထိုမှဆက်လက်၍ မိမိရပ်ရွာ၊ ဒေသ၊ နိုင်ငံနှင့်လူမျိုး အကျိုးရှိစေမည့် တိုးတက်ပြောင်းလဲမှုများ ဖြစ်အောင် လုပ်ကိုင်ဖန်တီးပေးခဲ့ရမည် ဖြစ်ပါသည်။ သို့မှသာ သမိုင်းပေးတာဝန် ကျေပွန်ပေလိမ့်မည်။ ယနေ့ နိုင်ငံနှင့်လူမျိုး တိုးတက်ရာတိုးတက်ကြောင်း ဆောင်ရွက်မှုဟူသမျှတို့သည် သမိုင်းပေးတာဝန်ဖြစ်သကဲ့သို့ ဘဝမှတ်တိုင်များ စိုက်ထူနေခြင်းလည်း ဖြစ်ပါသည်။

ယနေ့တိုးတက်နေသည်ဆိုသော တိုင်းပြည်များကို လေ့လာကြည့်ပါ။ ရှေ့ကတီထွင်ဖန်တီးလုပ်ကိုင် ဆောင်ရွက်မှုများအပေါ် ကောင်းသည်ထက်ကောင်းအောင် ဆက်လက်အားထုတ်ခဲ့ကြသည်။ ထို့ကြောင့်လည်း တဖြည်းဖြည်းတိုးတက်ခဲ့ကြရပေသည်။ ရှေ့လူတို့ စိုက်ထူခဲ့သော ဘဝမှတ်တိုင်များကို လက်ဆင့်ကမ်းသယ်ဆောင်သွားခဲ့ကြသည်ကို တွေ့ရသည်။

သို့ဖြစ်ရာ လူတိုင်းလူတိုင်း ဘဝမှတ်တိုင်များ ကိုယ်စီကိုယ်င စိုက်ထူသွားကြမည်ဆိုလျှင် ကျွန်ုပ်တို့နိုင်ငံကြီးသည်လည်း တဖြည်းဖြည်း တိုးတက်ပြောင်းလဲလာမည် ဖြစ်ပါသည်။ ''ရှေ့ကကောင်းမှ အခုကောင်းပါမည်''ဆိုသောစကားအတိုင်း ရှေ့လူများက ကောင်းအောင်ကြိုးစားအားထုတ်ပေးခဲ့ပါမှ နောင်လာနောက်သားတို့အတွက် အကျိုးကျေးဇူးများရရှိစေနိုင်မည် ဖြစ်ပါကြောင်း။ ။

သန်းခေါင်စာရင်းကောက်ယူရေး လှုံ့ဆော်မှု မြေစိုက်ပိုစတာစိုက်ထူ

လားရှိုး ဖေဖော်ဝါရီ ၂၇

လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လှုံ့ဆော်မှုမြေစိုက်ပိုစတာစိုက်ထူပွဲအခမ်းအနားကို လားရှိုးမြို့ မြို့တော်ခန်းမရှေ့၌ ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၈နာရီက ကျင်းပရာ လားရှိုးမြို့နယ်သန်းခေါင်စာရင်းကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်လွင်နှင့် မြို့နယ် သန်းခေါင်စာရင်းကော်မတီဝင်များ၊ လားရှိုးမြို့ပေါ်ရပ်ကွက် ၁၂ ရပ်ကွက်မှ ရပ်ကွက် သန်းခေါင်စာရင်းကော်မတီဝင်များ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ ရပ်မိရပ်ဖ ၁၀၀ ခန့် တက်ရောက်ခဲ့ကြသည်။ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလှုံ့ဆော်မှု မြေစိုက်ပိုစတာများအား လားရှိုးမြို့ပေါ်တွင် မြို့တော်ခန်းမ၊ လေယာဉ်ကွင်းလမ်းဆုံ၊ မန်ဆူဘုရားကြီးအနီးနှင့် ပြည်ထောင်စုအားကစားကွင်းအနီးရှိ နေရာလေးနေရာတို့တွင် စိုက်ထူထားကြောင်း သိရသည်။ **ဇော်လွင်(လားရှိုး)**

ပြည်တွင်းသတင်း

ဓမ္မပူဇာသဘင်ပွဲ တရားနာပရိသတ်များဖြင့် စည်ကား

နေပြည်တော် ဖေဖော်ဝါရီ ၂၇

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် သာသနဟိတရေး လူမှုကူညီရေးအသင်းမှကြီးမှူး၍ ဓမ္မပူဇာသဘင်တရားပွဲများကို ဖေဖော်ဝါရီ ၂၅ ရက်မှ ၂၇ ရက်အထိ သုံးရက်တိုင်တိုင် ရန်ကုန်မြို့အပြည်ပြည်ဆိုင်ရာ အဘိဓမ္မ သိပ္ပံပါမောက္ခချုပ်၊ စစ်ကိုင်းတောင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ်၊ ရန်ကုန်မြို့အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ပါမောက္ခချုပ်၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တဒေါက်တာ နန္ဒမာလာဘိဝံသက နေပြည်တော်မြို့တော်ခန်းမရှေ့ရှိ ရင်ပြင်၌ ညစဉ် ၇ နာရီခွဲတွင် ကျင်းပလျက်ရှိရာ နေပြည်တော်ကောင်စီနယ်မြေ အတွင်းရှိ ရပ်ကွက်များ၊ အနီးဝန်းကျင် ကျေးရွာများရှိ ပြည်သူများမှ ဆရာတော်အရှင်သူမြတ် ဟောကြားတော်မူသည့် နိဗ္ဗာန်ရောက်ကြောင်းတရားတော်မြတ်များကို ဖေဖော်ဝါရီ ၂၅ ရက်က တရားနာ ပရိသတ်ပေါင်း ၂၀၀၀၀ ခန့်နှင့် ဖေဖော်ဝါရီ ၂၆ ရက်တွင် တရားနာ ပရိသတ်ပေါင်း ၂၀၀၀၀ ခန့် လာရောက်နာယူခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် စက်ယန္တရားများ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသများသို့ လွှဲပြောင်းပေးအပ်

နေပြည်တော် ဖေဖော်ဝါရီ ၂၇

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်ဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေး နှစ်အတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတစ်ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ငါးခုတို့တွင် ဒေသဖွံ့ဖြိုးရေးအတွက် လယ်ယာမြေဖော်ထုတ်ခြင်း အပါအဝင် လမ်းပန်းဆက်သွယ်ရေး၊ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရန် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသတစ်ခုလျှင် မြေတူးစက် (Excavator) တစ်စီး၊ မြေထိုးစက် (Bulldozer) တစ်စီး၊ လမ်းကြိတ်စက် (Road Roller) တစ်စီးနှင့် မြေသယ် ယာဉ် (Dump Truck) သုံးစီး စုစုပေါင်းခြောက်စီးနှုန်းဖြင့် ပံ့ပိုးကူညီရန် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်း စာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနမှ ပြည်တွင်းကုမ္ပဏီများဖြင့် စာချုပ်ချုပ်ဆိုဝယ်ယူခဲ့သည်။

စက်ယန္တရားများအနက် ပထမအသုတ်အနေဖြင့် မြန်မာကိုင်ဒို ကုမ္ပဏီလီမိတက်မှ လွှဲပြောင်းအပ်နှံသည့် မြေတူးစက် (Excavator) ခြောက်စီးကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတစ်ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရဒေသငါးခုသို့ တစ်စီးနှုန်းဖြင့် ၂၀၁၃ခုနှစ် ဒီဇင်ဘာလက ဒေသအရောက် လွှဲပြောင်းပေးပို့ခဲ့ပြီးဖြစ်သည်။

ဆက်လက်၍ ရောက်ရှိလာသော စက်ယန္တရားများအနက် လမ်းကြိတ်စက် (Road Roller) ခြောက်စီး၊ မြေထိုးစက် (Bulldozer) ခြောက်စီး နှင့် မြေသယ်ယဉ် (Dump Truck) ခြောက်စီးတို့ကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတစ်ခုနှင့် ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသငါးခုသို့ စက်ယန္တရားတစ်မျိုးလျှင် တစ်စီးနှုန်းစီဖြင့် အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၏ စီမံဆောင်ရွက်မှုဖြင့် ဖေဖော်ဝါရီ ၂၆ ရက်တွင် ဒုတိယအကြိမ် လွှဲပြောင်းပေးပို့ခဲ့သည်။

ကျန်ရှိသော မြေသယ်ယာဉ် (Dump Truck) ၁၂ စီးရောက်ရှိပါက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတစ်ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသငါးခုသို့ ဒေသတစ်ခုလျှင် နှစ်စီးနှုန်းစီဖြင့် ပွင့်လင်းရာသီအမီ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျေးဇူးဆပ်

ကျွန်တော်ဖြိုးလေးကျော် (ဘ) ဦးဖေခင် ၁၃/တခလ(နိုင်)၀၆၆၉၂၂ ပတ်စ်ပို့စာအုပ် ပျောက်ဆုံးသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

ဖုန်း-၀၉-၇၃၂၅၆၇၇၈

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးဘဇံ၏ Passport M-၇၀၄၄၉၉သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဖုန်း-၀၉-၂၂၀၁၃၅၆

တစ်ဦးတည်းဖြစ်ပါကြောင်း

ဒေါ်လှစိန်နု ၁၁/စတန(နိုင်)၀၂၁၄၁၅၊ အထက(၆)၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၏ ဖခင် ဦးမောင်ထွန်းမြနှင့် ဦးထွန်းမြမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးမောင်ထွန်းမြ(ခ)ဦးထွန်းမြ

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတဦးသိန်းစိန် လောကနန္ဒာစွယ်တော်မြတ် စေတီတော်အား ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်စဉ်။ (သတင်းစဉ်)

■ ကျောက်ဖုံးမှ

ပွင့်လန်းလာမှုကြောင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာမှု၊ နိုင်ငံ့စီးပွားရေး တိုးတက်လာရန်အတွက် အထူးစီးပွားရေးဇုန်များ ထူထောင်နေမှု၊ ကမ္ဘာ့ဘဏ်အပါအဝင် နိုင်ငံတကာ ငွေကြေးအဖွဲ့အစည်းများ၊ ဥရောပ သမဂ္ဂနှင့် နိုင်ငံတကာ အစိုးရများက ကြွေးမြီများ ဖြေလျှော့ပေးခဲ့မှုနှင့် ပေါင်းကူးအနေဖြင့် အတိုးနှုန်း သက်သာသော ကြွေးမြီများ ထုတ်ချေးပေးလာမှု၊ နိုင်ငံရေး တည်ငြိမ်လာမှုနှင့်အတူ ပွင့်လင်းမြင်သာလာမှုကြောင့် မြန်မာနိုင်ငံသို့ ဝင်ထွက်သွားလာသည့် နိုင်ငံတကာမှခရီးသွားများ တိုးတက်များပြားလာမှုတို့ကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

နိုင်ငံတော်သမ္မတက ခရီးသွားလုပ်ငန်းနှင့်ပတ်သက်၍ ဆက်လက်ဆွေးနွေးပြောကြားရာတွင် ခရီးသွားများ လာရောက် လည်ပတ်မှုများပြားလာစေရန် နိုင်ငံတော်အစိုးရ၊ ဟိုတယ် လုပ်ငန်းရှင်များအသင်းနှင့် အုပ်ချုပ်ရေးအပိုင်းတို့က ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်အပိုင်းက အခြေခံ အဆောက်အအုံများဖြစ်သည့် ရေ၊ မီး၊ လေဆိပ်၊ လမ်း၊ ဆက်သွယ်ရေးစနစ် စသည်တို့ကို ကောင်းမွန်အောင်ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ပြီး ဟိုတယ်လုပ်ငန်းရှင်အသင်းများအနေဖြင့် လုပ်ငန်းရှင်အချင်းချင်းတိုင်ပင်ညှိနှိုင်းဆွေးနွေးကာ တိုးတက်အောင် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ အလားတူ ကမ္ဘာလှည့်ခရီးသည်များ လုံခြုံရေး၊ ဒေသသန့်ရှင်း သာယာလှပရေး စသည်တို့ကို အုပ်ချုပ်ရေးတာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း။

ပုဂံဒေသတွင် ခရီးသွားလုပ်ငန်းပိုမိုတိုးတက်လာရေးအတွက် ယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ကြရန် လိုအပ်ပါကြောင်း၊ အဆိုပါ အမွေအနှစ်များကြောင့် ခရီးသွားများ လာရောက်ကြခြင်းပင်ဖြစ်ကြောင်း၊ ဟိုတယ်ဇုန်များကိုလည်း နေရာသတ်မှတ်၍ ဆောက်လုပ်ခွင့်ပြုထားပြီး ဖြစ်ပါကြောင်း၊ ယခုအခါ ဟိုတယ်ဇုန်(၄) အထိ အကောင်အထည်ဖော်နေပြီဖြစ်ပြီး ဟိုတယ်ဇုန်(၅)ကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ရှေးဟောင်း ဘုရားပုထိုးစေတီများအနီးတွင် အဆောက်အအုံများ ရှိမနေစေရန် မြို့ပြစီမံကိန်းကို စီမံထားပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် နိုင်ငံတကာ အစည်းအဝေးကြီးများကို လက်ခံကျင်းပပါက ဟိုတယ်အခန်း မလုံလောက်သေးသည်ကို တွေ့ရှိရပါကြောင်း၊ ယခုနှစ်တွင် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေး၊ အာဆီယံ ထိပ်သီးအစည်းအဝေးနှင့် အရှေ့အာရှ ထိပ်သီးအစည်းအဝေးစသည့် အစည်းအဝေးကြီးများကို လက်ခံကျင်းပရမည်ဖြစ်ရာ ခရီးသွားများ ပိုမိုများပြားလာမည် ဖြစ်ပါကြောင်း။

ခရီးသွားလုပ်ငန်းသည် နိုင်ငံ့စီးပွားရေးအတွက် တစ်ဖက်တစ်လမ်းက အကျိုးပြုနေသဖြင့် ခရီးသွားလုပ်ငန်းအောင်မြင်ရန် အလွန်အရေးကြီးပါကြောင်း၊ ထို့ကြောင့် ခရီးသွားလုပ်ငန်း ပိုမိုတိုးတက်လာရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြမှသာ တိုင်းပြည် စီးပွားရေးတိုးတက်ပြီး ပြည်သူများ၏လူမှုစီးပွားဘဝလည်း ဖွံ့ဖြိုးလာမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဟိုတယ်လုပ်ငန်းရှင်များက ဟိုတယ်သစ်များ ဆောက်လုပ်ရေး၊ ဆက်သွယ်မှုကောင်းမွန်ရေး၊ ငွေကြေး ကူညီပံ့ပိုးရေး၊ ဟိုတယ်ဝန်ဆောင်မှု ပိုမိုကောင်းမွန်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ နိုင်ငံတော်သမ္မတက ဆောင်ရွက်ပေးနိုင်သည့်ကိစ္စရပ်များကို ပြန်လည်ဆွေးနွေး ဖြည့်ဆည်းပေးခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ ဝန်ကြီးချုပ်များ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ထို့နောက် ညနေ ၅ နာရီတွင် နိုင်ငံတော်သမ္မတသည် တုရင်တောင်စွယ်တော်မြတ်စေတီ၊ လောကနန္ဒာစွယ်တော်မြတ်စေတီနှင့် ရွှေစည်းခုံစေတီတော်တို့အား ဖူးမြော်ကြည်ညိုပြီး အလှူငွေနှင့် ရွှေသင်္ကန်း ကပ်လှူခဲ့သည်။

နိုင်ငံတော်သမ္မတသည် တုရင်တောင်ခြေရှိ မြကန်၏ ရေဝေရေလဲ ဒေသများ စိမ်းလန်းစိုပြည်ရေးနှင့် ကန်အတွင်း ရေသိုလှောင်မှု ကောင်းမွန်စေရေးတို့အား စနစ်တကျ စီမံဆောင်ရွက်ရန် မှာကြားခဲ့သည်။

(သတင်းစဉ်)

အလှူငွေ လှူဒါန်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လောကနန္ဒာ စွယ်တော်မြတ် စေတီတော်တွင် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၅ ခုနှစ်၊ တပို့တွဲလကွယ်
(ဥပုသ်နေ့)
၂၈-၂-၂၀၁၄(သောကြာ)
နံနက်ပိုင်း

၆း၀၀	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၂၅	မင်းကွန်းဆရာတော်ကြီး၏ အရပ် ၁၀မျက်နှာမေတ္တာဘာဝနာ ပွားများခြင်း တရားတော်
၇း၃၅	**ဆေးပညာနှင့် နီးနွယ်တက္ကသိုလ်များဆိုင်ရာမူဝါဒများမူကြမ်း** (အပိုင်း-၃) (ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီ ကျန်းမာရေးပညာဆိုင်ရာ လုပ်ငန်းအဖွဲ့)
၈း၀၀	ပြည်တွင်းသတင်း
၉း၄၅	ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်

နေ့လယ်ပိုင်း

၁၂း၂၅	ဆေးရောင်စုံရုပ်ရှင် **"မုံး"** နေအောင်၊ ရဲအောင်၊ မိုမို့ မြင့်အောင် (ဒါရိုက်တာ-ကြီးမြင့်)
၁၆း၃၀	**၂၀၁၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု ဘာသာရပ်ဆိုင်ရာသိကောင်းစရာ (သမိုင်းဘာသာရပ်)**
၁၇း၁၅	**ပြည်လုံးကျွတ်သန်းခေါင်စာရင်း (၂၀၁၄)ခုနှစ်**(ရှမ်းပြည်နယ်)
၂၀း၀၀	ပြည်တွင်းသတင်း

အမျိုးသားပညာရေးဥပဒေ (မူကြမ်း) ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၇

အမျိုးသားပညာရေး ဥပဒေ (မူကြမ်း)ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၂နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော် နာယက ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း တက်ရောက် အမှာစကားပြောကြားသည်

အဆိုပါ ဆွေးနွေးပွဲသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီး ဒေါက်တာ ဇော်မင်းအောင်နှင့် ဒေါက်တာ အောင်ကျော်မြတ်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပါမောက္ခချုပ်များ၊ လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ပညာရေးကဏ္ဍသည် နိုင်ငံတော်အတွက် အရေးကြီးသည်ဖြစ်ရာ ဥပဒေပြဋ္ဌာန်းနိုင်ရေးနှင့် လွှတ်တော်တွင် ဆွေးနွေးနိုင်ရေးအတွက် လွန်ခဲ့သည့် နှစ်နှစ်ကတည်းက ပြောကြားထားပြီးဖြစ်ကြောင်း၊ ယခုအချိန်အထိ ဥပဒေမပြုနိုင်ခြင်းအပေါ် မည်သည့် အခက်အခဲများရှိသည်ကို ဝိုင်းဝန်းအဖြေရှာရန် လိုပါကြောင်း။

ပထမအကြိမ် လွှတ်တော် သက်တမ်းကာလအတွင်း မပြီးနိုင်လျှင် မိမိတို့ ညံ့ရာကျမည်ဖြစ်ကြောင်း၊ တစ်ဦးနှင့်တစ်ဦး အပြစ်ပြောနေ၍ မပြီးဘဲ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ ဥပဒေကြမ်းနှင့် ဥပဒေထွက်ပေါ်လာရန် လွှတ်တော်တွင် တာဝန်ရှိကြောင်း၊ အနာဂတ်နိုင်ငံတော်အတွက် ပညာရေးဥပဒေ အမြန်ပေါ်ထွက် လာရန်လိုပါကြောင်း၊ ရဲရဲဝံ့ဝံ့ပွင့်ပွင့်လင်းလင်း ပြောဆိုဆွေးနွေးရန် လိုကြောင်းဖြင့် ပြောကြားသည်။

အမျိုးသားပညာရေး ဥပဒေ(မူကြမ်း)ညှိနှိုင်းဆွေးနွေးပွဲကို နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

ထို့နောက် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့် ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှု ကော်မတီဥက္ကဋ္ဌ ဒေါက်တာ ချမ်းငြိမ်းတို့က အမျိုးသားပညာရေး ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီနှင့် တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးကြသည်။

ယင်းနောက် တင်ပြချက်များအပေါ် ပြည်ထောင်စုလွှတ်တော် နာယကက ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(လွှတ်တော်)**

နိုင်ငံတကာသတင်း

အင်ဒိုနီးရှားနိုင်ငံ၌ မီးတောင်ပေါက်ကွဲမှုဖြစ် သဲများပါဝင်သည့် ပြာပူများ မိုးရွာသကဲ့သို့ ကျဆင်း

ဂျကာတာ ဖေဖော်ဝါရီ ၂၇

ဆူမတြားကျွန်း အနောက်ပိုင်း၌ မာရာပီ မီးတောင်ပေါက်ကွဲမှုကြောင့် မီးတောင်ဝမှ ပြာပူများသည် ကောင်းကင်သို့ မြောက်တက်သွားပြီး မီးတောင်ဝတောင်ဘက် ၁၀ ကီလိုမီတာနေရာသို့သဲများပါဝင်သော ၎င်းမီးတောင်ပြာများသည် ရုတ်တရက် မိုးသည်းထန်စွာရွာကျသကဲ့သို့ ကျရောက်ခဲ့ကြောင်း ဒေသအာဏာပိုင်များက ပြောသည်။

အဆိုပါမီးတောင်သည် Tanah Datar နှင့် Agam ခရိုင်နှစ်ခုအကြားတွင် တည်ရှိပြီး ဖေဖော်ဝါရီ ၂၆ ရက် ဒေသစံတော်ချိန် ၁၆ နာရီ ၁၅ မိနစ်တွင် ပြာများ၊ သဲများနှင့် ကျောက်စရစ်ခဲများပါသော ချော်ရည်ပူများကို ပြင်းထန်စွာ မှုတ်ထုတ်ခဲ့ကြောင်း၊ အိမ်နီးချင်းပြည်နယ် Riau ပြည်နယ်၌ တောမီးလောင်မှုကြောင့် ဆူမတြားကျွန်း အနောက်ပိုင်းတွင် မီးခိုးများ ဖုံးလွှမ်းနေရာ ၎င်းချော်ရည်ပူများတက်သွားသည့် အမြင့်ကို အမြင်အားဖြင့် ပြောဆို၍ မရနိုင်ကြောင်း မီးတောင်လေ့လာရေးဌာန အရာရှိ ဝါဆီနိုက ပြောသည်။

၎င်းမီးတောင် ပေါက်ကွဲမှုကို တတိယအဆင့် အမြင့်ဆုံးအဆင့်အဖြစ် သတ်မှတ်ပြီး မီးတောင်ပတ်ဝန်းကျင် သုံးကီလိုမီတာအတွင်းကို အန္တရာယ်ဇုန်အဖြစ် သတ်မှတ်ကာ ဒေသအာဏာပိုင်များက ပိတ်ထားခဲ့ကြောင်း၊ နေရာရွှေ့ပြောင်းရေးကိစ္စများကိုမူ ယခုအချိန်အထိ လုပ်ဆောင်ပေးနိုင်ခြင်းမရှိသေးကြောင်း ၎င်းက ပြောကြားသည်။ ယခုလ အစောပိုင်းကလည်း အရှေ့ဂျာဗားရှိ ကီလက်မီးတောင်က တစ်ကြိမ်၊ ဆူမတြားကျွန်း မြောက်ပိုင်း၌ ဆီနာဘန်မီးတောင်က တစ်ကြိမ် မီးတောင်ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ၂၄ ဦး သေဆုံးခဲ့ပြီး အခြား ၁၆၀၀၀၀ ကျော် နေရာပြောင်းရွှေ့မှုများ ပြုလုပ်ခဲ့ရသည်။

အင်ဒိုနီးရှား နိုင်ငံအတွင်း မီးတောင်ရှင် ၁၂၉ ခုရှိရာ မာရာပီ မီးတောင်သည်လည်း တစ်ခုအပါအဝင် ဖြစ်သည်။ (ဆင်ဟွာ)

တရားရင်ဆိုင်ရန် လျစ်လျူရှုခဲ့သော ထိုင်းဝန်ကြီးချုပ်အား လာဘ်စားမှုတိုက်ဖျက်ရေးအဖွဲ့က ဆင့်ခေါ်

ဗန်ကောက် ဖေဖော်ဝါရီ ၂၇

အစိုးရ ဆန်စပါးထောက်ပံ့ရေး အမတော်ကြေး စီမံကိန်းအပေါ် စွပ်စွဲထားသည့်အမှုအတွက် တရားရင်ဆိုင်ရန် လျစ်လျူရှုခဲ့သော ထိုင်းဝန်ကြီးချုပ်အား လာဘ်စားမှုတိုက်ဖျက်ရေးအဖွဲ့က ဆင့်ခေါ်လိုက်သည်။

အဆိုပါ စီမံကိန်းသည် လာဘ်စားမှုဖြစ်ပေါ်ခဲ့ကြောင်း ၎င်းအား အစားထိုးရန် ကြိုးစားနေသော ဝန်ကြီးချုပ် ရင်လတ်ရှင်နာဝပ်ထရာ၏ အတိုက်အခံများက ပြောကြားသည်။

မစ္စရင်လတ်သည် အဆိုပါအမှုနှင့်ပတ်သက်ပြီး ပြစ်မှုထင်ရှားစီရင်ခံရလျှင် ရာထူးမှဖယ်ရှားခံရဖွယ်ရှိသည်။ ထို့အပြင် နိုင်ငံရေးလောကမှ ငါးနှစ်ပိတ်ပင်ခံရမည်ဖြစ်သည်။

ထိုင်းနိုင်ငံ၏ နိုင်ငံရေးအကျပ်အတည်းသည် နိုဝင်ဘာလအစိုးရဆန့်ကျင်ဆန္ဒပြမှု စတင်ကတည်းက အကြမ်းဖက်မှုများ တိုးလာခဲ့သည်။ ဗုဒ္ဓဟူးနေ့က ချင်းရိုင်မြို့ မြောက်ပိုင်းသို့ ထွက်ခွာသွားသော မစ္စရင်လတ်သည် အမျိုးသား လာဘ်စားမှုတိုက်ဖျက်ရေးကော်မရှင် ကြားနာစစ်ဆေးရာတွင် တက်ရောက်လိမ့်မည်မဟုတ်ဟု ဆိုသည်။

အဆိုပါအမှုကြားနာစစ်ဆေးရာတွင် ဝန်ကြီးချုပ်ကိုယ်စား ၎င်း၏ရှေ့နေ တက်ရောက်ကြားနာလိမ့်မည်ဖြစ်ကြောင်း လာဘ်စားမှုတိုက်ဖျက်ရေးကော်မရှင် တာဝန်ရှိသူများက ပြောကြားသည်။ အဆိုပါစွပ်စွဲချက်များအပေါ် ဝန်ကြီးချုပ်ရင်လတ်က ငြင်းဆိုထားသည်။

ဆန်စပါး အမတော်ကြေး ထောက်ပံ့ရေးစီမံကိန်းသည် မစ္စရင်လတ်အစိုးရအတွက် အခရာဖြစ်ခဲ့ပြီး အစိုးရက လွန်ခဲ့သည့်နှစ်နှစ်တာအတွက် ဆန်စပါးဈေးနှုန်းများကို ကမ္ဘာ့ပေါက်ဈေးထက် ၅၀ ရာခိုင်နှုန်းမြင့်ဝယ်ယူခဲ့သည်။ မူလက ယင်းမူဝါဒသည် လယ်သမားများအတွက် ကောင်းသော်လည်း ထိုင်းနိုင်ငံ၏ ဆန်တင်ပို့မှုကို အကြီးအကျယ်ထိခိုက်စေခဲ့ပြီး အနည်းဆုံး အမေရိကန်ဒေါ်လာ ၄ ဒသမ ၄ ဘီလီယံအထိ အရှုံးပြခဲ့သည်။

(ဘီဘီစီ)

စူးအက်တူးမြောင်းအတွင်း တိုက်ခိုက်ရန်ကြိုးစားသူ သေဒဏ်ချမှတ်ခံရ

ကိုင်ရို ဖေဖော်ဝါရီ ၂၇

အီဂျစ်တရားရုံးက စူးအက်တူးမြောင်း အသုံးပြုပြီး သင်္ဘောများကို တိုက်ခိုက်ရန် ကြိုးစားသည့် အကြမ်းဖက်အဖွဲ့တစ်ဖွဲ့ကို အပြစ်ရှိကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် လူ ၂၆ ဦးအား သေဒဏ်ချမှတ်လိုက်သည်။

အဆိုပါ အကြမ်းဖက်အဖွဲ့ကို ဒုံးကျည်များ ထုတ်လုပ်မှုနှင့် ဖောက်ခွဲရေးပစ္စည်းများထုတ်လုပ်မှုဖြင့်လည်း စွပ်စွဲထားကြောင်း တရားသူကြီးများက ပြောကြားသည်။

အီဂျစ်ဝန်ကြီးချုပ်သစ် အီဘရာဟင်မားဘလက်က အကြမ်းဖက်တိုက်ဖျက်ရေးဝါဒကို အဆုံးသတ်အောင်ကြိုးစားသွားမည်ဟု သန္နိဋ္ဌာန်ပြု ပြောကြားပြီး တစ်ရက်အကြာ ထွက်ပေါ်လာခြင်းဖြစ်သည်။ မစ္စတာမားဘလက်အနေဖြင့် ကြားဖြတ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့များ တနင်္လာနေ့တွင် ရုတ်တရက်နုတ်ထွက်သွားပြီးနောက် အစိုးရသစ်ဖွဲ့ရန် ပြင်ဆင်လျက်ရှိသည်။

(ဘီဘီစီ)

အိန္ဒိယစစ်သားတစ်ဦးက အဖော်ငါးဦးကို သတ်ပစ်ကာ မိမိကိုယ်ကိုပါ အဆုံးစီရင်မှုဖြစ်ပွား

နယူးဒေလီ ဖေဖော်ဝါရီ ၂၇

အိန္ဒိယနိုင်ငံ ကက်ရှ်မီးယားဒေသ၌ အိန္ဒိယစစ်သားတစ်ဦးက ၎င်း၏ လုပ်ဖော်ကိုင်ဖက် အခြားစစ်သားငါးဦးကို ပစ်သတ်ကာ ၎င်းကိုယ်တိုင်လည်း သတ်သေသွားကြောင်း တပ်မတော်အရာရှိများက ပြောကြားခဲ့သည်။

ယင်းကဲ့သို့ ဖြစ်စဉ်မှာ ဆရီနာဂါမြို့ မြောက်ပိုင်း ၁၂ မိုင်အကွာရှိ တပ်မတော် တဲစခန်းတစ်ခု၌ ဗုဒ္ဓဟူးနေ့ညက ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ အမှုအခင်း၏ အကြောင်းရင်းဇာစ်မြစ်ကို စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်။

ကက်ရှ်မီးယားဒေသသည် အိန္ဒိယထိန်းချုပ်ရာနှင့် ပါကစ္စတန်ထိန်းချုပ်ရာ နှစ်ဖက်ကို ပိုင်းခြားနယ်မြေဖြစ်ပြီး နှစ်ဖက်စလုံးက အဆိုပါဒေသကို အပြည့်အဝပိုင်ဆိုင်ရေးအတွက် တောင်းဆိုလျက်ရှိကြသည်။

နှစ်နိုင်ငံပိုင်းခြားရာဒေသဖြစ်သော အဆိုပါဒေသတွင် နှစ်နိုင်ငံတပ်ဖွဲ့ဝင်များ ချထားလျက်ရှိပြီး ၂၀၀၃ ခုနှစ် နိုဝင်ဘာလက ၎င်းဒေသတွင် အပစ်အခတ်ရပ်စဲရန် သဘောတူညီမှုရှိထားကြသော်လည်း အခါအားလျော်စွာ အမှုအခင်းများ ဖြစ်ပွားလျက်ရှိသည်။

၁၉၈၉ ခုနှစ် တိုက်ခိုက်ချိန်မှ စတင်ကာ အိန္ဒိယထိန်းချုပ်သော ကက်ရှ်မီးယားဒေသ၌ ထောင်ပေါင်းများစွာသော ပြည်သူများ သေခဲ့ရပြီးဖြစ်သည်။

(ဘီဘီစီ)

ဖီဂျီနိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမြစ်ရေကြီးမှု ကြာသပတေးညမှ နောက်ထပ် ၂၄ နာရီထိ ဖြစ်ပေါ်နိုင်

ဆူဗာ ဖေဖော်ဝါရီ ၂၇

တောင်ပစိဖိတ်ကျွန်းနိုင်ငံပေါ်သို့ အပူပိုင်း မိုးသက်မုန်တိုင်း ဖုံးလွှမ်းဝင်ရောက်ရာမှ မိုးသည်းထန်စွာရွာသွန်းပြီး မြစ်ရေလျှံတက်နေသဖြင့် ဖီဂျီနိုင်ငံအစိုးရက ပြည်သူလူထုအား လိုအပ်သောကြိုတင်ကာကွယ်မှုရယူကြရန် တိုက်တွန်းပြောကြားလိုက်သည်။

မြစ်များစွာတို့ ရေလျှံမှုဖြစ်ပွားသဖြင့် မြေနိမ့်ပိုင်းဒေသနေ ပြည်သူများ မြေမြင့်ပိုင်းနေရာများသို့ ရွှေ့ပြောင်းကြရန် နှိုးဆော်ထားပြီး ကယ်ဆယ်ရေးစင်တာများကလည်း အဆိုပါမိသားစုဝင်များကို အဓိကထား ကူညီပေးနေကြသည်။

အစိုးရက ပြည်သူများကို မလိုအပ်ဘဲ ခရီးမထွက်ကြရန်နှင့် မိမိနေအိမ်များသို့မဟုတ် လုံခြုံစိတ်ချရသောနေရာများတွင် နေထိုင်ကြရန် ဆော်ဩလျက်ရှိသည်။

ရေလွှမ်းခံဒေသနေပြည်သူများ ရေကြီးမှုဒဏ်မခံစားရအောင် နေရာရွှေ့ပြောင်းနေထိုင်ရန် ပြင်ဆင်ထားကြရန်လိုကြောင်း၊ ဖီဂျီနိုင်ငံ အလယ်ပိုင်းပြည်နယ်တွင် မြို့တော်ဆူဗာတည်ရှိပြီး ယခင်က တစ်ကြိမ်မျှ မကြုံဖူးရာနေရာများသည်လည်း ကြုံရနိုင်ကြောင်း၊ နိုင်ငံအလယ်ပိုင်းနှင့် အရှေ့ပိုင်းဒေသများတွင် အဓိကကြုံတွေ့ရမည်ဖြစ်ကြောင်း အစိုးရက သတင်းထုတ်ပြန် သတိပေးထားသည်။ ရေလျှံမှုသည် ကြာသပတေးညတွင် ကြုံရဖွယ်ရှိပြီး နောက်ထပ် ၂၄ နာရီထိ ဆက်လက်ကြုံတွေ့ရနိုင်သည်။

(ဆင်ဟွာ)

အစ္စရေးကို လက်တုံ့ပြန်တိုက်ခိုက်မည်ဟု ဟစ်ဇ်ဘိုလာပြော

လက်ဘနွန် ဖေဖော်ဝါရီ ၂၇

အစ္စရေးစစ်လေယာဉ်များက ဆီးရီးယားနယ်စပ်လက်ဘနွန်အခြေစိုက် စခန်းတစ်ခုကို လေကြောင်းမှတိုက်ခိုက်ခဲ့ခြင်းအပေါ် လက်တုံ့ပြန်တိုက်ခိုက်သွားရန် သန္နိဋ္ဌာန်ချလိုက်ပြီဖြစ်ကြောင်း ဟစ်ဇ်ဘိုလာတို့က ပြောကြားလိုက်သည်။

လက်ဘနွန်ကို တိုက်ခိုက်သော အဆိုပါတိုက်ခိုက်ခြင်းသည် အချုပ်အခြာအာဏာကို ထိပါးခြင်းဖြစ်ကြောင်း ရှီးယိုက် အစ္စလာမ့်လှုပ်ရှားမှုအဖွဲ့က ပြောသည်။ အဆိုပါတိုက်ခိုက်မှုအတွက် တုံ့ပြန်သွားရန် အချိန်နှင့်နေရာကို ရွေးချယ်မည်ဖြစ်ကြောင်းလည်း ဟစ်ဇ်ဘိုလာအဖွဲ့က သတိပေးပြောကြားလိုက်သည်။

ဂျန်တာရွာဘေကာတောင်ကြားအနီး တိုက်ခိုက်ခဲ့သည့် အဆိုပါလေကြောင်းတိုက်ခိုက်မှုနှင့်ပတ်သက်ပြီး အစ္စရေးတို့ဘက်မှ တရားဝင်အတည်ပြုပြောကြားခြင်း မရှိပေ။ သို့သော်လည်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ၎င်း၏အစိုးရအနေဖြင့် အစ္စရေးလုံခြုံရေးကို ကာကွယ်သွားရန်လိုအပ်ကြောင်း အလေးအနက် ပြောကြားလိုက်သည်။

မိမိတို့အနေဖြင့်အဆိုပါ ကိစ္စအပေါ် မည်သို့မည်ပုံ လုပ်ကိုင်ဆောင်ရွက်မည်ကို မပြောကြားလိုပါကြောင်း နေတန်ယာဟုက ထပ်လောင်းပြောကြားလိုက်သည်။ အဆိုပါအစ္စရေးလေယာဉ်များသည် ဆီးရီးယားနယ်စပ်အနီး မြေပြင်ပစ် ဒုံးပျံသယ်ဆောင်သွားသော ယာဉ်တန်းကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အစ္စရေးထိပ်တန်းလုံခြုံရေး တာဝန်ရှိသူက တိုင်းမ်မဂ္ဂဇင်းသို့ ပြောကြားသည်။

အဆိုပါဒုံးပျံသည် လေးလံသော ထိပ်ဖူးများကို သယ်သွားနိုင်ပြီး ထောင်ပေါင်းများစွာသော ဟစ်ဇ်ဘိုလာတို့၏ ဒုံးပျံများနှင့် ရော့ကက်များထက် အန္တရာယ်ကြီးသည့်လက်နက်ဖြစ်ကြောင်း အဆိုပါ တာဝန်ရှိသူက ထပ်လောင်းပြောကြားသည်။ (ဘီဘီစီ)

နောက်ဆုံးရနိုင်ငံတကာသတင်း

မြောက်ကိုရီးယားက တာတိုပစ်ဒုံးကျည် လေးစင်းပစ်လွှတ်

ဆိုးလ် ဖေဖော်ဝါရီ ၂၇

ဘာသာပြန်-ဂျေတီ

ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံသည် ယနေ့မွန်းလွဲပိုင်းက တာတိုပစ်ဒုံးကျည်လေးစင်းကို ပစ်လွှတ်လိုက်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန၏ ပြောကြားချက်ကို ကိုးကား၍ တောင်ကိုရီးယားအသံလွှင့် ဌာနတစ်ခုဖြစ်သော KBS အသံလွှင့်ဌာနက ထုတ်ပြန်ကြေညာသည်။

ကိုရီးယားဒီမိုကရက်တစ်သမ္မတနိုင်ငံသည် တာတိုပစ်ဒုံးကျည်လေးစင်းကို ယနေ့ညနေ ၅ နာရီ ၄၂ မိနစ်တွင် နိုင်ငံ၏ အရှေ့ဘက်ကမ်းရိုးတန်းမှ ပစ်လွှတ်ကာ အရှေ့မြောက်ပိုင်း ရေပိုင်နက်အတွင်း ကျရောက်သွားခဲ့ကြောင်း သိရသည်။ ၎င်း၏ ကာကွယ်ရေးဝန်ကြီးဌာနက ပစ်လွှတ်လိုက်သော တာတိုပစ်ဒုံးကျည်များသည် ကီလိုမီတာ ၂၀၀ အကွာအဝေးအထိ ရောက်ရှိနိုင်သည်ဟု ဆိုသည်။

(အမ်အင်န်အေ/ဆင်ဟွာ)

ပြည်တွင်းနှင့်နိုင်ငံတကာသတင်း

ပညာပေးဟောပြောပွဲကျင်းပ

မန္တလေး ဖေဖော်ဝါရီ ၂၇

မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေး ဟောပြောပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၇ ရက် နံနက်ပိုင်းက သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ မန္တလေး၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ယာဉ်ထိန်းတပ်ဖွဲ့မှ ဒုတိယရဲမှူး သုံးဦးတို့က ပညာပေးဟောပြောပြီး ဆိုင်ကယ်စီးဦးထုပ်အလုံး ၁၀၀ ပေးအပ်ခဲ့ရာပါမောက္ခချုပ်ပါမောက္ခဒေါက်တာရွှေတိုးက ကျေးဇူးတင်စကားပြောကြားပြီး ဂုဏ်ပြုလက်ဆောင်ချီးမြှင့်ခဲ့သည်။ **(မြန်မာ့အလင်း)**

မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီရုံးများ ဖွင့်လှစ်ပြီးဖြစ်၍ ပြန်လည်စွန့်လွှတ်သည့်မြေများအတွက် မြေသိမ်းဆည်းခံရသူများက ပိုင်ဆိုင်မှုအထောက်အထားများဖြင့် လာရောက်စုံစမ်းလျှောက်ထားနိုင်

မန္တလေးတိုင်းဒေသကြီး ခရိုင်နှင့်မြို့နယ်အသီးသီးတွင် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီရုံးများကို အောက်ပါအတိုင်း ဖွင့်လှစ်ပြီးဖြစ်သဖြင့် ပြန်လည်စွန့်လွှတ်သည့်မြေများတွင် သိမ်းဆည်းခံထားရသည့် မြေများပါဝင်ခြင်းရှိ/မရှိကို စုံစမ်းနိုင်ကြောင်း၊ ပါဝင်ပါက သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စုမြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီရုံး (ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံး)များတွင် ခိုင်လုံသော အထောက်အထားဖြင့် လျှောက်ထားနိုင်ကြောင်းနှင့် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်-

စဉ်	ကော်မတီအမည်	တည်နေရာ	ဆက်သွယ်ရန်ဖုန်း
၁	မန္တလေးတိုင်းဒေသကြီး မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီ	တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး	၀၂-၃၆၉၁၉
၂	မန္တလေးခရိုင် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး	၀၂-၃၆၉၃၁
၃	ပြင်ဦးလွင်ခရိုင် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး	၀၈၅-၂၂၃၁၅
၄	ကျောက်ဆည်ခရိုင်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး	၀၆၆-၅၀၂၆၆
၅	မိတ္ထီလာခရိုင် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး	၀၆၄-၂၃၅၆၂
၆	မြင်းခြံခရိုင် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး	၀၆၆-၂၀၇၉
၇	ရမည်းသင်းခရိုင် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး	၀၆၄-၄၀၀၀၂
၈	ညောင်ဦးခရိုင် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး	၀၆၁-၆၀၂၆၂
၉	အောင်မြေသာစံမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး	၀၂-၃၆၉၃၉
၁၀	ချမ်းအေးသာစံမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး	၀၂-၃၆၉၃၅
၁၁	မဟာအောင်မြေမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး	၀၂-၃၆၉၄၁
၁၂	ချမ်းမြသာစည်မြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး	၀၂-၈၀၆၈၁
၁၃	ပြည်ကြီးတံခွန်မြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး	၀၂-၈၀၁၉၃
၁၄	အမရပူရမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး	၀၂-၇၀၄၆၂
၁၅	ပုသိမ်ကြီးမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး	၀၂-၅၇၃၀၃
၁၆	ပြင်ဦးလွင်မြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး	၀၈၅-၂၂၀၂၂
၁၇	မတ္တရာမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး	၀၂-၇၉၀၁၅
၁၈	စဉ့်ကူးမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး	၀၈၆-၃၅၀၀၄
၁၉	သပိတ်ကျင်းမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး	၀၈၆-၃၀၀၄၀
၂၀	မိုးကုတ်မြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး	၀၈၆-၂၀၀၂၀
၂၁	ကျောက်ဆည်မြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး	၀၆၆-၅၀၂၇၂
၂၂	စဉ့်ကိုင်မြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး	၀၆၆-၄၀၀၁၅
၂၃	မြစ်သားမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး	၀၆၆-၆၀၀၃၇
၂၄	တံတားဦးမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး	၀၆၆-၄၄၀၂၄
၂၅	မိတ္ထီလာမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး	၀၆၄-၂၃၁၁၇
၂၆	မလှိုင်မြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး	၀၆၄-၆၀၀၀၂
၂၇	သာစည်မြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး	၀၆၄-၆၉၀၀၇
၂၈	ဝမ်းတွင်းမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်ထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး	၀၆၄-၅၀၀၁၈
၂၉	မြင်းခြံမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး	၀၆၆-၂၂၀၈၇
၃၀	တောင်သာမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး	၀၆၆-၇၀၀၁၇
၃၁	နွားထိုးကြီးမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး	၀၆၆-၈၀၁၃၆
၃၂	ငါန်းဇွန်မြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး	၀၆၆-၄၆၁၆၀
၃၃	ရမည်းသင်းမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး	၀၆၄-၄၀၀၃၇
၃၄	ပျော်ဘွယ်မြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး	၀၆၄-၄၉၀၀၅
၃၅	ညောင်ဦးမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး	၀၆၁-၆၀၂၆၅
၃၆	ကျောက်ပန်းတောင်းမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး	၀၆၁-၅၀၅၆၆

သတင်းဆောင်းပါးနှင့်ပြည်တွင်းသတင်း

ဒေသတွင်းနိုင်ငံများ၏စီးပွားရေးပေါင်းစည်းမှုမှ ယဉ်ကျေးမှုနှင့် သွေးစည်းညီညွတ်မှုများ ဖြစ်ထွန်းလာမည့် အာဆီယံ+၃ ဘဏ္ဍာရေးဆိုင်ရာ အစည်းအဝေး

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ရန်ကုန်မြို့တွင် ဖေဖော်ဝါရီလ ၂၇ ရက်မှ မတ်လ ၁ ရက်နေ့အထိ ကျင်းပလျက်ရှိသည့် အာဆီယံ+၃ ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းအစည်းအဝေးတွင် ပူးတွဲသဘာပတိအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သော မြန်မာ့စီးပွားရေးဘဏ်၏ ဦးဆောင်ညွှန်ကြားရေးမှူး ဒေါ်ရင်ရင်မြ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ညွှန်ကြားရေးမှူးချုပ် ဒေါ်စန္ဒာဝင်းနှင့် ဖိလစ်ပိုင်နိုင်ငံ De La Salle University မှ Mr. Santiago F.Dumlao, JR တို့နှင့် တွေ့ဆုံမေးမြန်းခဲ့ရာ

"အာဆီယံစီးပွားရေးအသိုက်အဝန်း (ASEAN Economic Community) ထူထောင်တဲ့အခါမှာ အာဆီယံဒေသတွင်းနိုင်ငံတွေအနေနဲ့ ငွေကြေးကဏ္ဍပူးပေါင်းဆောင်ရွက်မှုတွေ မဖြစ်မနေ လုပ်ဆောင်လာရပါတယ်။ အာဆီယံနိုင်ငံတွေသာမက တရုတ်၊ ဂျပန်နဲ့ ကိုရီးယားနိုင်ငံနဲ့ပါ ပူးပေါင်းဆောင်ရွက်ရပါတယ်။ ဒီလိုပူးပေါင်းဆောင်ရွက်မှုဟာ အာဆီယံရဲ့ အရေးပါလာမှုကို အသိအမှတ်ပြုတာလည်းဖြစ်ပါတယ်။ ဒီသုံးနိုင်ငံဟာဆိုရင် အာရှဒေသတွင်းမှာ အရေးပါတဲ့နိုင်ငံတွေလည်းဖြစ်ပါတယ်။ အာဆီယံ+၃ ဘဏ္ဍာရေးကဏ္ဍအတွက်လုပ်တဲ့ Task Force Meeting ဖြစ်ပါတယ်။ ဘဏ္ဍာရေးကိစ္စတွေအတွက် ရည်ရွယ်ပြီးကျင်းပတဲ့ အစည်းအဝေးဖြစ်တဲ့အတွက် နိုင်ငံပေါင်းစုံက ဘဏ္ဍာရေးဝန်ကြီးဌာနတွေအပြင် ဗဟိုဘဏ်နဲ့လည်း နီးနီးကပ်ကပ်ဆောင်ရွက်ရပါတယ်။ ဒီအစည်းအဝေးဟာ မကြာမီကျင်းပမယ့် ဘဏ္ဍာရေးဆိုင်ရာ ဒုတိယဝန်ကြီးများအစည်းအဝေးနဲ့ ၂၀၁၄ ခုနှစ် ဧပြီလမှာကျင်းပမည့် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးတွေကို အထောက်အပံ့ဖြစ်စေမှာပါ။ ဒီအစည်းအဝေးတွေမှာ အာဆီယံဘက်က မြန်မာနိုင်ငံက သဘာပတိအဖြစ်တာဝန်ယူပြီး အာဆီယံ +၃ ဖြစ်တဲ့အတွက် အလှည့်ကျသဘာပတိဖြစ်တဲ့ ဂျပန်နိုင်ငံနဲ့ ပူးတွဲဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီအစည်းအဝေးမှာ မြန်မာနဲ့ဂျပန်က ပူးတွဲသဘာပတိအဖြစ်ဆောင်ရွက်တာဖြစ်တယ်။ Subject Matter တွေက တွဲနေတာတွေရှိပါတယ်။ ဗဟိုဘဏ်နဲ့ဆိုင်တဲ့အပိုင်းကို ဗဟိုဘဏ်ရဲ့ညွှန်ကြားရေးမှူးချုပ် ဒေါ်စန္ဒာဦးက ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ပေးတာရှိပါတယ်။

ဘဏ္ဍာရေးပိုင်းမှာတော့ မြန်မာ့စီးပွားရေးဘဏ်အနေနဲ့ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးအတွက် ပြင်ဆင်မှုတွေဆောင်ရွက်နေတာဖြစ်ပြီး

Mr. Santiago F.Dumlao, JR
ဖိလစ်ပိုင်နိုင်ငံ De La Salle University

ဧပြီလမှာကျင်းပမယ့် အစည်းအဝေးမှာ တင်ပြမယ့်အကြောင်းအရာတွေကို အဓိကဆွေးနွေးတာဖြစ်ပါတယ်။ အာဆီယံမှာ ငွေရေးကြေးရေးကဏ္ဍပိုမိုပူးပေါင်းဆောင်ရွက်လာတာဟာ ကမ္ဘာမှာငွေရေးကြေးရေးကိစ္စ မတည်ငြိမ်ဖြစ်လာတာတွေ ရှိလာခဲ့တဲ့အတွက် ဒါတွေကိုသင်ခန်းစာယူပြီး အာဆီယံနိုင်ငံတွေမှာ ဒီလို Currency Crisis တွေဖြစ်လာခဲ့ရင် တစ်နိုင်ငံနဲ့တစ်နိုင်ငံ ဘယ်လိုကူညီနိုင်မယ့် နည်းလမ်းတွေကို ဆွေးနွေးကြတာဖြစ်တယ်။ ဒီလိုဆွေးနွေးရာမှာ မူအားဖြင့် သဘောတူညီချက်တွေ ယူရတာရှိပါတယ်။ ငွေကြေးအပါအဝင် ဘာလုပ်ငန်းပဲဖြစ်ဖြစ် သက်ဆိုင်ရာတည်ဆဲဥပဒေတွေရှိပြီး ညှိနှိုင်းရတာတွေရှိပါတယ်။ အားလုံးအတူတူ ပူးပေါင်းဆောင်ရွက်နိုင်ဖို့ ဆွေးနွေးနေကြတာဖြစ်ပါတယ်။ ဒီလိုအစည်းအဝေးတွေက အာဆီယံဒေသတွင်းနိုင်ငံများအားလုံးမှာ ငွေရေးကြေးရေးတည်ငြိမ်ဖို့နဲ့ စီးပွားရေးတည်ငြိမ်ဖို့အတွက် အားလုံးအတူ ရင်ဆိုင်ရတဲ့ပြဿနာတွေကို အားလုံးအတူ ပူးပေါင်းဆောင်ရွက်ခြင်းပဲဖြစ်ပါတယ်။ တိုးတက်ဖွံ့ဖြိုးဖို့အတွက် စီးပွားရေးအင်အားပိုအားသာတဲ့နိုင်ငံတွေက အားနည်းတဲ့နိုင်ငံတွေအပေါ် နည်းပညာ၊ ကျွမ်းကျင်မှုတွေ အကူအညီပေးနိုင်ရေးအတွက်လည်း အထောက်အကူဖြစ်စေပါတယ်။

CMIM နဲ့ပတ်သက်လို့ကတော့ ၁၉၉၇ ခုနှစ်တုန်းက Asian Currency Crisis ဖြစ်ခဲ့ပြီး ထပ်ဖြစ်လာခဲ့ရင် အာရှဒေသတွင်းမှာ ငွေကြေးဆိုင်ရာလိုအပ်မှုတွေ ဘယ်လိုဖြေရှင်းမလဲဆိုတဲ့ စည်းမျဉ်းတွေကို ညှိနှိုင်းဆွေးနွေးနေတာဖြစ်ပါတယ်။ ထိုင်းနိုင်ငံ ချင်းမိုင်မြို့မှာ စပြီးဆွေးနွေးခဲ့တဲ့အတွက် ဒီအစီအစဉ်ကို ချင်းမိုင်အစီအစဉ်လို့ ခေါ်တာဖြစ်ပါတယ်" ဟု မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဒေါ်ရင်ရင်မြက ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ညွှန်ကြားရေးမှူးချုပ် ဒေါ်စန္ဒာဝင်းက "ဒီနေ့ဆွေးနွေးတာက (The Chiang Mai Initiative Multilateralisation-CMIM) ဖြစ်တဲ့ အာဆီယံ ၁၀ နိုင်ငံနဲ့ အပေါင်း ၃ နိုင်ငံတွေကြားမှာ Hong

တွေ့ဆုံမေးမြန်း-မိုးသူဇာစိုး၊ ခင်ချိုဝင်း
ဓာတ်ပုံ-စံကားဝါ

Kong Monetaryလည်း အပါအဝင် ၁၄ နိုင်ငံ ဆွေးနွေးကြတာဖြစ်ပြီး ဒီနိုင်ငံတွေကြားမှာ တစ်နိုင်ငံနဲ့တစ်နိုင်ငံ Liquidity Support လိုအပ်တဲ့အချိန် ငွေကြေးအကူအညီပေးနိုင်ဖို့အတွက် ဒီစာချုပ်ကို ချုပ်ဆိုခြင်းဖြစ်ပါတယ်။ အခုချိန်မှာ ဒါကို Revise ပြန်လုပ်ပြီး အသက်ဝင်အောင်လို့ Guide Line ပြန်ရေးဆွဲနေပြီး ပြင်ဆင်ရန်နဲ့ ထပ်တိုးရန်အချက်တွေကို ညှိနှိုင်းနေကြကာ အချောထွက်လာမယ့် Operational Guide Line ကို လာမယ့်ဧပြီလ နေပြည်တော်မှာကျင်းပမယ့် ဒုတိယဝန်ကြီးအစည်းအဝေးမှာ တင်ပြမှာဖြစ်ပါတယ်။

အခုချိန်မှာတော့ တစ်နိုင်ငံနဲ့တစ်နိုင်ငံ ငွေကြေးမလိုအပ်သေးတဲ့ Peace Time အချိန်ဖြစ်တဲ့အတွက် အချင်းချင်း တရားဝင်စာများနဲ့ အပြန်အလှန်

ဒေါ်ရင်ရင်မြ
မြန်မာ့စီးပွားရေးဘဏ်
ဦးဆောင်ညွှန်ကြားရေးမှူး

ဒေါ်စန္ဒာဝင်း
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ညွှန်ကြားရေးမှူးချုပ်

ညှိနှိုင်းနေကြပြီး လိုအပ်လို့ ငွေကြေးအကူအညီပေးတဲ့အခါ နိုင်ငံအလိုက်ပြဋ္ဌာန်းထားတဲ့ဥပဒေတွေဟာ အကန့်အသတ်မဖြစ်ဖို့ ကတိကဝတ်ပြုထားတဲ့ တရားဝင်ညှိနှိုင်းမှုတွေ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ဒါ့အပြင် Currency Crisis ဖြစ်လာခဲ့ရင် တစ်နိုင်ငံနဲ့တစ်နိုင်ငံ ငွေချေးလို့ရအောင် Local Currency Account တွေကြိုဖွင့်ထားဖို့လိုတယ်။ ဥပမာ မြန်မာနိုင်ငံမှာဆိုရင် Yang Account အပြင် ကျန်တဲ့ ၁၃ နိုင်ငံက ငွေချေးတာ၊ ကိုယ်ကချေးယူတာတွေကို နာရီပိုင်းအတွင်းလုပ်ဖို့ Local Currency Account ကကြိုဖွင့်ထားရမှာဖြစ်ပါတယ်။ အဲ့ဒီအတွက် ဘယ်နိုင်ငံက ငွေစာရင်းဖွင့်ပြီးမပြီးကို Peace Time Preparation Checklist လုပ်ပြီးမပြီးတဲ့ နိုင်ငံတွေကို မတ်လ ၁၄ ရက် နောက်ဆုံးထားပြီး ပို့ပေးဖို့ကို အသိပေးနှိုးဆော်ခြင်းလည်းဖြစ်ပါတယ်။

ဒီအစည်းအဝေးကို ဒီနေ့အပါအဝင် သုံးရက်ကျင်းပမှာပါ။ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံဖြစ်တဲ့အတွက် ဒီအချက်အလက်တွေကို စုစည်းပြီး နောက်ဆုံးအဖြေ (Operational Guide Line) ထွက်တဲ့အထိ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပြီး အာဆီယံဘဏ္ဍာရေးဆိုင်ရာ ဒုတိယဝန်ကြီးများအစည်းအဝေးကတစ်ဆင့် ဧပြီလ ၅ ရက်နေ့မှာ ကျင်းပမယ့် ASEAN Financial Minister Meeting မှာ အတည်ပြုသွားမှာဖြစ်ပါတယ်" ဟု ရှင်းပြခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ De La Salle University မှ Mr.Santiago F. Dumlao,JR က ယခုအစည်းအဝေးသည် အာဆီယံစီးပွားရေးအသိုက်အဝန်းထူထောင်ခြင်း၏ အခန်းကဏ္ဍတစ်ခုဖြစ်ပြီး အာဆီယံဒေသတွင်းနိုင်ငံများ၏ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုသာမက ဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်မှုအသွင်ကို ဆောင်လျက်ရှိကြောင်း၊ အစည်းအဝေး၏အကျိုးဆက်မှာ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ငွေကြေးအကူအညီများပေးခြင်းအားဖြင့် ဘဏ္ဍာရေးကဏ္ဍပူးပေါင်းဆောင်ရွက်မှုကို ပိုမိုနားလည်စေမည်ဖြစ်ကြောင်း၊ ဘဏ္ဍာရေးဆိုင်ရာအခြေခံလုပ်ငန်းတာဝန်များကို လိုက်လျောညီထွေဖြစ်အောင် ဒေသတွင်းနိုင်ငံများက ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဘဏ္ဍာရေးဆိုင်ရာသုတေသနအချက်အလက်များကိုလည်း သက်ဆိုင်ရာအစိုးရက အလေးထားစောင့်ကြည့်သင့်ကြောင်း၊ မိမိတို့တက္ကသိုလ်အနေဖြင့် ငွေကြေးသက်သေခံလက်မှတ်များအသုံးပြုမှု တိုးတက်လာရေးဆိုင်ရာ နည်းလမ်းများကို ထည့်သွင်းဆွေးနွေးသွားရန် အစီအစဉ်ရှိကြောင်း။

ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းအစည်းအဝေးများတွင် တိုးတက်မှုများကို သတိပြုမိပါကြောင်း၊ အစည်းအဝေးတွင် ပိုမိုတိကျသော ရည်ရွယ်ချက်များအပေါ် ပူးပေါင်းဆောင်ရွက်သည့် အတွေးအခေါ်များဖြင့် အမြင်ချင်းဖလှယ်လာကြကြောင်း၊ ဘဏ္ဍာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၏ ရလဒ်နှင့်အောင်မြင်မှုကို စောင့်ကြည့်သွားရန်လိုအပ်ကြောင်း၊ ဒေသတွင်းနိုင်ငံများ၏ စီးပွားရေးဆိုင်ရာ ပေါင်းစည်းမှုမှ ယဉ်ကျေးမှုနှင့်သွေးစည်းညီညွတ်မှုများပါ ပေါင်းစည်းဖြစ်ပေါ်သွားမည်ဟု မျှော်လင့်ကြောင်း ပြောကြားသွားသည်။

အများပြည်သူသိရှိရန် အသိပေးပန်ကြားချက်

၁။ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရတနာကမ်းလွန် သဘာဝဓာတ်ငွေ့စီမံကိန်းမှ ရတနာပလက်ဖောင်းတွင် Quarter Platform 2 (QP2)နှင့် Process Platform တို့အား တံတားချိတ်ဆက်မှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ၂၀၁၄ ခုနှစ် မတ်လ ၁ ရက်နေ့နှင့် ၂ ရက်နေ့တို့တွင် ကမ်းလွန်သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများနှင့် စက်ရုံများအားလုံးသို့ သဘာဝဓာတ်ငွေ့ပို့လွှတ်မှု ၄၈ နာရီ ရပ်ဆိုင်းထားမည်ဖြစ်ပါသည်။

၂။ ထိုကဲ့သို့ ရတနာကမ်းလွန် သဘာဝဓာတ်ငွေ့စီမံကိန်းမှ သဘာဝဓာတ်ငွေ့ပို့လွှတ်မှု ရပ်ဆိုင်းထားစဉ်ကာလအတွင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနလက်အောက်ရှိ သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် Gas Engine စက်ရုံများမှ ဓာတ်အားထုတ်လုပ်မှု ၃၄၉ မဂ္ဂါဝပ်ခန့် လျော့နည်းသွားမည်ဖြစ်ပါသည်။ သို့ရာတွင် အများပြည်သူသို့ ဓာတ်အားဖြန့်ဖြူးရာတွင် ဝန်အားလျှော့ချမှုများ မဖြစ်စေရေးအတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက တီကျစ်နှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ ဓာတ်အားတိုးမြှင့်ထုတ်လုပ်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

ပြည်ထောင်စုတရားသူကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များထပ်ဆင့်ရှင်းလင်း

ဘားအံ ဖေဖော်ဝါရီ ၂၇

ကရင်ပြည်နယ် ဘားအံမြို့ ကရင်ပြည်နယ်တရားလွှတ်တော်ရုံးအစည်းအဝေးခန်းမ၌ နေပြည်တော်တွင် ဖေဖော်ဝါရီ ၆ ရက်မှ ၈ ရက်အထိ ကျင်းပခဲ့သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ၏ ဆဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး အတွေ့အကြုံ ရှင်းလင်းပွဲအခမ်းအနားကို ဖေဖော်ဝါရီ တတိယပတ် နံနက်ပိုင်းတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးစောစံလင်းက ပြည်ထောင်စုတရားသူကြီးချုပ်၏ တရားစီရင်ရေးဆိုင်ရာ လမ်းညွှန်မှာကြားချက်များအား ထပ်ဆင့်ရှင်းလင်းဆွေးနွေးပြီး**(အပေါ်ပုံ)** ခရိုင်တရားသူကြီးနှင့် မြို့နယ်တရားသူကြီးများက တရားစီရင်ရေးနှင့် ရုံးလုပ်ငန်းဆိုင်ရာများကို တင်ပြဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများက တရားစီရင်ရေးလုပ်ငန်းများကိုလည်းကောင်း၊ ပြည်နယ်တရားရေးဦးစီးမှူးက တရားရုံးလုပ်ငန်းများကိုလည်းကောင်း ဆက်လက်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

ထိုင်းနိုင်ငံမှ ခရီးသွားအဖွဲ့ မြိတ်ဒေသသို့ မော်တော်ယာဉ်များဖြင့် လာရောက်လည်ပတ်

မြိတ် ဖေဖော်ဝါရီ ၂၇

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့သို့ ထိုင်းနိုင်ငံ Mother Ayeyawaddy Travel & Tours Co.,Ltd. ၏ အစီအစဉ်ဖြင့် Mr. Thanaphae Jukbovolmongkol ဦးဆောင်သော ထိုင်းနိုင်ငံသား ၃၆ ဦးသည် ဖေဖော်ဝါရီ ၂၆ရက် ညနေ ၆ နာရီက မော်တော်ယာဉ် ၁၅ စီး၊ မော်တော်ဆိုင်ကယ် ခြောက်စီးတို့ဖြင့် ထားဝယ်မြို့ ထီးခီးနယ်စပ်ဂိတ်မှ မြိတ်မြို့သို့ ရောက်ရှိလာကြကြောင်း သိရသည်။ အဆိုပါအဖွဲ့သည် ထိုနေ့က မြိတ်မြို့တွင်းသို့ မော်တော်ယာဉ်တန်းဖြင့် လည်ပတ်ခဲ့ကြပြီး မြိတ်မြို့ တလိုင်းစုရပ်ကွက် ကမ်းနားလမ်းရှိ မြစည်းစမ်ဟိုတယ်၌ ညအိပ်ရပ်နားတည်းခိုခဲ့ကြပြီး ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၆ နာရီခွဲတွင် မြိတ်မြို့မှ ဘုတ်ပြင်းမြို့သို့ ဆက်လက်ထွက်ခွာသွားကြကြောင်း သိရသည်။ **(အောက်ပုံ)**

မိုးဟိန်း(မြိတ်)

လွှတ်တော်ရေးရာကဏ္ဍ

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဂျာမန် Friedrich Ebert Stiftung(FES) ဖောင်ဒေးရှင်းဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့နံနက် ၈ နာရီခွဲတွင် ဂျာမန် Friedrich Ebert Stiftung (FES) ဖောင်ဒေးရှင်းဥက္ကဋ္ဌ Mr.Kurt Beck ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော် နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော် ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးမောင်မောင်သိမ်း၊ ဦးသိန်းဇော်၊ ဦးလှမြင့်ဦး၊ ကော်မတီအတွင်းရေးမှူးများဖြစ်ကြသည့် ဦးအေးမောင်၊ ဒေါက်တာနေလင်း၊ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးခင်မောင်ထွန်း၊ ဒေါ်အေးအေးမူနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဂျာမန် Friedrich Ebert Stiftung (FES) ဖောင်ဒေးရှင်းဥက္ကဋ္ဌ Mr.Kurt Beck အား လက်ခံတွေ့ဆုံစဉ်။
(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အစီရင်ခံစာ လွှတ်တော်သို့တင်သွင်း

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ပြည်ထောင်စုလွှတ်တော် နဝမ ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက် နေ့ကို ယနေ့နံနက် ၁၀ နာရီ မိနစ် ၅၀ တွင်ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတထံမှပေးပို့သော **အမျိုးဘာသာ သာသနာကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် ဥပဒေများပြဋ္ဌာန်းနိုင်ရန်**နှင့် စပ်လျဉ်းသည့်စာကို လွှတ်တော်သို့ ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါ နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့်စာ၌ မြန်မာနိုင်ငံအတွင်း၌ လက်ရှိဖြစ်ပေါ်လျက်ရှိသော ပဋိပက္ခများကိုဖြေရှင်းရာတွင် အဓိက အကြောင်းရင်းဖြစ်သော လူမှုရေး မညီမျှမှုများကို ပြေလည်စေရန် ရည်ရွယ်၍ ဥပဒေ(၄)ရပ်ကို မဖြစ်မနေ ပြဋ္ဌာန်းပေးစေလိုကြောင်း၊ အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော် သြဝါဒစရိယ ဘဒ္ဒန္တတိလောကာဘိဝံသ (ဥက္ကဋ္ဌ၊ အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့-ဗဟို) က လက်မှတ်ရေးထိုး၍ ၉-၇-၂၀၁၃ ရက်စွဲပါစာဖြင့် နိုင်ငံတော်သမ္မတထံ တင်ပြလာပါကြောင်း၊ အမျိုးဘာသာ သာသနာနှင့် တိုင်းပြည်အကျိုးကို စောင့်ရှောက်ရန် လိုလားကြသော ဦးဆောင်ဆရာတော်များ၊ နိုင်ငံတစ်ဝန်းရှိ သံဃာတော်များအပါအဝင် နိုင်ငံသား ၁၃၃၅၆၀၀ ဦးတို့က လက်မှတ်ရေးထိုး ဆန္ဒပြုထားခြင်းဖြစ်ကြောင်းကို ဖော်ပြထားပါကြောင်း။

တင်ပြစာတွင် အမျိုးဘာသာသာသနာကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် ပြဋ္ဌာန်းပေးစေလိုသော ဥပဒေ(၄)ရပ်မှာ **ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာဥပဒေ** ကို ဘာသာကူးပြောင်းမှုနှင့်ပတ်သက်၍ ယုံမှားသံသယကင်းစေခြင်း၊ ပွင့်လင်းမြင်သာမှုရှိစေခြင်းတို့ဖြင့် စည်းကမ်းစနစ်တကျရှိစေရန်ရည်ရွယ်ကာ ပြဋ္ဌာန်းစေလိုခြင်းဖြစ်ကြောင်း၊ **လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာဥပဒေ**ကို ဗုဒ္ဓဘာသာဝင်တိုင်းရင်းသားများသည် ဘာသာမတူသူများနှင့်လက်ထပ်ရာ၌ အခွင့်အရေးအကာအကွယ်ပေးနိုင်ရန် ရည်ရွယ်၍ ပြဋ္ဌာန်းစေလိုခြင်းဖြစ်ကြောင်း၊ **တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာဥပဒေ**ကို အိမ်ထောင်ရေးနှင့် သက်ဆိုင်သည့် လူမှုရေးပြဿနာများ မဖြစ်ပွားစေရန်ရည်ရွယ်၍ ပြဋ္ဌာန်းစေလိုခြင်း ဖြစ်ကြောင်း၊ **လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာဥပဒေ** ကို မိမိနိုင်ငံ၏ နယ်မြေအကျယ်အဝန်းအရ အချုပ်အခြာအာဏာ တည်တံ့ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေးနှင့်ပညာရေးဆိုင်ရာ

ဥပဒေကြမ်း ပူးပေါင်းကော်မတီ ဥက္ကဋ္ဌ ဒေါက်တာစိုးမိုးအောင် အစီရင်ခံစာ တင်သွင်းစဉ်။
(သတင်းစဉ်)

လုံလောက်သော စောင့်ရှောက်မှုပေးနိုင်စေရေးတို့အတွက် ဘာသာပေါင်းစုံကိုးကွယ်သူများ လိုက်နာရန် ရည်ရွယ်၍ ပြဋ္ဌာန်းစေလိုခြင်းဖြစ်ကြောင်း။

တင်ပြလာသော ဥပဒေများ ပြဋ္ဌာန်းရေးကိစ္စသည် များစွာနက်နဲ သိမ်မွေ့သည့် ဘာသာ၊ သာသနာရေးဆိုင်ရာကိစ္စရပ်များဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား(၁)၊(၂)နှင့်(၃)တို့တွင် ဖော်ပြထားခြင်းမရှိသည့်ကိစ္စရပ်များ ဖြစ်ပါကြောင်း၊ အဆိုပါ ဇယား(၁)၊(၂)နှင့်(၃)တို့တွင် ဖော်ပြထားခြင်းမရှိသော ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၉၈ အရ ပြည်ထောင်စုလွှတ်တော်သို့ ဥပဒေပြုပိုင်ခွင့်အာဏာ အပ်နှင်းထားရာ လိုအပ်ပါက ဥပဒေအဖြစ် ပြဋ္ဌာန်းနိုင်ရေးအတွက် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ပါရန် အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့(ဗဟို)၏ တိုက်တွန်းချက်ကို ပေးပို့ပါကြောင်းဖြင့် ဖော်ပြပါရှိသည်။

နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့်စာကို လွှတ်တော်က မှတ်တမ်းတင်ဆောင်ရွက်ခဲ့ပြီး အမျိုးဘာသာ သာသနာကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် ဥပဒေများပြဋ္ဌာန်းနိုင်ရန်နှင့် ပတ်သက်၍ ပြည်ထောင်စုလွှတ်တော်မှ နိုင်ငံတော်သမ္မတထံသို့ သဝဏ်လွှာပြန်လည် ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော **ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီ ဥက္ကဋ္ဌ ဒေါက်တာစိုးမိုးအောင်က ကော်မတီ၏အစီရင်ခံစာကို လွှတ်တော်သို့ တင်သွင်းခဲ့သည်။

အဆိုပါ အစီရင်ခံစာတွင် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီသည် ဥပဒေကြမ်းပါ သဘောကွဲလွဲချက် ၁၇ ချက်ကို လေ့လာစိစစ်ခဲ့ပါကြောင်း၊ ယင်းလေ့လာစိစစ်ချက် အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားရှင်းလင်းတင်ပြခဲ့ပြီး ပြင်ဆင်ချက်အဆိုများ တောင်းခံခဲ့ရာ လွှတ်တော်ကိုယ်စားလှယ်ခုနစ်ဦးက ပြင်ဆင်ချက်အဆိုများ တင်သွင်းခဲ့ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်ဥပဒေကြမ်း ပူးပေါင်းကော်မတီသည် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် ဥပဒေကြမ်း၏ ပုဒ်မ ၂၊ ပုဒ်မခွဲ(စ)၊ ပုဒ်မခွဲ(ဆ)၊ ပုဒ်မ ၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၁၆၊ ပုဒ်မ ၁၇၊ ပုဒ်မ ၁၈၊ ပုဒ်မ ၁၉၊ ပုဒ်မ ၂၀ စုစုပေါင်းအချက်(၇)ချက်တွင် ပါဝင်သည့် **"သတင်းအေဂျင်စီ"** နှင့် **"ဝက်ဘ်ဆိုက်"**များဆိုင်ရာပြဋ္ဌာန်းချက်များအား ပြည်သူ့လွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်အတိုင်း ပြဋ္ဌာန်းသင့်ကြောင်းကို လွှတ်တော်ကိုယ်စားလှယ်ခုနစ်ဦးတို့က တင်ပြခဲ့ပါကြောင်း။

ယင်းတင်ပြချက် များသည် ဥပဒေကြမ်း၏ အနှစ်သာရကိုမထိခိုက်စေဘဲ ပိုမိုပြည့်စုံသည့် ဥပဒေတစ်ရပ်ဖြစ်စေရေးနှင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို ဖော်ဆောင်ရာရောက်သဖြင့် ပြန်လည်ပြင်ဆင် ဆုံးဖြတ်သင့်သည်ကို လေ့လာတွေ့ရှိရပါကြောင်း။

ဥပဒေကြမ်း၏ အခန်း(၁)၊ ပုဒ်မ ၂၊ ပုဒ်မခွဲ(စ)ပါ **"သတင်းအေဂျင်စီဆိုသည်မှာ ပြည်တွင်းပြည်ပမှ သတင်း အချက်အလက်များကို စုဆောင်းရယူ၍ ပုံနှိပ်မီဒီယာ၊ အီလက်ထရောနစ်မီဒီယာနှင့် အခြားသော မီဒီယာများသို့ အခကြေးငွေဖြင့်ဖြစ်စေ၊ အခကြေးငွေမယူဘဲဖြစ်စေ ဖြန့်ဝေပေးသည့် လုပ်ငန်းကို ဆိုသည်"** ဟူသည့်စကားရပ်အစား **"သတင်းအေဂျင်စီဆိုသည်မှာ ပြည်တွင်းပြည်ပမှ သတင်းအချက်အလက်များကို စုဆောင်းရယူ၍ နည်းတစ်မျိုးမျိုးဖြင့် မီဒီယာများသို့ အခကြေးငွေဖြင့်ဖြစ်စေ၊ အခကြေးငွေမယူဘဲဖြစ်စေ ဖြန့်ဝေပေးသည့်လုပ်ငန်း၊ ကော်ပိုရေးရှင်း၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်"**ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုချက် နှစ်ရပ်ကိုပေါင်းစပ်၍ ပြင်ဆင်ပြဋ္ဌာန်းသင့်သည်ကို လေ့လာတွေ့ရှိရပါကြောင်း။

ဥပဒေကြမ်း၏ ပုဒ်မ ၉၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မ ၂၆ စုစုပေါင်း အချက်(၃)ချက်အပေါ်တွင်

ဥပဒေကြမ်း ပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး အစီရင်ခံစာ တင်သွင်းစဉ်။
(သတင်းစဉ်)

ဥပဒေကြမ်းပူးပေါင်းကော်မတီအနေဖြင့် မူလထောက်ခံထားသည့် ပုဒ်မ ၉။ (က) **ပုဒ်မ ၈ အရ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ကို ပြန်လည်ရုပ်သိမ်းခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်းခံရသူသည် ဝန်ကြီးထံသို့ ပြန်လည်စိစစ်သုံးသပ်ပေးနိုင်ရန်အတွက် သတ်မှတ်ကာလအတွင်း လျှောက်ထားခွင့်ရှိသည်။** (ခ) **ဝန်ကြီးသည် ပုဒ်မခွဲ(က)အရ လျှောက်ထားလွှာကို လက်ခံရရှိပါက ပြန်လည်စိစစ်သုံးသပ်ပြီး မူလဆုံးဖြတ်ချက်ကိုလက်ခံခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။** ပုဒ်မ ၂၆။ **ဤဥပဒေပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သည်ဟု အဆိုရှိသောနေ့မှစ၍ တစ်နှစ်အတွင်း လျှောက်ထားခြင်း၊ အရေးယူခြင်း သို့မဟုတ် အမှုစွဲဆိုခြင်းပြုရမည်** ဟု ပြည်သူ့လွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်အတိုင်း ပြဋ္ဌာန်းသင့်ကြောင်းကို ဆက်လက်အတည်ပြုခဲ့ပါကြောင်း။

ဥပဒေကြမ်း၏ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (က)နှင့် ပုဒ်မခွဲ(ခ)ကို ဥပဒေကြမ်း ပူးပေါင်းကော်မတီက ပုဒ်မ ၁၀။ (က) **တိုင်းရင်းသား လူမျိုးအချင်းချင်း၊ နိုင်ငံသားအချင်းချင်း၊ လူမျိုးရေးအရ၊ ဘာသာရေးအရ၊ ယဉ်ကျေးမှုအရ ထိခိုက်နစ်နာစေမည့် အကြောင်းအရာများကိုဖော်ပြခြင်း၊** (ခ) **နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူ အေးချမ်းသာယာရေးတို့ကို သော်လည်းကောင်း၊ နိုင်ငံသားတိုင်း တန်းတူမှု၊ လွတ်လပ်မှု၊ တရားမျှတမှု၊ အခွင့်အရေးတို့ကို သော်လည်းကောင်း၊ ထိခိုက်စေမည့် အကြောင်းအရာများကို ဖော်ပြခြင်း**ဟု အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်အတိုင်း ထားရှိရန် ဆုံးဖြတ်ခဲ့ပါကြောင်း။

ဥပဒေကြမ်း၏ အခန်း(၅) ခေါင်းစဉ်၊ ပုဒ်မ ၁၁၊ ပုဒ်မ ၁၂၊ ပုဒ်မ ၁၃၊ အခန်း ၆ ခေါင်းစဉ် ပြောင်းခြင်းနှင့် ပုဒ်မ ၁၄ စုစုပေါင်းအချက် (၆) ချက်သည် တရားမဝင်ထုတ်ဝေစာများအဖြစ် သတ်မှတ်ရာတွင် **"တရားစီရင်ရေးနည်းလမ်းဖြင့် ဆောင်ရွက်ကြည့်ရန်"** အမျိုးသားလွှတ်တော်က အတည်ပြုခဲ့သည့်အတိုင်း အတည်ပြုရန် ဥပဒေကြမ်းပူးပေါင်းကော်မတီက သဘောထားမှတ်ချက်ပြုခဲ့ပါကြောင်းဖြင့် ဖော်ပြထားသည်။

ထို့အတူ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော **သတင်းမီဒီယာဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ တင်သွင်းခဲ့သည်။

အဆိုပါအစီရင်ခံတွင် သတင်းမီဒီယာဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် အချက်ကို လေ့လာစိစစ်တွေ့ရှိချက်များအရ မူလဥပဒေကြမ်း၏ အခန်း(၁၀)၊ ပုဒ်မ ၃၂ **"ဥပဒေအရ တားမြစ်ပိတ်ပင်ထားပြီး ပြစ်မှုဖြင့်အရေးယူခံရသည့် သတင်းစာ၊ ဂျာနယ်၊ စာစောင်စသည့် မီဒီယာဆိုင်ရာပစ္စည်းများကို ရှာဖွေသိမ်းဆည်းရာတွင် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်"**ဟု ပြဋ္ဌာန်းထားသည့်အတိုင်း အတည်ပြုသင့်ပါကြောင်း။

ပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ)တွင်ပါရှိသည့် သတင်းအေဂျင်စီ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြမ်းတွင် ဖွင့်ဆိုထားသည်နှင့် တစ်ပြေးညီဖြစ်စေရန် **"သတင်းအေဂျင်စီဆိုသည်မှာ ပြည်တွင်းပြည်ပမှ သတင်းများကို စုစည်း၍ နည်းတစ်မျိုးမျိုးဖြင့် ဖြန့်ချိသည့်လုပ်ငန်း၊ ကော်ပိုရေးရှင်း၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်"** ဟူသည့်စကားရပ်အစား **"သတင်းအေဂျင်စီဆိုသည်မှာ ပြည်တွင်းပြည်ပမှ သတင်းအချက်အလက်များကို စုဆောင်းရယူ၍ နည်းတစ်မျိုးမျိုးဖြင့် မီဒီယာများသို့ အခကြေးငွေဖြင့်ဖြစ်စေ၊ အခကြေးငွေမယူဘဲဖြစ်စေ ဖြန့်ဝေပေးသည့်လုပ်ငန်း၊ ကော်ပိုရေးရှင်း၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကိုဆိုသည်"** ဟု အဓိပ္ပာယ်ဖွင့်ဆိုချက်နှစ်ရပ်ကို ပေါင်းစပ်ပြင်ဆင်၍ အတည်ပြုသင့်ပါကြောင်း။

မူလဥပဒေကြမ်း၏ အခန်း ၆၊ ပုဒ်မ ၁၂ ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက် ပုဒ်မ ၁၂ **"ကောင်စီသည် စာနယ်ဇင်းသမားများနှင့်စပ်လျဉ်း၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လွတ်လပ်စွာ ဆောင်ရွက်နိုင်သည့် တစ်ခုတည်းသော အဖွဲ့အစည်းဖြစ်သည်"** ဟု ပြဋ္ဌာန်းထားသည့်အတိုင်း အတည်ပြုသင့်ပါကြောင်း။

မူလဥပဒေကြမ်း၏ အခန်း(၁၀) ပုဒ်မ ၂၉ တွင် **"ကောင်စီဝင်များသည် ဤဥပဒေအရ ပေးအပ်သောတာဝန်ကို ထမ်းဆောင်ချိန်တွင် ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်"**ဟု ပြဋ္ဌာန်းထားသည့်အတိုင်း အတည်ပြုပြဋ္ဌာန်းသင့်ပါကြောင်းဖြင့် ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်၌ ဖော်ပြပါရှိသည်။

ယင်းအစီရင်ခံစာများနှင့် ပတ်သက်၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း သိရသည်။

ယနေ့အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားခဲ့သည်။

(သတင်းစဉ်)

လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး(၁၈)ရက်မြောက်နေ့တွင် လွှတ်တော်ကိုယ်စားလှယ်များ၏ မိသားစုဝင် ၂၀၊ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျိုက်ထီးရိုးတောင်တန်းဒေသ ကရင်တိုင်းရင်းသား မဲဆန္ဒရှင်ပြည်သူ ၃၇ ဦး၊ Indonesian International School Yangon မှ ဆရာ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ ၃၆ ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်သော အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းမှ သင်တန်းသား၊ သင်တန်းသူ ၄၅ ဦး၊ ကျိုက္ကလိမြို့နယ်ခွဲမှ မြို့မိမြို့ဖ ၁၁ ဦးနှင့် ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ အလုပ်အမှုဆောင်များ ဦးဆောင်၍ အဖွဲ့ဝင် ၁၁၀ တို့သည် လွှတ်တော်အစည်းအဝေးများ ကျင်းပနေပုံကို လာရောက်လေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

✽ ရှေ့ဖုံးမှ

ဆက်လက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းက ဇဂျမ်း-ကန်မြဲကျေးရွာအုပ်စု အနေဖြင့် ဤကန်ကြီး ပြန်လည်ပြုပြင်ပြီးစီးပါက ရေလုံလောက်စွာသုံးစွဲနိုင်တော့မည်ဖြစ်ပြီး နိုင်ငံတော်အစိုးရ၏ စီစဉ်ပေးမှုကြောင့် မကြာမီလျှပ်စစ်ဓာတ်အားလည်း ရရှိတော့မည်ဖြစ်ကြောင်း၊ ရေ၊ မီး ပြည့်စုံလာသည်နှင့်အမျှ စိုက်ပျိုးရေးသာမက အိမ်တွင်းစက်မှုလုပ်ငန်းလေးများကိုလည်းလုပ်ကိုင်လာနိုင်တော့မည်ဖြစ်ကြောင်း၊ ဒေသခံများ စီးပွားရေးဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း၊ ယင်းမှာ နိုင်ငံတော်အစိုးရ၏ ပြည်သူအပေါ်ထားရှိသည့် စေတနာပင်ဖြစ်ကြောင်းဖြင့် ပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်ကလည်း နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းဒေသကြီးအတွင်း ယမန်နှစ်ကဆည်/ကန်ပေါင်း၂၀၆ ခု အသစ်တည်ဆောက်၊ ပြန်လည်တူးဖော်ပေးခဲ့ပြီး စက်ရေတွင်းပေါင်း ၃၀၁ တွင်း တူးဖော်ပေးခဲ့ပါကြောင်း၊ မိုးနည်းရေရှားရပ်ဝန်းဖြစ်သည့် မိမိတို့တိုင်းဒေသကြီးတွင် ယခုနှစ်တွင်လည်း ဆည်/ကန်ပေါင်း ၂၁၆ ခုကို တူးဖော်ပေးနေသည့်အပြင် ယခု ဇဂျမ်း-ကန်မြဲကန်ကြီးကိုလည်း ပြန်လည်ပြုပြင်ပေးနေပြီဖြစ်ကြောင်း၊ အမှန်တကယ်ရေလိုအပ်သည့် ကျေးရွာများတွင် လက်တွေ့ရေရရှိအောင် ဆောင်ရွက်ပေးသည့်အတွက် နိုင်ငံတော်အစိုးရအား ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ရှင်းလင်းပြောကြား

ယင်းနောက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက တောင်သာမြို့နယ် အနောက်ဘက်ခြမ်းရှိ ကျေးရွာများ လျှပ်စစ်မီးရရှိရေးအတွက် ဆောင်ရွက်ပေးနေမှုအခြေအနေကို ရှင်းလင်းပြောကြားသည်။

လုံလောက်စွာမရ

ထို့နောက် နိုင်ငံတော်သမ္မတက ဒေသခံပြည်သူများအား ပြောကြားရာတွင် ဤဒေသရှိကျေးရွာများမှာ သွားလာရေးခက်ခဲပြီး မိုးခေါင်ရေရှားဒေသဖြစ်သဖြင့် သောက်သုံးရေလည်း လုံလောက်စွာမရရှိကြောင်း၊ သို့ဖြစ်ပါ၍ ယခုကဲ့သို့ သောက်သုံးရေဖူလုံစွာရရှိရန် စီစဉ်ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ဒီမိုကရေစီစနစ်ကို ပြောင်းလဲကျင့်သုံးနေပြီး နိုင်ငံရေး၊ စီးပွားရေးနှင့် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အတူ ပြည်သူများလူနေမှုဘဝမြင့်မားလာရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကန်မြဲကျေးရွာတွင် စက်ရေတွင်း တူးဖော်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

လျှော့ချရေး လုပ်ငန်းစဉ်များကိုလည်း အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ တစ်နိုင်ငံလုံးရှိ လူဦးရေ၏၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်မှာပင်နေထိုင်ကြပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ကြသဖြင့် ယင်းလုပ်ငန်းများ အောင်မြင်ပါမှ ကျေးလက်ဒေသနေပြည်သူများ၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်အတွင်း ကျေးရွာပေါင်း ၆၄၀၀၀ ကျော်တွင် မှီတင်းနေထိုင်ကြသည့် ပြည်သူများသန့်ရှင်းသောသောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ တယ်လီဖုန်းဆက်သွယ်မှုများ အားကောင်းလာစေရေး၊ ပညာရေး၊ ကျန်းမာရေးပါမကျန် ဖွံ့ဖြိုးတိုးတက်ကောင်းမွန်လာစေရေးတို့အတွက် အလေးထားဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေးကဏ္ဍတိုးတက်လာရေးအတွက် စိုက်ပျိုးရေရရှိရေးကိုလည်း ကြိုးပမ်းဆောင်ရွက်ပေးနေပါကြောင်း၊ သို့မှသာ ယခင်မိုးရာသီတစ်သီးသာစိုက်ပျိုးနိုင်ရာမှ တစ်နှစ်နှစ်သီး၊ သုံးသီးအထိ စိုက်ပျိုးလာနိုင်ပြီး ကျေးလက်နေပြည်သူများ၏ ဝင်ငွေသည်လည်း နှစ်ဆမှသုံးဆ တိုးတက်လာမည် ဖြစ်ပါကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းသည် အပြန်အလှန်အကျိုးပြုနေသည့်လုပ်ငန်းများဖြစ်သဖြင့် တွဲဖက်လုပ်ကိုင်စေလိုကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူများ၏အခြေခံလိုအပ်ချက်ဖြစ်သည့် စားဝတ်နေရေး ပြေလည်အောင် အဓိကထားကြိုးပမ်းဆောင်ရွက်ပေးနေပါကြောင်း။

အခြားတစ်ဖက်တွင်လည်း တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေပါကြောင်း၊ နိုင်ငံ့စီးပွားရေးအခွင့်အလမ်းမှာ ပွင့်လန်းလာပြီဖြစ်ပါကြောင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရှိပြီး စီးပွားရေးလုပ်ငန်းများလည်း တိုးတက်အောင်မြင်လာပါက ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအဖြစ် ပေါ်ထွန်းလာမည်ဖြစ်ပါကြောင်း၊ ယင်းသို့ ကြိုးပမ်းဆောင်ရွက်ရာတွင် မိမိတို့အစိုးရအဖွဲ့ တစ်ခုတည်းက ဆောင်ရွက်၍မရနိုင်ဘဲ ပြည်သူများကပါ ပါဝင်ဆောင်ရွက်ပါမှ အောင်မြင်နိုင်မည် ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ပြည်သူအားလုံးက ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယင်းနောက် ဇဂျမ်း-ကန်မြဲကျေးရွာအုပ်စုမှ ဒေသခံများက ကန်ပြုပြင်ပေးခြင်း၊ စက်ရေတွင်းများတူးဖော်ပေးခြင်းတို့အတွက် ကျေးဇူးတင်စကား ပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ဇဂျမ်း-ကန်မြဲကန်ကြီးနှင့် စက်ရေတွင်းများ တူးဖော်ပေးနေသည့် ဝန်ထမ်းများအား စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ ဒေသခံဘိုးဘွားများ၊ ရင်သွေးငယ်များနှင့် ပြည်သူများအား ဗုဒ္ဓရုပ်ပွားတော်၊ ဆိုလာမီးအိမ်၊ မီးဖိုချောင်သုံးပစ္စည်းများ၊ အဝတ်အထည်နှင့် စားသောက်ဖွယ်ရာများ၊ မွေးမြူရေးဘဏ်စနစ်ဖြင့်ဖြန့်ဖြူးပေးသည့် အသားတိုးဝက်နှင့် တိုင်းရင်းကြက်များကို ပေးအပ်ခဲ့သည်။

ဆက်လက်၍ ကန်မြဲစက်ရေတွင်းမှ ရေစတင်ထွက်ရှိမှု၊ ဇဂျမ်း-ကန်မြဲကန်ကြီး ပြန်လည်ပြုပြင်နေမှုနှင့် ဇဂျမ်းအထကကျောင်းဝင်းအတွင်း တူးဖော်ပြီးစီးသည့်စက်ရေတွင်းမှ သောက်သုံးရေများရရှိနေမှုတို့ကိုလှည့်လည်ကြည့်ရှုပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဇဂျမ်း-ကန်မြဲကန်သည် တောင်သာမြို့နယ် ဇဂျမ်း-ကန်မြဲကျေးရွာအုပ်စု၏ သောက်သုံးရေကန်ကြီးဖြစ်သည်။ အနော်ရထာမင်းလက်ထက်က တည်ဆောက်ခဲ့သောကန်ဖြစ်ပြီး နှစ်ပေါင်းများစွာ ကြာမြင့်လာသည်နှင့်အမျှ သဲနုန်းများပို့ချမှုကြောင့် ရေသိုလှောင်နိုင်မှုနည်းပါးပြီး ရေဝင်ရောက်မှုလည်း လျော့နည်းလာသဖြင့် ယခုကဲ့သို့ ပြန်လည်ပြုပြင်ပေးခြင်းဖြစ်သည်။

ကန်ကြီးမှာ ဇဂျမ်းကျေးရွာ အပါအဝင် ကျေးရွာအုပ်စုနှစ်စု၊ ကျေးရွာပေါင်း ၁၅ ရွာမှ အိမ်ထောင်စု ၄၀၀၀ ကျော်၊ လူဦးရေ ၂၂၀၀၀ ခန့်က မှီခိုအားထားရပြီး ယခင်က သောက်သုံးရေသာမက စိုက်ပျိုးရေအတွက်ပါ အားထားရသော ကန်ကြီးဖြစ်သော်လည်း ကန်ယိုယွင်းလာမှုကြောင့် ကန်ရေကိုနှစ်ပတ်လည် အသုံးပြုနိုင်ခြင်းမရှိတော့ပေ။

ရင်းရင်းနှီးနှီး

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မန္တလေးတိုင်း ဒေသကြီး တောင်သာမြို့နယ်ရှိ ကန်မြဲကန်တွင် ကြိုဆိုကြသည့် ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

အဆိုပါ ရေကန်ကြီးကို ဆည်မြောင်းဦးစီးဌာနက ဇန်နဝါရီလမှစတင်၍ ပြုပြင်လျက်ရှိပြီး မတ်လကုန်တွင် ပြန်လည်ပြုပြင်ပြီးစီးမည်ဖြစ်သည်။ ပြုပြင်ပြီးစီးပါက ယခင်က ရေဂါလန် ၁၄၆ သိန်းသာ သိုလှောင်နိုင်ရာမှ ရေဂါလန် ၄၀၅ သိန်းအထိ သိုလှောင်နိုင်မည်ဖြစ်ပြီး လူနှင့်ကျွဲ၊ နွားတိရစ္ဆာန်များအတွက် သောက်သုံးရေဖူလုံစေမည့်အပြင် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးကိုလည်း အထောက်အကူ ပြုနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနကလည်း တောင်သာမြို့နယ် အနောက်ဘက်ခြမ်းဒေသများ ရေရရှိရေးအတွက် ဆောင်ရွက်လျက်ရှိရာ ဇဂျမ်း၊ ကန်မြဲ၊ မြို့ဘ၊ ကျောင်းအို၊ ဥသျှစ်ပင်၊ ချောင်းဆုံ(အနောက်)၊ ထန်းပေါက်ကုန်းနှင့် ကန်သုံးဆင့် ကျေးရွာများတွင် လေးလက်မ စက်ရေတွင်းရှစ်တွင်းကို တစ်ပြိုင်တည်း တူးဖော်ပေးခဲ့ပြီးဖြစ်သည်။ ယခုအခါ ယင်းစက်ရေတွင်းများမှ သန့်ရှင်းသောသောက်သုံးရေကို ရရှိသုံးစွဲနေကြပြီဖြစ်သည်။

အလားတူ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကလည်း တောင်သာမြို့ အနောက်ဘက်ခြမ်း ကျေးရွာများမှ ပြည်သူများလျှပ်စစ်ဓာတ်အားရရှိရေးအတွက် ၉ ဒသမ ၅ မိုင်ရှိ တောင်သာ-နတ်စောင့်-ဇဂျမ်း (၁၁) ကေဗွီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံနှစ်ရုံတို့ကို တည်ဆောက်ပေးလျက်ရှိသည်။ ယင်းဓာတ်အားလိုင်းမှ တစ်ဆင့် ကျေးရွာအလိုက် ဓာတ်အားသွယ်ယူသုံးစွဲပါက ကျေးရွာပေါင်း ၂၆ ရွာရှိ အိမ်ခြေ ၅၅၀၀ ကျော်တို့မှာ လျှပ်စစ်ဓာတ်အား ရရှိနိုင်မည်ဖြစ်သည်။ ထို့အတူ ယင်းလျှပ်စစ်ဓာတ်အားဖြင့် ကျေးရွာများရှိ စက်ရေတွင်းများမှ ရေကိုထုတ်ယူသုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်သမ္မတသည် ဇဂျမ်း-ကန်မြဲ ကျေးရွာအုပ်စုမှတစ်ဆင့် နွားထိုးကြီးမြို့နယ် ကန်နားကျေးရွာအနီးရှိ ကန်နားရေကန်ကြီးသို့ ရောက်ရှိပြီး ကန်ကြီးပြန်လည်ပြုပြင်ထားမှုကို ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဌေးဦးက ကန်ပြန်လည်ပြုပြင်ထားမှုနှင့် ဆက်လက်ပြုပြင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ကန်နားကျေးရွာမှ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး လက်ဆောင်ပစ္စည်းများကိုပေးအပ်ခဲ့သည်။

အဆိုပါကန်ကြီးမှာ ကန်နားကျေးရွာအနီး ရေလည်ချောင်းနှင့် နဘဲမြစ်ချောင်းကိုပိတ်၍ တည်ဆောက်ထားသော မြေသားရေလှောင်တမံဖြစ်သည်။ ၂၀၁၃ ခုနှစ်တွင် သဲနုန်းမြေကြီးကျင်းပေါင်း နှစ်သိန်းတူးဖော်ခဲ့ခြင်းကြောင့် ၄၄၄ ဧကပေအထိ ရေကိုပိုမိုသိုလှောင်နိုင်ခဲ့သည်။ ယင်းသို့တူးဖော်ခြင်းဖြင့် နှစ်စဉ်လေလွင့်ဆုံးရှုံးနေသော ရေပိုရေလျှံများအား ပိုမိုသိုလှောင်နိုင်သဖြင့် ဒေသခံပြည်သူများ သီးထပ်၊ သီးညှပ် ပိုမိုစိုက်ပျိုး လာနိုင်မည့်အပြင် သောက်သုံးရေကိုလည်း လုံလောက်စွာရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ကျိုက်ထီးရိုးတောင်တန်းဒေသ ကရင်တိုင်းရင်းသားနှင့် ကျိုက်ထိုမြို့ ကရင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ အား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၇

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ကျိုက်ထီးရိုးတောင်တန်းဒေသ ကရင်တိုင်းရင်းသားနှင့် ကျိုက်ထိုမြို့နယ်လုံးဆိုင်ရာ ကရင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌ ဦးစောမြင့်ရွှေ ဦးစီးအဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော် လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံခဲ့သည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုထိန်းသိမ်းမြှင့်တင်ရေးနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

✳ ရှေ့ဖုံးမှ

ဆလင်နှင့်သင်္ဘောသားများက ပွဲကိုင်မောင်းနှင်ပေးမည်ဖြစ်သည်။

အဆိုပါ အပျော်စီးသင်္ဘောငယ်ကို ခရီးသွားများ ငှားရမ်းအသုံးပြုလိုပါက တစ်နာရီလျှင် အမေရိကန်ဒေါ်လာ ၇၅ ဒေါ်လာဖြစ်ပြီး အနည်းဆုံး အချိန် နှစ်နာရီမှ ငှားရမ်းသုံးစွဲနိုင်မည်ဖြစ်သည်။ သင်္ဘောငယ်ကို ငှားရမ်းစီးနင်းမှု ခရီးစဉ်အတွင်း Welcome drinks နှင့် ရေသန့်များ အခမဲ့ဝန်ဆောင်မှုပေးမည်ဖြစ်ပြီး အစားအစာများကိုလည်း စီးနင်းငှားရမ်းသူများက ကြိုတင်မှာယူနိုင်သည့် အစီအစဉ်လည်းရှိနေသည်။

သွားရောက်လေ့လာနိုင်

Royal Green River Baby သင်္ဘောငယ်၏ ခရီးစဉ်အဖြစ် သမိုင်းဝင် သန်လျင်ကျောက်တန်း ရေလယ်ဘုရား၊ တွံတေးမြို့နှင့် တွံတေးအိုးလုပ်ငန်း နေရာများသို့လည်း သွားရောက်လေ့လာနိုင်သည်။

ထို့ကြောင့် ကမ္ဘာလှည့်ခရီးသွားများအတွက် ရန်ကုန်မြစ်တွင်းအလှနှင့် လေ့လာစရာနေရာများကို အပျော်စီးသင်္ဘောငယ်ဖြင့် အပန်းဖြေသွားလာနိုင်တော့မည်ဖြစ်ရာ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန်သောဝန်ဆောင်မှုအစီအစဉ်ပင်ဖြစ်သည်။

(မြန်မာ့အလင်း)

❈ ကျောဖုံးမှ

နေ့စဉ်အသွားအပြန် လေးကြိမ်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကြံတိုင်းအောင်(၃) အမြန်ယာဉ်သည် ခရီးသည် ထိုင်ခုံ ၁၀၅ ခုံ၊ အလယ်ခုံထည့်ပါက ခုံ ၁၅၀ ခန့်လိုက်ပါနိုင်ပြီး အမြန်ရေယာဉ်ဈေးနှုန်း ၁၀၀၀ ဖြင့် မြိတ်-ကျွန်းစုအသွားအပြန်ခရီးစဉ်ကို ၄၅ မိနစ်သာကြာမြင့်သောကြောင့် ရေလမ်းခရီးမှသွားလာသော ဒေသခံပြည်သူများဝမ်းသာလျက်ရှိကြောင်း သိရသည်။

အဆိုပါ အမြန်ရေယာဉ်သည် မြိတ်မြို့ ဆိပ်ငယ်ရပ်ကွက် ဆိပ်ငယ်ဖောတံတားမှ နေ့စဉ် နံနက် ၈ နာရီ၊ ၉ နာရီနှင့် မွန်းလွဲ ၂ နာရီခွဲ၊ ၃ နာရီခွဲ အတွင်း ကျွန်းစုမြို့သို့ နေ့စဉ်အသွားအပြန်ပြေးဆွဲပေးမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် အမြန်ရေယာဉ် ကြံတိုင်းအောင်(၉)ဖြင့် ကျွန်းစုမြို့နယ် စခန်းသစ်ကျေးရွာ ကံမော်ကျေးရွာ မော်ခေါင်တုန်း၊ အလယ်မန်ချောင်း ကဖီး၊ ကြိမ်နီတောင်၊ ကြိမ်မဲတောင်နှင့် ကမ်းတောကျေးရွာများသို့ နေ့စဉ် နံနက် ၆ နာရီတွင် ပြေးဆွဲပေးလျက်ရှိသဖြင့် ခရီးသွားပြည်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

မိုးဟိန်း(မြိတ်)

အမျိုးသားလွှတ်တော် စုပေါင်းခန်းမ၌ အပြန်အလှန်ဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၇

နေပြည်တော် အမျိုးသားလွှတ်တော်အဆောက်အအုံ စုပေါင်းခန်းမ၌ ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် အပြန်အလှန်ဆွေးနွေးခြင်း(Debate)ကို **''လက်တွေ့ပညာရေးပြုပြင်ပြောင်းလဲမှုစာတမ်း''** နှင့် **''လူတိုင်းအတွက် ပညာရေး''** စာတမ်းခေါင်းစဉ်ဖြင့်ကျင်းပရာ အမျိုးသားလွှတ်တော်၊ မဟာဗျူဟာလေ့လာရေးနှင့် သုတေသနကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ကျော်ဦးလွင်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အဖွင့်စကားပြောကြားကာ စာတမ်းရှင် ILBC ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက အပြန်အလှန်ဆွေးနွေးပွဲ (ဒုတိယပိုင်း)နှင့်ပတ်သက်သည့် အကြောင်းအရာများအား ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးဆလိုင်းခွဲယန်၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးစိုးလင်းနှင့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်းတို့က **''လက်တွေ့ပညာရေး ပြုပြင်ပြောင်းလဲမှုစာတမ်း''** နှင့် **''လူတိုင်းအတွက်ပညာရေး''** စာတမ်းနှင့်ပတ်သက်၍ သိရှိလိုသည်များအား မေးမြန်းဆွေးနွေးရာ လွှတ်တော်ကိုယ်စားလှယ်များ၏ဆွေးနွေးမှုအပေါ် စာတမ်းရှင် ILBC ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက ပြန်လည်ရှင်းလင်းဖြေကြားပြီး သဘာပတိ ဗိုလ်မှူးချုပ်ကျော်ဦးလွင်က ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံဘက်စုံတည်ဆောက်ဖို့ မှန်မှန်ကန်ကန်အခွန်ပေးစို့

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များ သာယာဖွံ့ဖြိုးရေးအဖွဲ့ အားလက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၇

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာရှိ အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များ သာယာဖွံ့ဖြိုးရေးအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ဦးဇဝန အမှူးပြုသည့် ဧည့်သည်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ရေးရာကော်မတီအဖွဲ့ဝင် ဦးစိုးဟန်လင်းနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်အဖွဲ့မှ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာရှိ အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များ သာယာဖွံ့ဖြိုးရေးအဖွဲ့ အတွင်းရေးမှူး ဆရာတော် ဦးဆန္ဒာဝရ၊ အဖွဲ့ဝင်ဆရာတော် ဦးကုမုဒ၊ ရန်ကုန်မြို့ရှိ ဓမ္မမောဋ္ဌိဝိဟာရ သီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါက်တာမိုလိနီနှင့် ဗုဒ္ဓဂယာတိပိဋကပူဇော်ပွဲ အခမ်းအနားဖြစ်မြောက်ရေး အလှူရှင် မဒမ်ဝမ်မိုဒစ်ဆေတို့ တက်ရောက်ကြသည်။

တွေ့ဆုံရာတွင် ဥက္ကဋ္ဌဆရာတော် ဦးဇဝန အမှူးပြုသော ဧည့်သည်အဖွဲ့က အိန္ဒိယနိုင်ငံ ဂယာမြို့ရှိ မဟာဗောဓိစေတီတော်တွင် နှစ်စဉ်ကျင်းပသည့် တိပိဋကရွတ်ဖတ်ပူဇော်ပွဲနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပပြုလုပ်မည့် တိပိဋကရွတ်ဖတ်ပူဇော်ပွဲအခမ်းအနားသို့ တက်ရောက်ရေး ဖိတ်ကြားခဲ့သည်။

(သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၂၇

အာဆီယံဒေသတွင်း နိုင်ငံများတွင် စီးပွားရေးနှင့် ငွေကြေးအခြေအနေများ တည်ငြိမ်မှုရှိစေရန်၊ အာဆီယံ ဘဏ္ဍာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ အရှည်သဖြင့် ဖြစ်ထွန်းအောင်မြင်စေရန်နှင့် အာဆီယံ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးအတွက် လိုအပ်သော သတင်းအချက်အလက်များ ဖလှယ်ရယူနိုင်ရန်ရည်ရွယ်၍ အာဆီယံ အဖွဲ့ဝင်နိုင်ငံ (၁၀)နိုင်ငံအပြင် တရုတ်၊ ဂျပန်နှင့် ကိုရီးယားနိုင်ငံတို့ ပါဝင်သော အာဆီယံ+၃ ဘဏ္ဍာရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်တွင် ယနေ့နံနက်ပိုင်းက ကျင်းပသည်။

မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်သော အဆိုပါအစည်းအဝေးတွင် မြန်မာ့စီးပွားရေးဘဏ်၏ ဦးဆောင်ညွှန်ကြားရေးမှူး ဒေါ်ရင်ရင်မြနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်စန္ဒာဦးတို့က ဘဏ္ဍာရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို ဦးဆောင်၍ အာဆီယံ+၃ နိုင်ငံများမှ တာဝန်ရှိသူများက နိုင်ငံအလိုက်ပါဝင်ဆွေးနွေးကြသည်။

အာဆီယံ+၃ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

အာဆီယံ+၃ ဘဏ္ဍာရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

ယင်းအစည်းအဝေးတွင် Progress in Local Currency Accounts and Prgress in preparation of checklist နှင့် The Chiang Mai Initiative Multilateralisation - CIMM Agreement,CIMM Operational Issues ကဏ္ဍများကို မြန်မာနိုင်ငံမှ သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး အာရှဒေသတွင်းနိုင်ငံများအနေဖြင့် ၁၉၉၇ ခုနှစ်အတွင်း ဖြစ်ပွားခဲ့ဖူးသော ငွေကြေးဆိုင်ရာ အကျပ်အတည်းကဲ့သို့ Currency Crisis များဖြေရှင်းရန် နည်းလမ်းကောင်းများအား စုပေါင်းဆွေးနွေးအဖြေထုတ်ခြင်း၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ လိုအပ်လာသော ငွေကြေးအပေးယူကိစ္စများ နာရီပိုင်းအတွင်း ဆောင်ရွက်နိုင်ရန် နိုင်ငံတစ်နိုင်ငံချင်းစီအလိုက် ငွေစာရင်းများ (Local Currency Accounts) ကြိုတင်ဖွင့်လှစ်ခြင်း၊ ငွေစာရင်းဖွင့်လှစ်ရန် ကျန်ရှိနေသော နိုင်ငံများအား အသိပေးနှိုးဆော်ခြင်း၊ ချင်းမိုင်သဘောတူညီချက် (CIMM Agreement) ပါ အချက်အလက်များအား ပိုမိုခိုင်မာစေခြင်းနှင့်စီးပွားရေးနှင့် ငွေကြေးခိုင်မာတောင့်တင်းသော နိုင်ငံများ၏ အတွေ့အကြုံ၊ နည်းပညာနှင့် ကျွမ်းကျင်မှုများ ဖလှယ်ဝေမျှခြင်းစသည်ဖြင့် ဆွေးနွေးကြသည်။

ထို့ပြင် AMRO Organizational Issues, AMRO Agreement များနှင့်ပတ်သက်၍ ဂျပန်နိုင်ငံမှလည်းကောင်း၊ The Asian Bond Markets Initiative (ABMI) များနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်း အစည်းအဝေးများကို သက်ဆိုင်ရာနိုင်ငံတွဲများမှလည်းကောင်း သဘာပတိအဖြစ်ဆောင်ရွက်ကာ မတ်လ ၁ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ အစည်းအဝေးမှ ရရှိလာသော သတင်းအချက်အလက်များနှင့် သဘောတူညီမှုများကို စုစည်းကာ အာဆီယံ ဘဏ္ဍာရေး ဒုတိယဝန်ကြီးများ အစည်းအဝေးမှတစ်ဆင့် ၂၀၁၄ ခုနှစ် ဧပြီ ၅ ရက်တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာဆီယံ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးတွင် အတည်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

ဖေဖော်ဝါရီ ၂၇ ရက်က မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့ ဂျက်လီဖောင်ဒေးရှင်းမှ ကလေးများအတွက် ကလေးကစားကွင်းကို တရုတ်-မြန်မာ ချစ်ကြည်ရေးအတွက် ငလျင်ဒေသများဖြစ်ကြသော သပိတ်ကျင်းမြို့နှင့် စဥ့်ကူးမြို့တို့တွင် ယွမ်တစ်သိန်းခွဲ အကုန်အကျခံ ဆောက်လုပ်ပေးထားရာ ကလေးများ ပျော်ရွှင်စွာ ဆော့ကစားကြစဉ်။

စိုးနိုင်ဝင်း(သပိတ်ကျင်း)

အာရှသစ်တော ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ တည်ထောင်ရေးဆိုင်ရာ ဒုတိယအကြိမ်အစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၇

အာရှသစ်တော ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ တည်ထောင်ရေးဆိုင်ရာ ဒုတိယအကြိမ်အစည်းအဝေး (2nd MEETING OF THE DIALOGUE FOR AFoCO) ကို ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၈ နာရီခွဲက နေပြည်တော် အမရာ ဟိုတယ်၌ ကျင်းပရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်က အမှာစကားပြောကြားရာတွင် အာရှသစ်တောပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ တည်ထောင်ရေးဆောင်ရွက်ချက်သည် ကနဦးအနေဖြင့် အာဆီယံ-ကိုရီးယားသစ်တောကဏ္ဍဆိုင်ရာ ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးအဖြစ် စတင်ခဲ့သော်လည်း ယခုအခါ အာရှအထိ ကျယ်ပြန့်လာပြီဖြစ်ပါကြောင်း၊ AFoCO နှင့် မြန်မာနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုများအနေဖြင့် ပဲခူးရိုးမဒေသတွင်း သစ်တောပြုန်းတီးပျက်စီးသောနေရာများကို သစ်တော ပြန်လည်ပြုစုပျိုးထောင်ခြင်းအားဖြင့် ပြန်လည်ပြုစုပျိုးထောင်ခြင်းနှင့် FEDD+ လုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်းအားဖြင့် ရာသီဥတုပြောင်းလဲမှု လျော့ပါးသက်သာလာစေရေးစီမံကိန်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အာဆီယံဒေသအဆင့် သစ်တောကဏ္ဍ လေ့ကျင့်ပညာပေးလုပ်ငန်း (AFoCO Land Mark Program) များကို ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ ကိုယ်စားလှယ်များ အားလုံး၏ အထောက်အပံ့များနှင့်အတူ AFoCO သည် မကြာမီကာလတွင် အာရှကို ကိုယ်စားပြုသည့် အဖွဲ့အစည်းတစ်ခုဖြစ်လာပြီး နည်းပညာ၊ အတွေ့အကြုံများ ဖလှယ်ခြင်း၊ လက်တွေ့ကွင်းဆင်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် အာဆီယံနိုင်ငံများ၏ သစ်တောပြန်လည်တည်ထောင်ခြင်း၊ စဉ်ဆက်မပြတ် စီမံအုပ်ချုပ်လုပ်ကိုင်မှု နည်းလမ်းများနှင့် လူ့စွမ်းအားအရင်းအမြစ်များကို ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ယခုအစည်းအဝေး၏ အနာဂတ်ဆောင်ရွက်မှုများနှင့် ရည်မှန်းချက်များကို အပြည့်အဝထောက်ခံအားပေးမှာဖြစ်ပါကြောင်း၊ ယခုနှစ်ကုန်တွင် ကျင်းပမည့် အာဆီယံ-ကိုရီးယားထိပ်သီးညီလာခံတွင် လက်မှတ်ရေးထိုးနိုင်ရန် အာရှသစ်တော ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ တည်ထောင်ရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ပြီးမြောက်အောင် အတူလက်တွဲ ပူးပေါင်းဆွေးနွေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် Korea Forest Service မှ Mr. Young Tae Choi က နှုတ်ခွန်းဆက်စကား ပြောကြားသည်။ အစည်းအဝေးကို ဖေဖော်ဝါရီ ၂၇ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ခရီးသည်တင်ဟိုင်းလပ်ယာဉ်များ ရန်ကုန်စည်ပင်နယ်နိမိတ်အတွင်း ပြေးဆွဲခွင့် မတ် ၃၁ ရက်အထိ တိုးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီမံညွှန်ကြားမှုဖြင့် မထသအောက်ရှိ ခရီးသည်တင်ဟိုင်းလပ်ယာဉ်များ ရန်ကုန်စည်ပင်သာယာနိမိတ်အတွင်း ပြေးဆွဲနေခြင်းကို နောက်ဆုံးရက်အဖြစ် ဖေဖော်ဝါရီ ၂၈ ရက်ကို သတ်မှတ်ပေးထားပြီးဖြစ်သည်။

သို့သော်လည်း ခရီးသွားပြည်သူများသွားလာမှု အဆင်ပြေစေရေး ယာဉ်များတင်သွင်းမှု ပိုမိုလာရေး၊ ယာဉ်ပိုင်ရှင် ယာဉ်လုပ်သားများ အခက်အခဲများ မရှိစေရေးအတွက် မတ် ၃၁ ရက်အထိ တိုးမြှင့်ပြေးဆွဲခွင့် ပေးသွားမည်ဖြစ်ကြောင်း မထသ(ဗဟို)မှ သိရသည်။

မထသ(ဗဟို)ဥက္ကဋ္ဌ ဦးလှအောင်က "အခုလို ဟိုင်းလပ်ယာဉ်တွေပြေးဆွဲခွင့်ကို အဆင့်ဆင့်ပြောင်းလဲသတ်မှတ်ပေးရတာက ခရီးသွားလာသူတွေ၊ ယာဉ်ပိုင်ရှင်တွေ၊ ယာဉ်လုပ်သားတွေအားလုံးက ပြည်သူတွေပါပဲ၊ ကျွန်တော်တို့အနေနဲ့ ပြည်သူတွေရဲ့အဆင်ပြေမှုကို အမြဲရှေးရှုနေတာဖြစ်ပါတယ်။ ဒါ့ကြောင့် ပြောင်းလဲမှုတွေ ပြုလုပ်ပေးနေရတာပါ။ ပြည်သူတွေ ခရီးသွားအဆင်ပြေလေ ကျွန်တော်တို့တွေ စိတ်ချမ်းသာလေပါပဲ" ဟု ဆိုခဲ့သည်။

ဟိုင်းလပ်ယာဉ်များ ရန်ကုန်စည်ပင်နယ်နိမိတ်အတွင်း ပြေးဆွဲမှုကန့်သတ်ခြင်းကို ၂၀၁၄ ဇန်နဝါရီလက ပြင်ဆင်နိုင်ရေးအတွက် တစ်ကြိမ်၊ ဖေဖော်ဝါရီ ၁၅ ရက်က တစ်ကြိမ်၊ နောက်ဆုံး ဖေဖော်ဝါရီ ၂၈ ရက်အထိ တစ်ကြိမ် သတ်မှတ်ကြေညာခဲ့ခြင်းဖြစ်သည်။

မထသ(ဗဟို)အောက်ရှိ ဟိုင်းလပ်ယာဉ်များဖြင့် ခရီးသည်ပြေးဆွဲမှု ယာဉ်အစီးရေမှာ စုစုပေါင်း ၈၁၈ စီးရှိပြီး ဖေဖော်ဝါရီ ၂၇ ရက်အထိ အစားထိုး မီနီဘတ်စ်များ ဝင်ရောက်ပြေးဆွဲမှုမှာ ၁၀၁ စီးရှိပြီဖြစ်ကြောင်း သိရသည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

အများပြည်သူသို့ အသိပေးပန်ကြားခြင်း

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ရတနာကမ်းလွန်ပလက်ဖောင်းတွင် ၁-၃-၂၀၁၄ရက်နေ့မှ ၂-၃-၂၀၁၄ ရက်နေ့အထိ ၄၈ နာရီကြာ အထွေထွေပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်ရှိသည့်အတွက် ရတနာကမ်းလွန် သဘာဝဓာတ်ငွေ့ပို့လွှတ်မှုကို ရပ်ဆိုင်းမည်ဖြစ်ပါသည်။ ရတနာကမ်းလွန် သဘာဝဓာတ်ငွေ့ပို့လွှတ်မှု ရပ်ဆိုင်းချိန်တွင် ပိုက်လိုင်းလက်ကျန်သဘာဝဓာတ်ငွေ့ကို အသုံးပြု၍ အလုံဓာတ်အားပေးစက်ရုံမှ ဓာတ်အားပေးစက်တစ်လုံး၊ ရွာမဓာတ်အားပေးစက်ရုံမှဓာတ်အားပေးစက်တစ်လုံး၊ ကုန်းတွင်းသဘာဝဓာတ်ငွေ့ကိုအသုံးပြုပြီး လှော်ကားဓာတ်အားပေးစက်ရုံမှ ဓာတ်အားပေးစက်(၂)လုံးအား မောင်းနှင်၍ စုစုပေါင်း ၁၇၄ မဂ္ဂါဝပ်သာ ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ၃၄၉ မဂ္ဂါဝပ် လျော့နည်းမည်ဖြစ်ပါသည်။ အများပြည်သူဓာတ်အားပြတ်တောက်မှုမရှိစေရေးအတွက် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများမှ လျော့နည်းထုတ်လုပ်မည့် ပမာဏအားကာမိစေရန် လက်ရှိတီကျစ်နှင့် ရေအားလျှပ်စစ်စက်ရုံများမှ နေ့စဉ် ၂၃၀၀၀ မဂ္ဂါဝပ်နာရီ ထုတ်လုပ်ရာမှ ၃၀၅၀၀ မဂ္ဂါဝပ်နာရီထိ တိုးမြှင့်ထုတ်လုပ်ပေးသွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ သဘာဝဓာတ်ငွေ့လုပ်ငန်း ရတနာကမ်းလွန် ပလက်ဖောင်းပြုပြင်နေစဉ်ကာလ၁-၃-၂၀၁၄ ရက်နေ့မှ ၂-၃-၂၀၁၄ရက်နေ့အတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အလုံသဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ၏ ထုတ်လုပ်မှု လျော့နည်းသွားသဖြင့် ဟံ့ဟိုင်းဓာတ်အားခွဲရုံမှ ဓာတ်အားပေးထား သည့် အလုံ၊ ကြည့်မြင်တိုင်၊ လသာ၊ လမ်းမတော်၊ ဒဂုံ၊ စမ်းချောင်းမြို့နယ်များတွင် အချိန်ပိုင်းအလိုက် ယာယီဓာတ်အားပြတ်တောက်မှုများရှိနိုင်သည်မှလွဲ၍ ကျန်နေရာဒေသများအား ဓာတ်အားစဉ်ဆက်မပြတ်ပေးသွားနိုင်မည်ဖြစ်ပါကြောင်း ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ အများပြည်သူသို့ အသိပေးပန်ကြားအပ်ပါသည်။

ပျောက်ဆုံးကြောင်း

ကျွန်မ စိုးစိုးနွယ်၏ နိုင်ငံကူးလက်မှတ်အမှတ် A-315993 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၄၀၂၂၁၈၀

ပျောက်ဆုံးကြောင်း

ကျွန်တော် သိန်းအောင်ဝင်း(ခ)သိန်းဝင်း ၁၂/ကမတ(နိုင်)၀၄၄၃၇၅ CDC.20919 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၃၁၉၁၃၆၂

ဖခင်အမည်မှန်

ကျွန်တော် ဦးအောင်မြတ်မိုး ၁၂/သကတ(နိုင်) ၁၄၂၄၁၉ ၏ ဖခင်အမည်မှန်မှာ ဦးမောင်မှန်(ခ)ဦးမှန် ၁၂/သကတ(နိုင်) ၀၀၄၅၈၅ ဖြစ်ပါကြောင်း။

ဦးမောင်မှန်(ခ)ဦးမှန်

အမည်ပြောင်း

ဦးလိန်းကီး-ဒေါ်လှကြည်တို့၏သား မောင်ရိုကျင်လိန်း(ခ)မောင်အယ်လ်ကီးလိန်း ၄/ကပလ(နိုင်)၀၁၂၀၄၇အား ယနေ့မှစ၍ မောင်ရိုကျင်လိန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။



၁၃၇၅ ခုနှစ် (၃၉)ကြိမ်မြောက် မဟာပဋ္ဌာန်းပွဲကြီး

ပဲခူးမြို့၊ ဓမ္မရိပ်သာကျောင်းတိုက်တွင်(၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်) ၉-၃-၂၀၁၄ ရက်(တနင်္ဂနွေနေ့)မှစ၍ (၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်နေ့) ၁၅-၃-၂၀၁၄ ရက်အထိ (၃၉)ကြိမ်မြောက် မဟာပဋ္ဌာန်းပွဲကြီးကျင်းပပါမည်။

နာရီစင် ဆရာတော်ဦးသုဇာတ

အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ရေပျော်ငှက် ၄၃ မျိုး မှတ်တမ်းတင်နိုင်

အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၏ ရေဝပ်ဧရိယာအတွင်း ၂၀၁၄ ခုနှစ် ဇန်နဝါရီလတွင်ထူးခြားသည့် ငှက်မျိုးစိတ်များအဖြစ် ရေပျော်ငှက် ၄၃ မျိုးကို တွေ့ရှိ မှတ်တမ်းတင်နိုင်ခဲ့ပြီး မျိုးသုဉ်းရန်အန္တရာယ် ခြိမ်းခြောက်ခံရသည့် မျိုးစိတ်ဖြစ်သော ကြိုးကြာခေါင်းနီ (Sarus Crane) သုံးကောင်၊ မျိုးသုဉ်းရန်အန္တရာယ် ကျရောက်လုနီးပါး မျိုးစိတ်ဖြစ်သော ဘဲမျိုးစိတ် (Falcated Teal) ၁၁၂ ကောင်နှင့် ဘဲမျိုးစိတ် (Ferruginous Pochard) ၄၄၅ ကောင်တို့ကို တွေ့ရှိ မှတ်တမ်းတင်နိုင်ခဲ့ကြောင်း သိရသည်။

၂၀၁၄ ခုနှစ် ဇန်နဝါရီလအတွင်း အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ဝန်ထမ်းများသည် အဖွဲ့သုံးဖွဲ့ခွဲ၍ အင်းတော်ချောင်းနှင့် အထက်နန့်တိမ်ချောင်းတစ်လျှောက်တွင် အင်းတော်ကြီးကန်နှင့် ရေဝပ်ဧရိယာအတွင်း နေထိုင်ကျက်စားသည့် ရေပျော်ငှက်မျိုးစိတ်များ စာရင်း ကောက်ယူခဲ့ကြသည်။ စာရင်းကောက်ယူရာတွင် အဝေးကြည့်မှန်ပြောင်းနှင့် ငှက်စာအုပ် (Birds of South-East Asia) တို့ကို အထောက်အထားပြု၍ ငှက်မျိုးစိတ်ခွဲခြားခြင်း၊ ငှက်ကောင်ရေစာရင်း ကောက်ယူခြင်းတို့ကို ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

သစ်တောဦးစီးဌာန သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေး လက်အောက်ရှိ အင်းတော်ကြီးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ဝန်ထမ်းများသည် အင်းတော်ကြီးဘေးမဲ့တော ဧရိယာအတွင်းရှိ အင်းတော်ကြီးကန်နှင့် ရေဝပ်ဧရိယာအတွင်း နေထိုင်ကျက်စားသည့် ငှက်မျိုးစိတ်များကို နှစ်စဉ်နိုဝင်ဘာလမှ မတ်လကုန်အထိ မှတ်တမ်းတင်ခြင်း ဆောင်ရွက်လျက်ရှိသည်။ ဆောင်ရွက်ရသည့် ရည်ရွယ်ချက်များမှာ ရေငှက်မျိုးစိတ်စာရင်းနှင့် ငှက်ကောင်ရေသိရှိနိုင်ရန်၊ ရေတိမ်ဂေဟစနစ်အခြေအနေကို လေ့လာသုံးသပ်နိုင်ရန် ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြင့်မားလာစေရန်နှင့် ဥပဒေစိုးမိုးမှုရရှိစေရန်တို့ဖြစ်သည်ဟု သိရသည်။

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အတွင်းတည်ရှိသော အင်းတော်ကြီးကန်ကို ၂၀၁၄ ခုနှစ်တွင် အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအဖြစ် ဖွဲ့စည်းခဲ့သည်။ အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် ၃၁၄ ဒသမ ၆၇ စတုရန်းမိုင် ကျယ်ဝန်းသည်။ အင်းတော်ကြီး တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောကို အင်းတော်ကြီးကန်၏ ရေဝပ်ဧရိယာနှင့် ကန်ပတ်လည်ရှိ သစ်တောကြိုးဝိုင်းငါးခုဖြင့် ဖွဲ့စည်းတည်ထောင်ထားပြီး အရှေ့တောင်အာရှတွင် အကြီးဆုံး ကုန်းတွင်း ရေတိမ်ဒေသကြီးဖြစ်သည်။

မှတ်တမ်းတင်ထား

အင်းတော်ကြီးကန်သည် ပင်လယ်ရေမျက်နှာပြင်အထက် ၅၄၆ ပေတွင်တည်ရှိပြီး အထက်ရွက်ပြတ်ရောနှောတောနှင့် အမြဲစိမ်းတောများ တည်ရှိပြီး ကျွန်း၊ သင်္ကန်း၊ ယမနေ၊ စကားဝါ၊ မအူ၊ ကညင်စသည့် အပင်ကြီးများနှင့် ဝါးများပေါက်ရောက်သည်။ သစ်မျိုးပေါင်း ၈၅၊ ဆေးဖက်ဝင်အပင်မျိုးပေါင်း ၅၆၊ သစ်ခွမျိုးပေါင်း ၇၀ တို့ ပေါက်ရောက်ကြောင်း မှတ်တမ်းတင်ထားရှိသည်။ နို့တိုက်သတ္တဝါမျိုးပေါင်း ၃၇ မျိုး၊ ကုန်းနေ၊ ရေနေတွားသွား သတ္တဝါ ၈၈ မျိုး၊ ငါးမျိုးစိတ် ၆၆ မျိုး၊ လိပ်ပြာမျိုးစိတ် ၅၀၊ ရေပျော်ငှက် ၉၉ မျိုး အပါအဝင် ငှက်မျိုးစိတ် ၃၅၀ ကို တွေ့ရှိမှတ်တမ်းတင်ထားသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် အထူးကာကွယ်ရန်လိုအပ်သော မျိုးစိတ်များအပါအဝင် တောရိုင်းတိရစ္ဆာန်များ အနှောင့်အယှက်ကင်းရှင်းစွာ ရှင်သန်မျိုးပွား ကျက်စားနေထိုင်ရန်အတွက် ကာကွယ်ထိန်းသိမ်းခြင်းနှင့် ယင်းတို့၏ နေရင်းဒေသများကို ဘေးမဲ့ပေးရန် ကာကွယ် ထိန်းသိမ်းခြင်းများကို ဆောင်ရွက်ရန် မြန်မာနိုင်ငံတစ်ဝန်းတွင် အမျိုးသားဥယျာဉ်များနှင့် တိရစ္ဆာန်ဘေးမဲ့တော စုစုပေါင်း ၃၈ ခု၊ ဧရိယာ အကျယ်အဝန်းအားဖြင့် စုစုပေါင်း စတုရန်းမိုင် ၁၃၆၄၅ ဒသမ ၅၉ ကို ဖွဲ့စည်းတည်ထောင်ခဲ့ကြောင်း သိရသည်။

(သစ်တောဦးစီး)

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

စမ်းချောင်းမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား သုံးဦးသေဆုံး

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ဖေဖော်ဝါရီ ၂၅ ရက် ည ၉ နာရီခွဲက စမ်းချောင်းမြို့နယ် ပြည်လမ်းအတိုင်း မြောက်မှတောင်သို့ ယာဉ်မောင်း(စုံစမ်းဆဲ)မောင်းနှင်လာသော DD/---Probox Succeed အမျိုးအစား အဖြူရောင်အငှားယာဉ်သည် မဟာမြိုင်မှတ်တိုင်အနီး မကြီးကြီးလမ်းထိပ်အရောက်တွင် ၄င်း၏ရှေ့မှ ယာဉ်မောင်း (စုံစမ်းဆဲ)မောင်းနှင်သည့် BB/--- Toyota Corolla အဖြူရောင် အငှားယာဉ်ကို အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိခဲ့ရာ BB/--- ယာဉ်မှာ အတိုက်ခံရသည့်အရှိန်ဖြင့်မှတ်တိုင်တွင်ထိုင်နေသည့် အမျိုးသားနှစ်ဦး (စုံစမ်းဆဲ)တို့ကို ဝင်ရောက်တိုက်မိခဲ့သဖြင့် အမျိုးသားနှစ်ဦးနှင့် BB/--- ယာဉ်မောင်းတို့သုံးဦးမှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ကြောင်းသိရသည်။

ယင်းကဲ့သို့ ယာဉ်တိုက်မှုဖြစ်ပွားပြီး DD/--- ယာဉ်မောင်းမှာ အခင်းဖြစ်နေရာ၌ ယာဉ်ကိုထားကာ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြောင်း သိရပြီး အဆိုပါ ယာဉ်တိုက်မှုကြောင့် သုံးဦးသေဆုံးခဲ့သည့်အပြင် DD/--- ယာဉ်ပေါ်ပါ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေသူများဖြစ်ကြသော ကိုထက်သူဝင်းတွင် ဒဏ်ရာရရှိခဲ့သဖြင့် ရန်ကုန်ဆေးရုံကြီး၌ အတွင်းလူနာအဖြစ်လည်းကောင်း၊ မောင်ကျော်မျိုးနိုင်မှာ ခေါင်းမူးနေသဖြင့် ရန်ကုန်ဆေးရုံကြီး၌ ကုသမှုခံယူနေရာမှ ၄င်း၏သဘောအလျောက် ဆေးရုံမှဆင်းသွားခဲ့ကြောင်း သိရသည်။

ထိုသို့ ယာဉ်မဆင်မခြင်မောင်းနှင်မှုကြောင့် ယာဉ်တိုက်မှုဖြစ်ပွားခဲ့ကာ ထွက်ပြေးတိမ်းရှောင်သွားသူ DD/--- ယာဉ်မောင်းကို စမ်းချောင်းမြို့မရဲစခန်းက အမှုဖွင့်ကာ ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိသည်။

စိုးဝင်း(SP)

•••••••••••••••

ကျုံးအတွင်း လူတစ်ဦးရေနစ်သေဆုံး

မန္တလေး ဖေဖော်ဝါရီ ၂၇

ဖေဖော်ဝါရီ ၂၆ ရက် ညနေ ၆ နာရီကျော်ခန့်က မန္တလေး အောင်မြေသာစံမြို့နယ် ကျုံးအနောက်ဘက် လမ်း ၈၀ နှင့် ၁၇ လမ်း ကျုံးအတွင်း လူတစ်ဦး သေဆုံးနေကြောင်း သိရသည်။

အဆိုပါသေဆုံးသူမှာ မန္တလေး အောင်မြေသာစံမြို့နယ် အမရဌာနီ အရှေ့အကွက် (၃၃) မြောက်ပြင်နေ အရက်သောက်သုံးတတ်ပြီး ဝိုင်ယာရိန်းလုပ်ငန်းလုပ်ကိုင်သူ ဦးတင်မောင်အေး(၅၀ နှစ်)သည် ယင်းနေ့ နံနက် ၆ နာရီက ၄င်းနေအိမ်မှ ထွက်သွားခဲ့ကြောင်း၊ ယင်းနေ့ ညနေ ၆ နာရီကျော်တွင် ကျုံးအတွင်း၌ ရေနစ်သေဆုံးနေသည်ကို ရပ်ကွက်မှတွေ့ရှိသဖြင့် သက်ဆိုင်ရာသို့ အကြောင်းကြားခဲ့ရာ တာဝန်ရှိသူများနှင့် ကလျာဏမိတ္တ နာရေးကူညီမှုအသင်း၏ယာဉ်ဖြင့် သေဆုံးသူ၏အလောင်းကို သယ်ယူကာ မန္တလေးဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ပြီး အဆိုပါဖြစ်စဉ်ကို သက်ဆိုင်ရာမှ ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **တင်မောင်(မန္တလေး)**

ချိန်ခါမရွေး သတိပေး မီးဘေးကင်းဝေးမှာ

ယာဉ်မောင်းအလိုရှိသည်
(ပြည်တွင်း)
Mega WIN Co.,Ltd.

ယာဉ်မောင်း တစ်ဦးအလိုရှိသည်။ လိုင်စင်အနီဖြစ်ရမည်။ ဓာတ်ပုံတစ်ပုံ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူနှင့်အတူ အောက်ဖော်ပြပါလိပ်စာတွင် လျှောက်ထားနိုင်ပါသည်။

၈/အေးသာယာလမ်း၊ မာန်အောင်ရပ်ကွက်၊ ဘောက်ထော် အဝိုင်းလေး မှတ်တိုင်။

ဖုန်း-၅၄၃၆၉၆၊ ၅၄၈၂၉၇၊ ၄၀၀၄၇၈

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်၁-တိုးချဲ့၊ ကျောက်တိုင်၊ မြေကွက်အမှတ် ၆၆-C1၊ ဧရိယာ ၀ဒသမ၀၅၇ဧကခန့်ရှိ မင်းရတနာအိမ်ရာ စီမံကိန်းဝင်းအတွင်းရှိ မြေနေရာတွင် အသုံးမပြုသည့် အစိုးရရေစက်ဟောင်းနေရာအား ဦးစိုးမြင့် ၁၂/ဗတထ(နိုင်)၀၂၃၅၄၉သို့ မြေငှားစာချုပ် ထုတ်ပေးမည်ဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားမှုရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေငှားစာချုပ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
နေပြည်တော်

အထွေထွေကိုယ်စားလှယ် လွှဲစာရုပ်သိမ်းခြင်း

ကျွန်တော်ဦးသန်း ၁၂/ဗဟန(နိုင်) ၀၆၃၂၂၉ အမှတ်(၂၃)၊ ဆရာမကြီးလမ်း၊ ဆရာစံတောင် (စံပြ)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့မှ ၂၀-၂-၂၀၁၄ရက်တွင် ဦးလှဘုန်း ၁၂/ဗဟန(နိုင်) ၀၂၉၂၉၆၊ အမှတ် ၂၁၄၊ စခန်းလမ်း၊ ငါးထပ်ကြီး (တောင်)ရပ်ကွက်၊ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ထံသို့ လွှဲအပ်ထားသော မှတ်ပုံတင် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (VI ၅၃၂၂/၂၀၁၄) အား လွှဲအပ်ခြင်းမှ ပြန်လည်ရုပ်သိမ်းကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးသန်း
အမှတ် (၂၃)၊ ဆရာမကြီးလမ်း၊
ဆရာစံတောင်(စံပြ)ရပ်ကွက်၊
ဗဟန်းမြို့နယ်

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ခ/၈၇၆၆ Dagon DG 02 S/W (4×2) RHD ယာဉ်လက်ဝယ်ရှိသူ ဦးအေးကျော် ၁၂/ဥကတ(နိုင်) ၀၁၄၅၈၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်အနောက်ပိုင်း)

CLAIMS DAY NOTICE
<u>M.V SPRING WIND</u> VOY;NO.19

Consignees of cargo carried by <u>M.V SPRING WIND</u> VOY;NO.19 are here by notified that the vessel will arrive on about <u>02-3-14</u> and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက် ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-
ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈၊ ၂၃၀၁၁၇၇

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ပျောက်ဆုံးကြောင်း

ကျွန်တော် စံအေး၏PASSPORT (M-349712)နှင့် သင်္ဘောသားလုပ်သက်စာအုပ် (C.D.C-64441) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၃၀၃၈၉၃၂**

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၅ခ/၇၀၂၁၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျယ်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

တိုက်ခန်းရောင်းမည်

ဓဝန (City Mark) အနီး၊ သုမင်္ဂလာအိမ်ရာ (၂)၊ 750 sqft, Room TYPE တတိယထပ်၊ L ခန်း၊ ပြင်ဆင်ပြီး။

ကျပ် သိန်း ၄၇၀ (ညှိနှိုင်း)
ဖုန်း-၀၉-၇၃၂၃၃၅၇၀၊
၀၉-၇၃၂၂၅၃၇၄

ကြော်ငြာစာ
(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၁၄ခုနှစ် တရားမထွေထွေမှုအမှတ် -၃၁

[ကွယ်လွန်သူ ဦးပါတူကျန်ရစ်ခဲ့သောပစ္စည်းများအတွက် အမွေထိန်းလက်မှတ်စာထုတ်ပေးပါရန် လျှောက်ထားမှု]

(၁) ဦးမြင့်ဆွေ
(၂) ဒေါ်နီနီ
(၃) ဦးဌေးအောင်ကျော်
(၄) ဒေါ်ခင်သီတာ **လျှောက်ထားသူများ**

အမှတ်(၂၁)၊ ဦးအောင်ဘွင့်လမ်း၊(၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးအောင်ဘွင့်လမ်း၊ အမှတ် (၂၁)တွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးပါတူ၏ကျန်ရစ်ခဲ့သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်စာ ထုတ်ပေးပါမည့်အကြောင်းနှင့် လျှောက်ထားသူ ဦးမြင့်ဆွေ၊ ဒေါ်နီနီ၊ ဦးဌေးအောင်ကျော်၊ ဒေါ်ခင်သီတာတို့က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၁၄ခုနှစ် မတ် ၇ရက် (၁၃၇၅ခုနှစ် တပေါင်းလဆန်း၇ရက်) နံနက် ၁၀း၀၀ နာရီတွင်ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ကွယ်လွန်သူ ဦးပါတူ၏ကျန်ရှိရစ်သောပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခုသက်ဝင်သည်ဟု အဆိုရှိသူခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၄င်းတို့ (လာရောက်လျှောက်ထားဆိုင်ဆိုကြရန် သင့်လျော်မည်ဟုအထင်ရှိလျှင်) ဆိုခဲ့သောအထက်ပါရုံးချိန်းနေ့တွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျ အမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုကြရန်နှင့်အမွေထိန်းလက်မှတ်စာမထုတ်ပေးမီ မှုခင်းမှတ်တမ်းကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၄င်းကဲ့သို့ လာရောက်ခြင်း တစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးကဆိုခဲ့သော ဦးမြင့်ဆွေ၊ ဒေါ်နီနီ၊ ဦးဌေးအောင်ကျော်၊ ဒေါ်ခင်သီတာတို့၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၄င်းအမှုအကြောင်းအရာတွင် စီရင်ချက် ချမှတ်ပေးမည်ဖြစ်သည်။

၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၂၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်လေးမြင့်)
ဒုတိယခရိုင်တရားသူကြီး(၅)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဈ/၉၂၇၄၊ SAT KYAR SHWE YEE M/B ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စွာထွန်းမြင့် ၁၂/ဥကတ(နိုင်)၀၀၇၃၀၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

အဆင့်မြင့်လယ်ယာမြေဖော်ထုတ်ခြင်းဖြင့် ရာသီမရွေးစိုက်ပျိုးနိုင်တော့မည်

နေပြည်တော် ဖေဖော်ဝါရီ ၂၇

မတ် ၂ ရက်တွင် ကျရောက်မည့် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဂုံမင်းအင်းကျေးရွာ လယ်ယာမြေ ၃၄၆ ဧက အဆင့်မြင့်လယ်ယာမြေဖော်ထုတ်ရေး လုပ်ငန်းခွင်၌ ဖေဖော်ဝါရီ ၂၆ ရက် ညနေပိုင်းက နေပြည်တော်ကောင်စီဝင်ဦးမျိုးညွန့်သည် တောင်သူများနှင့်တွေ့ဆုံရာတွင် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ရှားတောကျေးရွာ၊ တဲကြီးကုန်းကျေးရွာ၊ ဂုံမင်းအင်းကျေးရွာနှင့် အလျင်လိုကျေးရွာများမှ တောင်သူ ၁၅၃ ဦး၏ လယ်ယာမြေ ၃၄၆ ဧကကို ဂျပန်နိုင်ငံ JICA အဖွဲ့၏ အကူအညီဖြင့် အဆင့်မြင့်လယ်ယာဖော်ထုတ်ရာတွင် ကုန်ထုတ်လမ်း၊ ရေသွင်းမြောင်း၊ ရေထုတ်မြောင်းများ ပါဝင်သဖြင့် ရာသီမရွေးစိုက်ပျိုးနိုင်တော့မည်ဖြစ်ကြောင်း၊ တောင်သူများအတွက် သားစဉ်မြေးဆက်ရေရှည် အကျိုးစီးပွားဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းပေးနိုင်ခဲ့သည့်အတွက် တောင်သူများအနေဖြင့် သီးထပ်သီးညှပ်အောင်မြင်စွာစိုက်ပျိုးနိုင်ပြီး သီးနှံများပိုမိုထွက်ရှိလာရုံသာမက ထွက်ရှိလာမည့် သီးနှံများကိုလည်း ဈေးနှုန်းကောင်းကောင်းဖြင့် ရောင်းချနိုင်မည် ဖြစ်ကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ တက်ရောက်လာကြသည့် တောင်သူများ၏ သိရှိလိုသည်များကို စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ မြေစာရင်းဦးစီးဌာနနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းပြောကြားသည်။ ထို့နောက် တောင်သူများ၏ တင်ပြချက်များအပေါ် နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်က သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး အဆိုပါ အဆင့်မြင့်လယ်ယာမြေများကို လာမည့်မိုးစပါးစိုက်ရာသီတွင် စတင်စိုက်ပျိုးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၇-၂-၂၀၁၄

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး ၁၆ ပဲရည် တစ်ကျပ်သား	၆၈၄၅၀၀
ရန်ကုန်ရွှေဈေး ၁၅ ပဲရည် တစ်ကျပ်သား	၆၄၄၂၀၀
မန္တလေးရွှေဈေး ၁၆ ပဲရည် တစ်ကျပ်သား	၆၈၃၅၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၈၀-၉၈၇	ကျပ်
ဥရောပ	တစ်ယူရို	၁၃၃၂-၁၃၄၀	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၃-၇၈၀	ကျပ်
ထိုင်း	တစ်ဘတ်	၃၀.၂-၃၀.၂၃	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅.၂-၁၅.၇၉	ကျပ်
တရုတ်	တစ်ယွမ်	၁၅၇-၁၆၀	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၉၈-၃၀၃	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၄၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၂၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၁၀၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၀၀၀-၃၅၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၈၀၀-၃၂၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၅၅၀၀-၇၅၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၇၀၀၀-၁၀၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၄၅၀၀-၈၅၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၃၀၀၀-၂၄၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၁၀၀၀၀-၁၇၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၅၀၀၀-၁၀၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၄၅၀၀-၈၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ မိုးဆန်(ဧည့်ယာအသစ်)	တစ်အိတ်	၁၆၀၀၀
၂။ ပေါ်ကျွဲ(အသစ်)	တစ်အိတ်	၁၆၂၀၀
၃။ ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၂၀၀၀-၂၅၅၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၁၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၆၉၅
၆။ ဆိပ်ဖြူကြက်သွန်နီ (အသစ်)	တစ်ပိဿာ	၂၀၀-၄၇၅
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၀၅၀-၂၀၀၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၁၇၅-၁၂၀၀
၉။ အာလူး(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၂၅၀-၇၅၀
၁၀။ ငရုတ်ရှည် (ပျော်ဘွယ်မိုး)	တစ်ပိဿာ	၂၆၀၀-၂၇၀၀
၁၁။ ငရုတ်ပွ (ဆင်ဖြူကျွန်း)	တစ်ပိဿာ	၄၅၀၀-၄၇၀၀
၁၂။ သကြား	တစ်ပိဿာ	၈၄၀-၈၉၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲ ရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

ရိုးနီ(ရှယ်)ဈေးအေးပြီး ကျန်ဆန်ဈေးများ ပုံမှန်အရောင်းအဝယ်ဖြစ်နေ

မြန်အောင် ဖေဖော်ဝါရီ ၂၇

ယခုရက်ပိုင်းအတွင်း ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့မှ အထက်အညာဒေသသို့ ဆန်တင်ပို့မှုများပုံမှန်ရှိနေသော်လည်း မူလကအမှာရှိထားသော ဆန်များကိုသာ တင်ပို့နေရကြောင်း ဆန်ကုန်သည်တစ်ဦးကပြောပြသည်။

မြန်အောင်မြို့၏ အဓိကအထက်အညာဒေသသို့တင်ပို့နေရသော ရိုးနီ(ရှယ်)မှာ အရောင်းအဝယ်အေးသွားပြီး စပါးဈေးပါကျဆင်းလျက်ရှိသဖြင့် ဖေဖော်ဝါရီလဆန်းပိုင်းတွင် စပါးတင်း ၁၀၀လျှင် ငွေကျပ်ငါးသိန်းဈေးပေါက်နေသော ရိုးနီစပါးဈေးမှာ ငွေကျပ် လေးသိန်းခွဲအထိ ပြန်လည်ကျဆင်းသွားပြီး စပါးကုန်သည်များကလည်း ဆန်အရောင်းအဝယ်အေးသဖြင့် ဝယ်ယူမှုနည်းနေကြောင်းဒေသခံတောင်သူတစ်ဦးကပြောပြသည်။ သကြ်န်နားနီးမှ ဝမ်းစာဆန်အဝယ်လိုက်မည်ဖြစ်သဖြင့် ငွေကြေးခံနိုင်ရည်ရှိသော တောင်သူများမှာ စပါးကိုရောင်းချခြင်းမပြုသေးသော်လည်း ငွေကြေးသုံးစွဲရန်လိုအပ်နေသော တောင်သူများမှာ ပေါက်ဈေးအတိုင်းရောင်းချနေရသည်။ ရိုးနီစပါးဈေးအေးသော်လည်း ကျန်စပါးများဖြစ်သည့် ကရင်မ၊ လုံးကြီးဆန်များမှာ ပုံမှန်အတိုင်း အရောင်းအဝယ် ဖြစ်လျက်ရှိသည်ဟု ဆန်ကုန်သည်တစ်ဦး၏ပြောပြချက်အရ သိရသည်။

နေဝင်းဇော်(မြန်အောင်)

စစ်တွေဆေးရုံကြီးတွင် ဆေးပညာတိုးတက်ရေး စဉ်ဆက်မပြတ် ပညာပေးဆွေးနွေး

စစ်တွေ ဖေဖော်ဝါရီ ၂၇

ရခိုင်ပြည်နယ် စစ်တွေအထွေထွေရောဂါကုဆေးရုံကြီးတွင် ဆေးပညာတိုးတက်ရေးစဉ်ဆက်မပြတ်ပညာပေးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၅ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည်။ အဆိုပါဆွေးနွေးပွဲသို့ ရခိုင်ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ အေးငြိမ်း၊ စစ်တွေဆေးရုံအုပ်ကြီး ဒေါက်တာအောင်ဆန်း၊ အထူးကုဆရာဝန်ကြီးများ၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ခံဆရာဝန်များ၊ တပ်မတော်ဆေးရုံမှ အထူးကုဆရာဝန်ကြီးများ၊ မြန်မာနိုင်ငံဆရာဝန်အသင်း(စစ်တွေ)မှ အသင်းဝင်ဆရာဝန်များ၊ လက်ထောက်ဆရာဝန်များ၊ ပြည်တွင်းပြည်ပလူမှုရေးအသင်းများမှ တာဝန်ခံဆရာဝန်များနှင့် အလုပ်သင်ဆရာဝန်များ စုစုပေါင်း ၁၅၀ တက်ရောက်ကြပြီး စစ်တွေဆေးရုံကြီး ကလေးအထူးကုဆရာဝန်ဒေါက်တာလှမူက ဦးဆောင်ဆွေးနွေးခဲ့ကြောင်းသိရသည်။

(လ/၀၀၃)



မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အလုပ်ပိတ်ရက်ကြော်ငြာ

ရန်ကုန်ဆိပ်ကမ်းရှိ တံတားများ၊ ကုန်လှောင်ရုံများနှင့် ချလန်ရုံးများကို ၂၀၁၄ ခုနှစ် မတ် ၂ ရက် (တောင်သူလယ်သမားနေ့) တွင် ပိတ်ထားမည်ဖြစ်ပါ၍ ကုန်တင်/ကုန်ချနှင့် ကုန်ထုတ်ယူလိုပါက ပိတ်ရက်ခကြေး ပေးဆောင်ရမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

CLAIMS DAY NOTICE
M.V IDM SYMEX VOY;NO.(V.1)

Consignees of cargo carried by M.V IDM SYMEX VOY;NO.(V.1) are here by notified that the vessel will arrive on about 28-02-14 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈၊ ၂၃၀၁၁၇၇

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

CLAIMS DAY NOTICE
M.V SEIYO SAPPHIRE VOY;NO.(EAL V.29)

Consignees of cargo carried by M.V SEIYO SAPPHIRE VOY;NO.(EAL V.29) are here by notified that the vessel will arrive on about 28-02-14 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈၊ ၂၃၀၁၁၇၇

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

အာစရိယပူဇော်ပွဲအတွက် အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ပါရန် နှိုးဆော်ခြင်း

ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်-မန္တလေး) ကျောင်းဆင်းကျောင်းသားများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အောက်ဖော်ပြပါအတိုင်း ဆက်သွယ်လှူဒါန်းနိုင်ရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ဦးတင်ဦး ဖုန်း-၀၉-၄၃၀၉၃၄၆၈
ဒေါက်တာသောင်းအေး ဖုန်း-၀၉-၄၂၅၀၀၈၇၀၀
ဦးနေစျာန်သန်း ဖုန်း-၀၉-၄၂၁၀၈၆၈၉၈
ဦးခွန်အောင်ခမ်း ဖုန်း-၀၉-၄၉၃၆၄၅၁၃

KBZ Bank Acount No: 1101220006487 (DawBon)

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်အောင်ရပ်ကွက်၊ ဦးစံဖေလမ်း၊ မြေအကျယ်အဝန်းပေ(၅၀×၇၀)ပေါ်တွင် တည်ဆောက်ထားသော သုံးခန်းတွဲသုံးထပ်ခွဲတိုက်အဆောက်အအုံ ဗလီဘက်အခြမ်း ဒါဘာအခန်းနှင့်ယင်းအခန်းတွင်တပ်ဆင်ထားသော ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း အထက်ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော ဒါဘာဗလီဘက်အခန်းအား ရောင်းချပိုင်ခွင့်ရှိသော မလှဝင်း ၁၂/သဃက(နိုင်)၀၅၀၉၉၃ထံမှ ကျွန်မ မကြည်ကြည်စန်း ၁၂/ဥကမ(နိုင်)၀၀၁၀၈၆သည် ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ပြုခြင်းကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်းနှင့်တကွ ကျွန်မထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ
ကြည်ကြည်စန်း ၁၂/ဥကမ(နိုင်)၀၀၁၀၈၆
ဖုန်း-၀၉-၄၂၁၁၇၃၆၃

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ၈/တောင်ရပ်ကွက်၊ ဝေဇယန္တာလမ်း၊ မြေညီထပ် (ယာ) (9D)တိုက်ခန်း၊ (ရေ+မီး)အစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးမော်ဟင် ၁၂/သဃက(နိုင်)၁၄၅၇၁၁မှ ရောင်းချရာ ကျွန်ုပ် ဦးသန်းဇော်ဝင်း ၁၂/ပဘတ(နိုင်)၀၂၆၃၅၉က ဝယ်ယူရန်အတွက် ယင်းတိုက်ခန်း၏ တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ရာ ၄င်းတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ရုံးချိန်အတွင်းလာရောက်ကန့်ကွက်နိုင်ပါကြောင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးသန်းဇော်ဝင်း ၁၂/ပဘတ(နိုင်)၀၂၆၃၅၉
အမှတ် (၃၅-B)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

ဖုန်းကတ် ပျက်/ပျောက် လျှောက်ထားနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ တန်ဖိုးနည်းမိုဘိုင်းဖုန်း သုံးစွဲသူများတွင် ဖုန်းကတ်ပျက်/ပျောက်ကို ရန်ကုန်စာတိုက်ကြီးငါးထပ်ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၌ လျှောက်ထားနိုင်ကြောင်း သိရသည်။

ဖုန်းကတ်ပျက်/ပျောက်လျှောက်ထားရာတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ထုတ်ပေးထားသည့် စာချုပ်မူရင်းနှင့် မိတ္တူတစ်စုံ၊ စာချုပ်ပိုင်ရှင်၏ မှတ်ပုံတင်မူရင်း၊ မိတ္တူတစ်စောင်စီနှင့် ကိုယ်တိုင်မလာရောက်နိုင်ပါက ကိုယ်စားလှယ်၏ မှတ်ပုံတင်မူရင်းနှင့် မိတ္တူလိုအပ်သည်။ ဖုန်းကတ်ပျောက် လျှောက်ထားရာတွင် ငွေကျပ် ၂၀၅၀၀ နှင့် လျှောက်လွှာကြေး ငွေကျပ် ၁၀၀၀ စုစုပေါင်းငွေကျပ် ၂၁၅၀၀ ပေးသွင်းရပြီး ဖုန်းကတ်ပျက် လျှောက်ထားရာတွင် ဖုန်းကတ်ပျက်နှင့် လျှောက်လွှာကြေးငွေကျပ် ၁၀၀၀သာ ပေးသွင်းရမည်ဟု သိရှိရသည်။ထို့ပြင် CDMA 800 ဖုန်းကတ် ပျက်/ပျောက်များကိုမူ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(အလုံ)၌လည်းကောင်း၊ CDMA 450 ဖုန်းကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(ရွှေဂုံတိုင်)၌လည်းကောင်း လျှောက်ထားနိုင်ကြောင်းသိရသည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (စာတိုက်ကြီး) တွင် လျှောက်ထားနိုင်သော တန်ဖိုးနည်း GSMဖုန်းကတ်နံပါတ်များမှာ ၂၅၀၀၀၀၁၀၀-၂၅၀၀၈၈၄၈၃၊ ၂၅၀၁၃၅၁၅၉-၂၅၀၁၉၁၇၂၆၊ ၂၅၀၂၅၇၉၁၄-၂၅၀၂၉၁၇၇၀၊ ၂၅၀၃၄၅၃၉၉-၂၅၀၃၇၇၂၁၈၊ ၂၅၀၄၉၁၂၆၅-၂၅၀၅၂၈၆၃၉၊ ၂၅၀၆၃၇၂၃၃-၂၅၀၆၈၆၅၀၆၊ ၂၅၀၇၈၉၇၈၇-၂၅၀၇၉၇၃၆၉ တို့ဖြစ်ပြီး WCDMA ဖုန်းကတ်နံပါတ်များမှာ ၂၅၄၀၀၀၁၀၀-၂၅၄၀၂၂၈၄၀၊ ၂၅၄၀၃၆၅၈၈-၂၅၄၀၇၆၄၉၃၊ ၂၅၄၁၀၅၀၈၁-၂၅၄၁၄၈၆၁၇၊ ၂၅၄၁၇၇၄၀၆-၂၅၄၂၂၀၈၄၀၊ ၂၅၄၂၄၈၂၂-၂၅၄၂၆၄၂၉၀ တို့ဖြစ်ကြောင်း သိရသည်။ **ခင်ချိုဝင်း**

ပဲခူး သီရိဥဿာဈေးကြီး မီးလောင်မှုဖြစ်ပွား

တိုင်းဒေသကြီးဝန်ကြီးချုပ် မီးဘေးသင့်ပြည်သူများကို အားပေးစကားပြောကြား

ပဲခူး ဖေဖော်ဝါရီ ၂၇

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ရန်ကုန်-မန္တလေးကားလမ်းမကြီးဘေး ပဲခူးမြစ်ကူးတံတားအနီးရှိ သီရိဥဿာဈေးကြီးတွင် ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၁ နာရီ ၁၅ မိနစ်က မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ သီရိဥဿာဈေးကြီး မြောက်ဘက် အောက်ထပ်ရှိ ဈေးလုံခြုံရေးမီးလိုင်းမှ အပူလွန်ကဲပြီး မီးစတင်လောင်ကျွမ်းရာ ဈေးအပေါ်ထပ်သို့ပါ ကူးစက်လောင်ကျွမ်းခဲ့သည်။ မီးလောင်ရာသို့ ထောက်ကြန့်၊ လှည်းကူး၊ ဘုရားကြီး၊ ဝေါတို့မှ မီးသတ်ယာဉ် စုစုပေါင်း ၁၂ စီးတို့နှင့်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နေပြည်သူများ၊ တပ်မတော်သားများနှင့်ရဲတပ်ဖွဲ့ဝင်များက လာရောက်ငြှိမ်းသတ်ခဲ့ရာ နံနက် ၃ နာရီခွဲတွင် မီးညွန့်ကျိုးခဲ့သည်။ မီးလောင်မှုကြောင့် သီရိဥဿာဈေး အောက်ထပ်ရှိ ဆိုင်ခန်း ၁၉၈ ခန်းအနက် ၉၄ ခန်း မီးလောင်ဆုံးရှုံးခဲ့ပြီး ဆိုင်ခန်းတန်ဖိုးငွေကျပ် ၉၄ သိန်း၊ ပစ္စည်းတန်ဖိုး ငွေကျပ် သိန်း ၃၀၀ ခန့်နှင့် သီရိဥဿာဈေးအပေါ်ထပ်ရှိ MICKY MOUSE စားသောက်ဆိုင်သို့ မီးကူးစက်လောင်ကျွမ်းသွားသဖြင့် ပစ္စည်းတန်ဖိုး ငွေကျပ် ၅၆ သိန်း စုစုပေါင်း ကာလတန်ဖိုး ငွေကျပ်သိန်း ၄၅၀ တို့ ဆုံးရှုံးသွားခဲ့သည်။ မီးလောင်မှုနှင့်ပတ်သက်၍ ဈေးခေါင်း ဦးစိုးမင်းထွန်းနှင့် ညစောင့်ဝန်ထမ်းများဖြစ်သော ဦးမောင်ဝင်းနှင့် ချစ်ကိုတို့ကို ပဲခူးမြို့မရဲစခန်းက အရေးယူထားသည်။

မီးလောင်မှုဖြစ်ပွားရာသို့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သက်ထွန်း၊ စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးရဲမြင့်ထွန်းနှင့် တိုင်းအထွေထွေ အုပ်ချုပ်ရေးမှူး ဦးမောင်မောင်သန်းတို့သည် မီးလောင်သွားသော နေရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းက ဆိုင်ခန်းရှင်များကို ဈေးကြီး ဈေးခေါင်းရုံးတွင် တွေ့ဆုံ၍ မီးလောင်မှုနှင့်ပတ်သက်ပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လိုအပ်သလို ကူညီ ပံ့ပိုးသွားမည်ဖြစ်၍ အားမငယ်ကြရန် အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

သန့်စင်

ဆိုင်ကယ်ပေါ်မှ ပြုတ်ကျဒဏ်ရာရ

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ဖေဖော်ဝါရီ ၂၅ ရက် နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး ငဖဲ-စေတုတ္တရာကားလမ်း၊ မိုင်တိုင် အမှတ် ၂၄ အနီးတွင် ဆိုင်ကယ်ပေါ်မှ လူတစ်ဦး ပြုတ်ကျဒဏ်ရာရရှိ၍ ငဖဲပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။ ဖြစ်ပွားပုံမှာ စေတုတ္တရာမြို့နယ် ထန်းကိုင်းကျေးရွာနေ ကိုဝင်းအေး (၁၈ နှစ်)မောင်းနှင်ပြီး တစ်ရွာတည်းနေ မထွေးကြည်(၁၉ နှစ်) လိုက်ပါလာသော ဆိုင်ကယ်သည် လောက်ပုလဲကျေးရွာမှ ထန်းကိုင်းကျေးရွာသို့ ပြန်လာစဉ် မထွေးကြည်မှာ ဆိုင်ကယ်ပေါ်မှ ပြုတ်ကျ၍ ဦးခေါင်းနောက်စေ့ ဖူးရောင်ပေါက်ပြဲဒဏ်ရာရရှိကာ သတိမေ့သွားကြောင်း သိရသည်။ **ကိုရဲ**

ဖုန်းအားသွင်းရာမှ မီးလောင်မှုဖြစ်ပွား

ပြင်ဦးလွင် ဖေဖော်ဝါရီ ၂၇

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၆) မာလာလမ်း အိမ်အမှတ်(၆) မြန်မာနိုင်ငံ တရုတ်နှစ်ခြင်းခရစ်ယာန် ကျမ်းစာသင်ကျောင်းရှိ အမျိုးသမီးဆောင်တွင် ဖုန်းအားသွင်းရာမှ အပူလွန်ကဲ၍ ဝိုင်ယာရှော့ခ်ဖြစ်ပြီး ဖေဖော်ဝါရီ ၂၆ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၅၀ က မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်မှုဖြစ်ပွားရာသို့ ပြင်ဦးလွင်ခရိုင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ပြင်ဦးလွင်ခရိုင် မီးသတ်ဦးစီးအရာရှိ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်နှစ်စီး၊ ရေသယ်ယာဉ် နှစ်စီးနှင့် ဝိုင်းဝန်းငြှိမ်းသတ်ကြရာ ညနေ ၃ နာရီ ၄၅ မိနစ်တွင် မီးငြှိမ်းသတ်နိုင်ခဲ့သည်။

အမျိုးသမီးဆောင်မှာ (၂၄×၅၆) ပေ၊ နံရံကပ်သွပ်မိုး နှစ်ထပ်တိုက်ဖြစ်ပြီး အတွင်းပစ္စည်းအားလုံးမီးလောင်ခံရပြီး ဆုံးရှုံးမှုတန်ဖိုးငွေကျပ် သိန်း ၂၀ ကျော်ဖြစ်ပြီး မြန်မာနိုင်ငံ တရုတ်နှစ်ခြင်းခရစ်ယာန် ကျမ်းစာသင်ကျောင်း ကျောင်းအုပ်ကြီး ဦးချစ်စိန် (၅၀ နှစ်)ကို ပြင်ဦးလွင်ရဲတပ်ဖွဲ့စခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ (ဝ၃၂)

သုံးခွမြို့၌ မီးလောင်မှုဖြစ်ပွား

သုံးခွ ဖေဖော်ဝါရီ ၂၇

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် အမှတ်(၇)ရပ်ကွက် မြို့အထွက်တွင် ဖေဖော်ဝါရီ ၂၆ ရက်ညနေ ၅ နာရီက မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။ ဖြစ်စဉ်မှာ သုံးခွ-သန်လျင်ကားလမ်းဘေး သုံးခွမြို့အထွက်ရှိ ဆီဆိုင်တွင် နေလင်းထိုက် (၃၀ နှစ်) အိမ်အမှတ် (၂/၃) ဆိပ်ကမ်းသာလမ်း (၁၁) ရပ်ကွက်တွင် နေထိုင်သူသည် ဆီဘောက်ဆာကားအတွင်းမှ ဆိုင်အတွင်းရှိ ဆီတိုင်ကီ ၁၀ လုံး ဂါလန် ၅၀၀ ကျော်ကို ဆီဖြည့်ပြီးနောက် ဘောက်ဆာကားမောင်းထွက်သွားပြီး ပေ ၃၀၀ အရောက်တွင် ဆီဆိုင်အတွင်းမှာ အခိုးအငွေ့များထွက်လာပြီး မီးလောင်မှုဖြစ်ပွားခဲ့ရာ သုံးခွမြို့နယ်မှ မီးသတ်ယာဉ်နှစ်စီး၊ ရေသယ်ယာဉ်တစ်စီး၊ သန်လျင်မြို့နယ်မှ မီးသတ်ယာဉ်နှစ်စီး၊ ခရမ်းမြို့နယ်မှ မီးသတ်ယာဉ်နှစ်စီးနှင့် အုပ်ချုပ်မှုယာဉ် သုံးစီး လာရောက်ငြှိမ်းသတ်ခဲ့ကြောင်း သိရသည်။ ညနေ ၅ နာရီ ၄၅ မိနစ်တွင် မီးညွှန့်ကျိုးသွားပြီး ညနေ ၆ နာရီ ၃၅ မိနစ်တွင် မီးငြိမ်းသွားကြောင်း သိရသည်။

မီးလောင်မှုကြောင့် ဆီဂါလန် ၅၀၀ ကျော် (၁၅×၁၅)ပေ ဆီဆိုင်အဆောက်အအုံနှင့်အတူ ဆိုင်ကယ်တစ်စီး၊ စက်ဘီးတစ်စီး ဆုံးရှုံးခဲ့ သည်။ မီးပေါ့ဆစွာအသုံးပြုသူ နေလင်းထိုက်အား အရေးယူထားကြောင်း သိရသည်။ **(အောက်ပုံ)**

ကိုကျော်(သုံးခွ)



ပျောက်ဆုံး

အာသောက တာယာရောင်းဝယ်ရေးကုမ္ပဏီ၏ Form 6, 26 မူရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-ဝ၉-၅၂၆ဝ၃၉၅၊ ဝ၁-၄၃ဝ၅၅၈

မွေးနေ့ဆုတောင်း

ကျောက်တံခါးမြို့နယ်အသင်း (ရန်ကုန်)နာယကကြီး ဗိုလ်မှူးကြီးတင်ရိုန်(ငြိမ်း)၏ ၂၈-၂-၂၀၁၄ရက်တွင် ကျရောက်သောမွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် သာသနာ့အကျိုး၊ မွေးရပ်မြေအကျိုးတို့ကို မိသားစုနှင့်အတူ ကျန်းမာချမ်းသာစွာဖြင့် ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့
ကျောက်တံခါးမြို့နယ်အသင်း(ရန်ကုန်)

လက်ထပ်ထိမ်းမြားပြီးစီးခြင်း

ရန်ကုန်မြို့၊ အမှတ်(၁၆၆)၊ ဒုတိယထပ်(ယာ)၊ ၃၄လမ်း၊ ကျောက်တံတားမြို့နယ်နေ

မောင်မြင့်ဆွေ

(Unitech Engineering Services)

နှင့်

ရန်ကုန်မြို့၊ အမှတ်(၅၈၉/ခ)၊ ဇာနည်(၁၁)လမ်း(အောက်)၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ

မအေးနု(ခ)မနုနု

တို့သည် ၂၇-၂-၂၀၁၄ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် ဦးစီးအရာရှိ ဒေါ်အေးအေးခိုင် ရှေ့မှောက်တွင် နှစ်ဦးသဘောတူ လက်ထပ်လက်မှတ်ရေးထိုးပြီးစီးပါကြောင်း။

မောင်မြင့်ဆွေ-မအေးနု



နေလမင်း

အိမ်ခြံမြေနှင့် အထွေထွေအကျိုးဆောင်လုပ်ငန်း

အနယ်နယ်အရပ်ရပ်မှ လူကြီးမင်းများနှင့် မိတ်ဆွေများအား အထူးဖိတ်ခေါ်အပ်ပါသည်။ ပြင်ဦးလွင်မြို့ရှိ အကောင်းဆုံးအိမ်ခြံမြေများကို ရောင်းခြင်း၊ ဝယ်ခြင်းကိစ္စအဝဝကို စိတ်တိုင်းကျဆောင်ရွက်ပေးပြီး ရင်းနှီးမြှုပ်နှံလိုသူများအတွက် အကောင်းဆုံးဝန်ဆောင်မှုများကို ဆောင်ရွက်ပေးနေပြီ-

ပြင်ဦးလွင်မြို့ မဟာအံ့ထူးကံသာဘုရားကြီးအနီး၊ ရပ်ကွက်ကြီး(၁၁)၊ ရေငယ်နှင့်ရပ်ကွက်ကြီး (၁၂)၊ ရေချမ်းအိုးတွင်ရှိသောမြေကွက်များ၊ မြို့ရှောင်လမ်းအနီးရှိ ကျီးကိုင်မြေကွက်များ၊ ရပ်ကွက်ကြီး (၂၀)၊ နောင်ခမ်းကြီးရှိ မြေကွက်များ၊ အနီးစခန်း၊ အောင်ချမ်းသာ၊ ကွန်ပျူတာတက္ကသိုလ်အနီးရှိ မြေကွက်များနှင့် အခြားပြင်ဦးလွင်မြို့ရှိ အကောင်းဆုံးနှင့် ဈေးနှုန်းအသက်သာဆုံး မြေကွက်များစွာကို အမြန်ဆုံးရောင်းရန်ရှိသောကြောင့် လူကြီးမင်းတို့စိတ်တိုင်းကျ မြေကွက်များကိုပိုင်ဆိုင်နိုင်ရန် အမြန်ဆုံးဆက်သွယ်ဝယ်ယူနိုင်ပါသည်။ **(စုံစမ်းချိန် နံနက် ၈နာရီမှ ညနေ ၅နာရီအထိ)**

စုံစမ်းရန် - နေလမင်းအိမ်ခြံမြေနှင့် အထွေထွေအကျိုးဆောင်လုပ်ငန်း
အမှတ် (၂၈)၊ မန္တလေး-လားရှိုးလမ်း၊ (၁၇×၁၈)ကြား၊
ရွှေလီဦးအထည်ဆိုင်ရှေ့ ပြင်ဦးလွင်မြို့၊
ဖုန်း-ဝ၉-၄၇၁၃၆၁ဝ၄၊ ဝ၉-၄ဝ၂၅၅၁၂ဝ၃၊ ဝ၉-၄၉၂၇၆၉၉၉

နိုင်ငံတကာအားကစား

ရီးရဲ ချန်ပီယံလိဂ်ကွာတားတက်မည်

ချန်ပီယံလိဂ် ၁၆ သင်း ပထမအကျော့ပြိုင်ပွဲတွင် ရီးရဲမက်ဒရစ်က ရှော်လ်ကေးကို ခြောက်ဂိုး-တစ်ဂိုးဖြင့် အဝေးကွင်း အနိုင်ရလိုက်၍ ကွာတားဖိုင်နယ်တက်ရန် သေချာသွားပြီဖြစ်သည်။ ယင်းပွဲတွင် ရီးရဲမက်ဒရစ်၏ နာမည်ကြီးကစားသမားများဖြစ်ကြသည့် ဂါရက်ဘေးလ်၊ စီရိုနယ်ဒိုနှင့် ဘင်ဇီမာတို့က နှစ်ဂိုးစီ သွင်းယူပေးခဲ့ကြသည်။ ယင်းပွဲသည် ဂါရက်ဘေးလ်၏ အကောင်းဆုံးပွဲဖြစ်ကြောင်း နည်းပြအန်ဆယ်လော့တီကပြောသည်။ ၄င်းသည် စက်တင်ဘာလက စပါးမှ ပေါင် ၈၅ ဒသမ ၃ သန်းဖြင့် ပြောင်းလာပြီးကတည်းက ၂၃ ပွဲတွင် ၁၄ ဂိုးသွင်းယူပေးထားသည်။

ချယ်လ်ဆီး သရေပွဲကြုံ

ချယ်လ်ဆီးတို့ ချန်ပီယံလိဂ် ၁၆ သင်း ပထမအကျော့တွင် ဒရော့ဘာ၏ ဂါလာတာစာရေးအသင်းကို ရွှေရောင်အခွင့်အရေးများ ရသော်လည်း အနိုင်မကစားနိုင်ဘဲ တစ်ဖက်တစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားခဲ့သည်။ ပရီမီယာလိဂ်ထိပ်ဆုံးရောက် ချယ်လ်ဆီးအတွက် အဖွင့်ဂိုးကို တောရက်စ်က ပွဲစပြီး ကိုးမိနစ်အကြာ သွင်းယူပေးခဲ့သော်လည်း အပိုင်ကန်သွင်းခွင့်များ ဆုံးရှုံးသွားခဲ့သည်။ ပွဲချိန် ၆၆ မိနစ်တွင် ဂါလာတာစာရေးအသင်းမှ ချေဂျူးက ချေပဂိုးသွင်းယူခဲ့သည်။ ဂါလာတာစာရေးနည်းပြ မန်စီနီကလည်း ဒုတိယအကျော့တွင် ချယ်လ်ဆီးအိမ်ကွင်း၌ သွားရောက်ကစားရန် အကောင်းဆုံးပြင်ဆင်ထားနိုင်၍ ချယ်လ်ဆီးတို့ ကွာတားတက်ရန် အကြိတ်အနယ်ကစားရဖွယ်ရှိသည်။

● ကောင်းမြတ်သူ-စုစည်းသည်

နိုင်ငံတကာပြည်တွင်းလိဂ်ပွဲစဉ်များ

သီဟ

ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၂၃)			**မတ် ၁**
ဟာသာဘာလင်	-	ဖရိုင်းဘတ်	နံနက် ၂း၀၀
စပိန်လာလီဂါ ပွဲစဉ်(၂၆)			**မတ် ၁**
ဘီလ်ဘာအို	-	ဂရန်နာဒါ	နံနက် ၂း၀၀
ပြင်သစ်လီဂူး ပွဲစဉ်(၂၇)			**မတ် ၁**
အီဗီယန်	-	နန့်တက်စ်	နံနက် ၂း၀၀

ဘီလ်ဘာအို Vs ဂရန်နာဒါ

စပိန်လာလီဂါ ပွဲစဉ်၂၅အပြီးမှာ ဘီလ်ဘာအိုက ရမှတ် ၄၇မှတ်နဲ့ အဆင့် ၄ မှာ ရပ်တည်နေပြီး နောက်ဆုံးအိမ်ကွင်းငါးပွဲမှာ သုံးပွဲနိုင်၊ တစ်ပွဲရှုံး၊ တစ်ပွဲသရေကျထားပါတယ်။

ဧည့်သည် ဂရန်နာဒါက ရမှတ် ၂၇ မှတ်နဲ့ အဆင့် ၁၃မှာ ရှိနေပြီး နောက်ဆုံးအဝေးကွင်းငါးပွဲမှာ တစ်ပွဲနိုင်၊ လေးပွဲရှုံးထားပါတယ်။ ဘီလ်ဘာအိုက အိမ်ကွင်းမှာရီးရဲကိုတောင် သရေကစားထားနိုင်ပြီး ဒီရာသီမှာ ခြေစွမ်းထက်နေလို့ ဒီပွဲမှာ အနိုင်သုံးမှတ်သေချာနေပေမယ့် ဂိုးပြတ်မပြတ် စောင့်ကြည့်ရမှာပါ။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်
Myanmar National League Department
အမျိုးသားဘောလုံးလေ့ကျင့်ရေးစခန်း(Goal Hotel သုဝဏ္ဏ)
ဝေဇယန္တာလမ်း၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့
Ph:01-569960-64/ 09-2029010, Email:adm_mff@mff-ma.com, kokothein@mff-ma.com

ဝန်ထမ်းအမြန်အလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် Myanmar National League ပြိုင်ပွဲဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရန် အောက်ဖော်ပြပါရာထူးနေရာများအတွက် အရည်အချင်းပြည့်ဝသော ဝန်ထမ်းများအလိုရှိသည်-

(က) **Assistant Director** — **ကျား/မ ၁ ဦး**
- ဘွဲ့ရရှိပြီးသူ မြန်မာနိုင်ငံသားဖြစ်ရမည်။
- အသက်(၂၅)နှစ်မှ (၄၀)အတွင်းဖြစ်ရမည်။
- ဘောလုံးအားကစားနှင့်ပတ်သက်၍ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံးသုံးနှစ်ရှိရမည်။ English ဘာသာဖြင့် ကောင်းစွာရေးသား/ပြောဆိုနိုင်သူ၊ ကွန်ပျူတာကျွမ်းကျင်သူ ဖြစ်ရမည်။ လူမှုဆက်ဆံရေးကောင်းမွန်ပြီး ရုပ်ရည်ပြေပြစ်သူဖြစ်ရမည်။ မြန်မာနိုင်ငံအတွင်း ဒေသမရွေးသွားလာနိုင်သူဖြစ်ရမည်။

(ခ) **Office Staff** — **မ ၁ ဦး**
- ဘွဲ့ရရှိပြီးသူ၊ မြန်မာနိုင်ငံသားဖြစ်ရမည်။
- အသက် ၁၈နှစ်မှ ၂၅ နှစ်အတွင်း အိမ်ထောင်မရှိသူဖြစ်ရမည်။
- English/ Myanmar ကွန်ပျူတာစာစီစာရိုက်ကျွမ်းကျင်သူဖြစ်ရမည်။ Internet, Email အသုံးပြုနိုင်သူဖြစ်ရမည်။
- လူမှုဆက်ဆံရေးကောင်းမွန်ပြီး ရုပ်ရည်ပြေပြစ်သူဖြစ်ရမည်။

(ဂ) **Competition Staff** — **ကျား ၂ ဦး**
- အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူ မြန်မာနိုင်ငံသားဖြစ်ရမည်။
- အသက် ၁၈ နှစ်မှ ၂၅ နှစ်အတွင်း အိမ်ထောင်မရှိသူဖြစ်ရမည်။
- English/Myanmar ကွန်ပျူတာစာစီစာရိုက် ကျွမ်းကျင်သူဖြစ်ရမည်။ လူမှုဆက်ဆံရေးကောင်းမွန်သူဖြစ်ရမည်။ မြန်မာနိုင်ငံအတွင်း ဒေသမရွေးသွားလာနိုင်သူဖြစ်ရမည်။

(ဃ) **Marketing Manager** — **ကျား/မ ၁ ဦး**
Assistant Manager — **ကျား/မ ၁ ဦး**
- ဘွဲ့ရရှိပြီးသူမြန်မာနိုင်ငံသားဖြစ်ရမည်။
- အသက် ၂၅ နှစ်မှ ၄၀ အတွင်းဖြစ်ရမည်။
- Marketing လုပ်ငန်းအတွေ့အကြုံအနည်းဆုံး သုံးနှစ်ရှိရမည်။
- English ဘာသာဖြင့် ကောင်းစွာရေးသား/ပြောဆိုနိုင်သူ၊ ကွန်ပျူတာကျွမ်းကျင်သူ ဖြစ်ရမည်။ လူမှုဆက်ဆံရေးကောင်းမွန်ပြီး ရုပ်ရည်ပြေပြစ်သူဖြစ်ရမည်။ မြန်မာနိုင်ငံအတွင်း ဒေသမရွေးသွားလာနိုင်သူဖြစ်ရမည်။

(င) **Marketing Staff** — **ကျား/မ ၂ ဦး**
- ဘွဲ့ရရှိပြီးသူမြန်မာနိုင်ငံသားဖြစ်ရမည်။
- အသက် ၂၀ မှ ၃၀ အတွင်း အိမ်ထောင်မရှိသူဖြစ်ရမည်။
- Marketing လုပ်ငန်းအတွေ့အကြုံအနည်းဆုံး နှစ်နှစ်ရှိရမည်။
- English/ Myanmar ကွန်ပျူတာစာစီစာရိုက်ကျွမ်းကျင်သူဖြစ်ရမည်။ Internet, Email အသုံးပြုနိုင်သူဖြစ်ရမည်။ လူမှုဆက်ဆံရေးကောင်းမွန်ပြီး ရုပ်ရည်ပြေပြစ်သူဖြစ်ရမည်။ မြန်မာနိုင်ငံအတွင်း ဒေသမရွေးသွားလာနိုင်သူဖြစ်ရမည်။

မှတ်ချက်။ အထက်ဖော်ပြပါရာထူးနေရာများအတွက် လျှောက်ထားလိုသူများသည် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမျိုးသားဘောလုံးလေ့ကျင့်ရေးစခန်း၊ Goal Hotel သုဝဏ္ဏသို့ ၂၀၁၄ခုနှစ် မတ် ၅ ရက်ထက် နောက်မကျစေဘဲ ပေးပို့လျှောက်ထားပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပြီး ရောက်ရှိလာသော လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါကြောင်း အသိပေးအပ်ပါသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်
အမျိုးသားဘောလုံးလေ့ကျင့်ရေးစခန်း(Goal Hotel သုဝဏ္ဏ)
ဝေဇယန္တာလမ်း၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့
Ph:01-569960-64/ 09-2029010, Email:adm_mff@mff-ma.com, kokothein@mff-ma.com

ဝန်ထမ်းအမြန်အလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် စီမံနှင့်အုပ်ချုပ်မှုဆိုင်ရာလုပ်ငန်းများဆောင်ရွက်ရန် အောက်ဖော်ပြပါရာထူးနေရာများအတွက် အရည်အချင်းပြည့်ဝသော ဝန်ထမ်းများအလိုရှိသည်-

(က) **လက်ရွေးစင်ဘောလုံးအသင်းအတွင်းရေးမှူး** — **ကျား/မ ၉ ဦး**
(Men-National Team, U-23/22, U-19 U-16, U-14)
(Women-National Team, U-19, U-16, U-14)
- ဘွဲ့ရရှိပြီးသူမြန်မာနိုင်ငံသားဖြစ်ရမည်။ အသက်(၃၀)မှ (၄၀)အတွင်းဖြစ်ရမည်။
- Bachelor, Any Diploma in Business Management, Administration အောင်မြင်ပြီးသူများ ဦးစားပေးမည်။
- Management နှင့်သက်ဆိုင်သောရာထူးနေရာ၌ အနည်းဆုံးသုံးနှစ်တာဝန်ထမ်းဆောင်ခဲ့ဖူးသူဖြစ်ရမည်။
- English ဘာသာဖြင့် ကောင်းစွာရေးသား၊ ပြောဆိုနိုင်သူ၊ ကွန်ပျူတာ ကျွမ်းကျင်သူဖြစ်ရမည်။
- ပြည်တွင်း/ပြည်ပခရီးများသွားလာနိုင်သူဖြစ်ရမည်။

(ခ) **National Team Staff (လက်ရွေးစင်အသင်းများဌာနခွဲဝန်ထမ်း)** — **ကျား/မ ၂ ဦး**
- ဘွဲ့ရရှိပြီးသူမြန်မာနိုင်ငံသားဖြစ်ရမည်။
- အသက်(၂၃)နှစ်မှ (၃၅)နှစ်အတွင်းဖြစ်ရမည်။
- ဘောလုံးအားကစားနည်းစနစ်ပိုင်းဆိုင်ရာလုပ်ငန်းအတွေ့အကြုံအနည်းဆုံး နှစ်နှစ် ရှိရမည်။ English ဘာသာဖြင့် ကောင်းစွာရေးသား၊ ပြောဆိုနိုင်သူ၊ ကွန်ပျူတာကျွမ်းကျင်သူ ဖြစ်ရမည်။ လူမှုဆက်ဆံရေးကောင်းမွန်ပြီး မြန်မာနိုင်ငံအတွင်း ဒေသမရွေးသွားလာနိုင်သူဖြစ်ရမည်။ ပြိုင်ပွဲ/သင်တန်းဆိုင်ရာအစီအရင်ခံစာ (Competition Report/Course Report)များ ရေးသားနိုင်သူဖြစ်ရမည်။

(ဂ) **Women League Department (Manager)** — **ကျား/မ ၂ ဦး**
- ဘွဲ့ရရှိပြီးသူမြန်မာနိုင်ငံသားဖြစ်ရမည်။ အသက် (၃၀)မှ (၄၀)အတွင်းဖြစ်ရမည်။
- Master. Bachelor, Any Diploma in Business Management, Administration ဘွဲ့ရရှိပြီးသူ(အုပ်ချုပ်မှုဆိုင်ရာသင်တန်းအောင်မြင်သူဦးစားပေးမည်။)
- Management နှင့်သက်ဆိုင်သော ရာထူးနေရာ၌ အနည်းဆုံးသုံးနှစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသူဖြစ်ရမည်။
- English ဘာသာဖြင့် ကောင်းစွာရေးသားပြောဆိုနိုင်သူ၊ ကွန်ပျူတာကျွမ်းကျင်သူဖြစ်ရမည်။
- ကျန်းမာရေးကောင်းမွန်ပြီး ပြည်တွင်း၊ ပြည်ပခရီးများသွားလာနိုင်သူဖြစ်ရမည်။

(ဃ) **လက်ရွေးစင်အိပ်ဆောင်တာဝန်ခံ** — **ကျား/မ ၂ ဦး**
- ဘွဲ့ရရှိပြီးသူမြန်မာနိုင်ငံသားဖြစ်ရမည်။
- အသက်(၃၀)မှ (၄၀)အတွင်းဖြစ်ရမည်။
- Management နှင့်သက်ဆိုင်သောရာထူးနေရာ၌ အနည်းဆုံး နှစ်နှစ်တာဝန်ထမ်းဆောင်ခဲ့ဖူးသူဖြစ်ရမည်။
- ရုံးလုပ်ငန်းဆိုင်ရာကျွမ်းကျင်သူဖြစ်ရမည်။
- English ဘာသာဖြင့် ရေးသား/ပြောဆိုနိုင်သူ၊ ကွန်ပျူတာကျွမ်းကျင်သူ ဖြစ်ရမည်။

(င) **Logistic Staff** — **ကျား/မ ၁ ဦး**
- ဘွဲ့ရရှိပြီးသူ၊ မြန်မာနိုင်ငံသားဖြစ်ရမည်။
- အသက်(၂၀)မှ (၃၀)အတွင်း အိမ်ထောင်မရှိသူဖြစ်ရမည်။
- English ဘာသာဖြင့် ကောင်းစွာရေးသား၊ ပြောဆိုနိုင်သူ၊ ကွန်ပျူတာ ကျွမ်းကျင်သူဖြစ်ရမည်။ Internet, Email အသုံးပြုနိုင်သူဖြစ်ရမည်။ လူမှုဆက်ဆံရေးကောင်းမွန်သူဖြစ်ရမည်။

(စ) **မန္တလေးဘောလုံးအကယ်ဒမီကျောင်း** ကျောင်းအုပ်ကြီး — **ကျား ၁ ဦး**
ဒုတိယကျောင်းအုပ် — **ကျား ၁ ဦး**

(ဆ) **ရန်ကုန်ဘောလုံးအကယ်ဒမီကျောင်း** ကျောင်းအုပ်ကြီး — **ကျား ၁ ဦး**
ဒုတိယကျောင်းအုပ် — **ကျား ၁ ဦး**
- Master. Bachelor, Any Diploma in Business Management, Administration ဘွဲ့ရရှိပြီးသူမြန်မာနိုင်ငံသားဖြစ်ရမည်။
- အသက်(၄၀)မှ (၅၀)အတွင်းဖြစ်ရမည်။
- Bachelor, Any Diploma in Business Management, Administration အောင်မြင်ပြီးသူများဦးစားပေးမည်။
- Management နှင့်သက်ဆိုင်သောရာထူးနေရာ၌ အနည်းဆုံး ခြောက်နှစ်တာဝန်ထမ်းဆောင်ခဲ့ဖူးသူဖြစ်ရမည်။
- English ဘာသာဖြင့် ကောင်းစွာရေးသား/ပြောဆိုနိုင်သူ၊ ကွန်ပျူတာကျွမ်းကျင်သူဖြစ်ရမည်။ ဘောလုံးအကယ်ဒမီသင်တန်းကျောင်း၏ အထွေထွေစီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှုပိုင်းတွင် ဦးဆောင်နိုင်သူဖြစ်ရမည်။ လူမှုပေါင်းသင်းဆက်ဆံရေးကောင်းမွန်သူဖြစ်ရမည်။

မှတ်ချက်။ အထက်ဖော်ပြပါရာထူးနေရာများအတွက် လျှောက်ထားလိုသူများသည် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမျိုးသားဘောလုံးလေ့ကျင့်ရေးစခန်း၊ Goal Hotel သုဝဏ္ဏသို့ ၂၀၁၄ခုနှစ် မတ် ၅ ရက်ထက်နောက်မကျစေဘဲ ပေးပို့လျှောက်ထားပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပြီးရောက်ရှိလာသော လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါကြောင်း အသိပေးအပ်ပါသည်။

ဌာနဆိုင်ရာကြေညာချက်နှင့် ကြော်ငြာ

ဌာနဆိုင်ရာ

မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာဆပ်ကော်မတီသို့ မေးမြန်းအကြံပြုချက်များအပေါ် သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာခြင်း

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ

၁။ **စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် မကျီးဘုတ်-နဘက် လမ်းပေါ်ရှိ တွင်းကြီးတမဆေးကန်လမ်းပိုင်းကို ကျောက်ချောလမ်းခင်းနိုင်ရေး ဖြည့်ဆည်းဆောင်ရွက်ပေးပါရန် မေးမြန်းချက်အပေါ် စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းတိုင်းတာချက်အရ ကျောက်ချောလမ်းပြုပြင်ခြင်း (၁/၀)မိုင်၊ ကျောက်ချောလမ်းခင်းခြင်း (၈/၃) မိုင်နှင့် လမ်းပေါ်ရှိ ကွန်ကရစ်ရေကျော် ၁၇ စင်း၊ ကွန်ကရစ်ရေထုတ်ပေါက်နှစ်စင်းတည်ဆောက်ရန် လိုအပ်ကြောင်းတွေ့ရှိရပါသည်။**

သို့ဖြစ်ပါ၍ မကျီးဘုတ်-တွင်းကြီး-နဘက်-တမဆေးကန်လမ်းပေါ်တွင် ဆောင်ရွက်မည့် လုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်(ဖြည့်စွက်)ရန်ပုံငွေတွင် ကျောက်ချောလမ်း(၁/၀)မိုင်ပြုပြင်ခြင်း ငွေကျပ် ၁၂ ဒသမ ၄၀၃ သန်း၊ ကွန်ကရစ်ရေကျော် ၁၇ စင်းနှင့် ကွန်ကရစ်ရေထုတ်ပေါက်နှစ်စင်း တည်ဆောက်ခြင်း ငွေကျပ် ၇၁ ဒသမ ၉၅၈ သန်း စုစုပေါင်းငွေကျပ် ၈၄ ဒသမ ၃၈၈ သန်းကိုလည်းကောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ရန်ပုံငွေတွင် ကျောက်ချောလမ်း (၈/၃)မိုင် ငွေကျပ် ၂၅၅ ဒသမ ၇၇ သန်းကိုလည်းကောင်း လျာထားပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

၂။ **တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့တွင် ကမ်းနီးကုန်သွယ်မှု LC/TT ကိစ္စရပ်နှင့်ပတ်သက်၍ ယခင်က ကျပ်ဖြင့်သော်လည်းကောင်း၊ ဒေါ်လာဖြင့်သော်လည်းကောင်း၊ ငွေပေးချေမှုစနစ် ကျင့်သုံးခဲ့သော်လည်း ယခုအခါ ၂၀၁၃ ခုနှစ်မှ စတင်၍ Normal Trade နည်းလမ်းအရ ဒေါ်လာဖြင့်သာ ပေးဆောင်နေရပါ၍ ကျပ်ဖြင့်သော်လည်းကောင်း၊ အခွန်ငွေ ၂ ရာခိုင်နှုန်းကို ဒေါ်လာဖြင့် ပေးဆောင်မှုစနစ်ကျင့်သုံးလိုကြောင်း မေးမြန်းမှုနှင့်ပတ်သက်၍**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနများသို့တင်ပြပြီး ကုန်သွယ်မှုနည်းလမ်း (border/ normal စနစ်) သင့်တော်ရာစနစ်ကျင့်သုံးနိုင်ရေး၊ ဖြေလျှော့ပေးနိုင်ရေး တင်ပြညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။ တစ်ဖက်နိုင်ငံနှင့် ကုန်သွယ်ရာတွင်လည်း (အအေးခန်းသိုလှောင်ရုံ)များထားရှိပြီး လာရောက်ဝယ်ယူသည့် စနစ် (ရောင်းသူ/ဈေးကွက်)ဖြစ်ပေါ်စေရေးအတွက်လည်း ကြိုးစားဆောင်ရွက်သင့်ပါကြောင်း၊ ကုန်ကြမ်းတင်ပို့မှုအစား ကုန်ချောတင်ပို့ မှုသို့ ပြောင်းလဲကျင့်သုံးသင့်ကြောင်း ရှင်းလင်းဖြေကြားပါသည်။ ဆပ်ကော်မတီ၏ တင်ပြချက်အရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၏ ၁၃-၁၂-၂၀၁၃ ရက်နေ့ ကော့သောင်းခရီးစဉ်တွင် ကျပ်ဖြင့်ဆောင်ရွက်နိုင်စေရေး ဖြေလျှော့ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း ရှင်းလင်းတင်ပြပါသည်။

၃။ **ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်တွင် အင်းနယ်နိမိတ်နှင့် ဘုံစားနယ်နိမိတ်များခွဲခြားသတ်မှတ်ပေးရန် မေးမြန်းချက်နှင့်ပတ်သက်၍**

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးဆောင်၍ သက်ဆိုင်ရာ မြေစာရင်း၊ ငါးလုပ်ငန်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတို့နှင့်ပေါင်းစပ်၍ ၁၅-၁-၂၀၁၄ ရက်နေ့မှစတင်ပြီး ဝါးခယ်မမြို့နယ်တွင် အင်းမြေပုံများ ပြန်လည်ရေးဆွဲရေးလုပ်ငန်းကို စတင်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

၄။ **ဖျာပုံခရိုင် ဖျာပုံမြို့နယ် အမာမြို့နယ်ခွဲ ကဒုံကနိ ကျေးရွာအနီးတွင် ဂျူတ်သင်္ဘောများတရားမဝင်လာရောက်ဖမ်းဆီးမှုရှိနေသဖြင့် စစ်ဆေးရေးဂိတ်တစ်ခုဖွင့်လှစ်ပေးပါရန် မေးမြန်းချက်နှင့်ပတ်သက်၍**

တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနမှူးမှ တင်ပြထားမှုအပေါ် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စစ်ဆေးရေးဂိတ်တစ်ခုကို ဌာနပေါင်းစုံပါဝင်သောအဖွဲ့ဖြင့်ဆောင်ရွက်ရန် မူအားဖြင့် သဘောတူထားပါကြောင်း ရှင်းလင်းဖြေကြားပါသည်။

၅။ **ဖျာပုံခရိုင် ဖျာပုံမြို့နယ် အမာမြို့နယ်ခွဲတွင် သမဝါယမဦးစီးဌာနနှင့်ပေါင်းစပ်၍ ရေလုပ်ငန်းဆိုင်ရာအစုအဖွဲ့များ ဖွဲ့စည်းပေးရန်၊ ချေးငွေရရှိစေရေးဆောင်ရွက်ပေးရန် မေးမြန်းချက်နှင့်ပတ်သက်၍**

အမာမြို့နယ်ခွဲ ကမ်းခြေကျေးရွာတွင် ရေလုပ်ငန်းအစုအဖွဲ့များကို သမဝါယမဦးစီးဌာနနှင့်ပူးပေါင်းဖွဲ့စည်းပြီးဖြစ်ပါသည်။ သရက်ပင်ကျေးရွာတွင် ကင်းပုစွန်ဖမ်းအစုအဖွဲ့ ၂၀ ဖွဲ့၊ ၁၀၀ ဦး၊ ဗန္ဓာပင်ကျေးရွာတွင် ဂွန်းပိုက်အစုအဖွဲ့ ငါးဖွဲ့၊ ကင်းပုစွန်အဖွဲ့ နှစ်ဖွဲ့၊ ရေလုပ်သား ၃၅ ဦး၊ ခါးပြတ်ကျေးရွာတွင် ကင်းပုစွန်အဖွဲ့ ရှစ်ဖွဲ့၊ ရေလုပ်သား ၄၀၊ ချေးငွေကိစ္စနှင့်ပတ်သက်၍ သမဝါယမဦးစီးဌာနနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားပါသည်။

၆။ **ဖျာပုံခရိုင် ဖျာပုံမြို့နယ် အမာမြို့နယ်ခွဲတွင် ပင်လယ် ရေလုပ်သားများ အသက်အာမခံထားရှိမှု မေးမြန်းချက်နှင့်ပတ်သက်၍**

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ကြီးကြပ်မှုဖြင့် အသက်အာမခံလုပ်ငန်းနှင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားပါသည်။

(ဆက်လက်ဖော်ပြပါမည်)

ဝိုင်နီ(Red Wine)၏ ကျန်းမာရေးအကျိုးကျေးဇူးများ

၁။ အိပ်စက်ခြင်းနှင့်သက်ဆိုင်သောရောဂါဝေဒနာများ မဝင်လာအောင် တားဆီးပေးနိုင်သည်။
၂။ အယ်ဇိုင်းမားခေါ် ဦးနှောက်မှတ်ဉာဏ်ချို့ယွင်းသည့် ရောဂါနှင့် နာတာရှည် အရူးရောဂါတို့မဖြစ်ပွားအောင် တားဆီးပေးသည်။
၃။ အင်တီအောက်ဆီးဒင့်ခေါ် ဓာတ်တိုးဆန့်ကျင်ဂုဏ်သတ္တိများလည်း ပါဝင်သည်။
၄။ နှလုံးရောဂါဖြစ်ပွားမှုကို လျှော့ချပေးနိုင်သည်။
၅။ အဆုတ်ကင်ဆာ၊ အမျိုးသားများတွင် ဖြစ်ပွားသော ဆီးကျိတ်ကင်ဆာနှင့်ရင်သားကင်ဆာအန္တရာယ်များမှ ကာကွယ်ပေးသည်။
၆။ ရောင်ရမ်းနာကျင်မှုများ သက်သာစေသော ဓာတ်ပစ္စည်းများလည်း ပါဝင်ကြောင်း သိရသည်။

အရွယ်တင်နုပျိုစေသည့် သလဲသီး(Pomegranate)

သလဲသီးတွင် ဗီတာမင်အေ၊ စီ၊ အီးနှင့် သံဓာတ် အစရှိသော အင်တီအောက်ဆီးဒင့်မြောက်မြားစွာပါဝင်သည်။ လေ့လာမှုများအရ သလဲသီးစားသုံးခြင်းသည် သက်လတ်ပိုင်းတွင်ဖြစ်ပွားသည့် ဝဖြိုးခြင်းကို လျှော့ပါးစေပြီး အိမ်ထောင်ရေးသုခနှင့်ပြည့်စုံစေကြောင်းတွေ့ရှိရသည်။ ၎င်းသည် အမျိုးသားများတွင်ဖြစ်ပွားသော ဆီးကျိတ်ကင်ဆာကိုလည်း ကာကွယ်ကုသပေးနိုင်သည်ဟု ဆိုသည်။ စမ်းသပ်ချက်များအရ သလဲသီးဖျော်ရည်နေ့စဉ် သောက်သုံးခြင်းသည် အိုမင်းရင့်ရော်မှုကို နှေးကွေးစေပြီး အရွယ်တင်နုပျိုစေနိုင်သည်ဟု သိရသည်။ ထို့ပြင် သလဲသီးသည် ဆဲလ်များထိခိုက်ပျက်စီးမှုကိုလည်း လျှော့ချပေးနိုင်သည်ဟု လေ့လာသူများကဆိုသည်။

လိုအပ်သော အိုမီဂါ-၃(Omega-3 fatty acid)

အိုမီဂါ-၃ ဖက်တီးအက်စစ်သည် ဦးနှောက်တွင်း ဆဲလ်အလွှာများတည်ဆောက်ရန်လိုအပ်သော အရင်းအမြစ်တစ်ခုဖြစ်ပြီး ၎င်းက နှလုံးရောဂါ၊ ကင်ဆာနှင့် ကိုယ်တွင်း၌ သဘာဝအရရှိနေသော အရာများကိုဆန့်ကျင်သည့် ပဋိဓာတ်များကြောင့်ဖြစ်ပွားရသည့် ရောဂါများကို ကာကွယ်တိုက်ဖျက်ပေးနိုင်ကြောင်းသိရသည်။ အဆီဓာတ်ကြွယ်ဝသောငါးများ၊ သစ်ကြားသီး၊ ပဲနှင့်သံလွင်ဆီတို့တွင် အိုမီဂါ-၃ ဖက်တီးအက်စစ်ကို တွေ့ရှိနိုင်ပါသည်။ လေ့လာသူများက တစ်ပတ်တွင်အနည်းဆုံးနှစ်ကြိမ်ခန့် ငါးစားသုံးခြင်းဖြင့် အိုမီဂါ-၃ ရယူရန် အကြံပြုထားသည်။ သို့သော် ဆရာဝန်ညွှန်ကြားခြင်းမရှိဘဲ အိုမီဂါ-၃ ကို တစ်နေ့ သုံးဂရမ်ထက်ပို၍မစားသုံးကြရန်လည်း သတိပေးထားကြောင်း သိရသည်။

ခင်ခင်မင်းလွင်

ဂုဏ်ယူဖွယ်ရာ အတုယူရမည့် သတင်းတစ်ပုဒ်အကြောင်း တစေ့တစောင်း

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၂ ကော်လံ ၄၊ ၅၊ ၆ တွင် "သစ်ပင်စိုက် ကျောင်းသားကျောင်းသူများကိုဆုချီးမြှင့်"ခေါင်းစဉ်ဖြင့် ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၁၀ နာရီက ရွှေဘိုမြို့နယ် ပိတ္တောကျေးရွာ အလက(ခွဲ) အမကကျောင်းဝင်းအတွင်း၌ ၂၀၁၃ ခုနှစ်တွင် အရိပ်ရပင်၊ သီးစားပင် ၃၀၀ ကို ရှင်သန်အောင် ကြိုးပမ်းခဲ့ကြသော ကျောင်းသား ကျောင်းသူများကို ဆုပေးပွဲအခမ်းအနားကျင်းပသည့်သတင်းကို တန်ဖိုးရှိစွာ ဖတ်လိုက်ရ၍ ဂုဏ်ယူမိပါသည်။ ထိုသတင်းတွင် ဆက်လက်ဖော်ပြထားသည်မှာ အပင်သက်တမ်းတစ်နှစ် နီးပါးရှိပြီး စိုက်ပျိုးထားသည့် သစ်ပင် ၃၀၀ ကို ရှင်သန်အောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့မှုကြောင့် ကျောင်းသား ကျောင်းသူ ၁၁၂ ဦးတို့ကို ရွှေဘိုခရိုင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ TWS ကိုယ်ပိုင်အထက်တန်းကျောင်း၊ မြို့နယ်ပညာရေးမှူးရုံးတို့ပူးပေါင်း၍ ကျောင်းသားကျောင်းသူများကို စာရေးကိရိယာမျိုးစုံ၊ ဗလာစာအုပ်နှင့်ရွှေဘိုမြို့နယ် သစ်ပင်စိုက်အဖွဲ့က ငွေကျပ်တစ်သိန်းချီးမြှင့်ခဲ့ကြောင်း သတင်းတစ်ပုဒ်ပင်ဖြစ်ပါသည်။

ဤဖြစ်ရပ်မှန် သတင်းတစ်ပုဒ်သည် ဂုဏ်ယူဖွယ်ရာဖြစ်သလို ကျွန်ုပ်တို့ပြည်သူအားလုံး အတုယူဖွယ်ရာဖြစ်ပါသည်။ ယခုအခါ ကျွန်ုပ်တို့နိုင်ငံသည် သဘာဝသယံဇာတ သစ်တောကြီးများ၊ ဝါးတောကြီးများကို နေ့စဉ်ခုတ်ယူသုံးစွဲလာခဲ့ကြသည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်သည်။ ယခုလည်းသုံးစွဲနေဆဲ၊ နောင်လည်းသုံးစွဲကြလိမ့်မည် ဖြစ်သည်။ ထုတ်နုတ်ခုတ်ယူသုံးစွဲမှုနှင့်ပြန်လည်စိုက်ပျိုးမှု အချိုးမညီမျှမှုများကြောင့် အနာဂတ်တွင် တိုးတက်လာမည့် လူဦးရေနှင့်အတူ သဘာဝသယံဇာတ သစ်တော သစ်ပင်တို့ ပိုမိုပြုန်းတီးပြီး ရာသီဥတုဖောက်ပြန်မှုဆိုးကျိုးကြီးကို ကျွန်ုပ်တို့အားလုံး ခံစားကြရမည်သာဖြစ်ပါသည်။

ဖေထွဏ်းဇော်(ရေစကြို)

ဘုရားဖြူဝိနည်းစာတော်ပြန်ပွဲဆုနှင်းသဘင် ဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီးလုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်းမှကျင်းပခဲ့သော (၈၂)ကြိမ်မြောက် ဘုရားဖြူဝိနည်းစာတော်ပြန်ပွဲကြီးတွင် အောင်မြင်တော်မူကြသော စာအောင်သံဃာ ၁၅၈ ပါးတို့အား ဆုနှင်းမည့်အခမ်းအနားကို ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်၌ ၂၀၁၄ ခုနှစ် မတ် ၂ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ အသင်းဝင်များအားလုံးနှင့် အလှူရှင်များ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့အတွင်းရေးမှူး
ဝိနယာ၊ နုဂ္ဂဟအသင်း
ဖုန်း-၀၉-၇၃၀၆၉၅၄၂

စက်မှုဝန်ကြီးဌာန
အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား စက်ရုံအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	တင်ဒါအမှတ်
(က)	Single Cylinder Diesel Engine (25~30 HP)နှင့် ဆက်စပ်ပစ္စည်းများ	59 Set	HIE-1/032

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များ၊ ဝယ်ယူလိုသည့်ပစ္စည်းများ၏ (Technical Specification)များ၊ အသေးစိတ်အချက်အလက်များနှင့်ပတ်သက်၍ ၂၄-၂-၂၀၁၄ ရက်မှစတင်၍ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက်ထုတ်ယူနိုင်ပါသည်-
၃။ တင်ဒါများ နောက်ဆုံးထားပေးသွင်းရမည့်ရက်မှာ ၃-၃-၂၀၁၄ရက် ၁၂း၀၀ နာရီဖြစ်ပါသည်။

ထုတ်လုပ်မှုစီမံရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၀)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၅၀၅၆၊ ၄၀၅၁၇၁

ဖခင် အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ အမက(၂၇) စတုတ္ထတန်း(က)မှ မောင်မြတ်သူရထွန်း၏ ဖခင်အမည်မှန်မှာ ဦးရဲအောင်ဖြစ်ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက်
အသားထုတ်လုပ်ခွင့်လိုင်စင်များလျှောက်ထားနိုင်

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနက သတ်မှတ်ထားသောသတ်ရုံနှင့် နေရာများတွင် လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုမည့် အသားထုတ်လုပ်ခွင့်လိုင်စင်(ကျွဲ၊ နွား၊ သိုး-ဆိတ်) ရွာသာကြီး၊ (ဝက်)ရွာသာကြီး၊ (ဝက်)ရွာမ၊ (ကျွဲ၊ နွား၊ သိုး-ဆိတ်) လှိုင်သာယာမွေးမြူရေးဇုန်၊ (သိုး-ဆိတ်)ရွှေပြည်သာ၊ မြို့နယ်တွင်း အသားထုတ်လုပ်ခွင့် (ဒလမြို့နယ်/ကျွဲ၊ နွား၊ ဝက်)နှင့် (ဆိပ်ကြီးခနောင်တိုမြို့နယ်/ကျွဲ၊နွား)လိုင်စင်တို့၏ အသားထုတ်လုပ်ခွင့်လိုင်စင်လျှောက်လွှာများကို တစ်စုံလျှင် ၃၀၀၀ိ/-နှုန်းဖြင့် ၃-၃-၂၀၁၄ရက်မှစ၍ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာန(ရုံးချုပ်)၊ ကိုးထပ်ရုံး၊ စတုတ္ထထပ်၊ ၃၈လမ်း၊ ကျောက်တံတားမြို့နယ်တွင် ဝယ်ယူ၍ ၁၀-၃-၂၀၁၄ရက် နောက်ဆုံးထား ပြန်လည်တင်ပြ လျှောက်ထားရမည်ဖြစ်ပါသည်။

ဌာနမှူး
တိရစ္ဆာန်ဆေးကုနှင့်သားသတ်ရုံများဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
အဆိုပြုလွှာခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်)နှင့် ရေနံဓာတုဗေဒစက်ရုံစု(သံပရာကန်)တို့မှ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ ပင်မစက်သုံးဆီသိုလှောင်ဖြန့်ဖြူးရေးဌာနကြီးများနှင့် ဌာနခွဲများသို့ စက်သုံးဆီ(ဓာတ်ဆီ၊ ဒီဇယ်ဆီနှင့်ဂျက်လေယာဉ်ဆီ)များ သယ်ပို့မည့်လုပ်ငန်းကို ပြင်ပပုဂ္ဂလိက ရေယာဉ်/ဆီတွဲများဖြင့် ငှားရမ်းဆောင်ရွက်မည်ဖြစ်ပါ၍ ရေယာဉ်/ဆီတွဲ လုပ်ငန်းရှင်များသည် မိမိတို့သယ်ပို့လိုသည့် စက်သုံးဆီ တစ်ဂါလန် သယ်ပို့ခနှုန်းထားများအား အဆိုပြုတင်သွင်းနိုင်ပါသည်။
၂။ တင်ဒါစည်းကမ်းချက်များကို ၂၆-၂-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။
၃။ တင်ဒါအဆိုပြုလွှာများကို ၂၆-၃-၂၀၁၄ရက် မွန်းတည့် ၁၂နာရီတွင် ရေယာဉ်/ဆီတွဲ ပိုင်ရှင်ကိုယ်တိုင်တင်သွင်းရန်နှင့် ၂၆-၃-၂၀၁၄ရက် မွန်းတည့် ၁၂နာရီမှ မွန်းလွဲ ၁၂း၃၀နာရီအတွင်း တင်ဒါစည်းကမ်းနှင့်ကိုက်ညီသော အဆိုပြုလွှာများအား ဖွင့်ဖောက်၍ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီမှ ရွေးချယ်သွားမည်ဖြစ်ပါသည်။

စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်၊ဖုန်း-၀၆၇-၄၁၁၀၅၉၊ ၀၆၇-၄၁၁၀၉၃

ဘီးလင်းသကြားစက်ရုံအား ငှားရမ်းရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း၊ ဘီးလင်းသကြားစက်ရုံသည် မွန်ပြည်နယ်၊ သထုံခရိုင်၊ ဘီးလင်းမြို့နယ်၊ ရန်ကုန်-မုတ္တမကားလမ်းနှင့် ဘီးလင်း-နှင်းပုလဲ ကားလမ်းဆုံတွင်တည်ရှိပြီး မြေအကျယ်အဝန်းမှာ ၉၇ဒသမ ၅၂ဧက (စိုက်ကွင်း ၃၇ဒသမ ၅၀ဧက အပါအဝင်)ရှိပါသည်။
၂။ ယင်းစက်ရုံအား လက်ရှိလုပ်ငန်းအပြင် အခြားစက်မှုလုပ်ငန်းများပါ ဆောင်ရွက်နိုင်ရေးအတွက် နှစ်ရှည်ငှားရမ်းရန် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-
(က) **တင်ဒါပုံစံရောင်းချမည့်ရက်နှင့်အချိန်** - ၂၄-၂-၂၀၁၄ ရက် (တနင်္လာနေ့) နံနက် ၉း၀၀ နာရီ
(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၅-၃-၂၀၁၄ ရက် (အင်္ဂါနေ့) ညနေ ၄း၀၀ နာရီ
(ဂ) **တင်ဒါပေးသွင်းရမည့်နေရာ** - ရုံးအမှတ်(၃၇)၊ ဒုတိယဝန်ကြီး(၁)ရုံးခန်း၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်။
၃။ စည်းကမ်းချက်များနှင့် တင်ဒါပုံစံများကို ဖော်ပြပါလိပ်စာ၌ ရုံးချိန်အတွင်း ရယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက စုံစမ်းနိုင်ပါသည်။

ပစ္စည်းစီမံရေးဌာန
ဖုန်း-၀၆၇-၄၀၈၂၇၆၊ ၄၀၈၁၉၅၊ ၄၀၈၂၇၅

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

စည်ကားနွှဲပျော် မိုးကုတ်မြို့ဖောင်တော်ဦး ဗုဒ္ဓပူဇနိယပွဲတော်

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မိုးကုတ်မြို့သည် နှစ်စဉ်ရာသီအလိုက် ဗုဒ္ဓပူဇနိယဘုရားပွဲတော်များအဖြစ် ချမ်းသာကြီးဘုရားပွဲတော်၊ ကျောက်ပြာသာဒ်ဘုရားပွဲတော်၊ မဟာမုနိဘုရားပွဲတော်၊ ကထိန်ပွဲတော်များ၊ ဖောင်တော်ဦးဘုရားပွဲတော်နှင့် ဗုဒ္ဓပူဇနိယ ဘုရားပွဲတော်ကြီးများကို စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိသည့် မြို့တစ်မြို့ဖြစ်သည်။ ယခုအခါ နှစ်စဉ်ကျင်းပမြဲဖြစ်သည့်ပွဲတော်များမှာ ကြက်ပျံမကျ စည်ကားသိုက်မြိုက်ပြီး မြို့နယ်လုံးသာမက မြန်မာနိုင်ငံအရပ်ရပ်မှ ဘုရားဖူးဧည့်သည်များလာရောက်နွှဲပျော်လျက်ရှိသည့် (၆၅)ကြိမ်မြောက် ဖောင်တော်ဦးဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို မကြာမီအချိန်အတွင်း၌ ကျင်းပတော့မည်ဖြစ်သည်။

ဗုဒ္ဓပူဇနိယပွဲတော်အတွက် ဆိုင်ခန်းများ ဆောက်လုပ်ထားစဉ်

မိုးကုတ်မြို့ ထင်းရှူးခြံရပ်တွင် ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် ဖောင်တော်ဦး မြတ်စွာဘုရားသည် ၁၉၄၆ ခုနှစ်တွင် မိုးကုတ်မြို့ ထင်းရှူးခြံရပ် ဘုရားဒါယကာ ဦးဘိုးလုံ၊ ဘုရားဒါယိကာမ ဒေါ်ကူမိသားစုတို့က ကုန်ကျငွေ လှူဒါန်း၍ မန္တလေးဘုရားကြီးတိုက် ပိဋကတ်တိုက်ကျောင်း ဆရာတော် ဦးတေဇစန္ဒ၊ အမရပူရမြို့ မင်္ဂလာတိုက်ကျောင်းဆရာတော် ဦးဝိမလ(မိုးကုတ်ဝိပဿနာဆရာတော်)၊ မိုးကုတ်မြို့ သုဿန်ကျောင်း ဆရာတော် ဦးကောသလ္လ၊ ထင်းရှူးခြံရပ်နေဦးဝတို့က ကြီးမှူး၍ ဂန္ဓကုဋိ တိုက်တော်ကြီးကို ဆောက်လုပ်ပြီးစီး၍ စံပယ်တော်မူခဲ့သည်။ ဖောင်တော်ဦးဘုရား ဗုဒ္ဓပူဇနိယ ပွဲတော်ကြီးကို နှစ်စဉ် တပေါင်းလဆန်း ၁၁ ရက်မှ ၁၅ ရက်အထိ ကျင်းပကာ ဘုရားပွဲတော်ကြီးသည် ပွဲမစမီ ငါးရက်ခန့်မှစတင် စည်ကားလေ့ရှိပြီး ပွဲပြီး ငါးရက်ခန့် အထိစည်ကားလေ့ရှိသည့် ပွဲတော်ကြီးဖြစ်သည်။

ဗုဒ္ဓပူဇနိယပွဲတော်တွင် အားကစားပြိုင်ပွဲနှင့် ဖျော်ဖြေပွဲများ ပါဝင် . . .

"ဒီနှစ်ကျင်းပမယ့်ဖောင်တော်ဦး မြတ်စွာဘုရားရဲ့ (၆၅)နှစ်မြောက် ဗုဒ္ဓပူဇနိယတပေါင်းပွဲတော်ကို ဖူဆယ်ဘောလုံးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်း၊ ဘတ်စကက်ဘောစတဲ့ အားကစားပြိုင်ပွဲများအပြင် ဖျော်ဖြေရေး အနေနဲ့လည်း အလှခတ်ဝိုင်းခြင်းအလှပြပွဲ၊ စတိတ်ရှိုး၊ တက္ကသိုလ်အာလာဒင်မျက်လှည့်၊ အောင်ချမ်းသာဇာတ်ပွဲ၊ ပလောင်ရိုးရာတိုင်းရင်းသားအကအလှများနဲ့ ဖျော်ဖြေပေးမှာပါ။ ဒါ့အပြင် တပေါင်းလပြည့်နေ့ နံနက် ၄ နာရီတွင်လည်း ဖောင်တော်ဦးမြတ်စွာဘုရားရင်ပြင်တော်ပေါ်၌ မိုးကုတ်မြို့နယ်အတွင်းမှာရှိတဲ့ ဘုန်းတော်ကြီးကျောင်းပေါင်း ၁၅၀ ကျော်၊ သံဃာတော်အပါး ၁၄၀၀ ကျော်တို့ကိုလည်း စာရေးတံမဲနှင့် အရုဏ်ဆွမ်းများလောင်းလှူပူဇော်သွားမှာပါ။ ပွဲတော်ရက်အတွင်း ရောင်းချမယ့်ဈေးဆိုင်ခန်းများလည်း ဆောက်လုပ်ထားပြီးပါပြီ"ဟု ဖောင်တော်ဦးမြတ်စွာဘုရားဂေါပကအဖွဲ့ဝင် တစ်ဦးဖြစ်သူ ဦးရေဝိုင်းက ပြောပြခဲ့သည်။ ထို့ကြောင့် မကြာမီ ကျင်းပတော့မည့် ဖောင်တော်ဦး ဗုဒ္ဓပူဇနိယပွဲတော်ကြီးသို့ ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအနေဖြင့် ဘုရားဖူးရင်း နွှဲပျော်နိုင်စေရန် မိုးကုတ်မြေမှ ဖိတ်ခေါ် အပ်ပါသည်။

နေဝါ(မိုးကုတ်)

သတင်းတိုများ

ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုဝတ္ထုတို၊ ဆောင်းပါးနှင့်ဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်မည်

၂၀၁၃ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုဝတ္ထုတို၊ ဆောင်းပါးနှင့် ဓာတ်ပုံပြိုင်ပွဲများ ဖိတ်ခေါ်ယှဉ်ပြိုင်ခဲ့ရာ ဝတ္ထုတို ၄၁ ပုဒ်၊ ဆောင်းပါး ၇၅ ပုဒ်နှင့် ဓာတ်ပုံ ၁၆၀ တို့ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲများ၏ ဝတ္ထုတိုပြိုင်ပွဲတွင် မြနှင်းဝေအောင်က "ပွင့်သောပန်းတိုင်း လန်းပါစေ" ဖြင့် ပထမ၊ မောင်မောင်လွင်(ရွှေဘိုသား)က "မြူနှင်းတို့နှင့် အပြိုင်" ဖြင့် ဒုတိယ၊ တိမ်ပျံဝင်းလက်က "ပန်းခင်းသောအနာဂတ်"ဖြင့် တတိယ၊ ခင်လပြည့်ဝန်းနှင့်ကျော်ဖြိုးလွင်တို့က နှစ်သိမ့်ဆု၊ ဆောင်းပါးပြိုင်ပွဲတွင် ခင်တင့်ဝေ(မြို့တော်စည်ပင်)က "လူထုအားကစားအလေးထားစွမ်းအင်မြင့်မားနိုင်ငံ့အား"ဖြင့် ပထမ၊ မောင်မောင်မိုးအောင်က "ကျန်းမာကြံ့ခိုင်သောပြည်သူလူထုနှင့်ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့" ဖြင့် ဒုတိယ၊ ဒေါက်တာဆန်းဝင်းက"ကျန်းမာကြံ့ခိုင်ပြည့် မဏ္ဍိုင်၊ နိုင်ငံသားတိုင်းပါဝင်ကြ လူထုအားကစားလ"ဖြင့် တတိယ၊ မောင်နွယ်သန်းနှင့်မိခင်သန်းကြည်တို့က နှစ်သိမ့်ဆု၊ ဓာတ်ပုံပြိုင်ပွဲတွင် ဦးကျော်ခိုင်က ပထမ၊ အောင်ကျော်ထွန်း (ပုသိမ်ကြီး)က ဒုတိယ၊ ထက်သူ(ရွှေကျောင်းကြီး)က တတိယ၊ မျိုးမင်းကြွယ်နှင့် ယမင်းဝင်းလှိုင်တို့က နှစ်သိမ့်ဆုရရှိခဲ့ကြပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို နေပြည်တော်တွင် မတ်လအတွင်း ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမည်မသိ အမျိုးသားတစ်ဦး ကုန်ရထားပေါ်မှ ပြုတ်ကျသေဆုံး

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် သံဘိုကျေးရွာအနီး မီးရထားသံလမ်းတွင် လူတစ်ဦး ကုန်ရထားပေါ်မှ ပြုတ်ကျသေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၉ နာရီခွဲက အမှတ် (၃၉၈)အစုန်ကုန်ရထားပေါ်မှ လူတစ်ဦး သံဘိုရွာအနီး မီးရထားသံလမ်းမိုင်တိုင်အမှတ် (၅၇၈/၁၇)နှင့် (၁၈)အကြားတွင် ပြုတ်ကျသေဆုံးနေကြောင်း သတင်းရရှိ၍ မဲဇာရဲကင်းစခန်းမှူး ရဲအုပ်ထွန်းထွန်းနှင့်အဖွဲ့ကသက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ သေဆုံးသူမှာ အမည်မသိ အမျိုးသားတစ်ဦး (၄၀ နှစ်)ခန့်ဖြစ်ပြီး မီးရထားသံလမ်းနှစ်ခုကြားတွင် ဦးခေါင်းနောက်စေ့ပေါက်ပြဲဒဏ်ရာ၊ ဝဲဘက်လက်ဖျံနှင့် ခြေထောက်တို့တွင် ပေါက်ပြဲကျိုးကြေဒဏ်ရာများဖြင့် သေဆုံးနေကြောင်း သိရသည်။ ရထားပေါ်မှ အမျိုးသားတစ်ဦး ပြုတ်ကျသေဆုံးခြင်းနှင့်ပတ်သက်၍ ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ် မဟုတ် စုံစမ်းဖော်ထုတ်အရေးယူနိုင်ရန် ရဲအုပ်ထွန်းထွန်းက တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ အင်းတော်မြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားရှိကြောင်း သိရသည်။

ဦးရဲ(ကသာ)

အမည်ပြောင်း

ဦးဌေးဝင်း၏သား မအူပင်မြို့၊ အထက(ခွဲ)၊ တတိယတန်းမှ မောင်ဝေလွင်ဦးအား မောင်ရဲရင့်အောင်ဟု ခေါ်ပါရန်။

မောင်ရဲရင့်အောင်

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့တွင် အသုံးပြုရန် ၁၁-၆.၆/၀.၄ ကေဗွီထရန်စဖော်မာများနှင့် ခွဲရုံသုံး ဆက်စပ်ပစ္စည်းများ၊ လုပ်ငန်းသုံး အခြားပစ္စည်း(၁၇)မျိုးနှင့် Insulated Cable ဖြင့် လဲလှယ်တပ်ဆင်ခြင်း လုပ်ငန်းသုံး အောက်ဖော်ပြပါပစ္စည်းနှစ်မျိုးတို့ကို ပစ္စည်းလက်ဝယ်ရှိသော ကုမ္ပဏီများထံမှ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

- 11KV Preformed Deadend Grip of Polymer (140) Sets Insulator
- 33 KV Preformed Deadend Grip of Polymer (110) Sets Insulator

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၈-၂-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက် - ၅-၃-၂၀၁၄ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၀:၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကော်မတီ
ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၊
ပစ္စည်းထောက်ပံ့ရေးဌာန၊ ရန်ကုန်မြို့၊
အမှတ် (၁၉၇၊ ၁၉၉)၊ အောက်ကြည့်မြင်တိုင်လမ်း၊
အလုံမြို့နယ်၊
ဖုန်း-၀၁-၂၂၀၈၁၆

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ ဦးဇော်မင်းဦး[ကျောက်ဖြူ (ရွှေ)] သဘာဝဓာတ်ငွေ့စီမံကိန်း၊ မြန်မာ့ရွှေသရဖူ Co. Ltd.,- ဒေါ်ဝေဝေ(Vital Pharmaceutical Co.,Ltd) တို့၏သား

ဒေါက်တာထက်ဝေရန်
M.B.,B.S (Ygn)
Roche Pharmaceutical Co.,Ltd. နှင့်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်နေ ဦးဇော်အောင်-ဒေါ်မိုးမြတ်ပွင့်တို့၏သမီး

မပွင့်လှိုင်းဇာ
B.B.M, M.B.A
Petronas Carigali Myanmar (Hong Koung) Limited

တို့သည် ၂၇-၂-၂၀၁၄ရက်တွင် နှစ်ဖက်သောလူကြီးမိဘများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။ **နှစ်ဖက်သောမိဘများနှင့် ဒေါက်တာထက်ဝေရန်-မပွင့်လှိုင်းဇာ**

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ဓမ္မစိန္တာလမ်း၊ အမှတ် ၄၆ ဟုခေါ်တွင်သော နှစ်ခန်းတွဲရှစ်ထပ်တိုက် အဆောက်အအုံ၏ ငါးလွှာ(တိုက်ရှေ့မျက်နှာမူလျှင်-ယာ) အကျယ်အဝန်း (၁၅ပေxပေ၆၀)ရှိ တိုက်ခန်းနှင့်ပတ်သက်၍

ကန့်ကွက်နိုင်ရန် အသိပေးကြေညာခြင်း

အထက်လိပ်စာဖြစ်သည့် တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်ချိုမာဦး ၁၂/ဥကတ(နိုင်)၀၀၅၈၃၇ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေမှဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ယင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို အပြီးသတ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဘူမောင် LL.B (စဉ်-၂၂၇၄၇)၊ ဒေါ်နှင်းပွင့်သန်း LL.B (စဉ်-၂၇၀၇၅)
'လင်း' အိမ်၊ ခြံ၊ မြေ၊ တိုက်ခန်းအကျိုးဆောင် အထက်တန်းရှေ့နေများ
အမှတ်(၅/၁၁)၊ မြေညီ၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၅၅၁၆၅၉၊ ၀၉-၅၁၁၈၀၀၇၊ ၀၉-၄၀၂၅၉၄၃၄၇၊ ၀၉-၂၅၄၀၅၁၄၆၇

မင်္ဂလာရက်မြတ်ဆုတောင်း

ချစ်သမီး စောကလျာမောင်၏ မိဘများဖြစ်ကြသော မြန်မာ့ဆောက်လုပ်ရေးနှင့် အထွေထွေထုတ်လုပ်ရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက် (MCGC) ဥက္ကဋ္ဌ အင်ဂျင်နီယာချုပ် ဦးမောင်မောင်သန်းနှင့် (MCGC) ရုံးချုပ် စီမံရေးရာဌာန မန်နေဂျာ ဒေါ်အေးသီတာခိုင်တို့၏ ၂၈-၂-၂၀၁၄ ရက်တွင် ကျရောက်သည့် (၁၅)နှစ်ပြည့် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် မိသားစုလုပ်ဖော်ကိုင်ဖက်များ၊ တပည့်တပန်းများနှင့်အတူ ကျန်းမာပျော်ရွှင်စွာဖြင့် ဘဝတွင် အောင်မြင်သောနေ့ရက်များစွာကို ရရှိပိုင်ဆိုင်ပြီး လူမှုလောကအတွက် ကောင်းကျိုးအဖြာဖြာ သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးဝင်းဇော် (အထွေထွေမန်နေဂျာ)
ဦးစိုးကျော်သူ (ဒုတိယအထွေထွေမန်နေဂျာ)နှင့်
(MCGC) ရုံးချုပ် အရာရှိများ၊ ဝန်ထမ်းများ၊
ဦးခင်မောင်လွင် (အင်ဂျင်နီယာမှူးကြီး)
ဦးဇော်ဇော် (ဒုတိယအင်ဂျင်နီယာမှူးကြီး)နှင့်
အင်ဂျင်နီယာဌာနမှ အရာရှိများ၊ ဝန်ထမ်းများ

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးလှိုင်ထွန်း ၁၂/ဗဟန(နိုင်)၀၄၄၉၂၂ ပိုင်ဆိုင်သော ယာဉ်အမှတ် ပ/၆၂၁၃ ၏ ယာဉ်အိုယာဉ်ဟောင်းအပ်နှံခြင်းပုံစံ(ဃ) ပကဖတ ရန်ကုန် ၁၃/၄၃၉၉၃ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးရန်။

ဖုန်း-၀၁-၅၆၉၁၄၂

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

မဂါးပင်၊မော်ဂလိုချောင်းရိုးတစ်လျှောက် မုံစက်ကြီးများဖြင့် ရွှေတူးဖော်မှုကြောင့် မြေဆီလွှာပျက်စီး၍ ချောင်းပျောက်ကွယ်နိုင်

ကချင်ပြည်နယ် ဖားကန့်မြို့ ဆိတ်မူအုပ်စုရှိ မဂါးပင်ရွာ၊ မော်ဂလိုရွာနံဘေးမှ ဖြတ်သန်းစီးဆင်းသွားသော ဝေ့ခါချောင်းတွင် မုံစက်ကြီးများဖြင့် ရွှေတူးဖော်လျက်ရှိရာ ရေစီးရေလာ ပျောက်ကွယ်လျက် ချောင်းရိုးအတွင်း ပေတစ်ရာကျော်တူး၍ ရွှေ၊ကျောက်စိမ်းရှာဖွေလျက်ရှိသောကြောင့် မြေဆီလွှာပျက်စီးလာကာ ချောင်းပျောက်ကွယ်မည့် အခြေအနေနှင့်ရင်ဆိုင်နေရကြောင်း ဒေသခံတို့ပြောဆိုပူပန်လျက်ရှိသည်။

"မဂါးပင်ချောင်းက မော်ဂလိုရွာကိုဖြတ်ပြီး ဥရုချောင်းထဲကိုစီးဆင်းတာပါ။ ဟိုအထက်ဝေ့ခါရွာက ချောင်းမှာ ပေါင်းပြီးစီးဆင်းလာတာ အောက်ဘက်ရေကြည်ရွာဟောင်းထိ ရေစီးရေလာကောင်းတယ်။ နွေဆိုရင်လည်း ချောင်းရေနဲ့ရွှေကို တစ်ပိုင်တစ်နိုင် ကျင်လို့ရသလို ကျောက်လည်းရတယ်။ အခု ချောင်းကပျက်စီးနေပြီ။ ရွာသားတွေကချောင်းထဲ မုံစက်ကြီးတွေချပြီး ရွှေရော၊ ကျောက်ပါရှာနေကြတာ။ လက်လုပ်လက်စားတွေကတော့ သူတို့မျှောဗိုးကကျလာတဲ့ ရွှံ့ဝါဝါတွေကို ပြန်ကျင်ပြီး စားဝတ်နေရေးဖြေရှင်းရတာပါ။ တစ်နေ့ နှစ်စေ့ သုံးစေ့ရတယ်။ ခြောက်စေ့ဆိုရင် တစ်ရွေးဆိုတော့ သုံးရက်ကျင်ရင် တစ်ရွေးဖိုးငွေကျပ်ငါးထောင် ရတယ်။ ဝါးတော့ရှိတယ်၊ သစ်ရှားသွားပြီ။ ကုမ္ပဏီတွေ ရပ်ထားလို့၊ မရပ်ထားရင် မဂါးပင်ရွာလည်း ပြောင်းပေးရမှာ သေချာတယ်။ ရွှေ၊ကျောက်တူးဖော်ခွင့်ပိတ်ထားပေမယ့် မုံစက်တစ်လုံးကို ငွေကျပ် ငါးသောင်း ကောက်ကြတယ်။ အထက်မော်ဂလို ကနေ အောက်ဘက် ရေကြည်ရွာဟောင်းထိ မုံစက်အလုံး ၅၀ နီးပါးရှိတယ်။ချောင်းထဲမှာ ဧရာမကျင်းကြီး တွေဖြစ်နေပြီး တောဝက်ထိုးကော်ထားတဲ့မြေစာပုံလိုပဲ။ တောတောင် အလှတွေ ပျက်စီးနေပြီပေါ့ကွယ်"ဟု အသက် ၅၆နှစ်ရှိ ဒေသခံ တစ်ဦးက ဆိုသည်။

သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးစေသည်အထိ ရွှေတူးဖော်နေသော လုပ်ငန်းခွင်တစ်နေရာကို တွေ့ရစဉ်။

တွင် ကျောက်ကြီးထွက်ရှိကြောင်း၊ ရေမဆေးနှင့်သံတိုင်ဖြင့် ကျောက်တူးဖော်မှုကို ပိတ်ထားသည်မှာ ရက် ၂၀ ကျော်ပြီဖြစ်ကြောင်း မော်တောင်ကုန်း၊

> သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်း၍ မြေအောက် သယံဇာတထုတ်ယူ သုံးစွဲပါက . . .

ချောင်းဘေးတွင် တစ်ပိုင်တစ်နိုင် ရွှေကျင်မှုကို တားဆီးမှုမရှိသော်လည်း ချောင်းကိုပိတ်၍ စက်ကြီးများဖြင့် ရွှေကျောက်တူးဖော်လျက်ရှိကြောင်း၊ ဝေ့ခါဂျန်ခါ၊ ဝေ့ခါမော်မှ ကျောက်တူးသမားများ ဝေ့ခါမော်မဖွင့်မီ ကြားကာလတွင် စားဝတ်နေရေးပြေလည်စေရန် မော်ဂလိုနှင့်မဂါးပင်ရွာတို့တွင် ရွှေမျှောတိုက်၍ ကျောက်ရှာဖွေခြင်းကို ယာယီ ဝင်ရောက်လုပ်ကိုင်သူများ ဖေဖော်ဝါရီ ဒုတိယပတ်မှစ၍ များလာကြောင်း မော်ဂလိုရွာသား တစ်ဦးက ပြောသည်။

ကျောက်စိမ်းမော်တွင် ရည်မှန်းချက် ကိုယ်စီဖြင့် ကျောက်ရှာရန် လာရောက်ကြသူများဖြစ်ပြီး ရွှေလုပ်သားထက် ကျောက်တစ်လုံးအောင်၍လူနေမှုဘဝပြောင်းလဲနိုင်သောကြောင့် ကျောက်ကိုသာ ရှာဖွေကြခြင်းဖြစ်ကြောင်း၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်း၍ မြေအောက်သယံဇာတကို ထုတ်ယူသုံးစွဲပါက ပန်းလည်းလှစေ ပျားလည်းဝစေဟူသော စကားနှင့်အညီ ရည်ရွယ်သုံးစွဲနိုင်မည်ဖြစ်ကြောင်း၊ ရွှေတူးဖော်မှုကြောင့် မြစ်၊ ချောင်းများကောခြင်း၊ ပျောက်ကွယ်လာခြင်းတို့ကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် နှလုံးသွင်းကာ နောင်မျိုးဆက်သစ်များအတွက် သဘာဝတရားနှင့် သယံဇာတကို ဆက်လက်ထိန်းသိမ်းရန် တာဝန်ရှိကြောင်း ကျောင်းဆရာတစ်ဦးက မော်ဂလိုချောင်းရိုးအတွင်း စက်သံများမြိုင်မြိုင်ဆိုင်ဆိုင်ဖြင့် ရွှေတူးဖော်နေမှုကိုကြည့်၍ ဝမ်းနည်းစွာ မှတ်ချက်ချပြောကြားသည်။ (၁၆၄)

ကလပ်ချစေတီတော် ရွှေထီးတော်တင်လှူမည်

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျွန်းတောကျေးရွာအုပ်စုတွင်ရှိသော ကလပ်ချစေတီတော်သည် ရန်ကုန်-မုတ္တမကားလမ်းနှင့် တစ်မိုင်နှစ်ဖာလုံ ကွာဝေးသည်။ တောင်တော်အမြင့် ပေ ၂၀၀ ရှိသော ပဗ္ဗရတောင်ထိပ်ပေါ်တွင် ဉာဏ်တော်အမြင့် ၁၈တောင်ရှိ ရှေးဟောင်းသမိုင်းဝင်စေတီတော်ဖြစ်သည်။ သဘာဝတောတောင်များစိမ်းလန်းစိုပြည်သော ဂနိုင်အတွင်း ဂမ္ဘီရဆန်းကြယ်မှုများဖြင့် ထူးခြားနေသောရှေးဟောင်းသမိုင်းဝင် စေတီတော်ကို အလွယ်တကူ ဖူးနိုင်ပြီ။ မုတ္တမကားလမ်းနှင့်ကလပ်ချစေတီတော်သို့ ကားလမ်းဖောက်လုပ်ထား၍ အလွယ်တကူဝင်/ထွက် ဖူးနိုင်ကြပြီဖြစ်သည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေး ကားလမ်းနှင့် ဆက်သွယ်ကာ စေတီတော်မုခ်ဦးသို့တိုက်ရိုက်ဝင်ရောက်နိုင်ပြီ ဖြစ်သည်။ ကားလမ်းဝင်/ထွက်နိုင်သော အရှည်ပေ ၉၉၀၀ ကျော်ရှည်လျားသည့် လမ်းမကျယ်ကို ထီးတော်တင်လှူချိန်အမီ အပြီးဆောင်ရွက်လျက်ရှိနေသည်။ ယခုအသစ်တင်လှူမည့်စတီးလ်လိုင်း ရွှေထီးတော်မှာ ထီးတော်အတွက် ငွေကျပ်၁၀သိန်း၊ရွှေသင်္ကန်းကပ်လှူခြင်း ငွေကျပ် ၁၂ သိန်းကျော်၊ မန္တလေးမှ ကျိုက်ထိုအရောက်ထုပ်ပိုးသယ်ယူခအပါအဝင် စုစုပေါင်း ငွေကျပ်၂၅သိန်းရှိကြောင်းသိရသည်။ စေတီတော်တွင်လိုအပ်လျက်ရှိသော လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်း၊ တံတိုင်းများ ကာရံခြင်း၊ ရင်ပြင်တော်ကြွေပြားများခင်းခြင်း စသည့် ဘုရားကြီး အတွက် ဘက်စုံမွမ်းမံပြင်ဆင်မှုများကိုတစ်ဦးတည်းအလှူရှင် ရွှေမြင်တင် အဘရသေ့ (ခေါ်)ကုန်းဘောင်ပထမံနဝင်းဦးအောင်က လှူဒါန်းကြောင်းနှင့်ဘက်စုံမွမ်းမံဆောင်ရွက်ရေးကို ကျိုက်ထိုမြို့ရှိ အကျိုးဆောင်အဖွဲ့အတွင်းရေးမှူးဦးသန်းထိုက်ဖုန်း၀၉-၄၂၅၃၆၀၉၈၃ နှင့်ဦးစိုးဝင်းဖုန်း၀၉-၄၉၈၁၈၂၇၁တို့ထံသို့ဆက်သွယ်နိုင်ကြောင်းသိရသည်။ (၅၃၇)

ရွှေတိဂုံစေတီတော် (၂၆၀၂)နှစ်မြောက် ဗုဒ္ဓပူဇနိယတပေါင်းပွဲတော်ကျင်းပမည်

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် (၂၆၀၂)နှစ်မြောက် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကြီးကို ၆-၃-၂၀၁၄ရက်မှ ၁၅-၃-၂၀၁၄ရက်အထိ ၁၀ ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသည်။

ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကျင်းပရာ၌ ၆-၃-၂၀၁၄ ရက် နံနက် ၀၉း၀၀ နာရီတွင် ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများအား ပင့်ဖိတ်၍ ဗုဒ္ဓပူဇနိယတပေါင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ကျင်းပပါမည်။ ၁၁-၃-၂၀၁၄ ရက်မှ ၁၅-၃-၂၀၁၄ ရက်အထိ ညစဉ် ၅ ရက်တိုင်တိုင် နိုင်ငံကျော်ဓမ္မကထိက ဆရာတော်ကြီးများ၏ တရားပွဲကို အရှေ့ဘက်ဓာတ်လှေကားအနီး ခေတ္တရာကွင်း၌ ကျင်းပပြုလုပ်ပါမည်။ ၁၄-၃-၂၀၁၄ ရက် (အဖိတ်နေ့) ညနေ ၁၆း၀၀ နာရီအချိန်တွင် ဆရာတော်၊ သံဃာတော် ၁၅၃ ပါးနှင့် သီလရှင် ၂၇ ပါး စုစုပေါင်း အပါး ၁၈၀ တို့အား ပင့်ဖိတ်၍ ရင်ပြင်တော်တစ်ပတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပပါမည်။ ၁၅-၃-၂၀၁၄ ရက် (တပေါင်းလပြည့်နေ့) နံနက် ၀၅း၀၀ နာရီတွင် ရင်ပြင်တော် ရာဟုထောင့် အောင်မြေတွင် ဆွမ်းတော်ကြီးဆက်ကပ်လှူဒါန်းပြီး နံနက် ၀၉း၃၀ နာရီ၌ ချမ်းသာကြီးတန်ဆောင်းတွင် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှဝေခြင်း စသည်ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ရဟန်းရှင်လူ ပြည်သူအများမှလည်း ပါဝင်ကုသိုလ်ပြု လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်။

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့

ဖြူးမဟာစည်(ရန်ကုန်) (၂၈)ကြိမ်မြောက် နွေရာသီတရားစခန်းဖွင့်မည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ကမာရွတ်ဘူတာရုံအနီး၊ ဓမ္မရက္ခိတ ဖြူးမဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်အတွင်း၌ ကျေးဇူးတော်ရှင် ဖြူးဆရာတော်ကြီး မိန့်မြွက်ထားရှိတော်မူခဲ့သော ဩဝါဒဆန္ဒတော်များကို ဦးထိပ်ပန်ဆင်လျက် နှစ်စဉ်ကျင်းပမြဲဖြစ်သော နွေရာသီ မဟာစည် သတိပဋ္ဌာန်ဝိပဿနာ (၁၅)ရက် သင်္ကြန်အထူးတရားစခန်းပွဲကြီးကို ၁၃၇၅ ခုနှစ် တန်ခူးလဆန်း ၁၃ ရက် (စနေနေ့)မှ ၁၃၇၆ ခုနှစ် တန်ခူးလပြည့်ကျော် ၁၃ ရက် (တနင်္ဂနွေနေ့)အထိ (၁၂-၄-၂၀၁၄ ရက်မှ ၂၇-၄-၂၀၁၄ ရက်အထိ) ဖြူးမဟာစည်ရိပ်သာများနှင့် ရတနာစိန်စည်ပရိယတ္တိစာသင်တိုက်တို့၏ ပဓာနနာယကဆရာတော် ဒေါက်တာ ဘဒ္ဒန္တအဂ္ဂဝရ သာသနာပြုနယ်လှည့်ဓမ္မကထိက၊ ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ၊ Ph.D. INDIA ဦးဆောင်၍ ဖြူးဆရာတော်၏တပည့် ဓမ္မကထိက သံဃာတော်များက ဟောကြားပြသမည်ဖြစ်ရာ တရားစခန်း ဝင်ရောက်အားထုတ်လိုသူများ ကြိုတင်စာရင်းပေးသွင်းရန်နှင့် အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ ညနေ အချိုရည်လှူဒါန်းလိုသူများသည် ရိပ်သာအကျိုးတော်ဆောင်အဖွဲ့ ဖုန်း-၀၁-၅၃၀၀၆၈၊ ၀၁-၅၃၀၁၁၃၊ ၀၉-၅၀၁၇၅၅၄၊ ၀၉-၃၁၄၂၀၂၂၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၄က/၁၆၉၈ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဏ/၂၇၆၂၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

လူမှုအကျိုးပြုသတင်းနှင့်ဆောင်းပါး

စာတတ်မြောက်ရေးလှုပ်ရှားမှုမှသည် လူမှုအကျိုးပြုလုပ်ငန်းများဆီသို့

သတင်း-ဒီဒိုင်း

မြန်မာနိုင်ငံသည် စာတတ်မြောက်ရေးလှုပ်ရှားမှုလုပ်ငန်းကို လွတ်လပ်ရေးမရမီကတည်းက ဆောင်ရွက်ခဲ့ပြီး ၁၉၆၄ ခုနှစ်မှစ၍ တစ်မျိုးသားလုံးအသွင်ဖြင့် တစ်နိုင်ငံလုံး"အ"သုံးလုံး စာတတ်မြောက်ရေးလှုပ်ရှားမှုကို နှစ်စဉ်ဆောင်ရွက်ခဲ့ပါသည်။ ထို"အ"သုံးလုံး၏အကျိုးကျေးဇူးကြောင့် ၁၉၆၃ ခုနှစ်တွင် မြန်မာနိုင်ငံ၏စာတတ်မြောက်မှုနှုန်း ၅၇ ရာခိုင်နှုန်းရှိရာမှ ယခုအခါ ၉၄ ဒသမ ၁၃ ရာခိုင်နှုန်းအထိ တိုးတက်ရောက်ရှိနေပြီဖြစ်သည်။

ယခင် အနှစ်သုံးဆယ်ကျော်လောက်က"အ"သုံးလုံးလှုပ်ရှားမှုများတွင် ကိုယ်ရောစိတ်ပါလုပ်အားပေး၍ ပြည်သူ့အကျိုးအတွက် ကျေးလက်တောရွာများအထိ သွားရောက်ပြီး စွန့်လွှတ်စွန့်စားပါဝင်ဆောင်ရွက်ခဲ့ကြသည့် တက္ကသိုလ်/ ကောလိပ်/ သိပ္ပံကျောင်းများအတွင်းကျောင်းသူကျောင်းသားများထဲမှ အချို့သူများသည် ယခုအခါ ပြည်သူ့ဝန်ထမ်းများအဖြစ် ဌာနဆိုင်ရာများတွင် ဌာနအကြီးအကဲများအဖြစ်လည်းကောင်း၊ အချို့မှာ စီးပွားရေးလုပ်ငန်းရှင်ကြီးများအဖြစ်လည်းကောင်း၊ အချို့မှာ စာပေပညာရှင်ကြီးများအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်နေဆဲဖြစ်သော်လည်း အချို့မှာ အငြိမ်းစားဝန်ထမ်းများဖြစ်နေကြသည်ကို တွေ့မြင်ကြရမည်ဖြစ်သည်။ ထိုစာတတ်မြောက်ရေးလှုပ်ရှားမှုတွင် စေတနာ၊ အနစ်နာ၊ အပင်ပန်းခံဆောင်ရွက်ခဲ့ကြသော ကျောင်းသားကျောင်းသူများမှာ ထပ်မံပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများကို မိမိတို့တတ်နိုင်သည့်အစွမ်းဖြင့် ဆက်လက်ဆောင်ရွက်လိုသည့် စိတ်ဆန္ဒများကြောင့် ၂၀၁၃၊ အောက်တိုဘာ ၂၀ ရက်တွင် တာမွေမြို့နယ်၊ မေတ္တာမွန်ရပ်ကွက်ရှိ မင်းကင်းကျောင်းတိုက်တွင် စုစည်း၍အစည်းအဝေးတစ်ရပ်ပြုလုပ်ခဲ့သည်ဟု ဆိုပါသည်။

အဆိုပါ အစည်းအဝေးတွင် အနှစ်သုံးဆယ်ကျော်မျှ အဆက်အသွယ်ပြတ်တောက်ခဲ့သော ကျောင်းသား ကျောင်းသူများ စုစည်းမိနိုင်သမျှ အင်အားပြန်လည်စုစည်းပြီး လူမှုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးမှုကူညီရေးအဖွဲ့ဟု ကင်ပွန်းတပ်ကာ စနစ်တကျဆောင်ရွက်နိုင်ရန် တရားဝင်မှတ်ပုံတင်ခဲ့သည်။ စာမတတ်သူ ပပျောက်ရေးတည်းဟူသော ရည်ရွယ်ချက်ပင်ဖြစ်ကြောင်း သိရသည်။ ဦးမျိုးသန့် (မြန်မာစာပါမောက္ခ-ငြိမ်း)သည် ၁၉၈၄ ခုနှစ် မတိုင်မီက စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ်၌ စာတတ်မြောက်ရေးလှုပ်ရှားမှုတွင် ပါဝင်ဆောင်ရွက်ခဲ့သူတစ်ဦးဖြစ်သည်။ ယခုအသစ်ဖွဲ့စည်းခဲ့သည့် စာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးမှုကူညီရေးအဖွဲ့မှ ပထမဆုံးခြေလှမ်းအနေဖြင့် လူမှုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရန် ဦးမျိုးသန့်(မြန်မာစာပါမောက္ခ-ငြိမ်း) ဦးစီးသောအဖွဲ့သည် ၂၀၁၄ ဖေဖော်ဝါရီ ၄ ရက်ကမင်းကင်းမြို့သို့ ရောက်ရှိလာကြသည်။

အခမဲ့ဆေးကုသပေး

အဖွဲ့ဝင်များအဖြစ် ဒေါက်တာခင်မေစု၊ ဒေါက်တာဦးမေ၊ ဒေါက်တာခင်မြတ်မွန်၊ ဒေါက်တာဘုန်းမြတ်စိုး၊ ဒေါက်တာ သန်းဇော်၊ မောင်ဘုန်းပြည့် (တက္ကသိုလ်)၊ ဒေါ်ဆွေဆွေအုန်း၊ ဦးသိန်းထိုက်၊ ဦးအောင်စိုးတို့ လိုက်ပါလာကြသည်။ အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ဆရာဝန်ကြီးငါးဦးက မင်းကင်းမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ဖေဖော်ဝါရီလပထမပတ်အတွင်း မီးယပ်သားဖွား၊ ဆီးချိုသွေးချို အရိုးအကြောနှင့် အခြားရောဂါရှိ လူနာပေါင်း ၈၅၆ ဦးကို အခမဲ့ဆေးကုသပေးခဲ့သည်။

စာရေးဆရာ ဒေါက်တာသန်းဇော်နှင့် မောင်ဘုန်းပြည့်(တက္ကသိုလ်)တို့က မဟာမင်းကျောင်းတိုက်တွင် ကိုယ်ကျင့်တရားနှင့်အသိဉာဏ်မြှင့်တင်ရေးဆိုင်ရာ စာပေဟောပြောပွဲ ပြုလုပ်သည်။ တက္ကသိုလ်ဝင်တန်းအောင်ချက် မြင့်မားရေးအတွက် အဖွဲ့ခေါင်းဆောင် ဦးမျိုးသန့်နှင့် အဖွဲ့က ဘာသာရပ်အလိုက် ဟောပြောပို့ချပါသည်။ မင်္ဂလာပဋ္ဌောတာရုံစာသင်တိုက်၌ ပညာပါရမီစာကြည့်တိုက်ကို ဆရာတော်ဦးခန္တီသာရ၊ အဖွဲ့ခေါင်းဆောင် ဦးမျိုးသန့်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး သန်းဇော်မြင့်တို့က စာကြည့်တိုက်ကိုဖွင့်လှစ်ပေးခဲ့သည်။

စာကြည့်တိုက်တွင် သုတ/ရသစာအုပ် ၁၀၀၀၊ မဂ္ဂဇင်း ၄၀၀ နှင့် ဂျာနယ်အစောင် ၂၀၀ ရှိကြောင်း သိရသည်။ မဟာမင်းကျောင်းအောက်ထပ်၌ ကျေးရွာများမှစာကြည့်တိုက်မှူးများ၊ ရပ်ကွက်ရှိ ပြည်သူများနှင့် တွေ့ဆုံပြီး ဒေါက်တာခင်မေစုက ကျန်းမာရေးဆိုင်ရာ အသိပညာပေးနှင့် ဦးသိန်းထိုက်(ရှုပဗေဒ)က စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအကြောင်း ဟောပြောသည်။ ကျေးနင်း၊ သလဘာ၊ ဇီးကုန်း၊ ကျောက်အိုး၊ ကျေးတောင်ဦး၊ တောင်ယာတော၊ ငအုန်း၊ မောက္ကတော်၊ ကြွေ၊ ပြေကန်ကျေးရွာ စာကြည့်တိုက်များနှင့် ပညာစာကြည့်တိုက်များသို့ စာအုပ်စာစောင်များ လှူဒါန်းသည့်အပြင် စာကြည့်တိုက်တစ်တိုက်လျှင် ငွေကျပ်တစ်သောင်းစီ လှူဒါန်းပေးခဲ့သည်။

ပညာရှိ ရှောလမုန်က "ငွေကိုကုန်သွယ်ခြင်းထက် ပညာကုန်သွယ်ခြင်းသည်သာ၍ မြတ်၏"ဟု ဆိုထားသဖြင့် လူမှုအကျိုးပြုလုပ်ငန်း ဆောင်ရွက်ခြင်းမှာ မြတ်သောကုသိုလ်ဝေဖြင့်ခြင်းပင်မဟုတ်ပါလား။

၂၀၁၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၁၁နာရီက သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ (၂၄)ရပ်ကွက် ရေနံ့သာ ဓမ္မာရုံ၌ ကျင်းပရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဦးစီးဌာနမှူး ဦးထွန်းလှက ရှင်းလင်းဆွေးနွေးပြောကြားစဉ်။တင်ကြည်(သဃ်န်းကျွန်း)

ဖြူစင်နှလုံးသားသွေးအလှူရှင်အဖွဲ့မှ အသည်းရောင်အသားဝါဘီပိုးကာကွယ်ဆေးလှူဒါန်း

လေးမျက်နှာ ဖေဖော်ဝါရီ ၂၇

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ပြည်သူ့ဆေးရုံ၌ ဖေဖော်ဝါရီ ၂၄ ရက်တွင် လေးမျက်နှာမြို့နယ်အသင်း (ရန်ကုန်)၏ ဖြူစင်နှလုံးသားသွေးလှူရှင်အဖွဲ့က ဒုတိယအကြိမ်မြောက် အခမဲ့အသည်းရောင်အသားဝါဘီပိုးကာကွယ်ဆေး လှူဒါန်းခဲ့ကြောင်း သိရသည်။

သွေးလှူရှင်နှင့် ပြည်သူ ၂၀၉ ဦးအား အသည်းရောင်အသားဝါ ဘီကာကွယ်ဆေးအခမဲ့ ထိုးပေးခဲ့ . . .

လေးမျက်နှာ မြို့နယ်အသင်းရန်ကုန်မှ အမှုဆောင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ မြတ်ကရုဏာ သွေးလှူရှင်အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်လူငယ်များ၊ ကရုဏာလမ်းစဉ် လူမှုရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

ပထမအကြိမ် ကာကွယ်ဆေးထိုးပြီးသော ပညာရေးဌာနမှ ဆရာဆရာမများနှင့် မြိတ်ကရုဏာသွေးလှူရှင်အသင်းမှ သွေးလှူရှင်များ၊ ဒေသခံပြည်သူများ စုစုပေါင်း၂၀၉ဦးအား အသည်းရောင်အသားဝါဘီပိုး ကာကွယ်ဆေးအခမဲ့ထိုးပေးခဲ့သည်။

၎င်းအသည်းရောင်အသားဝါ ဘီပိုးကာကွယ်ဆေးများကို လေးမျက်နှာဇာတိ ဦးနေဝင်း၊ ဒေါ်ခင်သင်းလွင် မိသားစုက လှူဒါန်းခြင်းဖြစ်ပြီး တတိယအကြိမ်ကို မတ် ၂၃ ရက်တွင် ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

အသည်းရောင် အသားဝါရောဂါဖြစ်ပွားမှုနှုန်းမှာ များပြားသည့် အခြေအနေတွင်ရှိပြီး မွေးကင်းစကလေးငယ်များကိုလည်း ကာကွယ်ဆေးထိုးနှံထားသင့်ကြောင်း သိရသည်။

သီဟ(လေးမျက်နှာ)

တိုင်းရင်းဆေးဖြင့် အခမဲ့ကုသမှုနှင့် ဟောပြောမှုများဆောင်ရွက်

ပုသိမ်ကြီး ဖေဖော်ဝါရီ ၂၇

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် တိုင်းရင်းဆေးကုဌာန မြို့နယ်တိုင်းရင်းဆေးဆရာအသင်းတို့ ပူးပေါင်း၍ သံဘိုကျွန်း၊ ဟင်းရွက်စုရွာ ပြည်သူများအား ကျန်းမာရေး အသိပညာပေးဟောပြောခြင်း၊ အခမဲ့ဆေးကုသပေးခြင်း၊ တိုင်းရင်းဆေးပင်များပေးအပ်ခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၂၅ ရက်က ကျင်းပသည်။

မန္တလေးခရိုင်တိုင်းရင်းဆေးဆရာအသင်းဥက္ကဋ္ဌ ဦးသင်းက တိုင်းရင်းဆေးပညာအကြောင်း ဟောပြောခဲ့ပြီး၊ မြို့နယ်တိုင်းရင်းဆေးဆရာအသင်းအကျိုးတော်ဆောင် ဦးရဲညွှန့်က ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်၊ ပြည်သူတို့၏ တာဝန်၊ နိုင်ငံသားတိုင်း၏ တာဝန်အကြောင်း ပညာပေးဟောပြောခဲ့သည်။ မြို့မိမြို့ဖ ဦးထွန်းခင်က ဧရာဝတီမြစ်ဝှမ်းနှင့် တိုင်းရင်းဆေးအစဉ်အလာ၊ တိုင်းရင်းဆေးဆရာ ဦးအောင်မြင့်က သွေးတိုး၊ ဆီးချိုရောဂါများအကြောင်း ဟောပြောခဲ့သည်။

ထို့နောက်ဆေးပင်များကို ကျေးရွာအသီးသီးမှ တာဝန်ရှိသူများထံပေးအပ်ခဲ့ပြီး ကျေးရွာအသီးသီးမှ လူနာပေါင်း ၂၅၀ တို့ကို တိုင်းရင်းဆေးများဖြင့် အခမဲ့စမ်းသပ်ကုသပေးခဲ့ကြောင်း သိရသည်။

အောင်ကျော်ထွန်း(ပုသိမ်ကြီး)

ရေရှားပါးသည့် ကျေးလက်ဒေသများတွင် သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် အလှူငွေများ လှူဒါန်းနိုင်ပါရန် နှိုးဆော်ခြင်း

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မြန်မာနိုင်ငံအတွင်း ရေရှားပါးသည့် ကျေးလက်ဒေသများတွင် သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါသည်။ စက်ရေတွင်းတစ်တွင်းလျှင်ကုန်ကျစရိတ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

		၂"Ø×၄၀၀'	၄"Ø×၂၀၀'	၄"Ø×၄၀၀'	၄"Ø×၆၀၀'
(က)	စက်ရေတွင်းတူးဖော်ခြင်း	၉.၀၀ သိန်း	၁၂.၀၀ သိန်း	၂၂.၀၀ သိန်း	၅၀.၀၀ သိန်း
(ခ)	စက်တပ်ဆင်ခြင်း	၅.၀၀ သိန်း	၅.၀၀ သိန်း	၅.၀၀ သိန်း	၃၂.၀၀ သိန်း
(ဂ)	ရေစက်ရုံဆောက်လုပ်ခြင်း	၈.၀၀ သိန်း	၈.၀၀ သိန်း	၈.၀၀ သိန်း	၈.၀၀ သိန်း
(ဃ)	ရေလှောင်ကန်တည်ဆောက်ခြင်း	၁၅.၀၀ သိန်း	၁၅.၀၀ သိန်း	၁၅.၀၀ သိန်း	၁၅.၀၀ သိန်း
	စုစုပေါင်း	၃၇.၀၀ သိန်း	၄၀.၀၀ သိန်း	၅၀.၀၀ သိန်း	၁၀၅.၀၀သိန်း

အဆိုပါဈေးနှုန်းများမှာ နေရာဒေသပေါ်မူတည်၍ ခန့်မှန်းခြေကုန်ကျစရိတ်များ ပြောင်းလဲမှုရှိနိုင်ပါသည်။

သို့ဖြစ်ပါ၍ စေတနာရှင်ပြည်သူအလှူရှင်များအနေဖြင့် တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ ထည့်ဝင်လှူဒါန်းနိုင်ပြီး လိုအပ်ပါက နိုင်ငံတော်ထောက်ပံ့ငွေမှ ထည့်ဝင်ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။ လှူဒါန်းလိုပါက ညွှန်ကြားရေးမှူးချုပ် (မွေး/ညွှန်) ဖုန်း-၀၆၇-၄၀၈၀၄၆၊ ညွှန်ကြားရေးမှူးချုပ် (မွေး/ကု) ဖုန်း-၀၆၇-၄၀၈၀၅၆၊ ညွှန်ကြားရေးမှူးချုပ် (ငါးလုပ်ငန်း) ဖုန်း-၀၆၇-၄၀၈၁၇၈၊ ညွှန်ကြားရေးမှူးချုပ် (ကျေးလက်) ဖုန်း-၀၆၇-၄၀၉၀၂၆၊ ရုံးအဖွဲ့မှူး (ပြည်ထောင်စုဝန်ကြီးရုံး) ဖုန်း-၀၆၇-၄၀၈၀၅၁၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(လုပ်ငန်း) ဖုန်း-၀၆၇-၄၀၉၂၁၁၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံကိန်း) ဖုန်း-၀၆၇-၄၀၉၀၂၇၊ ဒုတိယ အင်ဂျင်နီယာချုပ်(လုပ်ငန်း) ဖုန်း-၀၆၇-၄၀၉၃၅၇၊ ညွှန်ကြားရေးမှူး (ဘဏ္ဍာရေး) ဖုန်း-၀၆၇-၄၀၉၄၀၉၊ ၀၆၇-၄၀၈၀၅၃။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကျေးလက်ဒေသလျှပ်စစ်မီးလင်းရေးအတွက် အလှူငွေများလှူဒါန်းနိုင်ပါရန် နှိုးဆော်ခြင်း

- ပညာလိုလားကြိုးစားနေပြီး အမှောင်ထဲက ကျေးရွာသား ရင်သွေးငယ်များအတွက် ပညာအလင်းရရန် ပညာ့အလင်းဆိုလာမီးအိမ်များလှူဒါန်းနိုင်ပါသည်။
- ရွာတစ်ရွာချင်းစီ အလှူရှင်ကမွည်းထိုးလှူဒါန်းလိုပါက
- တစ်အိမ်လျှင် ၁.၅ ဝပ် LED မီးလုံးနှစ်စုံပါ အိမ်ခြေ ၆၀ စာတစ်ရွာအတွက် ဗဟိုအားသွင်းဆိုလာစနစ် ၁၀ သိန်း
- စေတနာရှင်ပြည်သူအလှူရှင်များအနေဖြင့် တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ၊ ထည့်ဝင်လှူဒါန်းနိုင်ပြီး ကျေးရွာကော်မတီမှဖြစ်စေ၊ ကျေးလက်မီးလင်းရေးအတွက် ကုမ္ပဏီ/ အဖွဲ့အစည်းမှဖြစ်စေ၊ ပြည်သူထည့်ဝင်ငွေ (သို့) ရင်းနှီးမတည်ငွေ မလုံလောက်ပါက ကျေးလက်ဖွံ့ဖြိုးရေးဘဏ်လီမိတက်တွင် နှစ်စဉ် ၁၂% အတိုးနှုန်းဖြင့် ချေးယူပြီးဆောင်ရွက်နိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်။

လှူဒါန်းလိုပါက ညွှန်ကြားရေးမှူးချုပ် (မွေး/ညွှန်) ဖုန်း-၀၆၇-၄၀၈၀၄၆၊ ညွှန်ကြားရေးမှူးချုပ် (မွေး/ကု) ဖုန်း-၀၆၇-၄၀၈၀၅၆၊ ညွှန်ကြားရေးမှူးချုပ် (ငါးလုပ်ငန်း) ဖုန်း-၀၆၇-၄၀၈၁၇၈၊ ညွှန်ကြားရေးမှူးချုပ်(ကျေးလက်) ဖုန်း-၀၆၇-၄၀၉၀၂၆၊ ရုံးအဖွဲ့မှူး (ပြည်ထောင်စုဝန်ကြီးရုံး) ဖုန်း-၀၆၇-၄၀၈၀၅၁၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(လုပ်ငန်း) ဖုန်း-၀၆၇-၄၀၉၂၁၁၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံကိန်း) ဖုန်း-၀၆၇-၄၀၉၀၂၇၊ ဒုတိယအင်ဂျင်နီယာချုပ်(လုပ်ငန်း) ဖုန်း-၀၆၇-၄၀၉၃၅၇၊ ညွှန်ကြားရေးမှူး (ဘဏ္ဍာရေး) ဖုန်း-၀၆၇-၄၀၉၄၀၉၊ ၀၆၇-၄၀၈၀၅၃။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ငြင်းချက်ထုတ်ရန်သမ္မန်စာ
တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀
ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၁၅၀

ဒေါ်မိုးမိုးလွင်	နှင့်	ဦးသိန်းထွဋ်
အမှတ် (၅၂)၊ စိန်ပန်းမြိုင်လမ်း၊ (၁၈/က)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။		အမှတ် (၉၂)၊ မြန်မာ့ဂုဏ်ရည်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
တရားလို		**တရားပြိုင်**

အမှတ် (၉၂)၊ မြန်မာ့ဂုဏ်ရည်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့နေ တရားပြိုင် ဦးသိန်းထွဋ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်မိုးမိုးလွင်က **ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု** လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားရပ်တို့ကိုချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် မတ် ၁၄ရက် (၁၃၇၅ခုနှစ် တပေါင်းလဆန်း ၄ရက်) မွန်းမတည့်မီ ၁၁နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်လိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၂၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ဦးလွင်မိုးထွေး
ဒုတိယမြို့နယ်တရားသူကြီး
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး

အရန်သားဖွား သင်တန်းဆင်း အောင်လက်မှတ်နှင့် Kit ပုံးများပေးအပ်

ဖဲ ဖေဖော်ဝါရီ ၂၇

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့၌ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှု Save the Children မှ ပံ့ပိုးကူညီမှုဖြင့် ဖွင့်လှစ်ပို့ချပေးသည့် အရန်သားဖွားဆရာမ ၁/၂၀၁၉ တတိယအကြိမ် လက်တွေ့ကွင်းဆင်းခြင်း သုံးလပြည့်သင်တန်းဆင်း အောင်လက်မှတ်နှင့် (Kit) ပုံးများ ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၄ ရက်က အထွေထွေအုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းဇော်၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာစိုးနိုင်တို့က သင်တန်းဆင်းဆရာမများအား လုပ်ဆောင်ရမည့် လုပ်ငန်းစဉ် အသေးစိတ်ကိုလည်းကောင်း၊ Save the Children စီမံချက်အရာရှိ ဒေါက်တာမွန်မွန်ကိုက အရန်သားဖွားသင်တန်းသို့ ကူညီပံ့ပိုးပေးနိုင်မှု အခြေအနေများကိုလည်းကောင်း၊ မြို့နယ်သူနာပြုအဆင့်(၁) ဒေါ်ခင်သန်းအေးက သင်တန်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ သင်တန်းသူများအား သင်တန်းဆင်း အောင်လက်မှတ်နှင့် (Kit)ပုံးများကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးနှင့် Save the Children စီမံချက်အရာရှိတို့က အသီးသီးပေးအပ်ခဲ့ကြသည်။ **သန်းနိုင်ဦး(ငဖဲ)**

> အရန်သားဖွား ဆရာမများသည် ကျေးလက်များတွင် မရှိမဖြစ် အားထားရသူများဖြစ်ပြီး . . .

ပြည်တွင်းသတင်းနှင့် ဓာတ်ပုံ

သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် ကျောက်မဲခရိုင် မြို့နယ်ရှစ်မြို့နယ်မှ ဂိုဏ်းပေါင်းစုံ ဆရာတော်ကြီးများ၊ မြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်ကြီးများ အစည်းအဝေးကို ကျောက်မဲမြို့ အောင်ဆုပန်ကျောင်းတိုက်၌ ဖေဖော်ဝါရီ ၂၃ ရက်က ကျင်းပရာ ကျောက်မဲ၊ သီပေါ၊ နောင်ချို၊ နမ္မတူ၊ နမ့်ဆန်၊ မိုးမိတ်၊ မဘိမ်း၊ မန်တုံမြို့နယ်များမှ ဂိုဏ်းပေါင်းစုံ ဆရာတော်ကြီးများ ကြွရောက်တော်မူပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ လျှပ်စစ်နှင့် သာသနာရေး ပြည်နယ်ဝန်ကြီး ဦးထွန်းရင်၊ ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။ ဆရာတော်ကြီးများက သာသနာရေးဆိုင်ရာများ ရှင်းလင်းမိန့်ကြားပြီး ပြည်နယ်ဝန်ကြီး ဦးထွန်းရင်နှင့် တာဝန်ရှိသူတို့က သာသနာရေးဆိုင်ရာများကို လျှောက်ထားတင်ပြသည်။ (ဝ၉ဝ)

သွေးအားနည်းရောဂါတိုက်ဖျက်ရေး လမ်းလျှောက်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

သွေးအားနည်းရောဂါတိုက်ဖျက်ရေးအထိမ်းအမှတ် လမ်းလျှောက်ပွဲအား ပထမဆုံးအကြိမ်အဖြစ် လာမည့် မတ် ၁၆ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြိုင်ပွဲကို အားကစားဝန်ကြီးဌာနနှင့် မီဂါလိုက်ဖ်ဆိုင်းရင့်စ်ကုမ္ပဏီတို့ ပူးပေါင်းကျင်းပမည် ဖြစ်ပြီး မြန်မာအမျိုးသမီးများတွင် အဖြစ်များသည့်သွေးအားနည်းရောဂါ အသိပေးမှုနှင့် အာဟာရချို့တဲ့မှု ပြဿနာများအား ဖြေရှင်းရန်ရည်ရွယ်ကာ ကျင်းပရခြင်းဖြစ်ကြောင်း အဆိုပါကုမ္ပဏီ၏ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါပြိုင်ပွဲကို ဖယ်ရိုဗစ်သံဓာတ်အားဆေးမှ ပံ့ပိုးကူညီပေးမည်ဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်သူအမျိုးသမီးများအားလုံးကို သွေးစစ်ဆေးမှုများ အခမဲ့ပြုလုပ်ပေးမည်ဖြစ်ကာ ဖျော်ဖြေပွဲနှင့် ဂိမ်းပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်နိုင်မည့်အပြင် အာဟာရဗေဒပညာရှင် ဆရာဝန်ကြီးဒေါက်တာလှကြည်နှင့် ဒေါက်တာချစ်သုဝေ (တေးဆိုနှင့် သရုပ်ဆောင်)တို့၏ သွေးအားနည်းခြင်းနှင့် ပတ်သက်သည့် အသိပညာပေးဟောပြောမှုများကို လေ့လာမှတ်သားနိုင်မည် ဖြစ်သည်။

"သွေးအားနည်းခြင်းက အမျိုးသမီးတွေမှာ အများအပြားခံစားနေရပါတယ်။ အားလုံးနဲ့သက်ဆိုင်တဲ့ရောဂါတစ်ခုဖြစ်လို့ ကျွန်တော်တို့ စုပေါင်းတိုက်ဖျက်ရမှာဖြစ်ပါတယ်။ အားကစားပြုလုပ်ခြင်းကနေ အကောင်းဆုံးသော သွေးလည်ပတ်မှုတွေရရှိလာနိုင်ပြီး တစ်ဦးနဲ့တစ်ဦး ကူညီရိုင်းပင်းစိတ်တွေနဲ့ အခက်အခဲတွေကို အတူတကွ ဖြေရှင်းကြဖို့ ကြံဆနိုင်မှာဖြစ်ပါတယ်"ဟု မီဂါလိုက်ဖ်ဆိုင်းရင့်စ်မှ Brand ဒါရိုက်တာ မစ္စတာဘရာဂျက်ချ်ဟာကခ်က ပြောကြားသည်။

> သွေးအားနည်းရောဂါသည် အမျိုးသမီးများတွင် အများဆုံးဖြစ်ပွားသည့်ရောဂါဖြစ်

အကွာအဝေး ငါးကီလိုမီတာရှိပြီး ပြည်လမ်း အင်းလျားကန်ပေါင်မှ ပြည်သူ့ရင်ပြင်သို့ လမ်းလျှောက်ကြရမည်ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်လိုပါက Ferrovit Walkathon ပြိုင်ပွဲ ဖေ့စ်ဘွတ်ခ်နှင့်ဂျာနယ်များ၊ သတင်းစာများမှ ဖောင်များဖြင့် နီးစပ်ရာဆေးဆိုင်များတွင် စာရင်းပေးသွင်းနိုင်မည်ဖြစ်သည်။

ရောဂါဖြစ်ပွားနေ

ရန်ကုန်မြို့၊ ခြံအမှတ် ၁၁၅၊ တက္ကသိုလ်ရိပ်သာလမ်း၊ ကမာရွတ်မြို့နယ်နေ စလင်းမြို့နယ်အသင်း၏ နာယကကြီး ပါမောက္ခ ဦးလှအောင် (ရှေ့နေချုပ်၊ ငြိမ်း)၏ဇနီးသည် ၂၅-၂-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၁၄ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းဝင်အပေါင်းအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးခင်မောင်သန်း

ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)

လဝက

အသက်(၇၃)နှစ်

(ဦးစံလှဘော်-ဒေါ်အုံးရီ)တို့၏သား၊ (ဦးကျင်စွမ်-ဒေါ်ကျင်မိ)တို့၏ သားသမက်၊ (ဦးမြဇင်-ဒေါ်မြဲရွှေ)တို့၏မောင်၊ (ဦးကြည်သိန်း)-ဒေါ်စောရွှေတို့၏အစ်ကို၊ ဦးသိန်းမြင့်-ဒေါ်သန်းသန်းယု၊ ဦးလှိုင်စိန်-ဒေါ်ခင်စန်းကြည်၊ ဦးစိန်သောင်း-ဒေါ်သန်းအိ၊ ဦးအုန်းတင်-ဒေါ်ခင်သန်းဝေ၊ ဦးငွေအောင်-ဒေါ်အေးအေးသန့်၊ ဒေါ်တင်တင်ယု၊ ဦးမောင်မောင်စိုး - ဒေါ်အေးအေးမြင့်တို့၏အစ်ကိုကြီး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ တိုက် ၂၉/က၊အခန်း ၁၀နေ ဒေါ်ရှုမြင့်၏ခင်ပွန်း၊ ဦးစိုးသူရိန်သန်း (C/O, MTMSM) - ဒေါက်တာချိုဝင်းမင်း (လ/ထ ကထိက၊ ဓာတ်မှန်ပညာဌာန၊ မြောက်ဥက္ကလာပ ဆေးရုံကြီး)၊ ဒေါက်တာချောဖြူဖြူသန်း (လ/ထ ဆရာဝန်၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)တို့၏ဖခင်၊မောင်မင်းဝေယံစိုး၏ဘိုးဘိုးသည် ၂၆-၂-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃း၄၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၁၄ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ဗဟန်းနေအိမ်နှင့် ရန်ကင်းမှကားများ မွန်းလွဲ ၂း၁၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တပညာစာရ ဆရာတော်

ဥက္ကဋ္ဌ၊ မြို့နယ်သံဃမဟာနာယက၊ ညောင်တုန်းမြို့နယ်

သက်တော်(၆၉)နှစ်၊ သိက္ခာတော်(၄၉)ဝါ

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ နိဂြောဓာရုံကျောင်းတိုက်၏ဦးစီးနာယက၊ ပုသိမ်မြို့ပြင်ခရိုင်ဓမ္မိကာရုံကွင်းကျောင်းတိုက်ပဓာနနာယကဆရာတော် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တပညာစာရ သက်တော်(၆၉)နှစ်၊ သိက္ခာတော်(၄၉)ဝါသည် (၁၃၇၅ခုနှစ် တပို့တွဲလပြည့်ကျော် ၁၂ရက်) ၂၆-၂-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)ည ၈း၁၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်အား (၁၃၇၅ခုနှစ် တပေါင်းလဆန်း ၆ရက်) ၆-၃-၂၀၁၄ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ညောင်တုန်းမြို့ ငြိမ်းချမ်းမြေသုသာန်သို့ အန္တိမအဂ္ဂိစျာပနအခမ်းအနား ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေတော်မျိုးတော်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအပ်ပါသည်။

(စျာပနဖြစ်မြောက်ရေးကော်မတီ)

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ပုတု (တိုက်ကြီးမြို့နယ်အသင်းဝင်)

အသက်(၉၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့၊ ဘုရားလေးလမ်းနေ (ဦးတုတ်-ဒေါ်ရွှေညွှန့်)တို့၏သမီး၊ (ဦးဖိုးသောင်-ဒေါ်တိုက်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့နေ ဦးခင်မောင်ဆွေ-ဒေါ်တင်မြင့်၊ ဦးမြင့်ဦး(မှော်ဘီမြို့နယ် ပညာရေးမှူးရုံး)-ဒေါ်ခင်ဝင်းဆွေ(အထက၊ တိုက်ကြီး)တို့၏မိခင်၊ (ဦးကျော်သောင်း)၏ဇနီး၊ မြေးသုံးယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၂၇-၂-၂၀၁၄ရက် (သောကြာနေ့)နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၁၄ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် တိုက်ကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း၊ ဓမ္မာရုံ ဒါယကာကြီး

ဦးထွေး (ခရမ်း)

အသက်(၉၀)

ခရမ်းမြို့၊ အမှတ်(၄)ရပ်ကွက်၊ စနေလမ်း၊ ၁၄နေ (ဦးယုစွမ်-ဒေါ်မြ)တို့၏သား၊ ဦးစိုက်ဝှက်-ဒေါ်ဝင်းဝင်းမြင့်၊ ဦးတင်ထွန်း-ဒေါ်နီလာတင်၊ ဦးငွေးနိုင်-ဒေါ်ပြုံး၊ ဦးဝင်းထွန်း-ဒေါ်ပုလဲသွယ်၊ ဦးမျိုးလှိုင်-ဒေါ်မြင့်မြင့်အေး၊ ဦးရင်ကြည်-ဒေါ်မြမြအေး၊ ဦးမင်းမင်းထွန်း-ဒေါ်စိုးစန္ဒီ၊ ဦးညီညီထွန်း-ဒေါက်တာဒေါ်ခင်သန္တာစိုးတို့၏ဖခင်၊ မြေး ၂၀၊ မြစ်ငါးယောက်တို့၏အဘိုး၊ ဒေါ်ကျင်ဆွေ၏ခင်ပွန်းသည် ၂၇-၂-၂၀၁၄ရက်(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၁၄ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ခရမ်းမြို့ တရုတ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးပုတင်

အသက်(၇၈)နှစ်

ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ ရွှေတောင်မြို့နယ်၊ တည်ကုန်းလေးရွာနေ ရဟန်းမယ်တော် (ဒေါ်ခင်)၏ခင်ပွန်း၊ (ဦးစိုးပိုင်)-မလှမြင့်၊ ကိုလှရွှေ-မခင်မကြူ၊ ဦးကိုကိုကြီး-မခင်သန်းကြူ၊ ကိုသန်းထွန်း-မမြသန်းရွှေ၊ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာ မြန်မာကျောင်း လက်ထောက်ဆရာတော် ဒေါက်တာတေဇိန္ဒ၊ ရဟန်းခမည်းတော်၊ မသန်းသန်းရီ၊ မောင်မြင့်ထွန်းနိုင်၊ မောင်မြင့်ထွေး-မခိုင်ဝင်းရီတို့၏ဖခင်ကြီး၊ မြေး ၁၁ယောက်တို့၏အဘိုးသည် ၂၅-၂-၂၀၁၄ရက် (အင်္ဂါနေ့) ညနေ ၅း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၃-၂၀၁၄ရက် မွန်းလွဲ ၁း၃၀နာရီတွင် တည်ကုန်းလေးရွာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါက်တာဦးမျိုးမြင့်

ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊သာသနာရေးဝန်ကြီးဌာန

အသက်(၇၁)နှစ်

ရန်ကုန်မြို့နေ (ဦးသိန်းမောင်-ဒေါ်သန်းတင်)တို့၏သားကြီး၊ မန္တလေးမြို့နေ (ဦးစံဝင်း-ဒေါ်တင်တင်)တို့၏သားသမက်၊ ဒေါ်တင်တင်ဝင်း (သမိုင်းပါမောက္ခ၊ ငြိမ်း၊ ရန်ကုန်အဝေးသင်တက္ကသိုလ်)၏ခင်ပွန်း၊ ဦးမျိုးသန့်ဝင်း-ဒေါ်ခင်စန္ဒာမြင့်၊ ဦးဥက္ကာမျိုး-ဒေါ်နန်းအေးအေးခိုင်တို့၏ဖခင်၊ မောင်ကျော်ဇောဝင်း(ခ)Gary Win ၊ မနန်းသင်းယုခိုင်တို့၏အဘိုး၊ ဦးအောင်မြင့်-ဒေါ်သိန်းသိန်း၊ ဦးဖေဆန်း-(ဒေါ်တင်မြင့်)တို့၏အစ်ကိုကြီး၊ ဒေါ်ခင်စု၊ (ဦးသောင်းဝေ)-ဒေါ်ငွေငွေညွန့်၊ ဒေါက်တာမင်းကျော်-(ဒေါ်ခင်မာရီ)၊ ဒေါ်ဘက်တီဝင်းတို့၏အစ်ကိုကြီးသည် ၂၆-၂-၂၀၁၄ရက် စင်ကာပူစံတော်ချိန် ၁၂း၁၅နာရီတွင် စင်ကာပူမြို့ National University Hospital ၌ ကွယ်လွန်သွားပါသဖြင့် Mandai သုသာန်တွင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၃-၃-၂၀၁၄ရက်(တနင်္လာနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ စွယ်တော်မြတ်စေတီတော်အနီး အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဆွမ်းစားဆောင်(ထေရဝါဒတက္ကသိုလ်၊ဂိတ်အမှတ်-၅)သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း၊ ရေတွင်း၊ ရေစက် ဒါယကာကြီး

ဦးဇော်ဝင်း (တောင်သာ)

(ပြည့်ပြည့်ဇော် မော်တော်ယာဉ် ထုတ်လုပ်ရေး)

အသက်(၇၇)နှစ်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊တောင်သာမြို့နယ်၊ပဒတ်စာကုန်းကျေးရွာအုပ်စုနေ(ဦးဖေ-ဒေါ်ရှင်)တို့၏သား၊ရန်ကုန်မြို့၊ဗိုလ်တထောင်မြို့နယ်၊ ၅၄လမ်း၊ (၄)ရပ်ကွက်၊ အမှတ် ၉/၁၁နေ ဒေါ်မြထွေး၏ခင်ပွန်း၊ ဦးစက်ထွန်း၏ညီ၊ ဦးအေးသောင်၏အစ်ကို၊ ဒေါ်လဲ့လဲ့ဦး (Ocean Pearl Inn)-ဦးဟိန်းဟိန်း (C/E MTM Ship Management)၊ (ဦးစိုးငြိမ်း)၊ ဦးသန်းဇော်၊ ဒေါ်ဥမ္မာ - (ဦးကျော်ဝင်းထွန်း)တို့၏ဖခင်၊ မဖူးကလျာခိုင် (ခေတ္တ-USA)၊ မောင်မင်းသူရိန်ခန့် (ISM Grade-12)၊ မောင်ဘုန်းဝေယံကျော်၊ မပိုပြည့်ပြည့်ကျော်(အမေ့အိမ်ကျောင်း)၏ဘဘကြီးသည် ၂၇-၂-၂၀၁၄ရက် (ကြာသပတေးနေ့)မွန်းလွဲ ၁၂း၂၀နာရီတွင် မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၁၄ရက် (စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (၅၄လမ်းမှကားများ နံနက် ၈နာရီနှင့် သမိုင်း ၃လမ်းမှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးစောလွင်

မူ/အုပ်(ငြိမ်း)

စိန့်ပီတာကျောင်းသားဟောင်း

အသက်(၇၃)နှစ်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ဈ-၃/၇၀နေ ဦးစစ်နိုင်ဦး-ဒေါ်ချောစုလွင်၊ မန္တလေး စက်မှုဇုန်(၁)၊ မဟာဇေယျာဘုံရပ်နေ ဦးရဲမင်းဇော် (မန်းပင်မကုမ္ပဏီ၊ ကားပစ္စည်းရောင်းဝယ်ရေး)-ဒေါ်နှင်းဆီ၊ (ဦးဝင်းမြိုင်)-ဒေါ်စောဖြူဖြူလွင်၊ ကိုစိုးငြိမ်းထွန်း(ယာဉ်ထိန်း)-ဒေါ်နေဇင်လွင်(အလပြ)၊ စိုင်းကျော်လှ - ဒေါ်ခိုင်ခိုင်လွင်(အလပြ)၊ ကိုကျော်ထက်၊ မနေခြည်လွင်၊ မောင်မင်းသန့်အောင်တို့၏ဖခင်၊ ဒေါ်သိန်းနု၏ခင်ပွန်း၊ မြေးကိုးယောက်တို့၏အဘိုးသည် ၂၇-၂-၂၀၁၄ရက် (ကြာသပတေးနေ့)ညနေ ၃း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၁၄ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လောကနန္ဒာစွယ်တော်မြတ်စေတီတော်သို့ လာရောက်ကြည်ညိုသည့် နိုင်ငံခြားသားခရီးသွားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ခရီးသွားလုပ်ငန်းတိုးတက်ရေး ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယမန်နေ့ညနေ ၃ နာရီက ပုဂံမြို့ရှိ ဧည့်ရိပ်သာ၌ ပုဂံဟိုတယ်ဇုန်မှ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတက နိုင်ငံတော်အစိုးရ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှု လုပ်ငန်းများ ဆောင်ရွက်ခဲ့မှု၊ ထိုသို့ ဆောင်ရွက်ရာတွင် အောင်မြင်မှုများရရှိခဲ့သကဲ့သို့ တွေ့ကြုံရသည့် အခက်အခဲများ၊ စိန်ခေါ်မှုများကိုလည်း ရင်ဆိုင်ဖြေရှင်းခဲ့ရမှု၊ မမျှော်လင့်ဘဲ ဖြစ်ပေါ်လာခဲ့သည့် ပဋိပက္ခများကိုလည်း ဖြေရှင်းဆောင်ရွက်ခဲ့ရမှု၊ ပွင့်လင်းမြင်သာသည့် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လာနိုင်သည်နှင့်အမျှ နိုင်ငံတကာဆက်ဆံရေး တိုးတက်လာမှုနှင့်အတူ စီးပွားရေးအခွင့်အလမ်းများလည်း

စာမျက်နှာ ၃ ကော်လံ ၁

ယနေ့ မာတိကာ

အင်ဒိုနီးရှားနိုင်ငံ၌ မီးတောင်ပေါက်ကွဲမှုဖြစ် သဲများပါဝင်သည့်ပြာပူများ မိုးရွာသကဲ့သို့ ကျဆင်း စာမျက်နှာ-၄

မြောက်ကိုရီးယားက တာတိုပစ်ဒုံးကျည် လေးစင်းပစ်လွှတ် စာမျက်နှာ-၅

အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ရေပျော်ငှက် ၄၃ မျိုး မှတ်တမ်းတင်နိုင် စာမျက်နှာ-၁၁

ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

မြို့ပတ်ရထားများတွင် အထူးတွဲများ စတင်ချိတ်ဆက်ပြေးဆွဲပြီ

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ခရီးသွားပြည်သူများ၏ တောင်းဆိုချက်အရ မြန်မာ့မီးရထား မြို့ပတ်ရထားများတွင် ခရီးသည်တစ်ဦးလျှင် ငွေကျပ် ၂၀၀ နှုန်းဖြင့် စီးနင်းနိုင်သော အထူးတွဲ နှစ်တွဲစီကိုအမှတ် (စ၊ဆ၊သ)ရထားတွဲဆိုင်းများတွင် ဖေဖော်ဝါရီ ၂၇ ရက်မှစတင်၍ ချိတ်ဆက်ပြေးဆွဲနေပြီဖြစ်သည်။ ဆက်လက်ပြီး ခရီးသည်စီးနင်းမှုများပြားသော အခြားတွဲဆိုင်းများတွင်လည်း ဆက်လက်ချိတ်ဆက်ပြေးဆွဲသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရန် ရက် (၃၀)သာ လိုတော့သည်

ကမ်းရိုးတန်းသွား အမြန်ရေယာဉ် ကြံတိုင်းအောင်(၃) မြိတ်-ကျွန်းစုခရီးစဉ် တိုးချဲ့ပြေးဆွဲပေးခြင်းကြောင့် ဒေသခံပြည်သူများ သွားလာရေးအဆင်ပြေ

မြိတ် ဖေဖော်ဝါရီ ၂၇

တနင်္သာရီတိုင်းဒေသကြီး ကမ်းရိုးတန်းဒေသကြီးတစ်လျှောက် ဟိုင်ဖိုင်၊ ဖော်ကျူးနှင့် ဧရာနဒီစသည့် အမြန်ရေယာဉ်ကြီးများသည် ထားဝယ်-မြိတ်- ကော့သောင်း အသွားအပြန်ခရီးစဉ်များကို အလှည့်ကျစနစ်မှ မိမိအစီအစဉ်ဖြင့် ပြောင်းလဲပြေးဆွဲလျက်ရှိပြီး မြိတ်-တနင်္သာရီခရီးစဉ်ကို ကြံတိုင်းအောင်နှင့် တို့တောရွာစသည့် အမြန်ရေယာဉ်များဖြင့်ပြေးဆွဲလျက်ရှိသည့်အပြင် ကန္ဒမာ(၁)၊ (၂) အမြန်ရေယာဉ်များဖြင့် မြိတ်-ကျွန်းစုမြို့နယ်အတွင်းရှိ ကျေးရွာများသို့ နေ့စဉ်ပြေးဆွဲပေးခြင်းကြောင့် ဒေသခံပြည်သူများ ရေလမ်းခရီးမှ သွားလာရေး အဆင်ပြေစေရန်အတွက် ကြံတိုင်းအောင်(၃) အမြန်ရေယာဉ်ဖြင့် မြိတ်-ကျွန်းစု အသွားအပြန်ခရီးစဉ်များကို ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၈ နာရီမှစတင်၍

စာမျက်နှာ ၈ ကော်လံ ၁

mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS

မြန်မာ့အလင်း ကြော်ငြာကဏ္ဍ

၂၀၁၄ခုနှစ်၊ ဖေဖော်ဝါရီ ၂၈ ရက်၊ သောကြာနေ့

Advertisement

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန
သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာဆိုင်ရာသင်တန်း(လှိုင်)
ICTTI Software Development, Network Development သင်တန်းများနှင့် Advanced Course သင်တန်းများအတွက်
လျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာသင်တန်း(လှိုင်)နှင့် ဂျပန်နိုင်ငံ(JICA)တို့ ပူးပေါင်းဖွင့်လှစ်သည့် ICTTI သင်တန်းဌာနတွင် အောက်ဖော်ပြပါ သင်တန်းများကို ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်-

စဉ်	သင်တန်းအမည်	သင်တန်းကာလ	ဖွင့်လှစ်မည့်နေ့
(၁)	Software Development Course	၂၂ ပတ်	၁၂-၅-၂၀၁၄
(၂)	Network Development Course	၂၂ ပတ်	၁၂-၅-၂၀၁၄
(၃)	Advanced Web Development Course (Web Design and PHP Web Development)	၅ ပတ်	၁၂-၅-၂၀၁၄
(၄)	Oracle Database 11 g Course (SQL, PL/SQL and DBA)	၃ ပတ်	၁၂-၅-၂၀၁၄
(၅)	Advanced Server Course (Virtualization and LDAP)	၇ ပတ်	၁၂-၅-၂၀၁၄
(၆)	Mobile Phone System Development Course	၄ ပတ်	၁၈-၆-၂၀၁၄
(၇)	Cisco Learning Network Course (Routing & Switching and Voice)	၄ ပတ်	၃၀-၆-၂၀၁၄
(၈)	Project Management Course	၄ ပတ်	၂၁-၇-၂၀၁၄
(၉)	Java Framework-based Development Course (Spring 3)	၂ ပတ်	၁၈-၈-၂၀၁၄
(၁၀)	Web and Cloud System Development Course	၄ ပတ်	၁-၉-၂၀၁၄
(၁၁)	Ruby on Rails Framework-based Development Course	၂ ပတ်	၂၉-၉-၂၀၁၄

၂။ အမှတ်စဉ် (၁)နှင့်(၂) သင်တန်းများတွင် မိမိကြိုက်နှစ်သက်ရာ သင်တန်းကို ရွေးချယ်လျှောက်ထားနိုင်ပါသည်။

၃။ အမှတ်စဉ်(၃) သင်တန်းအတွက် Programming အခြေခံရှိသူများလျှောက်ထားနိုင်သည်။

၄။ အမှတ်စဉ် (၄) သင်တန်းအတွက် ICTTI Newtwork Development သင်တန်းတက်ရောက်အောင်မြင်ပြီး Cisco Networking အခြေခံရှိသူများ လျှောက်ထားနိုင်သည်။

၅။ အမှတ်စဉ်(၅) သင်တန်းအတွက် Database အခြေခံရှိသူများ လျှောက်ထားနိုင်သည်။

၆။ အမှတ်စဉ် (၆)နှင့် ၁၀ သင်တန်းများအတွက် ICTTI သတင်းဌာနမှ Software Development သင်တန်းနှင့် IMCEITS သင်တန်းဌာနမှ Java Programming သင်တန်းတက်ရောက်အောင်မြင်ပြီးသူများ လျှောက်ထားနိုင်သည်။

၇။ အမှတ်စဉ်(၇) သင်တန်းအတွက် ICTTI Network Development သင်တန်းတက်ရောက်အောင်မြင်ပြီးသူများ လျှောက်ထားနိုင်သည်။

၈။ အမှတ်စဉ်(၈) သင်တန်းအတွက် IT Professional အဖြစ် အသက်မွေးဝမ်းကျောင်းမှုသက်တမ်း အနည်းဆုံး (၅)နှစ် နှင့်အထက်ရှိသူများ လျှောက်ထားနိုင်သည်။

၉။ အမှတ်စဉ်(၉) သင်တန်းအတွက် Programming နှင့် Framework အခြေခံရှိသူများ လျှောက်ထားနိုင်သည်။

၁၀။ အမှတ်စဉ်(၁၁) သင်တန်းအတွက် Java Programming နှင့် Framework အခြေခံရှိသူများ လျှောက်ထားနိုင်သည်။

၁၁။ သင်တန်းများသည် အစိုးရရုံးပိတ်ရက်မှအပ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ အချိန်ပြည့်သင်တန်းများ ဖြစ်သည်။

၁၂။ သင်တန်းအောင်မြင်ပြီးဆုံးပါက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာသင်တန်း(လှိုင်)နှင့် ဂျပန်နိုင်ငံ(JICA)တို့မှ ပူးပေါင်း၍ နိုင်ငံတကာအဆင့်မီ အဆင့်မြင့်အောင်လက်မှတ်များ ပေးအပ်မည်ဖြစ်သည်။

၁၃။ လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူဖြစ်ရမည်-

(က) B.C.Sc/ B.C.Tech/ B.Tech(IT)/B.E (IT)/B.Sc (Computer Science)/ M.C.Sc/ M.C.Tech/ M.I.Sc/ M.A.Sc/M.E (IT)/ M.Sc (Computer Science) (သို့မဟုတ်) နိုင်ငံတကာအသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ IT အထူးပြုဘွဲ့ (သို့မဟုတ်) Computer Science ဘွဲ့တစ်ခုခုရရှိပြီးသူ ဖြစ်ရမည်။ Network Development သင်တန်း အတွက် အဆိုပါဘွဲ့များအပြင် B.Tech (EC), B.E (EC),M.E(EC) ဘွဲ့တစ်ခုခုရရှိပြီးသူ (သို့မဟုတ်) နိုင်ငံတကာအသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ Computer Hardware ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။

(ခ) မိမိနှင့်တကွ မိဘနှစ်ပါးသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။

(ဂ) သတ်မှတ်ထားသော ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲများကို အောင်မြင်စွာဖြေဆိုနိုင်သူဖြစ်ရမည်။

(ဃ) သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ဝန်ထမ်းဖြစ်ပါက ဝန်ကြီးဌာနမှ သတ်မှတ်ပေးထားသော ကတိခံဝန်ချက်များကို လက်မှတ်ရေးထိုးနိုင်သူ ဖြစ်ရမည်။

(င) အခြားဝန်ကြီးဌာနများမှ ဝန်ထမ်းဖြစ်ပါက မိမိတို့ သက်ဆိုင်ရာဌာနအကြီးအကဲ၏ ခွင့်ပြုအမိန့်စာပါရှိရမည်။

(စ) သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ သုံးလထက်မကျော်လွန်သည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာများကို သင်တန်းလျှောက်လွှာနှင့်အတူ ပူးတွဲလျှောက်ထားရမည်။

၁၄။ သင်တန်းလျှောက်ထားသူများသည် အောက်ပါနေ့ရက်များတွင် Online ဝင်ခွင့်စာမေးပွဲများ ဖြေဆိုကြရမည်-

နေ့ရက်	စာမေးပွဲ	အချိန်	နေရာ
၄-၄-၂၀၁၄ နှင့် ၅-၄-၂၀၁၄	Online ဝင်ခွင့် စာမေးပွဲ	နံနက်၉နာရီ	ICTTI သင်တန်းဌာန သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဆိုင်ရာသင်တန်း(လှိုင်)

၁၅။ လျှောက်လွှာများအား သတ်မှတ်ပုံစံဖြင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ သင်တန်း(လှိုင်)၊ ICTTIသင်တန်းဌာနတွင် ၂၈-၃-၂၀၁၄ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။

၁၆။ အခြားသိရှိလိုသည်များရှိပါက ICTTI သင်တန်းဌာန၊ ဖုန်း-၀၁-၅၂၂၄၂၉၊ ၀၁-၆၆၁၇၁၄၊ ၀၁-၆၅၂၅၄၂ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန
သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာသင်တန်း(လှိုင်)
Advanced ICT Engineer Training သင်တန်းများနှင့် Wireless and Mobile Computing သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာသင်တန်း(လှိုင်)ရှိ India-Myanmar Center for Enhancement of Information Technology Skills (IMCEITS) သင်တန်းဌာနတွင် အောက်ဖော်ပြပါ သင်တန်းများကို ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်-

စဉ်	သင်တန်းအမည်	သင်တန်းကာလ	ဖွင့်လှစ်မည့်နေ့
(၁)	Java Programming Course	၂၄ ပတ်	၁၂-၅-၂၀၁၄
(၂)	MS.Net Programming Course	၂၄ ပတ်	၁၂-၅-၂၀၁၄
(၃)	Wireless and Mobile Computing	၂၄ ပတ်	၁၂-၅-၂၀၁၄
(၄)	Android Application Development	၈ ပတ်	၁၂-၅-၂၀၁၄
(၅)	WinCE.Net Programming	၆ ပတ်	၂၁-၇-၂၀၁၄

၂။ အမှတ်စဉ် (၁)၊ (၂)နှင့် (၃) သင်တန်းများသည် မိမိ၏ ပရိုဂရမ်စွမ်းရည်ကို အခြေခံ၍ ကြိုက်နှစ်သက်ရာသင်တန်းကို ရွေးချယ်လျှောက်ထားနိုင်ပါသည်။ အဆိုပါသင်တန်းများတွင် Software Program များကို မိမိကိုယ်တိုင် တာဝန်ယူရေးသားနိုင်ရန် သင်ကြားမည်ဖြစ်သည်။

၃။ အမှတ်စဉ်(၃)၊ (၄) နှင့် (၅) သင်တန်းများသည် Mobile Phone များပေါ် တွင် Mobile Application Program များကို ရေးသားနိုင်သည်အထိ စာတွေ့၊ လက်တွေ့ ပေါင်းစပ်သင်ကြားပို့ချပေးမည် ဖြစ်သည်။

၄။ အမှတ်စဉ် (၄) သင်တန်းအား IMCEITS သင်တန်းဌာနနှင့် ICTTI သင်တန်းဌာနတို့မှ Software Development (Java Programming) သင်တန်းအောင်မြင်ပြီးသူများ လျှောက်ထားနိုင်သည်။

၅။ အမှတ်စဉ်(၅) သင်တန်းအား IMCEITS သင်တန်းဌာနမှ MS.Net Programming သင်တန်းအောင်မြင်ပြီးသူများ လျှောက်ထားနိုင်သည်။

၆။ သင်တန်းများသည် အစိုးရ ရုံးပိတ်ရက်မှအပ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ အချိန်ပြည့်သင်တန်းများ ဖြစ်သည်။

၇။ လျှောက်ထားလိုသူများသည် အောက်ပါ သတ်မှတ်ချက်များနှင့် ပြည့်စုံသူ ဖြစ်ရမည်-

(က) B.C.Sc/ B.C.Tech/ B.Tech(IT)/B.E (IT)/B.Sc (Computer Science)/ M.C.Sc/ M.C.Tech/ M.I.Sc/ M.A.Sc/M.E (IT)/ M.Sc (Computer Science) ဘွဲ့တစ်ခုခု ရရှိပြီးသူ (သို့မဟုတ်) နိုင်ငံတကာ အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ IT အထူးပြုဘွဲ့ (သို့မဟုတ်) Computer Science ဘွဲ့တစ်ခုခုရရှိပြီးသူ ဖြစ်ရမည်။

(ခ) မိမိနှင့်တကွ မိဘနှစ်ပါးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ဂ) သတ်မှတ်ထားသော ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲများကို အောင်မြင်စွာဖြေဆိုနိုင်သူဖြစ်ရမည်။

(ဃ) သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ဝန်ထမ်းဖြစ်ပါက ဝန်ကြီးဌာနမှ သတ်မှတ်ပေးထားသော ကတိခံဝန်ချက်များကို လက်မှတ်ရေးထိုးနိုင်သူ ဖြစ်ရမည်။

(င) အခြားဝန်ကြီးဌာနများမှ ဝန်ထမ်းဖြစ်ပါက မိမိတို့ သက်ဆိုင်ရာဌာနအကြီးအကဲ၏ ခွင့်ပြုအမိန့်စာပါရှိရမည်။

(စ) သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ သုံးလထက်မကျော်လွန်သည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာများကို သင်တန်းလျှောက်လွှာနှင့်အတူ ပူးတွဲလျှောက်ထားရမည်။

၈။ သင်တန်းလျှောက်ထားသူများသည် အောက်ပါနေ့ရက်များတွင် Online ဝင်ခွင့်စာမေးပွဲများ ဖြေဆိုကြရမည်-

နေ့ရက်	စာမေးပွဲ	အချိန်	နေရာ
၅-၄-၂၀၁၄	Online ဝင်ခွင့် စာမေးပွဲ	နံနက် ၉ နာရီ	IMCEITS သင်တန်းဌာန သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ ဆိုင်ရာသင်တန်း(လှိုင်)

၉။ လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ သင်တန်း(လှိုင်)၊ IMCEITS သင်တန်းဌာနတွင် ၂၈-၃-၂၀၁၄ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။

၁၀။ အခြားသိရှိလိုသည်များရှိပါက သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ သင်တန်း(လှိုင်)၊ IMCEITS သင်တန်းဌာန၊ ဖုန်း-၀၁-၆၅၂၅၄၂၊ ၀၁-၆၅၂၅၂၉၊ ၀၁-၆၆၂၃၂၉ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။











အဘိဓဇပူဇာနှင့်မွေးနေ့မင်္ဂလာကျင်းပမည်

တောတိုက်ဓမ္မရိပ်သာဆရာတော်ကြီးသည် ပရိယတ်၊ ပဋိပတ်နှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ ဝိနည်းဓိုရ်၊ တောင်တန်းသာသနာပြု၊ နိုင်ငံတော်ဩဝါဒါစရိယ၊ တိုင်းဒေသကြီး ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှုကြီးကြပ်ရေးဥက္ကဋ္ဌစသော သာသနာပြုလုပ်ငန်းများကို (၃၈)နှစ်တိုင်တိုင် အားသွန်ခွန်စိုက် စွမ်းစွမ်းတမံဆောင်ရွက်တော်မူသည့်အတွက်ကြောင့် နိုင်ငံတော်မှ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ကြီးကို ထိုက်ထိုက်တန်တန်လျှုဒါန်းပူဇော်သဖြင့် တပည့်သံဃာ၊ သီလရှင်ယောဂီအပေါင်းတို့မှ နှစ်ထောင်းအားရ ပီတိသောမနဿဖြစ်ကြပြီး ထိုက်ထိုက်တန်တန်ကျေးဇူးဆပ်လိုသော ဆန္ဒများစွာရှိနေကြ၍ နှစ်စဉ်ကျင်းပနေကျ ဆရာတော်ကြီး၏ သက်တော် (၈၂)နှစ်ပြည့် မွေးနေ့မင်္ဂလာကို ၂၇-၃-၂၀၁၄ ရက် (ကြာသပတေးနေ့)တွင် ထပ်ဆင့်ပူဇော်ရာ၌ ပင့်သံဃာတော်အပါး(၁၀၀၀)တို့အား သက်နှင်းစသော လျှုဖွယ်ပစ္စည်းများ လျှုဒါန်းပူဇော်နိုင်ပါသည်။

တပည့်များ
တောတိုက်ဓမ္မရိပ်သာကျောင်းတိုက်
တောတိုက်ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊
ဖုန်း-၀၁-၆၃၇၂၈၁၊ ၀၉-၈၆၃၀၃၁၃

အမျိုး ဘာသာ သာသနာ ပြန့်ပွားရေးအတွက် စာမူပြိုင်ပွဲဖိတ်ခေါ်

အမျိုး ဘာသာ သာသနာချစ်မြတ်နိုးကြသည့် ဆရာတော်ကြီးများနှင့် စာပေပညာရှင်ကြီးများ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် အမျိုးဘာသာ သာသနာ တည်တံ့ပြန့်ပွားစေရန် ရည်သန်လျက်"အမျိုး၊ ဘာသာ၊ သာသနာပြု"စာမူပြိုင်ပွဲကို ပထမအကြိမ်အဖြစ် အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

ရေးသားရာ၌ (၁) ပိဋကတ်တော်လာ သာဓကအထောက်အထားများ၊ (၂) ရာဇဝင်၊ သမိုင်းစာပေလာ ကျမ်းဂန်အထောက်အထားများကိုးကားပြီး တိုင်းချစ်၊ ပြည်ချစ်၊ အမျိုးချစ်စိတ်နှင့် တိုင်းပြု၊ ပြည်ပြု၊ သာသနာပြုစိတ်ဓာတ်များ တိုးပွားထက်သန်စေရန် ရည်ရွယ်ချက်ဖြင့် ရေးသားယှဉ်ပြိုင်နိုင်ပါသည်။ ပြိုင်ပွဲဝင်နိုင်သူများ ဤစာမူပြိုင်ပွဲကို ရဟန်း၊ ရှင်၊ လူ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။ ပါဝင်ယှဉ်ပြိုင်ရမည့် ခေါင်းစဉ်များမှာ (၁) အမျိုးစောင့်တရား (ဗုဒ္ဓအမြင်၊ မြန်မာ့အမြင်)၊ (၂) နိုင်ငံတော် အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် ဘာသာ၊ သာသနာ၊ (၃) နိုင်ငံတော်သမ္မတနှင့် ဘာသာတရား၊ (၄)အမျိုးစစ်မှ မျိုးချစ်မည်၊ (၅) ရဟန်းသံဃာနှင့် နိုင်ငံရေး အထက်ပါခေါင်းစဉ်ငါးခုမှ မိမိတို့နှစ်သက်ရာ ခေါင်းစဉ်တစ်မျိုးမျိုးဖြင့် ရေးသားယှဉ်ပြိုင်ကြရပါမည်။

အမှတ်ပေး စိစစ်ရွေးချယ်ခြင်း-စာမူများကို နိုင်ငံတော် ဩဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ၊ တိပိဋကဆရာတော်ကြီးများ၊ ကျမ်းပြုရဟန်းစာဆိုရှင် ဆရာတော်ကြီးများနှင့် နာမည်ရ လူပုဂ္ဂိုလ် စာပေပညာရှင်ကြီးများက အမှတ်ပေးစိစစ်ရွေးချယ်သွားမည်ဖြစ်ပါသည်။ ဆုပေးခြင်း- ပထမဆု ကျပ်ကိုးသိန်း၊ ဒုတိယဆု ကျပ်ငါးသိန်း၊ တတိယဆု ကျပ်လေးသိန်း အသီးသီးပေးအပ်ဂုဏ်ပြုသွားမည်ဖြစ်ပါသည်။ စာမူပေးပို့ရန် ဌာန-မဘသဗဟိုရုံး၊ အင်းစိန် ရွာမပရိယတ္တိစာသင်တိုက်၊ ဘုရင့်နောင်လမ်းမကြီး၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်၊ ရန်ကုန်၊ စာမူပိတ်ရက် (၁၃၇၆ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်) ၂၀၁၄ ခုနှစ် ဧပြီ ၃၀ ရက် (ဗုဒ္ဓဟူးနေ့)၊ ဆုရစာမူကြေညာရက်-(၁၃၇၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်)၂၀၁၄ ခုနှစ် မေလ ၂၀ ရက် (အင်္ဂါနေ့)၊ ဆုပေးပွဲရက် (၁၃၇၆ ခုနှစ်၊ နယုန်လပြည့်နေ့) ၂၀၁၄ ခုနှစ် ဇွန်လ ၁၂ ရက် (ကြာသပတေးနေ့)။

အသေးစိတ်သိရှိလိုသော အချက်များကို အမျိုး၊ ဘာသာ၊ သာသနာပြန့်ပွားရေး စာပေဆုရွေးချယ်ရေးအဖွဲ့တာဝန်ခံ ဆရာတော်ထံတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။ အရှင်ဝိလာသ (ဝေမိုး-ကျွန်းလှ) ဖုန်း-၀၉-၅၀၂၄၆၉၄၊ မဘသရုံးချုပ် ဖုန်း-၀၉-၂၅၀၆၈၅၅၂၊ ၀၉-၂၅၀၆၈၅၅၃

အမှားပြင်ဆင်ဖြည့်စွက်ခြင်း

၁၈-၁-၂၀၁၄ ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၀)ပါ ဒေါ်ခင်ဌေးရီ (ခ) ဒေါ်ဌေးဌေးဝင်း ၁၂/လမန(နိုင်)၀၃၃၆၃၆ အစား ဒေါ်ခင်ဌေးရီ (ခ)ဒေါ်ဌေးဌေးရီ A/RGN- ၀၀၆၃၄၉ ၁၂/လမန(နိုင်)၀၃၃၆၃၆ ဟု ပြင်ဆင်ဖြည့်စွက်ဖတ်ရှုပါရန်။

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၊ မြေကွက်အမှတ် ၃၅၁/ခ၊ မြေကွက်တည်နေရာအမှတ်-၃၅၁/ခ၊ သီလလမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးအောင်သိန်း အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးအောင်သိန်းနှင့်ဇနီး ဒေါ်ခင်ရီ ကွယ်လွန်သဖြင့် ဒေါ်ချိုချို ၁၂/ဥကတ(နိုင်)၁၁၅၆၇၁၊ ဦးထွန်းသိန်း ၆/မအရ(နိုင်)၀၃၆၀၁၄၊ ဦးမြဟန် ၁၂/ဥကတ(နိုင်)၀၄၁၈၉၀၊ ဒေါ်အေးအေးသိန်း ၁၂/ဥကတ(နိုင်)၀၄၁၆၉၁တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကိုန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့်အရောင်း အ၀ယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

"၇-၁-၂၀၁၄ နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ စစ်တွေမြို့ ပြည့်တော်သာရပ်ကွက်၊ မြေကွက်အမှတ်-၄၇၊ ဦးပိုင်အမှတ်-၁၃ နှင့်ပတ်သက်၍ ဒေါ်စောယဉ်နှင့် အများသိစေရန်ကြေညာချက်"
ဆိုသည့်အပေါ် တုံ့ပြန်ကြေညာချက်

[illegible]

ဂုဏပူဇာသဘင်

၂၀၁၄ ခုနှစ် နိုင်ငံတော်မှ ဆက်ကပ်သည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ကချင်ပြည်နယ်မှ ဆရာတော်များ

၁။ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်
ဘဒ္ဒန္တနာဂိန္ဒ၊ မြို့မ ပရိယတ္တိစာသင်တိုက်၊ ၄ ရပ်ကွက်၊ ရွှေကူမြို့
၂။ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်
ဘဒ္ဒန္တကေတုမာလာ၊ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့
၃။ မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်
ဘဒ္ဒန္တရေဝတ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းတိုက်၊ ဝိုင်းမော်မြို့နယ်
၄။ ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်
ဘဒ္ဒန္တသြဘာသ၊ အဖွဲ့ခွဲအမှတ် ၃၇၄၊ မိုးကုတ်ဓမ္မရိပ်သာကျောင်းတိုက်၊ ရမ်ပူရပ်ကွက်၊ မြစ်ကြီးနားမြို့

အထက်ပါ ဆရာတော်အရှင်သူမြတ်တို့အား ရန်ကုန်ရောက် မြစ်ကြီးနားအသင်း၊ ဗန်းမော်အသင်း၊ မိုးကောင်းအသင်းတို့မှ အောက်ပါအစီအစဉ်အတိုင်း ပူဇော်ပွဲကျင်းပမည်ဖြစ်ပါ၍ ကချင်ပြည်နယ်သူ/နယ်သားများ ကြွရောက်ကြည်ညိုပူဇော် လှူဒါန်းနိုင်ကြပါရန် နှိုးဆော်အပ်ပါသည်။

ကျင်းပမည့်ရက် - ၁၆-၃-၂၀၁၄ ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၉ နာရီ
ကျင်းပမည့်နေရာ - ကျောက်စိမ်းတွင်းဓမ္မာရုံ၊ ရွှေတိဂုံဘုရားတောင်ဘက်မုခ်

မှတ်ချက်-အရုဏ်ဆွမ်း/နေ့ဆွမ်း ဆက်ကပ်ပါမည်။ အလှူငွေထည့်ဝင်လှူဒါန်းလိုသူများ အောက်ပါပုဂ္ဂိုလ်များထံသို့ ဆက်သွယ်၍ လှူဒါန်းနိုင်ပါသည်။
၁။ ဒေါ်တင်တင်ညွန့် ဖုန်း-၀၁-၅၅၅၅၂၉၊ ၀၉-၄၅၀၀၂၂၀၈၀ (အတွင်းရေးမှူး၊ မြစ်ကြီးနား အသင်း)
၂။ ဒေါ်ရွှေကူနန်းနွဲ့နွဲ့ ဖုန်း-၀၉-၄၂၀၀၅၆၈၄၆ (ဒု-ဥက္ကဋ္ဌ၊ ဗန်းမော်အသင်း)
၃။ ဦးချစ်မောင် ဖုန်း-၀၁-၅၀၃၁၉၈၊ ၀၉-၅၀၀၂၁၉၂ (အတွင်းရေးမှူး၊ မိုးကောင်းအသင်း)

မူလကမ္ဘာအေးကျောင်းတိုက် မိုးကုတ်ရိပ်သာ လစဉ် နေ့(၅)ရက် အထူးတရားစခန်းပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတိဂုံဘုရားမြောက်ဘက်မုခ်အနီး မူလကမ္ဘာအေးကျောင်း၊ မိုးကုတ်ရိပ်သာတွင် လစဉ်နေ့(၅)ရက် အထူးတရားစခန်းပွဲကို မူလကမ္ဘာအေးကျောင်းတိုက် ဆရာတော် ဦးဝိမလ(ဓမ္မာစရိယ)ကို ဦးထိပ်ထား၍ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ၅-၃-၂၀၁၄ ရက်မှ ၉-၃-၂၀၁၄ ရက်အထိ မွန်းလွဲ ၁၂:၃၀ နာရီမှ ညနေ ၄:၃၀နာရီအထိ ကျင်းပပြုလုပ်သွားပါမည်။

အဆိုပါ တရားစခန်းပွဲတွင် ကမ္မဋ္ဌာနာစရိယဆရာတော် နယ်လှည့်ဓမ္မကထိက အရှင်နန္ဒဝံသ (ဓမ္မာစရိယ) ကြခတ်ရွှေ ဆရာတော်မှ ပဋိစ္စသမုပ္ပာဒ်တရားတော်နှင့် သစ္စာလေးပါး မြတ်တရားတော်များကို အကျယ်တဝင့် တန်ဆာဆင်၍ ဟောကြားမည်ဖြစ်ပါ၍ ဓမ္မမိတ်ဆွေယောဂီသူတော်စင်အပေါင်းတို့အား နိဗ္ဗာန်အကျိုးမျှော်၍ လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

တရားစခန်းဖြစ်မြောက်ရေးအကျိုးတော်ဆောင်အဖွဲ့
ဖုန်း-၀၁-၃၈၂၂၈၆၊ ၀၉-၄၉၂၇၆၈၇၁

မင်းပြားမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး

(၂၅)ကြိမ်မြောက် ၂၀၁၃ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးကြီးကို သက်ကြီးပူဇော်ပွဲ၊ လူမှုရေး၊ ပညာရေး၊ အားကစားထူးချွန်ဆု ချီးမြှင့်ပွဲများနှင့်အတူ ကျင်းပမည်ဖြစ်ပါ၍ အသင်းဝင်များ၊ မင်းပြားမြို့နယ်သူ/ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ စုံညီစွာတက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ သက်ကြီးပူဇော်ပွဲအတွက် အသက်(၇၅)နှစ်ပြည့်ပြီးသော အသင်းဝင်များနှင့် အသင်းဝင်များ၏ မိဘများ၊ ထူးချွန်ဆုအတွက် အသင်းဝင်များ၏ ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သော သားသမီးများ၊ ဒေါက်တာဘွဲ့ (Ph.D) ဘွဲ့ရသားသမီးများ၊ နိုင်ငံတော်အဆင့် အားကစားထူးချွန် ဆုရသူများ အမည်စာရင်းကို ဒေါက်တာစံလှကျော် ဖုန်း-၀၉-၅၁၈၉၀၁၇၊ ဒေါ်ရွှေအိမ်သူ ဖုန်း-၀၉-၇၃၀၃၉၅၄၈၊ ဦးထွန်းကျော် ဖုန်း-၀၉-၄၂၀၀၈၃၁၄၈၊ ဦးကျော်ဇံလှ ဖုန်း-၀၉-၈၆၁၃၂၉၂ တို့နှင့် နီးစပ်ရာ အမှုဆောင်များထံ အချိန်မီဆက်သွယ်စာရင်းပေးကြပါရန် နှိုးဆော်အပ်ပါသည်။

နေ့ရက်/အချိန် - ၂-၃-၂၀၁၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီ
နေရာ - မင်္ဂလာတိုက်ကျောင်း၊ ကျောင်းတော်ရာရွှေကျင်တိုက်၊ ဗဟန်း
(နံနက်စာထမင်းဖြင့် ဧည့်ခံပါမည်။)

အမှုဆောင်အဖွဲ့

[illegible]

အများသိစေရန် ကြေညာခြင်း

[illegible]

ဖခင်အမည်မှန်

ပေါက်ခေါင်းမြို့ အထက အိုးဘိုကုန်း အဋ္ဌမတန်းမှ မယဉ်မေဦး၏ ဖခင် အမည်မှန်မှာ ဦးညီမောင်ထွေး ၇/ပခတ(နိုင်)၀၅၃၈၈၆ ဖြစ်ပါကြောင်း။

အမည်ပြောင်း

တောင်ကြီးမြို့၊ အလက(၄)၊ စတုတ္ထတန်း(က)မှ မောင်ပိုင်ခန့်ဦးအား ယနေ့မှစ၍ ခွန်ရဲင်းဟန်ဟု ပြောင်းလဲခေါ်ပါရန်။

ခွန်ရဲင်းဟန်

အမည်ပြောင်း

ဦးလှမျိုးဦး၏သမီး ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး အထက်တန်းကျောင်း (ကမာရွတ်) Grade-5(I) မှ မဆောင်းရတီမျိုးအား မဆောင်းရတီဟု ပြောင်းလဲခေါ်ပါရန်။

မဆောင်းရတီ

ကန့်ကွက်နိုင်ပါကြောင်း

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃စီ၊ မြေကွက်အမှတ် V ၃၂၊ မြေကွက်တည်နေရာအမှတ်-၆၁၊၁၄၁လမ်း၊ ပုဏ္ဏားကုန်းရပ်ကွက်၊ တာမွေမြို့နယ် ဒေါ်သိန်းသိန်းအုန်း၊ ဒေါ်ဖြူဖြူမေ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ဖြူဖြူမေ ကွယ်လွန်သဖြင့် ၎င်း၏အစုအတွက် ဦးသိန်းမြင့် ၁၂/တမန(နိုင်)၀၃၀၇၉၄က ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကိုန်လွှာတင်ပြ၍ ပူးတွဲပိုင်ရှင် ဒေါ်သိန်းသိန်းအုန်း ၁၂/တမန(နိုင်)၀၆၂၆၀၈နှင့်အတူ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၆/ ရွှေပေါက်ကံ၊ မြေကွက်အမှတ် ၅၉၉၊ မြေကွက်တည်နေရာ အမှတ်-၅၉၉၊ အင်းဝလမ်း၊ ၁၆/ရွှေပေါက်ကံ၊ မြောက်ဥက္ကလာပမြို့နယ် ဦးလှဝင်း ၁၂/မဂဒ(နိုင်)၁၁၂၁၉၈ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ခင်ပွန်းဦးလှဝင်း ကွယ်လွန်သဖြင့် ဒေါ်ခင်သန်း ၁၂/မဂဒ(နိုင်)၀၈၅၁၁၄က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကိုန်လွှာနှင့်သေစာရင်းတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၅ CG၊ မြေကွက်အမှတ် ၇၇၃၊ မြေကွက်တည်နေရာအမှတ်-၆၊ အေးလမ်း၊ ဗဟန်းမြို့နယ် ဦးအောင်မြင့် အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက်(ခင်ပွန်း) ဦးအောင်မြင့် ကွယ်လွန်သဖြင့် ဒေါ်မြင့်မြင့်မော် ၁၂/ဗဟန(နိုင်)၀၄၂၄၂၀က တရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကိုန်လွှာ သေစာရင်းတင်ပြ၍ ၎င်းထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၉၀၃၀/၄-၁၀-၁၃ရရှိသူ ဒေါ်ကေရန်ဆူနီတာဆူဒန်း(ခ)ဒေါ်မြတ်မွန်ကို ၁၂/ဗဟန(နိုင်)၀၈၀၁၅၉က အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၂၆ A၂ ၊ မြေကွက်အမှတ် V ၁၃၊ မြေကွက်တည်နေရာအမှတ်-၁၀၆၊ နတ်စင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ် ဦးဟန်ရှိန် အမည်ပေါက် နှစ် ၆၀မြေငှား ဂရန်မြေအား အမည်ပေါက် ဦးဟန်ရှိန်နှင့်ဇနီး ဒေါ်ကျင်လှိုင်တို့ ကွယ်လွန်သဖြင့်(၁) ဒေါ်ရင်သိန်း ၁၂/ကမတ(နိုင်)၀၃၆၂၅၁၊ (၂) ဒေါ်တင်တင်သိန်း ၁၂/ကမတ(နိုင်)၀၁၀၆၅၉၊ (၃)ဦးဝင်းကျော် ၁၂/ကမတ(နိုင်)၀၃၆၂၃၆၊(၄)ဦးသန်းနိုင် ၁၂/ကမတ (နိုင်)၀၃၆၂၆၃၊ (၅)ဦးနေဝင်း ၁၂/ကမတ(နိုင်)၀၃၆၂၆၂၊ (၆)ဒေါ်ချိုချိုဝင်း ၁၂/ကမတ(နိုင်)၀၃၅၁၁၈တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကိုန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး (၂၅၈၆)နှစ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် (၁၃၇၅-၁၃၇၆) (၂၀၁၄)

ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို ယခုလာမည့်(၁၃၇၅-၇၆)ခု တန်ခူးလဆန်း ၁၀ရက်၊ ၉-၄-၂၀၁၄ ရက်(ဗုဒ္ဓဟူးနေ့)မှ တန်ခူးလပြည့်ကျော် ၄ရက်၊ ၁၈-၄-၂၀၁၄ရက် (သောကြာနေ့) အထိ ၁၀ရက်တိုင်တိုင် ကျင်းပပါမည်။

ပျော်ပွဲရွှင်ပွဲအတွက် မြေနေရာများကို ၆-၃-၂၀၁၄ရက်(ကြာသပတေးနေ့) တွင်လည်းကောင်း၊ ဈေးဆိုင်နေရာများကို ၂၃-၃-၂၀၁၄ရက် (တနင်္ဂနွေနေ့) တွင် လည်းကောင်း နံနက် ၁၀နာရီတွင် ဂေါပကအဖွဲ့ရုံး၌ လေလံတင်ရောင်းချပါမည်။

အသေးစိတ်အချက်အလက်များသိလိုပါက ဂေါပကအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

ဂေါပကအဖွဲ့

ဖုန်း-၀၅၂-၂၁၀၆၈၊ ၀၅၂-၂၄၂၅၅

Asia Global Travels & Tours ၂၀၁၄ – သင်္ကြန်ခရီးစဉ်

အမေရိကန်ခရီးစဉ် (ဟာဝိုင်ယီကျွန်းအပါ)	၁၉-ရက် / April 07-25	USD 7,700
ဥရောပခရီးစဉ်	၁၄-ရက် / April 8-21	USD 5,800
ကိုရီးယားခရီးစဉ်	၈-ရက် / April 13-20	USD 2,200
ဂျပန်ခရီးစဉ်	၉-ရက် / April 13-21	USD 3,200
တောင်အာဖရိက-ဇင်ဘာဘွေ-ဘော့ဆွာနာ 3-နိုင်ငံခရီးစဉ်		USD 6,200

ဆက်သွယ်ရန်လိပ်စာ။ အမှတ်-66, 16 လမ်း ... ရန်ကုန်မြို့။
ဖုန်း: 01-221173, 226338, 228753, 2303064, 09-421063320, 09-421063310

EDE မော်ဒယ်မြင့်ကားများအတွက်
ကွန်ပျူတာထိန်းချုပ်စနစ်OBD-II (၂လ)သင်တန်း
Diagnostic, Software, WiringDiagram, ModernAutomotiveTechnology
Scan Tools
Engine Doctor Engineering

၂၁-၂-၂၀၁၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာကြော်ငြာပါ ဒေါ်သောင်းသောင်းဆွေ၊ ဒေါ်အေးအေးမြင့်၊ ဒေါ်စုလှိုင်ကျော်တို့၏ လွှဲအပ်ချက်အရ ရှေ့ကျွန်းဦးတင်ရီ (အထက်တန်းရှေ့နေ)၏ ကန့်ကွက်နိုင်ကြောင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်ကြောင်းနှင့် အများသိရှိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ လူကြီးမင်းတို့၏ သတင်းစာကြော်ငြာတွင် လူကြီးမင်း၏မိတ်ဆွေများနှင့် အခန်းပေး၊ အခန်းယူကန်ထရိုက်တိုက်ဆောက်လုပ်ခြင်းနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း ဖော်ပြပါရှိခဲ့ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးအေးအောင် ၁၂/ကမရ(နိုင်)၀၅၄၂၆၃ သည် သဃ်္ာန်းကျွန်းမြို့နယ်၊ (င/က)ရပ်ကွက်၊ ရူပလမ်း၊ ညီညွှတ်ရေးလမ်း၊ စံပြလမ်း၊ စံချိန်သစ်လမ်း၊ ဇာဝေယာလမ်း ဟုခေါ်တွင်သော ယခင်အင်းစိန်မြို့နယ်၊ သဃ်္ာန်းကျွန်းမြို့ကွက် နံပါတ်-၄၅/၁၉၅၈- ၅၉ ခုနှစ်၊ ဦးပိုင်အမှတ် (၁)၊ ဧရိယာ ၉ ဒသမ ၁၈၀ဧကရှိ ဒေါ်အမာ အမည်ပေါက် မြေကွက်နှင့်စပ်လျဉ်း၍ သက်ဆိုင်သူများ အသီးသီးကွယ်လွန်ခဲ့သဖြင့် မြန်မာ့ဓလေ့ထုံးတမ်းအရ ဒေါ်အေးအေးအောင်တစ်ဦးတည်းသာ အမွေဆက်ခံပိုင်ဆိုင်ကြောင်းဖြင့် မြို့တော်ဝန်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့လည်းကောင်း၊ ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့လည်းကောင်း၊ ဌာနမှူး၊ အဆောက်အအုံ(အင်ဂျင်နီယာဌာန)သို့လည်းကောင်း၊ မည်သူ့ကိုမျှ မြေပုံကူးယူခြင်း၊ ကန်ထရိုက်တိုက်သစ်ဆောက်လုပ်ခြင်း စသည်တို့ကို မပြုလုပ်ရန် ကန့်ကွက်တားမြစ်စာများ တင်ပြဆောင်ရွက်ထားပါကြောင်းနှင့် သဃ်္ာန်းကျွန်းမြို့နယ် (င/က)ရပ်ကွက်၊ ရူပလမ်း၊ အမှတ် ၄၄၀ နေ ဒေါ်သောင်းသောင်းဆွေ၊ ဒေါ်အေးအေးမြင့်၊ ဒေါ်စုလှိုင်ကျော် အပါအဝင် မည်သူမဆို အထက်ဖော်ပြပါ မြေဧရိယာ ၉ ဒသမ ၁၈၀ မြေကွက်ပေါ်တွင် အခန်းပေးအခန်းယူ ကန်ထရိုက်တိုက်သစ်ဆောက်လုပ်ခြင်း၊ ကြိုပွိုင့်နှင့်အပြီး ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း စသည်တို့ကို လုံးဝ(လုံးဝ) မပြုလုပ်ရန် တားမြစ်ကြောင်းနှင့် ကန့်ကွက်ပါကြောင်းကို အများသိရှိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်ပေးသူ	လွှဲအပ်ချက်အရ-
ဒေါ်အေးအေးအောင်	ဦးခင်မောင်ကြီး LL.B
၁၂/ကမရ(နိုင်)၀၅၄၂၆၃	တရားလွှတ်တော်ရှေ့နေ(စဉ်-၃၂၈၉)
	အမှတ် ၇၀၆၊ ခြောက်လွှာ(ယာ)၊ ကမ္ဘာ့ဌာန်းလမ်း၊
	မေတ္တာညွှန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၈၅၉၈၇၆

အသွားကျေးဇူးတင်ဆုမွန်တောင်းကောင်းချီးပေးခြင်း

(၇. ၂. ၂၀၁၄) မှ (၁၄. ၂. ၂၀၁၄)အထိ (၀၂)ရက်တာ ... ခရီးစဉ်တွင် ... ကျေးဇူးတင်ရှိပါသည်။

... ဆုမွန်တောင်းတောင်းလျှက်ရှိပါသည်။

ဒေါ်ခင်သန်းညွန့်၊ ဒေါ်နန်းဌေးမအေးမြသီတာလွင်

သာရာ
အောင်တောင်းစုံ
INTERVIEW
ဝန်ထမ်းများအလိုရှိသည်

၂၉-၁-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၁)ပါ တရားလွှတ်တော်ရှေ့နေ ဦးကျော်မြင့်(စဉ်-၆၁၇၂)၏ ကန့်ကွက်ကြေညာချက်အပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၃၊ မြေကွက်အမှတ်-၃၊ ဧရိယာ ၀ဒသမ၂၇၇ဧကအကျယ်အဝန်းရှိ မြေကွက်ကြီးမှာ ဦးဘိုးထင်၊ ဦးဘိုးရင်၊ ဦးဖိုးဝါတို့ ညီအစ်ကို အရင်းသုံးဦးပိုင်ဆိုင်ပြီး ၎င်းတို့ ကွယ်လွန်ပြီးနောက် ကျန်ရစ်သူသားသမီးမြေးမြစ်များက အဆိုပါမြေကွက်ကြီးပေါ်တွင် အသီးသီးနေထိုင်ခဲ့ကြပါသည်။ အထက်ဖော်ပြပါမြေကွက်ကြီးမှာ မူလမြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမြေစာရင်းတွင် ဦးဘိုးထင်၊ ဦးဘိုးရင်၊ ဦးဖိုးဝါတို့ ညီအစ်ကိုအရင်းသုံးဦး အမည်ပေါက်တည်ရှိနေသော မြေကွက်ကြီးဖြစ်ပါသည်။ ၂၉-၁-၂၀၁၄ရက်ထုတ်သတင်းစာကြေညာချက်တွင်ပါရှိသည့် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ်-၁၀၄၂/၂၀၀၁မှာ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာစာချုပ်အမှတ်-၆၄၄၃/၉၇အပေါ် အခြေပြု၍ မမှန်မကန်ချုပ်ဆိုသော စာချုပ်များဖြစ်ကြောင်း သိရှိရပါသည်။ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ်-၆၄၄၃/၉၇တွင် ဦးဘိုးထင်နှင့်ဇနီး ဒေါ်မယ်သန်တို့တွင် (၁)ဦးအုန်း၊ (၂)ဒေါ်သောင်း၊ (၃)ဒေါ်အုန်းကြိုင်၊ (၄)ဒေါ်ပိုဟူ၍ သားသမီးလေးဦးမွေးဖွားခဲ့ပါလျက် ဒေါ်ပို ၁၂/ရကန(နိုင်)၀၄၅၁၄၄က တစ်ဦးတည်းသောသမီးဖြစ်ကြောင်း လိမ်လည်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ကို ချုပ်ဆိုခဲ့ကြောင်းသိရှိရပါသည်။ ဦးဘိုးထင်နှင့်ဒေါ်မယ်သန်တို့၏ သားသမီးလေးဦးအနက် တတိယသမီးဖြစ်သူ ဒေါ်အုန်းကြိုင်မှာ ယနေ့အချိန်အထိ သက်ရှိထင်ရှားရှိပါသည်။ ထို့အတူ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ်-၁၀၄၂/၂၀၀၁မှာလည်း ဒေါ်ပိုနှင့်ဦးမောင်နီတို့တွင် (၁)ဒေါ်အုန်းမြင့်၊ (၂)ကိုလှထွန်း၊ (၃)မလှမြင့်၊ (၄)ကိုလှဝင်း၊ (၅)ကိုမြင့်အောင်၊ (၆)ကိုညွန့်လှိုင်၊ (၇)မစိုးစိုးမာ၊ (၈)မခင်စိုးမာ၊ (၉)မခင်မာထွေးဟူ၍ သားသမီးကိုးဦးမွေးဖွားခဲ့ပါလျက် မစိုးစိုးမာ၊ မခင်မာထွေး၊ မလှမြင့်၊ မခင်စိုးမာတို့လေးဦးတည်းကိုသာ မွေးဖွားကြောင်း၊ အခြားမွေးချင်းမရှိကြောင်း လိမ်လည်၍ ရန်ကုန်တိုင်းတရားရုံးတွင် ကျမ်းကျိန်လွှာပြုလုပ်ခဲ့ပြီး ထိုကျမ်းကျိန်လွှာကို စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ်-၁၈၀၁/၂၀၀၁ဖြင့် မှတ်ပုံတင်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ်-၁၀၄၂/၂၀၀၁ကို (၁)မစိုးစိုးမာ ၁၂/ရကန(နိုင်)၀၄၄၉၂၈၊ (၂)မခင်မာထွေး ၁၂/ရကန(နိုင်)၀၄၅၀၅၀၊ (၃)ဒေါ်လှမြင့် ၁၂/ရကန(နိုင်)၀၄၄၉၉၉၊ (၄)မခင်စိုးမာ ၁၂/ရကန(နိုင်)၀၄၅၀၀၀တို့က မှတ်ပုံတင်ချုပ်ဆိုသွားကြောင်း သိရှိရပါသည်။ ထိုကဲ့သို့ (၁)မစိုးစိုးမာ၊ (၂)မခင်မာထွေး၊ (၃)ဒေါ်လှမြင့်၊ (၄)မခင်စိုးမာတို့က ရန်ကုန်တိုင်းတရားရုံးတွင် မမှန်မကန်ကျမ်းကျိန်ခြင်း၊ ထိုကျမ်းကျိန်လွှာဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် မြေပုံမြေရာဇဝင်ကူးယူခြင်း၊ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မမှန်မကန်တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ်-၁၀၄၂/၂၀၀၁ကို ချုပ်ဆိုမှတ်ပုံတင်ခြင်းတို့ပြုလုပ်ခြင်းအတွက် ပြုလုပ်သူများဖြစ်သော (၁)မစိုးစိုးမာ၊ (၂)မခင်မာထွေး၊ (၃)ဒေါ်လှမြင့်၊ (၄)မခင်စိုးမာတို့၏တာဝန်သာ ဖြစ်ပါသည်။ အဆိုပါ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၃၊ မြေကွက်အမှတ်-၃၊ ဧရိယာ ၀ဒသမ၂၇၇ဧကအကျယ်အဝန်းရှိ မြေကွက်ကြီးမှာ အမွေဆိုင်မြေကွက်ကြီးဖြစ်ပါသဖြင့် (၁)မစိုးစိုးမာ၊ (၂)မခင်မာထွေး၊ (၃)ဒေါ်လှမြင့်၊ (၄)မခင်စိုးမာတို့က မမှန်မကန်ပြုလုပ်ချုပ်ဆိုထားသော ပျက်ပြယ်လျက်ရှိသည့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ်-၁၀၄၂/၂၀၀၁ကို အခြေပြု၍ အမည်ပြောင်းလျှောက်ထားခြင်း၊ မြေပုံမြေရာဇဝင်ကူးယူခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ အခြားနည်းစီမံခန့်ခွဲခြင်းတို့ ပြုလုပ်ခွင့်မရှိကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

(၁)ဦးရွှေဇင်ဦး၊ (၂)ဦးရွှေဇင်ထွန်း၊ (၃)ဦးရွှေဇင်အောင်၊ (၄)ဒေါ်သီရိမေ၊ (၅)ဒေါ်ချိုချိုပြုံး၊ (၆)ဒေါ်ချိုချိုသောင်း၊ (၇)ဦးနေဝင်း အောင်၊ (၈)ဒေါ်ဝင်းစန္ဒာစိန်၊ (၉)ဒေါ်သန္တာစိန်၊ (၁၀) ဦးကျော်မြတ်အောင်ထွန်းတို့၏

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်လှလှလွင်(စဉ်-၅၇၇၃)	ဦးအောင်ကျော်ကျော်မြတ်(စဉ်-၂၇၀၀၉)	ဒေါ်ယုယုနိုင်(စဉ်-၄၁၄၄၀)
ဒေါ်လွင်မာ(စဉ်-၈၉၀၉)	ဦးထွန်းထွန်းနိုင်(စဉ်-၃၅၅၃၄)	ဒေါ်သဇင်အေး(စဉ်-၄၁၄၅၉)
တရားလွှတ်တော်ရှေ့နေများ	ဒေါ်သန္တာမော်(စဉ်-၃၉၂၄၂)	ဒေါ်ဆုမွန်ထက်(စဉ်-၄၁၆၀၁)
အမှတ်-၅၅(ဒုတိယထပ်)၊ အခန်း-၇၊	ဒေါ်လဲ့လဲ့ဝင်း(စဉ်-၃၉၈၈၀)	ဒေါ်ရည်မွန်ထက်(စဉ်-၄၃၀၆၂)
မဟာဗန္ဓုလပန်းခြံလမ်း၊	အထက်တန်းရှေ့နေများ	
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့		
ဖုန်း-၂၅၃၃၈၂၊ ၀၉-၅၁၂၇၁၄၄၊ ၀၉-၇၃၀၀၁၅၂၈		

AGD BANK

Asia Green Development Bank Limited

အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်လီမိတက် ၏

မန္တလေးဘဏ်ခွဲ (၂) ကို မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ် တွင်လည်းကောင်း၊

မန္တလေးဘဏ်ခွဲငယ် (၂) ကို မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာဇံမြို့နယ် တွင်လည်းကောင်း

၂၆.၂.၂၀၁၄ (ဗုဒ္ဓဟူးနေ့) ၌ အသီးသီးဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့်

ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း

အများပြည်သူအား သတင်းကောင်းပါးအပ်ပါသည်။

" မြန်မာတစ်မျိုးသားလုံးအတွက် အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေး "

ဆက်သွယ်ရန်လိပ်စာ

မန္တလေးဘဏ်ခွဲ (၂)

အမှတ်(၃၂၃) (၃၅)လမ်းနှင့် (၈၃)လမ်းထောင့်၊
မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
ဖုန်း - (၀၂) ၆၅၁၁၃၄၊ ၆၅၁၁၃၅၊ ၆၅၁၁၃၆
ဖက်စ် - (၀၂) ၆၅၁၁၃၇၊ ၆၅၁၁၃၈

မန္တလေးဘဏ်ခွဲငယ် (၂)

အမှတ်(၆၉) (၇၃)လမ်း၊ (၂၉)လမ်းနှင့် လမ်း(၃၀)ကြား၊
ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
ဖုန်း - (၀၂) ၆၅၁၁၄၄၊ ၆၅၁၁၄၅၊ ၆၅၁၁၄၆
ဖက်စ် - (၀၂) ၆၅၁၁၄၇၊ ၆၅၁၁၄၈

HOUSING & BUILDING EXPO with HOME APPLIANCES

6-9,March 2014,Tatmadaw Hall

နေထိုင်ရေးအတွက် ပြီးပြည့်စုံသော ပြပွဲကြီး

အိမ်ယာ၊ အဆောက်အဦ နှင့် နေထိုင်မှု ပြပွဲကြီး

[illegible]

၆.၃.၁၄ မှ ၉.၃.၁၄ နံနက်(၉)နာရီ မှ ည(၆)နာရီ တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့

Sponsor SMART BUSINESS GROUP Ph:01656875,667473,0973014777,095099079

အမည်ပြောင်း

ဦးလှဝင်း၏ သမီး အလက(၆)လှိုင်၊ ပဉ္စမတန်း(ခ)မှ မအေးမြသီရိလှိုင်အား မအိမ့်မျက်ချယ်ဟု ပြောင်းလဲခေါ်ပါရန်။

အိမ့်မျက်ချယ်

ဒေါ်အေးကြည် (၁၂/အစန(နိုင်)၀၄၁၃၃၁)နှင့် အများသိစေရန်

[illegible]

ပြင်ဆင်မှုကို ဆိုင်ဆိုရန် ချိန်းဆိုသည့်နေ့ရက်က ပြင်ဆင်မှုလျှောက်ထားခံရသူသို့ ကြားသိစေသည့် အကြောင်းကြားစာ

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်

၂၀၁၃ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ်-၄၄၈

ဦးမြင့်သိန်း **နှင့်** ၁။ ဦးရဲထွဏ်း(၎င်း၏ ကိုယ်စားလှယ် ဦးမောင်မောင်သန်း)
၂။ ဒေါ်ခင်သိန်း
အမှတ် ၁၅၊ မဟာဗောဂလမ်း၊ ကျီတော်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်

လျှောက်ထားသူ **လျှောက်ထားခံရသူများ**

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာ ၈ ရက်နေ့စွဲပါ ရန်ကုန်တောင်ပိုင်းခရိုင် တရားရုံး၊ တရားမကြီးမှုအမှတ် ၂၆/၂၀၁၃ အမိန့်ကို ပြင်ဆင်မှု အထက်အမည်ပါအမှုမှ အမှတ်(၂) လျှောက်ထားခံရသူ ဒေါ်ခင်သိန်း(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ယခုအမှုတွင် ရန်ကုန်တောင်ပိုင်းခရိုင် တရားရုံးတော်မှ ချမှတ်ပေးသည့်အမိန့်ကို လျှောက်ထားသူက ပြင်ဆင်မှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်တမ်းတင်စာရင်းသွင်း၍ ဤပြင်ဆင်မှုကို ၂၀၁၄ ခုနှစ်၊ မတ် ၁၄ ရက် (၁၃၇၅ ခုနှစ် တပေါင်းလဆန်း ၁၄ ရက်)တွင် ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ပြင်ဆင်မှုတွင် သင့်အတွက် ရွက်ဆောင်ရန် တရားဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ ဤရုံးသို့ မလာမရောက်ရှိခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်၏မျက်ကွယ်တွင် စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၁ ရက်တွင် ဤရုံးတော်တံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

အမိန့်အရ-

(ကျော်စွာငြိမ်း)
ဒုတိယညွှန်ကြားရေးမှူး
တိုင်းဒေသကြီးတရားလွှတ်တော်

ကန့်ကွက်ရန်ကြေညာခြင်း

ညောင်ဦးမြို့နယ်၊ ပုဂံမြို့၊ ကျန်စစ်သားရပ်ကွက်၊ ပျူစောထီးရပ်၊ ကွင်း/အကွက် အမှတ်နှင့်အမည်(ပျူစောထီးရပ်)ရှိ ဦးပိုင် ၂၃၊ ဧရိယာ ၀ဒသမ ၁၁၁ဧက၊ ဦးရဲမြင့် ဦးပိုင် ၃၇၊ ဧရိယာ ၀ ဒသမ ၁၁၁ ဧက၊ ဦးစိုးမြင့် ဦးပိုင် ၃၈၊ ဧရိယာ ၀ ဒသမ ၁၁၁ဧက၊ ဦးဝင်းအောင်တို့ပိုင်ဆိုင်သည့် မြေကွက်များအား မူလပိုင်ရှင်များထံမှ ဦးကျော်စွာမင်း ၉/ညဥန(နိုင်)၀၂၈၂၄၇ (အမြဲတမ်းနေရပ်)၊ တိုက် ၆၊ အခန်း ၂၉၊ ရွှေဂုံရိပ်မွန်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့က ညောင်ဦးမြို့နယ်၊ စာချုပ်စာတမ်းမှတ်ပုံတင် ဦးစီးမှူးရုံး၌ မြေကွက်အကျိုးခံစားခွင့်လွှဲပြောင်းရယူခဲ့ပြီးဖြစ်ရာ ယခုအခါ မြေငှားဂရန် စာချုပ်မူရင်းများ ပျောက်ဆုံးနေပါသဖြင့် မြေငှားဂရန် စာချုပ်မိတ္တူကူးယူခွင့်ပြုနိုင်ပါရန် သက်ဆိုင်ရာ တရားရုံးကျမ်းကျိန်လွှာနှင့်အတူ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ပုဂံရဲတပ်ဖွဲ့စခန်းထောက်ခံချက်နှင့်အတူ ပူးတွဲဖော်ပြလျှောက်ထားခဲ့ရာ ညောင်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြေငှားဂရန်မူရင်းစာချုပ်များ ပျောက်ဆုံးနေ၍ ဂရန်မူရင်းအစားထိုး ထုတ်ပေးပါရန် လျှောက်ထားလာမှုအပေါ် မည်သူမဆို ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အကြောင်းပြချက် စာရွက်စာတမ်းများ ယူဆောင်၍ ကန့်ကွက်လွှာ ၁၃-၉-၂၀၁၃ ရက်အတွင်း စတင်ကြော်ငြာသည့်ရက်အတွင်းမှ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာထားရှိပြီးဖြစ်သည့်အပေါ် မြေငှားဂရန်မူရင်းလျှောက်ထားမှုအပေါ် ကန့်ကွက်ရန်ရှိပါက ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ထပ်ဆင့်ကြေညာအပ်ပါသည်။

ဦးကျော်စွာမင်း ၉/ညဥန(နိုင်)၀၂၈၂၄၇
ဖုန်း-၀၉-၅၁၂၄၃၉၂

မြန်မာ့အလင်း

၂၀၁၄ခုနှစ်၊ ဖေဖော်ဝါရီ ၂၈ ရက်၊ သောကြာနေ့။

SUPER
ရူပါကွေကာ

လူမှုစီးပွား

မောရှမ်းမြေပန်းရန့်သင်း၍ မီးရောင်ထိန်လင်းနေပြီဖြစ်သော နမ့်ခမ်းနယ်စပ်ကျေးရွာအလှ

စာ - ၄

လူမှုစီးပွား

စိုက်ပျိုးကြီးပွား ကော့ကရိတ်သား

စာ - ၅

ပြည်တွင်းရေးရာ

စဉ့်ကူးမြို့နယ် ထုံးကြီးတိုက်နယ် ဆေးရုံတွင် (၁၆)ခုတင်ဆံ့ဆေးရုံတိုးချဲ့တည်ဆောက်မှု ဇွန်လတွင် ပြီးစီးမည်

စာ - ၆

စတုတ္ထနေရာအတွက် အပြိုင်ရှိနေတဲ့ လီဗာပူး၊မန်ယူ စပါးနဲ့အဲဗာတန်

စာ - ၂

FULHAM VS CHELSEA

DATE - 1 MARCH 2014
KICK-OFF - 21:30
VENUE - CRAVEN COTTAGE

ကက်ပီတယ်ဝမ်းဖလား ဗိုလ်လုပွဲနှင့် ရှေ့ဆုံးတွက်ရှ မရှုံးသေးသော ဆန်းဒါးလန်း

စာ - ၂၇

အက်ဖ်ဘီအိုင်က လုပ်ပွဲအဖြစ် သံသယရှိနေခဲ့သည့် မိုဟာမက်အလီနှင့် ဆန်နီလစ္စတန်တို့၏ ပွဲအတွက် မသင်္ကာစရာ အချက်အလက်သစ်များ ထွက်ပေါ်လာ

စာ - ၇

နှစ်တိုင်း အဆင့် ၄ နေရာရရှိဖို့အတွက် ယှဉ်ပြိုင်ကစားနေကြခြင်းဟာလည်း ဆုဖလားရရှိနိုင်ဖို့နဲ့တန်းမဆင်းရရေးအတွက် ကြိုးစားနေကြခြင်းတွေလိုပဲ စိတ်ဝင်စားဖွယ်ကောင်းနေပါတယ်။ ဒီနှစ်ရာသီမှာတော့ ပရီမီယာလိဂ်အဆင့် ၄ ဝင်ရောက်နိုင်ဖို့ရှိတဲ့ အသင်းလေးသင်း ရှိနေပါတယ်။ အဲဒါတွေကတော့····။

စတုတ္ထနေရာအတွက် အပြိုင်ရှိနေတဲ့ လီဗာပူး၊ မန်ယူ၊ စပါးနဲ့ အဲဗာတန်

အောင်က

အားသာမှု- လီဗာပူးအသင်းရဲ့ တိုက်စစ်ဟာ ပရီမီယာလိဂ်မှာတော့ အကောင်းဆုံးလို့ ပြောနိုင်ပါတယ်။ စတာရစ်၊ ဆွာရက်ဇ်၊ စတားလင်းနဲ့ ကော်တင်ဟိုတို့ကလည်း ပွဲတိုင်းနီးပါး ဂိုးတွေ သွင်းယူနိုင်တာကိုတွေ့ရပါတယ်။ ဒါ့အပြင် ကွင်းလယ်ပိုင်းကိုကြည့်မယ်ဆိုရင်လည်း ဟန်ဒါဆန်နဲ့ဝါရင့်ကစားသမား ဂျရတ်တို့က အကောင်းဆုံး တွဲဖက်ကစားနိုင်တာကိုတွေ့ရပါတယ်။

အားနည်းချက်- လီဗာပူးအသင်းရဲ့ ဂိုးသမား မစ်နိုလက်ဟာကမ္ဘာ့ထိပ်တန်းအဆင့်ရှိတဲ့ ကစားသမားတစ်ဦးဖြစ်ပေမယ့် တစ်ခါတစ်ရံမထင်မှတ်တဲ့ အမှားတွေပြုလုပ်လေ့ရှိတာကိုတော့ တွေ့ရပါတယ်။ ဒါ့အပြင် လီဗာပူးအသင်းရဲ့ နောက်တန်း ခံစစ်မှူးကိုလိုတိုရေးဟာလည်း အသင်းရဲ့ခံစစ်ပိုင်းအတွက် အားကိုးရပေမယ့် တစ်ခါတစ်ရံဖြစ်တတ်တဲ့ အမှားတွေကတော့အသင်းရဲ့ ရလဒ်တွေကိုတောင် ပြောင်းလဲသွားခဲ့ပါတယ်။

အဓိကကစားသမား အဂ္ဂါ

ဒီနှစ်ရာသီမှာ လီဗာပူးအသင်းရဲ့ ကစားခဲ့တဲ့ပွဲတွေကိုကြည့်မယ်ဆိုရင် ခံစစ်ပိုင်းအားနည်းမှုတွေရှိနေတာကို တွေ့မြင်ရမှာပါ။ ဒါပေမယ့် အသင်းရဲ့ နောက်တန်းမှာ အဂ္ဂါသာအကောင်းဆုံး ကစားနိုင်နေတယ်ဆိုရင်တော့ လီဗာပူးအသင်းရဲ့ခံစစ်ပိုင်းဟာ အကောင်းဆုံးရှိနေမယ်ဆိုတာသေချာပါတယ်။



အဂ္ဂါ

ခန့်မှန်းမှု အဆင့် ၄

လီဗာပူးအသင်းဟာ ဒီနှစ်ရာသီမှာ ဆုဖလားရယူဖို့အတွက် ယှဉ်ပြိုင်နိုင်တဲ့အသင်းဖြစ်တာကြောင့် လာမယ့်နှစ်မှာတော့ ချန်ပီယံလိဂ်ကို ပြန်လည်ရောက်ရှိလာမယ့် အသင်းအဖြစ်ရှိနေပါတယ်။

စပါး

အားသာမှု- စပါးအသင်း မန်နေဂျာသစ် တင်ရှားဝုဒ်ဟာ အသင်းကိုရလဒ်ကောင်း ပြန်လည်ရရှိဖို့အတွက် ကြိုးစားနေတဲ့ မန်နေဂျာတစ်ဦးဖြစ်ပါတယ်။ ဒါ့အပြင် ပြီးခဲ့တဲ့နွေရာသီက ငွေကြေး အလွန်အမင်းသုံးစွဲထားတာကြောင့် အသင်းရဲ့အင်အားဟာ တောင့်တင်းမှုရှိနေတယ်လို့လည်းပြောနိုင်ပါတယ်။

အားနည်းမှု- စပါးအသင်းမှာ ဂိုးရရှိဖို့အတွက် ဖန်တီးပေးနိုင်မှုနည်းပါးပါတယ်။ ဂိုးရရှိဖို့အတွက်ဖန်တီးပေးနိုင်စွမ်း အားကောင်းတဲ့ အဲရစ်ဆင်တောင်မှာ ဒီနှစ်ရာသီမှာ စပါးအသင်းအတွက် လေးကြိမ်သာပံ့ပိုးပေးနိုင်တာကို တွေ့ရပါတယ်။ ဒါ့အပြင် ချက်ဒ်လီနဲ့ လာမယ်လာတို့ကလည်း ဂါရတ်ဘေးလ်ထွက်သွားတဲ့ နေရာအတွက် အကောင်းဆုံးအစားထိုးကစားနိုင်ခြင်း မရှိတာကိုလည်း တွေ့ရပါတယ်။

အဓိကကစားသမား အဒီဘာယော

အပယ်ခံဘဝကနေအသင်းမှာ ပြန်လည်ကစားလာနိုင်တဲ့ တိုက်စစ်မှူး အဒီဘာယော ဟာ ပြန်လည်ကစားလာနိုင်ပြီးတဲ့ နောက်မှာတော့ အသင်းအတွက် အရေးကြီးတဲ့ သွင်းဂိုးတွေကို သွင်းယူပေးတဲ့ကစားသမားတစ်ဦးဖြစ်ပါတယ်။

အဒီဘာယော

ခန့်မှန်းမှု အဆင့် ၆

စပါးအသင်းအနေနဲ့ခံစစ်ပိုင်း အားနည်းမှုတွေကြောင့် ဒီနှစ်ရာသီကုန်မှာတော့ ယူရိုပါလိဂ်မှာပဲဆက်လက် ကစားဖို့ရှိနေနိုင်ပါတယ်။

အဲဗာတန်

အားသာမှု- အဲဗာတန်အသင်းဟာ ခံစစ်အားကောင်းတဲ့အသင်းတစ်သင်းလို့ ပြောရမှာပါ။ ဒါ့အပြင် မန်နေဂျာ မာတီနက်ဇ်ကလည်း အသင်းမှာ ကမ္ဘာ့အဆင့်မီ ကစားသမားမရှိပေမယ့် အသင်းရဲ့အင်အားကို အကောင်းဆုံး ချိန်ညှိပြီးရလဒ်ကောင်းတွေရရှိဖို့အတွက် ကြိုးစားကိုင်တွယ်နေတဲ့ မန်နေဂျာတစ်ဦးပါ။

အားနည်းမှု- အဲဗာတန်အသင်းရဲ့ အဓိကအားထားရတဲ့ တိုက်စစ်မှူး လူကာကူဟာအသင်း

ရိုစ်ဘာကလေ

ရဲ့နောက်ဆုံး ၁၀ပွဲမှာ ၁ဂိုးသာသွင်းယူထားနိုင်ပြီး နေးလ်စမစ်နဲ့ ဆောင်းရာသီက အသစ်ခေါ်ယူခဲ့တဲ့ ထရာအိုရီတို့ဟာလည်း အသင်းအတွက် လုံလောက်တဲ့ အားကိုးရခြင်းမရှိတာကြောင့် လူကာကူအနေနဲ့ပုံမှန် ခြေစွမ်းပြန်လည်ရရှိမှသာ အဲဗာတန်အသင်းအတွက် ချန်ပီယံလိဂ်ဝင်ခွင့် အတွက် မျှော်လင့်ချက်ရှိမှာလည်းဖြစ်ပါတယ်။

အဓိကကစားသမား ရို့စ်ဘာကလေ

ရို့စ်ဘာကလေဟာ လူငယ်ကစားသမားတစ်ဦးဖြစ်ပေမယ့် ဒီရာသီမှာတော့ အသင်းအတွက် အရေးပါတဲ့ကစားသမားအဖြစ် ကစားနိုင်တာကို တွေ့ရပါတယ်။

ခန့်မှန်းမှု အဆင့် ၇

ဒီနှစ်ရာသီကိုကြည့်မယ်ဆိုရင်တော့ အဲဗာတန်အသင်းဟာ အရည်အချင်းရှိတဲ့ အသင်းတစ်သင်းဖြစ်တာကို တွေ့ရမှာပါ။ ဒါပေမယ့် အသင်းရဲ့အခြေအနေကို အကောင်းဆုံးထိန်းထားနိုင်ခြင်းမရှိတာကိုတော့ တွေ့ရပါတယ်။

မန်ယူ

အားသာမှု-ဘယ်လိုဝေဖန်မှုတွေ ရှိနေပါစေမန်ယူအသင်းဟာ ပရီမီယာလိဂ်ရဲ့ လက်ရှိချန်ပီယံဆိုတာကိုတော့မမေ့သင့်ပါဘူး။ ဖယ်လာနီနဲ့မာတာတို့ဟာ အသင်းရဲ့ရလဒ်တွေကို ပြောင်းလဲပေးနိုင်တာကိုလည်း တွေ့နိုင်ပါတယ်။ ဒါကြောင့် သူတို့သာအကောင်းဆုံးကစားနိုင်နေမယ်ဆိုရင် အသင်းဟာချန် ပီယံလိဂ်ဝင်ခွင့်ရရှိဖို့အတွက် မျှော်လင့်ချက်ရှိနိုင်ပါတယ်။

အားနည်းမှု- ဖယ်လာနီဟာမန်ယူအသင်းမှာအကောင်းဆုံးခြေစွမ်းပြကစားနိုင်ခြင်းမရှိတာကိုတွေ့ရပါတယ်။ ဒါ့အပြင် မိုယက်စ်ရဲ့နည်းဗျူဟာပိုင်းဟာလည်း အသင်းနဲ့အသားကျခြင်းမရှိတာကို တွေ့ရပါတယ်။

အဓိကကစားသမား ရွန်းနေ

ဗန်ပါစီက ဂိုးတွေသွင်းယူပေးနိုင်ပြီး မာတာဟာဂိုးရရှိအောင် ဖန်တီးပေးနိုင်စွမ်းရှိပါတယ်။ ဒါပေမယ့် အဲဒီအရာ နှစ်မျိုးစလုံးကို လုပ်ဆောင်ပေးနိုင်တဲ့ ရွန်းနေလိုကစားသမားတစ်ဦးရှိတာကတော့ မန်ယူအသင်းအတွက် ကံကောင်းခြင်းလို့ပြောရမှာပါ။



ရွန်းနေ

ခန့်မှန်းမှု အဆင့် ၅

မန်ယူအသင်းအနေနဲ့ လက်ရှိကစားပုံကို ကြည့်မယ်ဆိုရင်တော့ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိဖို့ ကတော့မလွယ်ကူပါဘူး။ ဒါပေမယ့် ဒီနှစ်ချန်ပီယံလိဂ်မှာသာ အောင်မြင်မှုရရှိခဲ့မယ်ဆိုရင်တော့ အဖြေဟာ တစ်မျိုးတစ်ဖုံပြောင်းလဲနိုင်ပါတယ်။

ပိုယက်စ်

ပယ်လီဂရီနီ

ကက်ပီတယ်ဝမ်းဖလားဗိုလ်လုပွဲနှင့် လျှော့တွက်၍မရသော ဆန်းဒါးလန်း

လာမည့် မတ်လ ၂ ရက်တွင် အင်္ဂလန်ဘောလုံးလောက၏ ရှုံးထွက်ပြိုင်ပွဲတစ်ရပ်ဖြစ်သော ကက်ပီတယ်ဝမ်းဖလားပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ဝင်ဘလေကွင်းအတွင်း ကျင်းပသွားတော့မည်ဖြစ်သည်။ အဆိုပါပွဲတွင် လက်ရှိအင်္ဂလန်ဘောလုံးလောကနှင့် အသင်းကြီးစာရင်းဝင် တစ်သင်းဖြစ်နေသော မန်စီးတီးနှင့် ယခုနှစ်ပရီမီယာလိဂ်ပြိုင်ပွဲတွင် တန်းမဆင်းရရန် ရုန်းကန်နေရသော ဆန်းဒါးလန်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ အားလုံးကထိုပွဲတွင် မန်စီးတီးသာ အနိုင်ရဗိုလ်စွဲသွားမည်ဟု ယူဆလျက်ရှိကြသည်။

သို့သော် အင်္ဂလန်ဘောလုံးလောက၏ ရှုံးထွက်ပြိုင်ပွဲများ၌ ဗိုလ်လုပွဲအဆင့်များတွင် မထင်မှတ်သည့် ရလဒ်များ ဖြစ်ပေါ်ခဲ့ဖူးသည်ကို မေ့လို့မရ။ အနီးကပ်ဆုံးဖြစ်ရပ်ကို ညွှန်းဆိုပြရလျှင် ယမန်နှစ်အက်ဖ်အေဖလား ဗိုလ်လုပွဲတွင် တန်းမဆင်းရရန် ရုန်းကန်နေရသည့် ဝီဂန်က မန်စီးတီးကို အနိုင်ယူ ဗိုလ်စွဲနိုင်ခဲ့ဖူးသည်။ ထို့အပြင် ၂၀၁၁ ခုနှစ် ကက်ပီတယ်ဝမ်းဖလား ဗိုလ်လုပွဲ၌ အသင်းငယ်လေး ဘာမင်ဂမ်ကအသင်းကြီးဖြစ်သော အာဆင်နယ်ကို အနိုင်ရခဲ့ဖူးသည်။ ထို့အပြင် ၂၀၀၂ ခု နှစ် ကက်ပီတယ်ဝမ်းဖလား ဗိုလ်လုပွဲ၌လည်း ဘလက်ဘန်းက စပါးကို အနိုင်ယူ ဗိုလ်စွဲခဲ့ဖူးရာ ယခုနှစ်ဗိုလ်လုပွဲတွင်လည်း ဆန်းဒါးလန်းအနေဖြင့် ထိုသို့သော ဆောင်ရွက်မှုမျိုး မဆောင်ရွက်နိုင်ဟု ယတိပြတ်ပြော၍ မရပေ။

ယုံကြည်မှု၏ စေစားရာ

အထူးသဖြင့် ဆန်းဒါးလန်းသည် ယခုနှစ်ပရီမီယာလိဂ်တွင် တန်းမဆင်းရရန်ပင် ရုန်းကန်နေရသည်က မှန်သည်။ သို့သော် ကက်ပီတယ်ဝမ်းဖလားပြိုင်ပွဲတွင်မူ မန်ယူ၊ ချယ်လ်ဆီးတို့ကဲ့သို့သော အသင်းကြီးများကို ကျော်ဖြတ်၍ ယခုအဆင့်သို့ တက်လှမ်းလာနိုင်ခဲ့ခြင်းဖြစ်သည်။ ဆိုရလျှင် ဆန်းဒါးလန်း၏ ခြေစွမ်း၊ စုဖွဲ့မှုများအရ ထိုအသင်းများကို ကျော်ဖြတ်ရန်မှာ မဖြစ်နိုင်သောအခြေအနေတွင် ရှိပါလျက် ယခုကဲ့သို့ ကျော်ဖြတ်လာနိုင်ခြင်းမှာ သူတို့၏ တစ်ဆင့်ပြီး တစ်ဆင့်ရရှိလာခဲ့သော ယုံကြည်မှုကြောင့်ဟု ဆိုသော် လွန်မည်မထင်ပေ။

ဆိုရသော်ယခုဗိုလ်လုပွဲတွင်လည်း ဆန်းဒါးလန်းအနေဖြင့် ထိုအသင်းများကို ကျော်ဖြတ်လာနိုင်ခြင်းကြောင့် ယုံကြည်မှုများပို၍ပင် ခိုင်မာလျက်ရှိနိုင်သည်။ ဘောလုံးလောကတွင် ပွဲတစ်ပွဲ၌ ရလဒ်ကောင်းရယူနိုင်ပြီး အောင်မြင်မှုရရှိရန်မှာ ခြေစွမ်းတစ်ခုတည်း ပြည့်စုံ၍မရ။ စိတ်ဓာတ်ခွန်အားသည် အရေးကြီးသော အခန်းကဏ္ဍက အကျုံးဝင်လျက်ရှိသည်။ အသင်းတစ်သင်းတွင် နိုင်လိုစိတ် ပြင်းပြမှုရှိသည့်အပြင် မိမိ၏ စွမ်းဆောင်နိုင်မှုများအပေါ် ယုံကြည်ချက်မြင့်မားနေမည်ဆိုပါက သာမန်ခြေစွမ်းသာရှိသော အသင်းတစ်သင်းသည်ပင်လျှင် အကောင်းဆုံးခြေစွမ်းကို မထင်မှတ်ဘဲ ထုတ်ပြနိုင်ခြေရှိသည်။

ပြောချင်သည်မှာ ဆန်းဒါးလန်းသည် ယခုကဲ့သို့ ဗိုလ်လုပွဲကို တက်ရောက်လာနိုင်ရေးအတွက် မန်စီးတီးနှင့် အဆင့်တူအသင်းများကို ကျော်ဖြတ်ခဲ့ပြီးဖြစ်သည်။ ထိုကြောင့် သူတို့တွင် သူတို့ထက် ပိုမိုပြည့်စုံသည့် အသင်းများကို ကျော်ဖြတ်ခဲ့မှုနှင့်အတူ ယုံကြည်မှုများလည်း ပိုမိုခိုင်မာလျက်ရှိနေသည်။ ထို့အပြင် သူတို့တွင် ထိုယုံကြည်မှုအား ပံ့ပိုးပေးမည့် နိုင်လိုစိတ်တစ်ခုလည်းရှိနေသည်။ အထူးသဖြင့် သူတို့သည် ဆုဖလားတစ်လုံးနှင့် ဝေးကွာခဲ့သည်မှာ နှစ်ပေါင်း ၄၀ ကျော်ပင် ကြာခဲ့ပြီဖြစ်သည်။

နိုင်လိုစိတ်နှင့် ဖိအားကင်းမှု

ဆိုရလျှင် ဆန်းဒါးလန်းအနေဖြင့် ၁၉၇၃ ခုနှစ်၌ အက်ဖ်အေဖလားကို ရယူနိုင်ခဲ့ပြီးသည့်နောက် ယခုကဲ့သို့ဆုဖလားတစ်လုံးနှင့် အနီးစပ်ဆုံးနေရာသို့ ရောက်ရှိလာခြင်းမှာ ယခုတစ်ကြိမ်သည် အဆိုပါနှစ် ၄၀ ကျော်အတွင်း တတိယအကြိမ် ဖြစ်သည်။ ၁၉၈၅ နှင့် ၁၉၉၂ တို့တွင် ဆန်းဒါးလန်းသည် ကက်ပီတယ်ဝမ်းနှင့် အက်ဖ်အေဖလားတို့၌ ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သော်လည်း အောင်မြင်မှုမရခဲ့။ အရှင်းဆုံးပြောရလျှင် နှစ် ၄၀ ကျော်အတွင်း ဆုဖလားတစ်လုံးနှင့် အနီးစပ်ဆုံးနေရာသို့ သုံးကြိမ်သာ တက်ရောက်နိုင်ခဲ့ခြင်းမှာ ဆန်းဒါးလန်းအနေဖြင့် အောင်ပွဲတစ်ခုရယူရန် မည်မျှခက်ခဲစွာရုန်းကန်ရသည်ကို ထင်ထင်ရှားရှားတွေ့နိုင်ပေသည်။ ထိုအထဲတွင် ပထမနှစ်ကြိမ်သည်မျှော်လင့်သည့် အောင်မြင်မှု မရခဲ့ပေရာ ယခုတတိယအကြိမ်၌ ရရှိလာသည့် ရတောင့်ရခဲအခွင့်အရေးကို လက်လွှတ်မခံစတမ်းအသုံးချလိုစိတ်ရှိမည်က သေချာနေသည်။ ထိုစိတ်သည် နိုင်လိုစိတ်ဖြစ်သကဲ့သို့ အဆိုပါ နိုင်လိုစိတ်ကို ယုံကြည်မှုနှင့် ပေါင်းဖက်မည်ဆိုပါက ဆန်းဒါးလန်းသည် ဝီဂန်၊ ဘာမင်ဂမ်၊ ဘလက်ဘန်းတို့ကဲ့သို့ မဆောင်ရွက်နိုင်ဟု မည်သူမျှပြော၍မရပေ။

အထူးသဖြင့် ဆန်းဒါးလန်းသည် ထိုပွဲ၌ မန်စီးတီးထက် ဖိအားပို၍လျော့ပါးနိုင်သော အခြေအနေတွင်လည်းရှိသည်။ မန်စီးတီးသည် အင်္ဂလန်ဘောလုံးလောက၏ အသင်းကြီးစာရင်းဝင်ဖြစ်သည်။ ဆုဖလားများရယူရန်လည်း ရည်မှန်းချက်ပြင်းထန်သကဲ့သို့ အသင်းအသိုင်းအဝိုင်းနှင့် ပရိသတ်များကလည်း ဆုဖလားကို ပြင်းပြင်းထန်ထန် အလိုရှိကြသည်။ ထို့ကြောင့် အဆိုပါအခြေအနေသည် မန်စီးတီးအတွက် ဖိအားဖြစ်သည်။ ဆုဖလားမရ၍မဖြစ်ဟူသော စိုးရိမ်စိတ်ရှိသည်။ ဆန်းဒါးလန်းတွင်မူ ထိုသို့သော အခြေအနေမျိုးမရှိ။ သူတို့ရင်ဆိုင်ရသည့် ပြိုင်ဘက်သည် သူတို့ထက် အစစအားသာမှုရှိသောအသင်းဖြစ်သည်။ ထို့ပြင် သူတို့၏ စုဖွဲ့မှုနှင့် သူတို့၏ အဆင့်အတန်းအရ ဆုဖလားတစ်လုံးရရှိရေးမှာ အပြင်းထန်ဆုံးသောရည်မှန်းချက်မဟုတ်။ ပရိသတ်ကအစ အသင်းအသိုင်းအဝိုင်းအဆုံး ယခုအဆင့်သို့ ရောက်ရှိလာခြင်းကိုပင် ကျေနပ်လျက်ရှိကြသည်။ ထို့ကြောင့် ဆန်းဒါးလန်းတွင် မနိုင်မဖြစ်နိုင်ရမည်ဟူသော ဖိအားမရှိ။ ထို့ကြောင့် စိတ်လက်ပေါ့ပါးစွာဖြင့် ကစားနိုင်စွမ်းလည်းရှိသည်။ ထိုသို့သော ဖိအားမရှိခြင်းကလည်း ခြေစွမ်းကို ပိုမို၍ကောင်းမွန်စေပေရာ ကျင်းပတော့မည့် ကက်ပီတယ်ဝမ်းဖလား ဗိုလ်လုပွဲတွင် ဆန်းဒါးလန်းအား အထင်သေး၍ ရမည်မဟုတ်ပေ။

အံ့သြဖွယ်မဟုတ်သောအခြေအနေ

ဆိုရသော် မန်စီးတီးသည် လက်ရှိအချိန်၌ ဆန်းဒါးလန်းထက် အစစအားသာမှုရှိသည်။ ကစားသမားအင်အား၊ အသင်းလိုက် အရည်အသွေးအားလုံး ဆန်းဒါးလန်းထက် ထင်ထင်ရှားရှားကို ပိုမိုတောင့်တင်းသည်။ ယခုကက်ပီတယ်ဝမ်းဖလား၏ ဗိုလ်လုပွဲသို့ တက်လာရာ၌လည်း မန်စီးတီးသည် အကောင်းဆုံး ခြေစွမ်းများကို ထုတ်ပြနိုင်ခဲ့သော အသင်းဖြစ်သည်။ ဆီမီးဖိုင်နယ်အဆင့်တွင် ဝက်စ်ဟမ်းကို နှစ်ကျော့ပေါင်း ကိုးဂိုးသွင်းပြသကဲ့သို့ ပြိုင်ပွဲတစ်ရပ်လုံး၌ ၁၉ ဂိုးသွင်းခဲ့သည့်အသင်းဖြစ်သည်။ ထို့အပြင် အဆိုပါပြိုင်ပွဲတစ်ရပ်လုံး၌လည်း တစ်ဂိုးသာပြန်ပေးခဲ့ရပေရာ မန်စီးတီး၏ စွမ်းဆောင်မှုသည် ချန်ပီယံဖြစ်လောက်သော စွမ်းဆောင်မှုဟု ဆိုသော်မမှားပေ။

သို့သော်လက်ရှိအချိန်တွင် မန်စီးတီးသည် အဂူရိုဒဏ်ရာရရှိမှုနှင့်အတူ တိုက်စစ်ပိုင်းစွမ်းဆောင်ရည်မထင်မှတ်ဘဲ ကျဆင်းလျက်ရှိသည်။ ပြိုင်ပွဲအရပ်ရပ် နောက်ဆုံးကစားခဲ့သည့် ငါးပွဲတွင် မန်စီးတီးသည် နှစ်ပွဲသာ ဂိုးသွင်းနိုင်ခဲ့သည်။ နောက်ဆုံးကစားခဲ့သော စတုတ်နှင့်ပွဲဆိုလျှင် တစ်ဂိုးရရှိရန်ပင် ခက်ခက်ခဲခဲရုန်းကန်ခဲ့ရသည်။ ယာယာတိုရေး ဂိုးသွင်းယူပေး၍သာ နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ တိုက်စစ်မှူးဇက်ကိုသည် ဂိုးသမားမရှိတော့သော ဂိုးပေါက်ထဲသို့ နှစ်ကိုက်အကွာမှ အဆုံးသတ်ခွင့်ရရှိခဲ့သည်ကိုပင် ဂိုးအဖြစ် ပြောင်းလဲနိုင်စွမ်းမရှိ လောက်အောင်ပင် အဆုံးသတ်ပိုင်း အားနည်းခဲ့သည်ကို တွေ့ရသည်။

ထိုအချိန်သည် ဆန်းဒါးလန်းသည် အာဆင်နယ်ကို ၄-၁ ဖြင့် ရှုံးခဲ့သည်က မှန်သည်။ သို့သော်ပြောခဲ့ပြီးသလို ကက်ပီတယ်ဝမ်းဖလား၌ သူတို့၏ ယုံကြည်မှုသည် ပရီမီယာလိဂ်နှင့်မတူ။ မန်ယူ၊ ချယ်လ်ဆီးကဲ့သို့သော အသင်းများကို အနိုင်ယူခဲ့မှုနှင့်အတူ ယုံကြည်မှုပြင်းထန်လျက်ရှိသည်။ ထိုသို့သော ယုံကြည်မှုနှင့် လွတ်လပ်စွာကစားနိုင်ခွင့်ကို နိုင်လိုစိတ်နှင့် ပေါင်းဖက်တုံ့ပြန်မည်ဆိုပါက မန်စီးတီး၏ လက်ရှိဂိုးသွင်းနှုန်းကျဆင်းနေမှုအရ ဆန်းဒါးလန်းတွင် အခွင့်အရေးမရှိဟု မည်သူပြောမည်နည်း။ မည်သို့မျှပြော၍မရ။

အချုပ်ဆိုရသော် လာမည့်မတ်လ ၂ ရက်တွင် ဝင်ဘလေကွင်း၌ ကက်ပီတယ်ဝမ်းဖလား ဗိုလ်လုပွဲအဖြစ် မန်စီးတီးနှင့် ဆန်းဒါးလန်းတို့ ယှဉ်ပြိုင်ကစားပေတော့မည်။ လက်ရှိအချိန်တွင် မန်စီးတီးသည် ရေပန်းစားနေသကဲ့သို့ ဗိုလ်စွဲရန်လည်း အခွင့်အရေးအများအပြားရှိနေသည်မှာ မှန်သော်လည်း အကယ်၍ ယမန်နှစ်က ဝီဂန် ဗိုလ်စွဲသကဲ့သို့ မထင်မှတ်သော ရလဒ်တစ်ခု ပေါ်ပေါက်လာမည်ဆိုပါကလည်း အံ့သြဖွယ်ရာ မဟုတ်ဟုသာ ဆိုချင်မိတော့သည်။

လင်းဆက်

မန်စီးတီး၏ ကက်ပီတယ်ဝမ်းဖလားခြေစွမ်း

မန်စီးတီး	၅-၀	ဝီဂန်
ကာဆယ်	၀-၂	မန်စီးတီး(E)
လက်စတာ	၁-၃	မန်စီးတီး
မန်စီးတီး	၆-၀	ဝက်စ်ဟမ်း
ဝက်စ်ဟမ်း	၀-၃	မန်စီးတီး

ဆန်းဒါးလန်း၏ ကက်ပီတယ်ဝမ်းဖလားခြေစွမ်း

ဆန်းဒါးလန်း	၄-၂	မီလ်တန်
ဆန်းဒါးလန်း	၂-၀	ပီတာဘရော့
ဆန်းဒါးလန်း	၂-၁	ဆောက်သမ်
ဆန်းဒါးလန်း	၂-၁	ချယ်လ်ဆီး (E)
ဆန်းဒါးလန်း	၂-၁	မန်ယူ
မန်ယူ	၂-၁	ဆန်းဒါးလန်း (E)

(P-1-2)

FBI က လုပ်ပွဲအဖြစ် သံသယရှိနေခဲ့သည့် မိုဟာမက်အလီနှင့် ဆန်နီလစ္စတန်တို့ပွဲအတွက် မသင်္ကာစရာအချက်အလက်သစ်များ ထွက်ပေါ်လာ

FBI က လုပ်ပွဲတစ်ပွဲအဖြစ် ကာလရှည် သံသယရှိနေခဲ့သည့် ၁၉၆၄ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် ကက်ဆီးယက်ကလေး (မိုဟာမက်အလီ)နှင့် ဆန်နီလစ္စတန်တို့ ထိုးသတ်ခဲ့သည့် လက်ဝှေ့ပွဲနှင့် ပတ်သက်၍ မသင်္ကာစရာအချက်အလက်သစ်များ ထပ်မံထွက်ပေါ်လာခဲ့ကြောင်း သတင်းများတွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါပွဲ ထိုးသတ်စဉ်က အသက် ၂၂ နှစ်အရွယ် ကက်ဆီးယက်ကလေးသည် WBC နှင့် WBA ဟဲဗီးဝိတ်လက်ဝှေ့ချန်ပီယံ ဆန်နီလစ္စတန်အား အနိုင်ယူခဲ့ကာ ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံဆုကို ပထမဆုံးအကြိမ် ရရှိခဲ့သည်။ ထိုပွဲ၌ ဆန်နီလစ္စတန်သည် ပခုံးဒဏ်ရာကြောင့် ခုနစ်ချီမြောက်ပွဲအတွက် ထိုးသတ်ခြင်းမရှိခဲ့ဘဲ အရှုံးပေးခဲ့ပြီး ကက်ဆီးယက်ကလေး အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဆန်နီလစ္စတန်က သူသည် ပခုံးဒဏ်ရာကြောင့် ပွဲကို ဆက်လက်ထိုးသတ်နိုင်ခြင်းမရှိခဲ့ကြောင်း ပြောဆိုခဲ့သည်။ Miami Beach Boxing ကော်မရှင်မှ ဆရာဝန်ကလည်း ဆန်နီလစ္စတန်၏ ဘယ်ဘက်ပခုံးအရွတ်စုတ်ပြဲသည့် ဒဏ်ရာရရှိနေခဲ့ကြောင်း အတည်ပြုခဲ့သည်။

သို့သော်လည်း FBI က လက်ဗီးဂက်စ်မှ လောင်းကစားသမားတစ်ဦးဖြစ်ပြီး ဒုစရိုက်ဂိုဏ်းများနှင့်သာမက ဆန်နီလစ္စတန်နှင့်ပါ အဆက်အသွယ်ရှိသူ အက်ရက်စ်နစ်ခ်သည် ကက်ဆီးယက်ကလေးနှင့် ဆန်နီလစ္စတန်တို့ပွဲအား လုပ်ပွဲအဖြစ် ဖန်တီးခဲ့သည်ဟု သံသယရှိနေခဲ့သည်။

စုံစမ်းရေးတာဝန်ရှိသူများသည် အခြားလောင်းကစားသမားတစ်ဦးဖြစ်သူ ဘားနက်မာဂစ်ထံ ဆက်သွယ်စုံစမ်းမှုများမှတစ်ဆင့် အဆိုပါပွဲနှင့်ပတ်သက်၍ မသင်္ကာစရာအချက်အလက်သစ်များ တွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။

မာဂစ်က သူသည် ကက်ဆီးယက်ကလေးနှင့် ဆန်နီလစ္စတန်တို့ ၁၉၆၄ ခုနှစ်အတွင်း ထိုးသတ်ခဲ့သည့်ပွဲမတိုင်မီတွင် ရက်စ်နစ်ခ်နှင့် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း၊ ရက်နစ်ခ်က သူ့အား ဆန်နီလစ္စတန် အနိုင်ရရှိမည့်ဘက်မှ အလောင်းအစားမပြုလုပ်ရန် အပြင်းအထန် တိုက်တွန်းခဲ့ကြောင်း စုံစမ်းရေးတာဝန်ရှိသူများကို ပြောဆိုခဲ့သည်။ ထို့အပြင် ရက်နစ်ခ်နှင့် လစ္စတန်တို့သည် ကက်ဆီးယက်ကလေးဘက်မှ အမေရိကန်ဒေါ်လာ တစ်သန်း အလောင်းအစား ပြုလုပ်ခဲ့သည်ဟုလည်း သတင်းများတွင် ဖော်ပြခဲ့သည်။

သို့သော်လည်း အဆိုပါပွဲသည် လုပ်ပွဲဖြစ်ခဲ့သည့်တိုင် ကက်ဆီးယက်ကလေး (မိုဟာမက်အလီ)သည် ထိုလုပ်ပွဲ ဖန်တီးမှုတွင် ပါဝင်ပတ်သက်ခဲ့သည်ဟူသော အချက်အလက်မတွေ့ရှိရကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။

ကက်ဆီးယက်ကလေးနှင့် လစ္စတန်တို့ပွဲအပြီးတွင် အမေရိကန်ပြည်ထောင်စုအစိုးရ ရှေ့နေ ရစ်ချတ်ဂါစတိန်းကလည်းကောင်း၊ ပွဲအပြီး နောက်သုံးလအကြာတွင် အမေရိကန် ဆီးနိတ်ကော်မရှင်ခွဲတစ်ခုကလည်းကောင်း ထိုပွဲနှင့်ပတ်သက်၍ စုံစမ်းမှုများ ပြုလုပ်ခဲ့သော်လည်း လုပ်ပွဲဖန်တီးခဲ့သည်ဟု အထောက်အထားမတွေ့ရှိခဲ့ရကြောင်း ထိုစဉ်က သတင်းထုတ်ပြန်ခဲ့သည်။

ထက်အောင်

» စာမျက်နှာ ၈ မှ

နာဒယ်လ်သည်ယခုပြိုင်ပွဲမတိုင်မီ ဘရာဇီးနိုင်ငံ၌ လာရောက်ယှဉ်ပြိုင်ခဲ့သည့် ပြိုင်ပွဲနှစ်ခုတွင်လည်း အောင်မြင်မှု ရရှိခဲ့သူဖြစ်သည်။ ယခုနှစ် Rio Open တင်းနစ်ပြိုင်ပွဲ၌ နာဒယ်လ် ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်းသည် ၂၀၀၁ ခုနှစ် နောက် ပိုင်းတွင် ဘရာဇီးနိုင်ငံ၌ ကမ္ဘာ့အဆင့် ၁ တင်းနစ်သမားတစ်ဦး ပထမဆုံးအကြိမ် လာရောက် ယှဉ်ပြိုင်ခြင်း ဖြစ်သည်။ နာဒယ်လ်မတိုင်မီ ဘရာဇီးနိုင်ငံ၌ ကျင်းပသည့် ပြိုင်ပွဲတစ်ခုတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် ကမ္ဘာ့အဆင့် ၁ တင်းနစ်သမားမှာ ဘရာဇီးနိုင်ငံသား ဂူစတာဗိုကူတန်ဖြစ်ပြီး ၂၀၀၁ ခုနှစ် Brasil Open တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။

၂၀၁၄ ခုနှစ် Rio Open တင်းနစ်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ဂျပန်နိုင်ငံသူ ကူရူမီနာရာက အဆိုပါပြိုင်ပွဲ၌ နိုင်ခြေအဆင့် ၁ အဖြစ် သတ်မှတ်ခံခဲ့ရသည့် ချက်နိုင်ငံသူ ကလာရာဇာကိုပါလိုဗာအား ၆-၁၊ ၄-၆၊ ၆-၁ ဖြင့် အနိုင်ရဗိုလ်စွဲသွားခဲ့သည်။

နာဒယ်လ်

လျှပ်စစ်ဥပဒေကြမ်း

လျှပ်စစ်ဥပဒေကြမ်း

၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(-)

၁၃၇၅ ခုနှစ်၊ ---လ ---ရက်

(၂၀၁၃ခုနှစ်၊ ---လ ---ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

(ယခင်အပတ်မှအဆက်)

အခန်း(၂)

ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်အစိုးရ၏ လက်ရှိစီးပွားရေး၊ လူမှုရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာမူဝါဒများနှင့်အညီ စနစ်တကျစီမံခန့်ခွဲခြင်းဖြင့် လျှပ်စစ်ဆိုင်ရာလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်စေရန်။

(ခ) လျှပ်စစ်ဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ နိုင်ငံတော်က ကျင့်သုံးလျက်ရှိသော မူဝါဒများနှင့်အညီ ကြီးကြပ်ကွပ်ကဲရန်။

(ဂ) လျှပ်စစ်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်နှင့် အများပြည်သူတို့ ဆုံးရှုံးမှုမဖြစ်ပေါ်စေရေးအတွက် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး ကြိုတင်ကာကွယ်ရန်နှင့် ထိရောက်သည့် ပြစ်ဒဏ်ပေးမှုများနှင့် တိကျသော နည်းဥပဒေများ ကျင့်သုံးနိုင်ရန်။

(ဃ) လျှပ်စစ်ဆိုင်ရာလုပ်ငန်းများတွင် ပြည်တွင်း၊ ပြည်ပမှရင်းနှီးမြှုပ်နှံမှုများ ပိုမိုပါဝင်လာစေရန်။

(င) လျှပ်စစ်ဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်၍ ခေတ်စနစ်နှင့် ညီညွတ်သော လျှပ်စစ်ဓာတ်အားခနှုန်းထားများ သတ်မှတ်နိုင်ရေးအတွက် လျှပ်စစ်ဓာတ်အားကဏ္ဍ၏ မျှတသော၊ ပွင့်လင်းမြင်သာသော၊ ကျိုးကြောင်းဆီလျော်သော နည်းဥပဒေ စည်းမျဉ်းများရေးဆွဲပြဋ္ဌာန်းပေးနိုင်ရန်။

(စ) မြန်မာနိုင်ငံက အတည်ပြုလက်မှတ်ရေးထိုးထားသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ နိုင်ငံတကာစာချုပ်များနှင့်အညီ လေးစားလိုက်နာဆောင်ရွက်မှု ရှိစေရန်။

အခန်း(၃)

လျှပ်စစ်ဆိုင်ရာလုပ်ငန်းကြီးကြပ်မှု ကော်မရှင်ဖွဲ့စည်းခြင်းနှင့် ကော်မရှင်၏ လုပ်ငန်းတာဝန်များ

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လျှပ်စစ်ဆိုင်ရာလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ လုပ်ဆောင်နိုင်ရန် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်တစ်ဦးအား ဦးဆောင်စေလျက် နည်းပညာကျွမ်းကျင်သူများ၊ အခြားသင့်လျော်သော ပုဂ္ဂိုလ်များဖြင့် အဖွဲ့ဝင် ၅ ဦးမှ ၇ ဦးအထိ ပါဝင်သော လျှပ်စစ်ဆိုင်ရာလုပ်ငန်းကြီးကြပ်မှုကော်မရှင် (Electricity Regulatory Commission)ကို ဖွဲ့စည်းပေးရမည်။

၅။ လျှပ်စစ်ဆိုင်ရာလုပ်ငန်းကြီးကြပ်မှုကော်မရှင်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) အမျိုးသားလျှပ်စစ်စွမ်းအားမူဝါဒ (National Electricity Policy) ကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းတိုင်ပင်ပြုစုရေးဆွဲခြင်း။

(ခ) ခေတ်စနစ်နှင့် ညီညွတ်သော လျှပ်စစ်ဓာတ်အားခနှုန်းထားများ သတ်မှတ်နိုင်ရေးအတွက် လိုအပ်သော လျှပ်စစ်ဓာတ်အားခမူဝါဒ (Electricity Tariff Policy) ဆိုင်ရာ ကိစ္စရပ်များကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ ပြုစုတင်ပြခြင်း။

(ဂ) လျှပ်စစ်ဆိုင်ရာလုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ လမ်းညွှန်ချက်များနှင့်အညီ သက်ဆိုင်ရာ ဝန်ကြီးဌာနများအား လိုအပ်သလို အကြံပေးခြင်း။

(ဃ) လျှပ်စစ်ကဏ္ဍတစ်ခုလုံး၏ အခြေအနေများကို နိုင်ငံတကာ လျှပ်စစ်စံချိန်စံညွှန်းများနှင့် နှိုင်းယှဉ်လေ့လာပြီး စောင့်ကြည့်စစ်ဆေးခြင်း၊ အကဲဖြတ်ခြင်း၊ ပြန်လည်ဆန်းစစ်ခြင်းနှင့် တွေ့ရှိချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများသို့ လိုအပ်သလို ဆောင်ရွက်နိုင်ရန် အကြံပြုခြင်း။

(င) ပုဂ္ဂလိကကုမ္ပဏီများ စတင်ရင်းနှီးမြှုပ်နှံရန်သင့်လျော်သော အခြေအနေများ ဖန်တီးပေးရန်နှင့် လျှပ်စစ်ဓာတ်အားကဏ္ဍ၏နည်းဥပဒေများ လိုက်နာစေရန် ဆောင်ရွက်ခြင်း။

(စ) မျှတသော၊ သင့်လျော်သောနည်းလမ်းများဖြင့် ဘက်လိုက်မှုမရှိဘဲ ဆောင်ရွက်ခြင်း။

(ဆ) အများလက်ခံနိုင်မည့် နည်းဥပဒေများ ကျင့်သုံးလျက် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ခြင်း။

(ဇ) နိုင်ငံတော်ပိုင် အဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ လုပ်ငန်းအဖွဲ့များ၊ အခြားဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

(ဈ) လျှပ်စစ်ဓာတ်အားကဏ္ဍ တိုးတက်စေရန်အတွက် နည်းပညာများ၊ အတတ်ပညာများ ရရှိစေရန် ပြည်တွင်း၊ ပြည်ပမှ ကျွမ်းကျင်သူများ၊ အဖွဲ့အစည်းများနှင့်တိုင်ပင်ဆွေးနွေးခြင်း။

(ည) လျှပ်စစ်ဓာတ်အားစနစ်၏ နည်းပညာဆိုင်ရာစည်းမျဉ်းသစ်များနှင့် စံချိန်စံညွှန်းသစ်များအား ပြုစုရေးဆွဲပြဋ္ဌာန်းခြင်းများအပေါ် ကြီးကြပ်ကွပ်ကဲခြင်း။

(ဋ) လျှပ်စစ်ဓာတ်အားစနစ်နှင့် သင့်တော်သော Grid Code အား ပြင်ဆင်ရေးဆွဲရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ လုပ်ငန်း၊အဖွဲ့များနှင့်ပူးပေါင်းဆောင်ရွက်ခြင်း။

(ဌ) လျှပ်စစ်ဓာတ်အားပေးရေးလုပ်ငန်းများဆောင်ရွက်နေသောဝန်ကြီးဌာနတာဝန်ရှိသူများနှင့်အဖွဲ့အစည်းများသည် ၎င်းတို့၏လုပ်ငန်းများတွင်အသုံးပြုနိုင်သည့်ဝန်ဆောင်မှုစံချိန်စံညွှန်း အရည်အသွေး များအားလိုက်နာစေရန်ကြပ်မတ်ဆောင်ရွက်ခြင်း။

(ဍ) လျှပ်စစ်ဓာတ်အားကဏ္ဍအပေါ် စောင့်ကြည့်စစ်ဆေးခြင်း၊ အကဲဖြတ်ခြင်းနှင့်ပြန်လည်ဆန်းစစ်ခြင်းတို့ကိုရည်ရွယ်၍ နိုင်ငံတကာလျှပ်စစ်လုပ်ငန်းစံချိန်စံညွှန်းများ၊ ဝန်ဆောင်မှုများ၊ဆောင်ရွက်မှုမှတ်တမ်းများနှင့် နှိုင်းယှဉ်ပြီးလျှပ်စစ်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေသော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများ၏ဆောင်ရွက်ချက်များ၊ လျှပ်စစ်ဓာတ်အားစနစ်နှင့် လျှပ်စစ်ဓာတ်အားကဏ္ဍတစ်ခုလုံး၏ ဆောင်ရွက်မှုများနှင့် ပတ်သက်သောသတင်းအချက်အလက်များ၊ စာရင်းအင်းများကိုခွဲခြမ်းစိတ်ဖြာ၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြခြင်း။

(ဎ) ကော်မရှင်၏လုပ်ငန်းတိုးတက်မှုအစီရင်ခံစာကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ နှစ်စဉ်တင်ပြခြင်း။

(ဏ) ဝန်ကြီးဌာန၊ ဦးစီးဌာနများ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများ၏ ဆောင်ရွက်ချက်များမှရရှိလာသည့် သတင်းအချက်အလက်များအား လျှို့ဝှက်ချက်များမှအပ ပညာပေးရေးနှင့် ပွင့်လင်းမြင်သာမှုရှိစေရေး ပြည်သူလူထုသို့အသိပေးခြင်း။

(တ) လျှပ်စစ်ဆိုင်ရာ ပစ္စည်းကိရိယာများထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ အသုံးပြုခြင်းတို့တွင် သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီခြင်း ရှိမရှိ စစ်ဆေးရန် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ အကြံပြုတင်ပြခြင်း။

(ထ) ပြည်ထောင်စုအစိုးရအဖွဲ့ကပေးအပ်သော လျှပ်စစ်ဆိုင်ရာ အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၆။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မရှင်အဖွဲ့ဝင်များသည် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ပေးသည့် ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များကို ခံစားခွင့်ရှိသည်။

အခန်း(၄)

လျှပ်စစ်ဆိုင်ရာလုပ်ငန်း ခွင့်ပြုခွင့်ရှိသည့် အဖွဲ့အစည်းများ

၇။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အောက်ဖော်ပြပါအစိုးရဌာန၊ အဖွဲ့အစည်းများအား လျှပ်စစ်ဆိုင်ရာ လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခွင့်နှင့်စပ်လျဉ်း၍ ခွင့်ပြုနိုင်ရန် အခွင့်အာဏာကို အပ်နှင်းသည်-

(က) သက်ဆိုင်ရာဝန်ကြီးဌာနများ။

(ခ) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ။

(ဂ) သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များ။

၈။ (က) သက်ဆိုင်ရာဝန်ကြီးဌာနသည် ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစား လျှပ်စစ်ဓာတ်အား စူးစမ်းရှာဖွေခြင်း၊ တည်ဆောက်ခြင်း၊ ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းဝယ်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆောင်ရွက် လုပ်ကိုင်ခွင့်ရှိသည်။

(ခ) သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးသည် ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံ လုပ်ကိုင်ဆောင်ရွက်လိုသူများအား လျှပ်စစ်ဆိုင်ရာလုပ်ငန်း လုပ်ကိုင်ခွင့် ထုတ်ပေးခြင်း၊ ကြီးကြပ်စစ်ဆေးခြင်းနှင့် ရုပ်သိမ်းခြင်းများ ပြုလုပ်နိုင်သည်။

၉။ (က) သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးသည် ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစားလျှပ်စစ်ဓာတ်အားနှင့်စပ်လျဉ်း၍ စူးစမ်းရှာဖွေခြင်း၊ တည်ဆောက်ခြင်း၊ ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းဝယ်ခြင်းတို့ ဆောင်ရွက်နိုင်ရန် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ သို့မဟုတ် လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းနိုင်သည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ အစိုးရအဖွဲ့သည် မိမိဒေသအတွင်း ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစားလျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးမှအပ မဟာဓာတ်အားလိုင်းနှင့် ဆက်သွယ်ခြင်းမရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် အလတ်စားနှင့်အသေးစား လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းများကို လုပ်ကိုင်ခွင့်များ ထုတ်ပေးခြင်း၊ ကြီးကြပ်စစ်ဆေးခြင်းနှင့် ရုပ်သိမ်းခြင်းများ ပြုလုပ်နိုင်သည်။

(ဂ) သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့သည် မိမိဒေသအတွင်းရှိ မြို့နှင့်ကျေးရွာများအတွက် လျှပ်စစ်မီးဆိုင်ရာကိစ္စ လုပ်ကိုင်ခွင့်များအား ထုတ်ပေးခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ ဆောင်ရွက်နိုင်သည်။

(ဃ) သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးသည် ပုဒ်မခွဲ (က)အရ လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းကို ဖွဲ့စည်းရာတွင်-

(၁) သက်ဆိုင်ရာလျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၏ ပုံသေပိုင်ပစ္စည်းများနှင့် လုပ်ငန်းများအားလုံးကို လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းပိုင်အဖြစ် တရားဝင်လွှဲပြောင်း သတ်မှတ်ပေးရမည်။

(၂) ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များကို သီးခြားလွတ်လပ်စွာဖြင့် စီမံခွင့်ရှိစေရန် ဆောင်ရွက်ပေးရမည်။

(င) ပုဒ်မခွဲ(က) တွင် ဖော်ပြထားသော လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့နှင့် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းများသည် သင့်လျော်သည့် အချိန်တွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သီးခြားလွတ်လပ်သော လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့နှင့် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းများအဖြစ် ပြောင်းလဲရပ်တည်ခွင့်ရှိသည်။

၁၀။ သက်ဆိုင်ရာဝန်ကြီးဌာန၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များသည် အများပြည်သူ၏အကျိုးငှာ လျှပ်စစ်ဆိုင်ရာလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင်-

(က) အသုံးပြုရန်လိုအပ်သော မြေပမာဏကို တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ရယူအသုံးပြုခွင့်၊ လွှဲပြောင်းပေးခွင့် သို့မဟုတ် စွန့်လွှတ်ခွင့်ပြုနိုင်သည်။

(ခ) ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ ပတ်ဝန်းကျင် ထိခိုက်နိုင်မှုကို ဆန်းစစ်ခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးနည်းလမ်းဖြင့် ဆောင်ရွက်ခြင်း၊ ထိခိုက်မှုများအတွက် ပြန်လည်ပေးလျော်ခြင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေ ထည့်ဝင်ခြင်းတို့ကို ဆောင်ရွက်ရမည်။

(ဂ) လျှပ်စစ်ဓာတ်အားစနစ်အတွင်း တည်ဆောက်အသုံးပြုနေသော လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးနှင့် ပို့လွှတ်ရေးလိုင်းများ၊ ဓာတ်အားခွဲရုံများ၊ ဓာတ်အားပေးစက်ရုံများနှင့် ဆက်စပ်အဆောက်အအုံများကို တည်ဆဲဥပဒေများနှင့်အညီ တိုးချဲ့ခြင်း၊ ပြုပြင်ခြင်း၊ ပြောင်းရွှေ့တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ခွင့်ရှိသည်။

အခန်း(၅)

လျှပ်စစ်ဆိုင်ရာလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ခွင့်

၁၁။ လျှပ်စစ်ဆိုင်ရာလုပ်ငန်းတစ်ခုခုကို ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ဤဥပဒေပါ လျှပ်စစ်ဆိုင်ရာလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုနိုင်သော သက်ဆိုင်ရာဝန်ကြီးဌာန၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်။

၁၂။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစားလျှပ်စစ်ဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံ လုပ်ကိုင်ဆောင်ရွက်လိုသော မည်သည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကိုမဆို ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် လုပ်ကိုင်ခွင့်ပြုနိုင်သည်။

၁၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးမှအပ မဟာဓာတ်အားလိုင်းနှင့် ဆက်သွယ်ခြင်းမရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် အလတ်စားနှင့်အသေးစား လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းများကို ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံ လုပ်ကိုင်ဆောင်ရွက်လိုသော မည်သည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကိုမဆို ခွင့်ပြုနိုင်သည်။

၁၄။ လျှပ်စစ်ဆိုင်ရာလုပ်ငန်း လုပ်ကိုင်ခွင့်ရသူသည် လျှပ်စစ်ဓာတ်အားစနစ်သို့ လျှပ်စစ်ဓာတ်အားရောင်းချလိုပါက သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ လျှောက်ထားနိုင်သည်။

၁၅။ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့သည် မိမိဒေသအတွင်းရှိ မြို့နှင့်ကျေးရွာများအတွက် လျှပ်စစ်မီးဆိုင်ရာကိစ္စ လုပ်ကိုင်ခွင့်များနှင့်စပ်လျဉ်း၍ ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံ လုပ်ကိုင် ဆောင်ရွက်လိုသော မည်သည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကိုမဆို ခွင့်ပြုနိုင်သည်။

၁၆။ ပုဒ်မ ၁၂၊ ၁၃ နှင့် ၁၅ တို့အရ လျှပ်စစ်ဆိုင်ရာလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရန် ခွင့်ပြုနိုင်သော အစိုးရဌာန၊ အဖွဲ့အစည်းသည် ပုဒ်မ ၁၁ အရ လျှောက်ထားချက်များကို ရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီစိစစ်ပြီး လုပ်ငန်းဆောင်ရွက်ရန်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ လုပ်ငန်းဆောင်ရွက်ရန် ခွင့်ပြုပါက ခွင့်ပြုချက်ကို သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားသူအား ထုတ်ပေးရမည်။ ခွင့်ပြုချက်ထုတ်ပေးရာတွင် ပွင့်လင်းမြင်သာမှု၊ တရားမျှတမှု၊ ယှဉ်ပြိုင်နိုင်စွမ်းရှိမှုနှင့် ရေရှည်တည်တံ့စွာ ဆောင်ရွက်နိုင်မှုတို့ကို အခြေခံ၍ဆောင်ရွက်ရမည်။ လုပ်ငန်းဆောင်ရွက်ရန် ငြင်းပယ်ပါက ငြင်းပယ်ကြောင်း လျှောက်ထားသူအား ပြန်ကြားရမည်။

၁၇။ သက်ဆိုင်ရာဝန်ကြီးဌာနသည် လျှပ်စစ်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ခွင့်ပြုရာ၌ လုပ်ကိုင်ခွင့်ကာလနှင့် သက်တမ်းတိုးသည့်ကာလများကို ဤဥပဒေ၊ ရင်းနှီးမြှုပ်နှံမှုဥပဒေများနှင့်အညီ သတ်မှတ်ရမည်။

၁၈။ လျှပ်စစ်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် အခြားအဖွဲ့အစည်းများနှင့် ပူးတွဲဆောင်ရွက်လိုခြင်း၊ လွှဲပြောင်းလိုခြင်း၊ ခွင့်ပြုမိန့်ပါလုပ်ငန်းတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အငှားချထားခြင်း၊ လဲလှယ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းပေးအပ်ခြင်း ပြုလုပ်လိုပါက ခွင့်ပြုမိန့်ပေးခဲ့သည့် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများသို့ လျှောက်ထားနိုင်သည်။

၁၉။ လျှပ်စစ်ဆိုင်ရာလုပ်ငန်း လုပ်ကိုင်ခွင့်ပြုမိန့်ရရှိသူများသည် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းများကို သက်ဆိုင်ရာ ဝန်ကြီးဌာနတွင် မှတ်ပုံတင်ရမည်။

၂၀။ လျှပ်စစ်ဆိုင်ရာလုပ်ငန်း လုပ်ကိုင်ခွင့်ပြုမိန့်ရရှိသူများသည် လုပ်ကိုင်ခွင့်ရရှိသော လျှပ်စစ်ဆိုင်ရာလုပ်ငန်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနက သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများ၊ သက်ဆိုင်ရာဝန်ကြီးဌာနက အခါအားလျော်စွာထုတ်ပြန်သောအမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

၂၁။ လျှပ်စစ်ဆိုင်ရာ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် လုပ်ကိုင်ခွင့်ကာလကုန်ဆုံးချိန်တွင် ပြန်လည်လွှဲပြောင်းပေးရမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ မူလအခြေအနေအတိုင်းသော်လည်းကောင်း၊ ခွင့်ပြုမိန့်ရရှိစဉ်က စည်းကမ်းချက်များအရသော်လည်းကောင်း သဘောတူညီထားသည့်အတိုင်း သက်ဆိုင်ရာသို့ လွှဲပြောင်းပေးရမည်။

အခန်း(၆)

အရည်အသွေးနှင့် စံချိန်စံညွှန်းဆိုင်ရာ သတ်မှတ်ချက်များ

၂၂။ လျှပ်စစ်ဆိုင်ရာပစ္စည်းကိရိယာများ တင်သွင်းခြင်း၊ ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းများ ဆောင်ရွက်သူများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသတွင်းဆိုင်ရာအဖွဲ့အစည်းများနှင့်ချုပ်ဆိုထားသော စာချုပ်များနှင့် ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများတွင် ပါရှိသည့် လျှပ်စစ်ဆိုင်ရာ ပစ္စည်းကိရိယာများ၏ အရည်အသွေးနှင့် စံချိန်စံညွှန်းဆိုင်ရာ သဘောတူသတ်မှတ်ချက်များကို လိုက်နာရမည်။

၂၃။ သက်ဆိုင်ရာဝန်ကြီးဌာနသည် လျှပ်စစ်ဓာတ်အားစနစ်နှင့် သက်ဆိုင်ခြင်းမရှိသော စက်ရုံအလုပ်ရုံများ၊ ယင်းတို့တွင် တပ်ဆင်ထားသော စက်ပစ္စည်းကိရိယာများ၊ စီးပွားရေးဆိုင်ရာ အဆောက်အအုံများ၊ ပြည်တွင်းပြည်ပမှ ထုတ်လုပ်တင်သွင်းရောင်းချသော လျှပ်စစ်ဆိုင်ရာ ပစ္စည်းကိရိယာများနှင့် စပ်လျဉ်းသည့် အရည်အသွေးနှင့် စံချိန်စံညွှန်းဆိုင်ရာ စစ်ဆေးခြင်းများကို ဆောင်ရွက်ရမည်။

(ဆက်လက်ဖော်ပြပါမည်)

ရှမ်းပြည်နယ်(မြောက်ပိုင်း)

မောရှမ်းမြေပြန့်ရှုခင်း၌ မီးရောင်ထိန်လင်းနေပြီဖြစ်သော နမ့်ခမ်းနယ်စပ်ကျေးရွာအချို့

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ ကျေးလက်နေပြည်သူများ၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက နိုင်ငံတစ်ဝန်းဒေသအလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးများကို အဆင့်မြှင့်ဆောင်ရွက်ပေးသကဲ့သို့ ရေ၊ မီးရရှိရေးအတွက်လည်း ကြိုးပမ်းလုပ်ကိုင်ပေးလျက်ရှိသည်။ လူနေမှုဘဝတစ်ခုအတွက် ရေသည် မရှိမဖြစ်လိုအပ်သည်နှင့်အညီ မီးသည်လည်း လွန်စွာမှအရေးကြီးလှသည်။ မီးဆိုသည်မှာ ပူလောင်ခြင်းဟုအဓိပ္ပာယ်ပြဆိုထားသော်လည်း အမှောင်ကိုခွင်း၍ အလင်းကိုဆောင်ပေးသည့်အတွက် ပြည်သူများအတွက် ဘဝကိုလင်းလက်စေသည်ကို သိသာထင်ရှားလှ၏။

မီးခလုတ်ကလေး ဖျောက်ခနဲ့တစ်ချက် ဖွင့်၊ လက်ကနဲလင်းလက်လာသော လျှပ်စစ်မီးကို သုံးစွဲသူများအတွက် အလွယ်တကူအသုံးပြုနိုင်ကြသော်လည်း ထိုလျှပ်စစ်မီးလင်းလက်လာစေရန်အတွက် အသိပညာရှင်၊ အတတ်ပညာရှင်များ၏ ဉာဏစွမ်းအား၊ ကာယစွမ်းပကားဖြင့် အဆင့်ဆင့် အားကြိုးမာန်တက် လုပ်ကိုင်ကြရသည်။ ထို့ကြောင့်လည်း သုံးစွဲသူပြည်သူများအနေဖြင့် မြို့ပေါ်၊ ကျေးလက်များပါမကျန် များစွာအကျိုးရှိလှသည်။ ရေနံဆီ မီးခွက်၊ မီးအိမ်လေးထွန်း၍ နေထိုင်ရသည့်ဘဝထက် လျှပ်စစ်မီးကိုအသုံးပြုကာ နေရသည့်ဘဝကို ပို၍လိုလားကြသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မြန်မာ၊ တရုတ်နယ်စပ်၊ နမ့်ခမ်းမြို့နယ်၊ ရွှေလီမြစ်ဝှမ်းအနီး နေထိုင်ကြသော ကျေးလက်နေ တိုင်းရင်းသားပြည်သူများသည် ယခင်က တရုတ်နိုင်ငံမှ ဆက်သွယ်ရယူထားသော လျှပ်စစ်ဓာတ်အားလိုင်းကို အသုံးပြုပြီး နေထိုင်ခဲ့ကြရသည်။ လျှပ်စစ်ဓာတ်အားခနှုန်းထားမှာ တစ်ယူနစ်လျှင် ပျမ်းမျှ ငွေကျပ် ၃၀၀ နှုန်း ပေးဆောင်ကြရပြီး မီတာယူနစ်ပျောက်ဆုံးမှုအပေါ် သုံးစွဲသူများက အချိုးကျမျှခံကြရသည်။ ဓာတ်အားခနှုန်းထားကြီးမားမှုကြောင့် အချို့အိမ်များတွင် တပ်ဆင်အသုံးပြုနိုင်မှုမရှိခြင်း၊ တပ်ဆင်ထားသူများကလည်း ချွေတာ၍ သုံးစွဲရခြင်းများရှိခဲ့ကြသည်။ ဤကဲ့သို့ ကျေးလက်နေပြည်သူများ လျှပ်စစ်မီတာအသုံးပြုမှု အဆင်ပြေစေရန်အတွက် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် စယ်ဟိုင်းကျေးရွာမှ နောင်ခန်ရွာအထိ လေးမိုင်ခွဲကို 11KV ဓာတ်အားလိုင်း သွယ်တန်းတပ်ဆင်ပေးခဲ့သည်။ ပင်မ 11KV ဓာတ်အားလိုင်း တပ်ဆင်ပေးမှုကြောင့် ကျေးရွာများသို့ ဓာတ်အားလိုင်းသွယ်တန်းရန် 11KV ထရန်စဖော်မာ အဝင်လိုင်း ပေ၈၀မှ ပေ ၁၅၀ အထိသာရှိသည့်အတွက် ကျေးရွာနေပြည်သူများအတွက် ကုန်ကျစရိတ်သက်သာစေခဲ့သည်။

နမ့်ခမ်းမြို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာနှင့် ကျွမ်းကျင်လုပ်သားများသည် စယ်ဟိုင်း၊ မန့်ကန့်၊ ကောင်းဝိန်းကျေးရွာပြည်သူလူထုများ၏ ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် လျှပ်စစ်မီးရရှိရေးကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ စံချိန်စံညွှန်းနှင့်ကိုက်ညီသော တိုင်များ၊ ကြိုး၊ လက်တန်း၊ ကြွေသီးများကို အသစ်တပ်ဆင်ပြီး ဒစ်ဂျစ်တယ်မီတာများကို အသုံးပြုထားသည့်အတွက် ဓာတ်အားခများကို ကောက်ခံရာတွင် တိကျမှန်ကန်၍ မြန်ဆန်စေသည်။ စယ်ဟိုင်းကျေးရွာအတွက် ၄၀၀ ဗို့ ဓာတ်အားလိုင်း ပေ ၈၁၀၀၊ (11/0.4KV 315) ထရန်စဖော်မာတစ်လုံး၊ ဒစ်ဂျစ်တယ်မီတာ အလုံး ၂၃၀၊ မန့်ကန့်ရွာတွင် ၄၀၀ ဗို့ ဓာတ်အားလိုင်း ပေ ၅၉၀၀၊ (11/0.4KV 315) ထရန်စဖော်မာတစ်လုံး၊ ဒစ်ဂျစ်တယ်မီတာ ၉၉ လုံး၊ ကောင်းဝိန်းရွာတွင် ၄၀၀ ဗို့ ဓာတ်အားလိုင်းပေ ၄၆၅၀၊ (11/0.4 KV 200) ထရန်စဖော်မာတစ်လုံး၊ ဒစ်ဂျစ်တယ်မီတာ ၁၀၆ လုံး တပ်ဆင်ထားပြီး ဓာတ်အားခကို လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ သတ်မှတ်ကောက်ခံသည့်အတိုင်း တစ်ယူနစ်လျှင် ၃၅ ကျပ် ကောက်ခံခဲ့သည်။

စယ်ဟိုင်းကျေးရွာ၊ မန့်ကန့်၊ ကောင်းဝိန်းရွာ လျှပ်စစ်မီးရရှိရေးအတွက် ကျေးရွာပြည်သူများ၏ ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် အကုန်အကျခံပြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ တာဝန်ရှိသူများ၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် လျှပ်စစ်မီးရရှိပြီး ပြည်သူများ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရသည်။

"ကျွန်တော်တို့ရွာမှာ အရင်တုန်းက တရုတ်ပြည်ကနေတစ်ဆင့် မီးယူတော့ တစ်ယူနစ် ငွေကျပ် ၃၀၀ လောက်ပေးရတယ်။ တစ်ခါတလေ မီတာပျောက်တယ်ဆိုပြီး မီးယူတဲ့

အိမ်တွေက မျှပြီးအကုန်ခံရတယ်။ အိမ်မှာဆိုမီးကိုချွေတာသုံးနေရတယ်။ အခုတော့ တစ်ယူနစ် ၃၅ ကျပ်ဆိုတော့ တီဗွီလည်း တစ်ဝကြီးကြည့်လို့ရတယ်၊ မီတာခအတွက် အကုန်လည်း သက်သာတယ်၊ ညဘက်ဆို တစ်ရွာလုံး အိမ်တိုင်းမီးထိန်ထိန်လင်းနေတာပဲ" ဟု စယ်ဟိုင်းရွာနေပြည်သူတစ်ဦးက ပြောသည်။

"ကျေးရွာပြည်သူတွေ အခုလို လျှပ်စစ်မီးသုံးခွင့်ရတာကိုမြင်ရတော့ ကျွန်တော်တို့ ပင်ပန်းရကျိုးနပ်ပြီး ဝမ်းသာရတယ်ဗျာ၊ တရုတ်မီးယူထားတဲ့ ကျန်တဲ့ကျေးရွာတွေလည်း ကိုယ့်အားကိုယ်ကိုးစနစ်နဲ့ လုပ်ချင်တယ်ဆိုရင် သွယ်တန်းတပ်ဆင်တဲ့လုပ်ငန်းပိုင်းနဲ့ လိုအပ်တာတွေကို ကျွန်တော်တို့ဘက်က ကူညီဆောင်ရွက်ပေးဖို့ အသင့်ပါပဲ"ဟု နမ့်ခမ်းမြို့နယ် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်နိုင်က ပြောခဲ့သည်။ ယခုအခါ မြို့နှင့်တောရွာ မခွဲခြားဘဲ လျှပ်စစ်မီးသည် အမှောင်ကိုခွင်း၍ အလင်းကိုဆောင်လျက်ရှိနေပါပြီ။ မြို့ပြနှင့် ကျေးလက်ပြည်သူ ညီတူသောဘဝရရှိနေပါပြီ။ မောရှမ်းဒေသ ဆောင်းနှင်းများကြားဝယ် ချယ်ရီပန်း လှုပစွာပွင့်လန်းကာ တောတောင်ပန်းရနံ့သင်းသကဲ့သို့ နမ့်ခမ်းမြို့ နယ်စပ်ဒေသတောရွာမြေများတွင် လျှပ်စစ်မီးများ လင်းလက်နေပြီဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

ဉာဏ်မင်း(နမ့်ခမ်း)
ဓာတ်ပုံ-ပိုင်စိုးကျော်(လျှပ်စစ်)

ကရင်ပြည်နယ်

စိုက်ပျိုးကြီးပွား ကော့ကရိတ်သား

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်သည် ယခင်က အညိုရောင်၊ အနက်ရောင်နယ်မြေများသာ ဖုံးလွှမ်းနေပြီး မြို့တွင်းမှ ပြင်ပသို့ ဆက်သွယ်ရေးလမ်းကြောင်းများမှာ လုံခြုံရေးရှိမှသာ သွားလာ၍ရခဲ့သည်။ ထို့ကြောင့် မြို့ပြင်ပတွင် လယ်ရော၊ ယာရော၊ ဖုန်းဆိုးတောများ ဖုံးလွှမ်းပြီး ပလပ်မြေများ ဖြစ်ပွားခဲ့သည်။

ယင်းအခြေအနေများကြောင့် ဒေသခံတိုင်းရင်းသားပြည်သူများသည် တစ်ဖက်နိုင်ငံသို့သွားရောက်၍ လုပ်အားဖြင့် အသက်မွေးဝမ်းကျောင်းပြုခဲ့ကြရသည်။ ယခုအခါ နယ်မြေအေးချမ်းတည်ငြိမ်လာသည်နှင့်အမျှ ကရင်ရိုးရာတောင်သူလယ်လုပ် ဓားမခုတ်ဟူသော စကားနှင့်အညီ ပလပ်မြေများကိုဖော်ထုတ်၍ လယ်ယာ၊ ခြံမြေစိုက်ပျိုးထုတ်လုပ်မှုများကို အားစိုက်ဆောင်ရွက်လာကြသည်။

တစ်ခုထူးခြားသည်မှာ အဆိုးထဲက အကောင်းဟုဆိုရမည်။ တစ်ဖက်နိုင်ငံတွင် လုပ်အားဖြင့်စက်ရုံ၊ အလုပ်ရုံ၊ ဆောက်လုပ်ရေး၊ ဉယျာဉ်ခြံမြေလုပ်ငန်းများတွင် လုပ်ကိုင်ဆောင်ရွက်ခဲ့သော နည်းပညာများကို အခြေခံ၍ မြို့နယ်အတွင်း စတီး၊ သံပန်း၊ သံတံခါးလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းများနှင့် ခေတ်မီစိုက်ပျိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်လုပ်ကိုင်ဆောင်ရွက်လာကြသည်။

စာရေးသူသည် ၁၉၇၉ ခုနှစ်တွင် အိမ်ထောင်ရေးအရ ကရင်ပြည်နယ် ကော့ကရိတ်မြို့သို့ ပြောင်းရွှေ့အခြေချခဲ့ရာ ယခုအခါ ၃၅ နှစ်ပင်ရှိပြီဖြစ်သည်။ စာရေးသူ ၃၅ နှစ်အတွင်း လုံခြုံရေးအခြေအနေအရ ကော့ကရိတ်မြို့နှင့် သုံးမိုင်ခန့်ကွာဝေးသော ဆင်ကုန်းအရပ်သို့ လုံးဝရောက်ဖူးခဲ့ခြင်းမရှိပါ။

တောင်ကြာအင်းတိုက်နယ် ဝိဇ္ဇာကုန်း ကျေးရွာမှ ဦးစောတပလိုနှင့် ဦးစိုးတင့်တို့က ကျေးရွာအဝင်တစ်မိုင်ခွဲခန့်ရှိသောလမ်းကို ကွန်ကရစ်၊ ကတ္တရာလမ်းအဖြစ် ဖောက်လုပ်ရန် လိုအပ်သော ပစ္စည်း၊ ယန္တရားအကူအညီများ ညှိနှိုင်းဆောင်ရွက်ပေးရန် အကူအညီလာတောင်းရာမှ ကော့ကရိတ်မြို့ ဆင်ကုန်းအရပ်ရှိ ၎င်းတို့၏ စိုက်ပျိုးရေးခြံသို့ အလည်ခေါ်သဖြင့် သွားရောက်လေ့လာခဲ့ရသည်။

ကော့ကရိတ်-မြဝတီ အာရှလမ်းဖောက်လုပ်နေသော မြေသားလမ်းအနီးရှိ ခြံတောင်သူ ဦးစောတားဘူ၏ ခြံသို့ရောက်ရှိခဲ့သည်။ အဆိုပါခြံတွင် အောင်မြင်နေသော ရော်ဘာပင်များနှင့်အတူ ဖြစ်ထွန်းနေသော ထိုင်းနည်းပညာနှင့် ခေတ်မီရေပန်းတိုင်များဖြင့် စိုက်ပျိုးထားသော ဈေးကွက်ဝင်ရွှေသပြေပင်တန်းကြီးကို နီစွေးတောက်ပြောင်သောအရောင်ဖြင့် နေရောင်ခြည်အောက်တွင် မျက်စိတစ်ဆုံး လှချင်တိုင်းလှ၍ နေကြသည်ကို အထူးတလည် တွေ့မြင်အံ့သြခဲ့ရသည်။ ယနေ့ဈေးကွက်တွင် ရွှေသပြေသုံးခက်ခန့်ပါသော တစ်စည်းလျှင် ငွေကျပ် ၂၀၀ နှုန်း ပေါက်နေသည်။

ဆက်လက်၍ ဝိဇ္ဇာကုန်းရွာသား ဦးစောကျော်စိုး၏ စီးပွားဖြစ်ကွမ်းခြံကို သွားရောက်လေ့လာခဲ့ရာ ဦးစောကျော်စိုးက ယင်းကွမ်းခြံကို ငွေကျပ်သိန်းတစ်ရာကျော် ရင်းနှီးမြှုပ်နှံထားကြောင်း ဆိုသည်။ ၎င်းသည်လည်း ကံကောင်းသူ ဖြစ်သည်။ ယခင်ယာကွမ်း တစ်ပိဿာ ကျပ် ၄၀၀၀ မှ ယခုတစ်ပိဿာ ကျပ် ၉၀၀၀ မှ ၁၀၀၀၀ ဈေးအထိ နှစ်ဆကျော်ဈေးမြင့်သွားသဖြင့် အလွန်တွက်ခြေကိုက်နေသည်။ အမျိုးသားလေးဦးက ယာကွမ်းနှင့် ကွမ်းရွက်ငယ်များကို ရွေးချယ်ဆောင်ရွက်နေပါသည်။ တစ်ဖက်နိုင်ငံနည်းပညာဖြင့် စနစ်တကျစိုက်ပျိုးထားသော ကွမ်းခြံကြီးမှာ မြစိမ်းကမ္ဗလာလွှမ်းခြုံထားသကဲ့သို့ လှပနေသည်။

အလားတူ ကော့ကရိတ်မြို့ မွေးမြူရေးဇုန်ရှိ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ကြီးစိန်ထွန်း(ငြိမ်း)၏ စိုက်မွေးခြံတွင် ယခင်ထိုင်းနိုင်ငံမှ တင်သွင်းစားသုံးနေရသော ထိုင်ဝမ်ခရမ်းချဉ်သီးများကို အင်းလေးရေပေါ်ကျွန်းတိုင်ထောင်စိုက်ပျိုးနည်းအတိုင်း မြို့နယ်အတွင်း စတင်တိုင်ထောင်စိုက်ပျိုးခဲ့ရာ အသီးတမြိုင်မြိုင်ဖြင့် ဖွံ့ထွားအောင်မြင်နေသော ခရမ်းချဉ်သီးများကို အားရဖွယ်ရာ မြင်တွေ့ခဲ့ရသည်။

ထို့ကြောင့် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်မှ တိုင်းရင်းသားပြည်သူများအဖို့ စိုက်ပျိုးကြီးပွား ကော့ကရိတ်သားဟုပင် ဆိုရမည်ဖြစ်သည်။

ဆောင်းပါး-တင်ဝင်းလှိုင်(ကော့ကရိတ်)
ဓာတ်ပုံ-စိုးထက်အောင် (iprd)

ရခိုင်ပြည်နယ်

ရခိုင်ပြည်နယ်တွင် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာများအား အခမဲ့ခွဲစိတ်ပေးနေ

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ
လေးဝတီထွန်းစောခိုင်

နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲကာ အကျည်းတန်အရုပ်ဆိုးဘဝဖြင့် လောကအလယ် စိတ်အားငယ်နေရသူများအား ဆေးပညာစွမ်းအား၊ အလှူဒါနစွမ်းအားများပေါင်းလျက် ဘဝအတွက် အလှမပျက်ရအောင် စွမ်းဆောင်ပေးနေသူများ၏ စိတ်ထားကား မွန်မြတ်လှပေသည်။

ရခိုင်ပြည်နယ် စစ်တွေခရိုင်၊ မြောက်ဦးခရိုင်တို့မှ မြို့နယ်ပေါင်း ရှစ်မြို့နယ်နှင့် အမ်းမြို့နယ်တို့မှ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအား ပြည်တွင်းပြည်ပသာသနာပြု အလိုတော်ပြည့်ဆရာတော်ကြီး ဒေါက်တာအရိယာဝံသ၏ ဩဝါဒအရ မြန်မာနိုင်ငံစားဖိုမှူးများအသင်းနှင့် ရခိုင်လူမှုကယ်ဆယ်ရေးအဖွဲ့ (ရန်ကုန်) တို့မှ စီစဉ်ပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် စေတနာရှင်များ၏ အလှူဒါနစွမ်းအား၊ ဂျာမနီနိုင်ငံမှ ခွဲစိတ်ကုဆရာဝန်ကြီးများ၏ ဆေးပညာစွမ်းအားနှင့် ဆေးဝါးအလှူဒါနစွမ်းအားများ ပေါင်းစပ်ကာ စစ်တွေအထွေထွေရောဂါကု ဆေးရုံကြီးတွင် ဖေဖော်ဝါရီ ၂၄ ရက် မှ မတ် ၆ ရက်အထိ အခမဲ့ခွဲစိတ်ကုသပေးနေကြသည်။

ခွဲစိတ်ကုသပေးမည့် ပါမောက္ခ Dr.RADU Caius ဦးဆောင်သော ဂျာမန် Plastic Suragery အဖွဲ့သည် ဖေဖော်ဝါရီ ၂၃ ရက်ညနေပိုင်းက ရန်ကုန်မြို့မှတစ်ဆင့် စစ်တွေမြို့သို့ လေကြောင်းခရီးဖြင့်ရောက်ရှိလာပြီး စစ်တွေမြို့ မကျည်းမြိုင်မြို့ရပ်ကွက်ရှိ အောင်မြေဗောဓိ အလိုတော်ပြည့်ကျောင်း၌ အသင့်ရောက်ရှိနေကြသော လူနာများအနက် ခွဲစိတ်ကုသပေးမည့် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအပြင် မွေးရာပါခြေပူး၊ လက်ပူးနှင့် မီးလောင်ဒဏ်ရာ လူနာများကို စိစစ်ရွေးချယ်ပြီး ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၉ နာရီမှစ၍ စတင်ခွဲစိတ်ကုသပေးနေခြင်းဖြစ်သည်။

အဆိုပါ ခွဲစိတ်ကုသရေးအဖွဲ့တွင် ဂျာမနီနိုင်ငံမှ ခွဲစိတ်အထူးကုဆရာဝန်ခုနစ်ဦး၊ မေ့ဆေးဆရာဝန်နှစ်ဦး၊ သူနာပြုနှစ်ဦး၊ ဆေးကျောင်းသူနှစ်ဦးနှင့် မြန်မာနိုင်ငံမှ ဒေါက်တာနိုင်လင်း (တပ်မတော်ခွဲစိတ်ဆရာဝန်)တို့ ပါဝင်ပြီး မြန်မာနိုင်ငံစားဖိုမှူးများအသင်းမှ မစ္စတာအိုလီဗာစိုးထက်နှင့်ဇနီး ဒေါ်ခက်ခက်တို့က လိုအပ်ချက်များအား ပံ့ပိုးကူညီနိုင်ရန် လိုက်ပါလာကြသည်။

စစ်တွေဆေးရုံအုပ်ကြီး ဒေါက်တာအောင်ဆန်း၊ စစ်တွေမြို့နယ် ဆရာဝန်ကြီး ဒေါက်တာကျော့သာစိန်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအသင်းဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက လုပ်အားဒါနဖြင့် ပံ့ပိုးကူညီပေးခဲ့ကြသည်။

"ကျွန်မတို့ကဆင်းရဲပါတယ်၊ ဒါကြောင့် ကျွန်မရဲ့ကလေးကိုဒီအတိုင်းပဲ နှုတ်ခမ်းကွဲဖြစ်နေရတော့မှာလို့ထင်ခဲ့ပါတယ်။ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲတွေကို အခမဲ့ခွဲစိတ်ကုသပေးမယ်လို့ သတင်းကြားရတော့ ဒီကိုလာခဲ့တာ၊ ခုခွဲစိတ်ကုသပေးမယ်ဆိုတာမြင်ရတော့ ရင်ထဲမှာ ဖော်ပြမကုန် နိုင်အောင် ဝမ်းသာမိပါတယ်"ဟု ပုဏ္ဏားကျွန်းမြို့နယ်မှ လူနာ မိခင်တစ်ဦးက ရင်တွင်းခံစားမှုကို ဖေဖော်ဝါရီ ၂၃ ရက်က အလိုတော်ပြည့်ကျောင်းတွင် ဖွင့်ဟပြောသွားခဲ့သည်။

ယခုခွဲစိတ်ကုသရာတွင် လူနာ ၁၆၆ ဦးတို့ကို ခွဲစိတ်ကုသပေးမည်ဖြစ်ပြီး ခွဲစိတ်မှုခံယူပြီးသူ များကိုလည်း ကျန်းမာရွှင်လန်းစွာတွေ့ရသည်။ စာရေးသူအနေဖြင့် ဖေဖော်ဝါရီ ၂၅ ရက်က စစ်တွေဆေးရုံကြီးသို့ သွားရောက်ကာ ခွဲစိတ်မှုခံယူ ပြီးသောလူနာများနှင့် တွေ့ဆုံခဲ့ရာ မြောက်ဦးမြို့နယ်မှ မောင်ကျော်စိုးဝင်းက "ကျွန်တော် နှုတ်ခမ်းကွဲပြီးနေခဲ့ရတာ အရွယ်ရောက်လာတော့ ပိုပြီးရှက်မိ၊ အားငယ်မိခဲ့ပါတယ်။ ခုခွဲစိတ်ပြီးတဲ့နောက် ကိုယ့်ရုပ်ကို ကြည့်ရတာ အားတက်သွားပါတယ်။ ဝမ်းလည်းသာ ပါတယ်။ ခွဲစိတ်ပေးခဲ့တဲ့ ဆရာဝန်ကြီးတွေ စေတနာနှင့် ပံ့ပိုးပေးခဲ့ကြတဲ့သူတွေအားလုံး ကျေးဇူးတင်ပါတယ်"ဟု ပြောပြသည်။

ခွဲစိတ်ကုသရန် လာရောက်သော လူနာများနှင့် လူနာစောင့်များ၏ သွားရေး၊ လာရေး၊ နေထိုင်ရေးနှင့် စားသောက်ရေးကိစ္စအဝဝကို စစ်တွေမြို့ရှိ အကျိုးဆောင် သံဃာတော်များက ကြီးကြပ်ကာ စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

"ဆေးကုသပေးနေကြတဲ့ဆရာဝန်ကြီးတွေ၊ အဘက်ဘက်က ပံ့ပိုးကူညီပေးကြတဲ့သူတွေကို လူနာတွေရဲ့ကိုယ်စား ဦးပဉ္ဇင်းတို့က အထူးကျေးဇူး တင်ရှိပါတယ်။ ပစ္စုပ္ပန် သံသရာ၊ နှစ်ဖြာလောက ဘုံဌာနတွင်၊ သောကမရှိ ကင်းဘိရောဂါ၊ စိတ်ချမ်းသာ၍ လိုရာဆန္ဒပြည့်ဝကြပါစေဟု တောင်းဆုခြွေပါတယ်"ဟု တာဝန်ခံ အကျိုးဆောင် သံဃာတော်များအဖွဲ့မှ ဦးဉာဏက ပီတိစကား မြွက်ကြားခဲ့သည်။

လူနာများအထဲမှ မွေးရာပါ ခေါင်းကြီးကလေး လေးယောက်၊ မွေးရာပါ အသားပိုပါကလေး တစ်ယောက်နှင့် မွေးရာပါ စအိုပေါက် မပါသည့် ကလေးတစ်ယောက်တို့အား စေတနာရှင်များ၏ ထောက်ပံ့မှုဖြင့် ရန်ကုန်မြို့သို့ တင်ပို့ကုသပေးမည်ဖြစ်ကြောင်းသိရသည်။ ဤကဲ့သို့ အခမဲ့ခွဲစိတ်ပေးမှုမျိုးကို ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်မှ ဒီဇင်ဘာ ၅ ရက်အထိ စစ်တွေခရိုင်နှင့် မြောက်ဦးခရိုင်အတွင်းရှိ နှုတ်ခမ်းကွဲ ၊ အာခေါင်ကွဲလူနာ ၆၉ ဦး၊ လည်ပင်းကြီးလူနာ ၂၃ ဦးနှင့် အခြားလူနာ ၂၅ ဦးတို့အား စစ်တွေအထွေထွေ ရောဂါကု ဆေးရုံကြီးတွင် ဂျာမန်ခွဲစိတ်ပညာရှင် ပါမောက္ခ Dr.Peter Seeg နှင့် အဖွဲ့ကလည်းကောင်း၊ ၂၀၁၂ ခုနှစ်တွင် သံတွဲခရိုင်အတွင်းရှိ လူနာများအား သံတွဲဆေးရုံကြီးတွင်လည်းကောင်း အခမဲ့ခွဲစိတ်ကုသမှုပေးခဲ့ကြောင်း သိရသည်။

MTSH Myanmar Thilawa SEZ Holdings Public Limited
11th Floor, UMFCCI Office Tower, No. 29, Min Ye Kyaw Swar Street, Lanmadaw Tsp., Yangon, Myanmar. Tel: +95-1-2301772, 2301773

အစုရှယ်ယာများစတင်ရောင်းချမည့် ရက်သတ်မှတ်ကြေညာခြင်း

မြန်မာသီလဝါ အက်စ်အီးဇက်ဟိုးလ်ဒင်းပတ်ဘလစ်လီမိတက် (Myanmar Thilawa SEZ Holdings Public Limited) ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်အမှတ်- ၃၈၄/ ၂၀၁၃-၂၀၁၄ (၃-၅-၂၀၁၃)ဖြင့် အများနှင့်သက်ဆိုင်သောကုမ္ပဏီအဖြစ် ဖွဲ့စည်းတည်ထောင်ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။

မြန်မာသီလဝါ အက်စ်အီးဇက်ဟိုးလ်ဒင်း ပတ်ဘလစ်လီမိတက်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်တွင်တည်ရှိသည့် သီလဝါအထူးစီးပွားရေးဇုန်အား ရင်းနှီးတည်ဆောက်မည့် မြန်မာ-ဂျပန်သီလဝါ ဖွံ့ဖြိုးတိုးတက်ရေး လီမိတက်နှင့် သီလဝါအထူးစီးပွားရေးဇုန် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန် ရည်ရွယ်ချက်ဖြင့်ဖွဲ့စည်းထားပြီး၊ ရင်းနှီးမြှုပ်နှံရန် စိတ်ပါဝင်စားသူ အများပြည်သူသို့ ၂၀၁၄ ခုနှစ်၊ မတ်လ (၃)ရက် နေ့မှစတင်၍ အစုရှယ်ယာများရောင်းချမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အစုရှယ်ယာတစ်စုလျှင် ငွေကျပ် ၁၀,၀၀၀/- (ကျပ်တစ်သောင်းတိတိ) ဖြင့် အများပြည်သူသို့ အစုရှယ်ယာပေါင်း (၂,၁၄၅,၀၀၀)ရောင်းချမည်ဖြစ်ရာ အစုရှယ်ယာအနည်းစုသာ ဝယ်ယူနိုင်သူများအား ဦးစားပေးခွဲဝေရောင်းချမည် ဖြစ်ပါသည်။ ကုမ္ပဏီ၏လုပ်ငန်းအလားအလာညွှန်းတမ်း (Prospectus) ကို လေ့လာနိုင်ရန်နှင့် အစုရှယ်ယာဝယ်ယူရန် လျှောက်လွှာပုံစံများကို မြန်မာသီလဝါ အက်စ်အီးဇက်ဟိုးလ်ဒင်းပတ်ဘလစ် လီမိတက်ရုံး၊ ကုန်သည်စက်မှု အသင်းချုပ်ရုံး၊ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ယာယီဖွင့်လှစ်ထားသည့် သန်လျင်ကျောက်တန်းလမ်းနှင့် ဒဂုံသီလဝါလမ်းထောင့်ရှိ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနမြေယာရုံးခွဲ(၂)တွင်လည်းကောင်း၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့ကြီးများ အပါအဝင်ပြည်နယ်နှင့် တိုင်းဒေသကြီးရှိ ရိုးမဘဏ်၊ CB ဘဏ်၊ ဧရာဝတီဘဏ်၊ မြန်မာ့ရှေ့ဆောင်ဘဏ် နှင့် ကမ္ဘောဇဘဏ်တို့၏ ဘဏ်ခွဲများတွင်လည်းကောင်း အများပြည်သူ လွယ်လင့်တကူရရှိနိုင်ရန် ထားရှိသွားမည် ဖြစ်ပါကြောင်းကြေညာအပ်ပါသည်။

ဒါရိုက်တာအဖွဲ့
မြန်မာသီလဝါအက်စ်အီးဇက်ဟိုးလ်ဒင်းပတ်ဘလစ်လီမိတက်

ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီသို့ မေးမြန်းအကြံပြုချက်များ သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာ

ပို့ဆောင်ရေးဝန်ကြီးဌာနနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ

(ယခင်အပတ်မှအဆက်)

၂၀။ **ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပြစ်ဒဏ်ငွေပေးဆောင်မှုတွင် ယခင်က (၁၀၀၀၀) ကျပ် ဒဏ်ရိုက်ခဲ့သော်လည်း ယခု ယင်းပြစ်ဒဏ်ငွေအား ပြန်လည်စဉ်းစားဆောင်ရွက်ရန် စီစဉ်နေကြောင်း သိရပါသည်။ ၁၉၆၄ ဥပဒေသတ်မှတ်လျှင် ပြစ်ဒဏ်ငွေတို့မှာ ၁၅၀၀ သာရှိပြီး ခေတ်နှင့်မလျော်ညီတော့၍ ယခုအခါ မူလသတ်မှတ်သော ဒဏ်ငွေအတိုင်း ဆောင်ရွက်သင့်/မသင့် ၎င်းကိစ္စမည်သို့ဆောင်ရွက်မည်ကို သိလိုပါကြောင်း မေးမြန်းချက်နှင့် ပတ်သက်၍** ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပြစ်ဒဏ်ငွေအား ယခင်က စည်ပင်သာယာနည်းဥပဒေအရ ဒဏ်ငွေ ၁၀၀၀၀ ကျပ် ပေးဆောင်ရန် သတ်မှတ်ဆောင်ရွက်လျက်ရှိရာ ယခုအခါမည်သို့ သတ်မှတ်ဆောင်ရွက်သင့်ကြောင်း ဆွေးနွေးဆောင်ရွက်ဆဲဖြစ်ပါသည်။ ၁၉၆၄ ဥပဒေနှင့် ၁၉၈၉ နည်းဥပဒေအရလည်း ယခုကာလနှင့် သတ်မှတ်ဒဏ်ကြေးမှာ မကိုက်ညီတော့၍ တစ်ကြောင်း ပြောင်းလဲလာသော အခြေအနေများအရ အခြားလိုအပ်သောဥပဒေ၊ နည်းဥပဒေများကို ပြင်ဆင်ရန်အတွက်လည်းကောင်း ရှေ့နေချုပ်ရုံးနှင့် ပူးပေါင်း၍ ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။ ရှေ့နေချုပ်ရုံးမှ လိုအပ်ချက်များစိစစ်ပြီးပါက ဥပဒေ၊ နည်းဥပဒေအသစ်များ ထွက်ပေါ်လာပါက ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၂၁။ **တောင်သာဘူတာနှင့် ဝန်ထမ်းလိုင်းခန်း၊ အင်ဂျင်နီယာလိုင်းခန်းများ ပျက်စီးနေပါသဖြင့် ပြုပြင်ပေးရန် မေးမြန်းချက်နှင့် ပတ်သက်၍** ယာဒ်ဝင်းအတွင်းရှိ ဘူတာရုံ ဘူတာဝန်ထမ်းနှင့် အင်ဂျင်နီယာဝန်ထမ်းအိမ်ရာများ ပြုပြင်ရေးအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သွားရန် လျာထားပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ

၁။ **CDMA ဖုန်းများ လက်ရှိအခြေအနေအရ အများသုံးစွဲသည့်အချိန်များတွင် လိုင်းကျပ်ပြီး အခက်အခဲဖြစ်ပေါ်နေပါသဖြင့် လိုအပ်သလို ဆောင်ရွက်ပေးနိုင်ပါရန် မေးမြန်းချက်နှင့် ပတ်သက်၍** သုံးစွဲသူများလာပါက လိုင်းကျပ်လာမည်ဖြစ်သဖြင့် ခေါ်ဆိုမှုအခက်အခဲရှိလာမည် ဖြစ်ပါသည်။ ထိုအခက်အခဲကို ဖြေရှင်းနိုင်ရန် အစီအစဉ်များချမှတ်၍ စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

၂။ **PCO ဖုန်း CDMA-800 MHz (၀၉-၆၈-----)ဖုန်းများအား ကိုယ်ပိုင်ဖုန်းအဖြစ် ပြောင်းလဲပေးရန်မေးမြန်းချက်နှင့် ပတ်သက်၍** PCO ဖုန်း CDMA-800 MHz (၀၉-၆၈-----) ဖုန်းများအား ကိုယ်ပိုင်ဖုန်းအဖြစ် ပြောင်းလဲဆောင်ရွက်ပေးနိုင်ပါရန် ကိစ္စနှင့်စပ်လျဉ်း၍ တိုင်းမန်နေဂျာရုံး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသို့ ဆက်သွယ်မေးမြန်းဆောင်ရွက်နိုင်ပါကြောင်းနှင့် ဝန်ကြီးဌာနမှထုတ်ပြန်သည့် PCO လုပ်ထုံးလုပ်နည်းမူဝါဒနှင့်အညီ ပြေလည်အောင်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၃။ **အော်တိုကြိုးဖုန်းများအား လိုင်းတိုးချဲ့ပေးပါရန်မေးမြန်းချက်နှင့် ပတ်သက်၍** အော်တိုဖုန်းလိုင်းတိုးချဲ့ရန်ကိစ္စနှင့်စပ်လျဉ်း၍ ယခုလောလောဆယ်ဆောင်ရွက်နိုင်ခြင်း မရှိသေးသော်လည်း အဆင့်လိုက်တိုးချဲ့ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၄။ **Sea Games ကာလတွင် WiFi သုံးစွဲမှုနှင့်ပတ်သက်၍ အဆင်ပြေသော်လည်း ဝန်နှင့်အား မျှတအောင်ဆောင်ရွက်ပေးနိုင်ရေး အကြံပြုတင်ပြခြင်းနှင့်ပတ်သက်၍** Sea Games ကာလတွင် Japan LTE WiFi Node ၄၈ခု၊ Sky Net WiFi Node ၃၃ခု၊ MPT WiFi Node အခု ၂၀ ဖြန့်ကြက်တပ်ဆင်ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် သတင်းနှင့်ပြန်ကြားရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း ဖြေကြားအပ်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

မန္တလေးတိုင်းဒေသကြီး

စဥ့်ကူးမြို့နယ် ထုံးကြီးတိုက်နယ် ဆေးရုံ၌ (၁၆) ခုတင်ဆံ့ဆေးရုံတိုးချဲ့တည်ဆောက်မှု ဇွန်လတွင်ပြီးစီးမည်

မန္တလေးတိုင်းဒေသကြီး စဥ့်ကူးမြို့နယ် ထုံးကြီးတိုက်နယ်ဆေးရုံသည် စဥ့်ကူးမြို့နယ် အလယ်ပိုင်းကျေးရွာများနှင့် အောက်ပိုင်းကျေးရွာများရှိ ပြည်သူများ၏ အားကိုးအားထားပြုရာ ဆေးရုံကြီးဖြစ်သည်နှင့်အညီ လူနာပေါင်းစုံ၏ ရောဂါမျိုးစုံကို ကုသရာတွင် လူဦးရေနှင့် ခုတင်လုံလောက်မှုတမှုမရှိသဖြင့် ဆေးရုံတက်ရောက်ဆေးကုသသည့် လူနာများ အခက်အခဲများနှင့် ရင်ဆိုင်နေရကြောင်းနှင့် လက်ရှိဆရာဝန်၊ ဆရာမများ၊ ဆေးရုံလုပ်သား ဝန်ထမ်းများအနေဖြင့်လည်း လူနာနှင့်မျှတမှုမရှိဘဲ မနိုင်ဝန် ထမ်းဆောင်နေကြရကြောင်း သိရသည်။

ထို့ကြောင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်အစိုးရအဖွဲ့၏ ခွင့်ပြုငွေကျပ်သိန်း ၆၀၀၀ အကုန်အကျခံကာ လက်ရှိတိုက်နယ်ဆေးရုံကြီး၏ အရှေ့ဘက်တွင် အရှည်ပေ ၃၉၃/၂၂၂၊ အကျယ်ပေ ၂၉၇/၂၈၅ ပေရှိ (၁၆) ခုတင်ဆံ့ RC သံကူကွန်ကရစ် တစ်ထပ်အဆောက်အအုံနှင့် အရာရှိဝန်ထမ်းအိမ်ရာ RC နှစ်ခန်းတွဲ တစ်ဆောင်၊ ဝန်ထမ်းအိမ်ရာ RC လေးခန်းတွဲ တစ်ဆောင်နှင့် သုံးခန်းတွဲ တစ်ဆောင်တို့ကို လုပ်သားအင်အား ၆၀၀ တို့ဖြင့် ရန္တပိုဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူဆောက်လုပ်လျက်ရှိရာ ယခုအခါ အဆောက်အအုံတစ်ခုလုံး၏ ၅၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်းနှင့် ၂၀၁၄ ခုနှစ် ဇွန်လတွင် ရာနှုန်းပြည့်ပြီးစီးမည်ဟု လျာထားသော်လည်း ယခုထက်စောပြီး (ဧပြီလသင်္ကြန် မတိုင်မီ)ပြီးစီးရန် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း တာဝန်ယူဆောက်လုပ်နေသည့် တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်ကြည်က ပြောပြသည်။

လက်ရှိ တိုက်နယ်ဆေးရုံတွင် ဆရာဝန်တစ်ဦး၊ သူနာပြုတစ်ဦး၊ ဆေးစပ်တစ်ဦးနှင့် သန့်ရှင်းရေး နှစ်ဦးရှိပြီး အဆောက်အအုံသစ် ဆောက်လုပ်ပြီးစီးပါက ဆေးရုံကို ၂၅ ခုတင်ဆံ့အဆင့်တင်ပြတောင်းခံပြီး ဆေးရုံဝန်ထမ်းများကိုလည်း တိုးချဲ့ခန့်ထားပေးရန် တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း တိုက်နယ်ဆရာဝန်ကြီး ဒေါက်တာနေမင်းနိုင်က ပြောပြသည်။ ယခုအခါ ဒေသခံပြည်သူများ အနေဖြင့် အဆင့်မြင့်တိုက်နယ်ဆေးရုံကြီး ပြီးစီးပါက မိမိတို့၏ အထွေထွေကျန်းမာရေးအတွက် ဆေးကုသမှုခံယူရရှိနိုင်တော့မည်ဖြစ်၍ နိုင်ငံတော် အစိုးရအား ကျေးဇူးတင် ဝမ်းသာလျက်ရှိကြောင်း သိရသည်။

ဝင်းမောင်

စစ်ကိုင်းတိုင်းဒေသကြီး

ထီးချိုင့်မြို့နယ်၌ မျက်စိဝေဒနာရှင်များကုသပေး

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် မောင်းကုန်းဒေသမှ ဒေသခံ မျက်စိဝေဒနာရှင် ၂၅၀၀ ကို ကုမ္ပဏီများနှင့်ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်းပြီး အခမဲ့စမ်းသပ်စစ်ဆေးပေးခဲ့သည်။

ဖေဖော်ဝါရီ ၁၇ ရက်မှ ၁၉ ရက်ထိ ထီးချိုင့်မြို့နယ် မောင်းကုန်းဒေသမှ ဒေသခံမျက်စိဝေဒနာရှင် ၂၅၀၀ ကို အခမဲ့ စမ်းသပ်စစ်ဆေးခြင်း၊ အသေးစားခွဲစိတ်၊ ကုသခြင်း၊ ဆေးဝါးများ အခမဲ့ထောက်ပံ့ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ အကြီးစားခွဲစိတ်မည့် လူနာများကို ကုမ္ပဏီမှ မော်တော်ယာဉ်များဖြင့် ကသာမြို့ ခုတင် ၁၀၀ ဆံ့ ဆေးရုံသို့ အခမဲ့ခေါ်ယူခွဲစိတ်ပေးခဲ့ပြီး ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၃ ရက်အထိ ကသာမြို့ဝန်းကျင်လူနာများကို အခမဲ့ကုသပေးခဲ့ကြောင်း သိရသည်။

ဖိုးချမ်း-မုံရွာ

MPC

(Manaung Public Company Limited)

Manaung Public Company Limited

ပဲခူးတိုင်းဒေသကြီး

ပညာပေးဟောပြော

လက်ပံတန်းမြို့လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးတင်ထွန်းနှင့် ဝန်ထမ်းများသည် ဖေဖော်ဝါရီ ၂၅ ရက်နံနက်က မိုးအိုင်ကျေးရွာအုပ်စု သဖန်းကုန်းကျေးရွာ ဘုန်းကြီးကျောင်း၌ သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ ပညာပေးဟောပြောပွဲကျင်းပရာ မြို့နယ်ဦးစီးဌာနမှူး ဦးတင်ထွန်းက သန်းခေါင်စာရင်းကောက်ယူရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

(၀၉၈)

မဟာကြီးရှည်

မဟာကြီးရှည်

မဟာကြီးရှည်

Top Royal

မဟာကြီးရှည်

SNOWPIERCER

POMPEII 3D

3AM (Part 2) 3D

3AM (Part 2) 3D

FULHAM VS CHELSEA

Team	League	FACup	Capital One	Community Shield	European Cup	UEFA Cup	Cup Winner's Cup	UEFA SuperCup	Intercontinental Cup	Club World Cup	Total
ဖူလ်ဟမ်	-	-	-	-	-	-	-	-	-	-	-
ချယ်လ်ဆီး	၄	၇	၄	၄	၁	၁	၂	၁	-	-	၂၄



KEY PLAYER

ဆစ်ဝဲလ် - ကွင်းလယ်

ပရီမီယာလိဂ် ယခုနှစ်သွင်းဂိုး	-	၆ဂိုး
ပရီမီယာလိဂ် ယခုနှစ်ပွဲကစားမှု	-	၂၆ပွဲ
ပရီမီယာလိဂ်စုစုပေါင်းသွင်းဂိုး	-	၂၀ဂိုး
ဖူလ်ဟမ်အတွက် စုစုပေါင်းသွင်းဂိုး	-	၁၆ဂိုး
ဖူလ်ဟမ်အတွက်စုစုပေါင်း ပွဲကစားမှု	-	၁၀၃ပွဲ

KEY PLAYER

ဟာဇက် - ကွင်းလယ်

ပရီမီယာလိဂ် ယခုနှစ်သွင်းဂိုး	-	၁၂ဂိုး
ပရီမီယာလိဂ် ယခုနှစ်ပွဲကစားမှု	-	၂၇ပွဲ
ပရီမီယာလိဂ်စုစုပေါင်းသွင်းဂိုး	-	၂၁ဂိုး
ချယ်လ်ဆီးအတွက် စုစုပေါင်းသွင်းဂိုး	-	၂၇ဂိုး
ချယ်လ်ဆီးအတွက်စုစုပေါင်း ပွဲကစားမှု	-	၉၈ပွဲ

ဖူလ်ဟမ် Formation - 4-2-3-1



ချယ်လ်ဆီး Formation - 4-2-3-1



PREDICTED TEAM

တန်းဆင်းရမယ့်အခြေအနေနှင့် ရင်ဆိုင်နေရသည့်အထိ ဖူလ်ဟမ်၏ အနေအထားမှာ ပျက်ယွင်းလွန်းလှသည်။ ထိုးစစ်က အခုနောက်ပိုင်းဂိုးသွင်းခြေရရှိလာ သော်လည်း ခံစစ်ပိုင်းမှာမူ ကျစ်လျစ်မှု လုံးဝမရှိပေ။

LAST FIVE MATCHES RECORD

D	L	D	L	L

နောက်ဆုံးပွဲမှ

LAST FIVE MATCHES RECORD

W	D	W	W	D

PREDICTED TEAM

နောက်ဆုံးငါးပွဲတွင် တစ်ဂိုးအထက်ပို၍ သွင်းနိုင်ခဲ့သောပွဲ တစ်ပွဲသာရှိသည့် ချယ်လ်ဆီးတိုက်စစ်သည် စိုးရိမ်ရသည့် အခြေအနေတွင်ရှိသည်။ သို့သော် ထိုငါးပွဲတွင် တစ်ဂိုးသာဂိုးပေးရသောခံစစ်မှာ ကျစ်လျစ်လွန်းလှသည်။

FIVE CLASSIC MATCHES

ဖူလ်ဟမ် ၀ - ၃ ချယ်လ်ဆီး
၁၈-၄-၁၃ ပရီမီယာလိဂ်

လန်ဒန်ဒါဘီဟုဆိုသော်လည်း ဖူလ်ဟမ်သည် ချယ်လ်ဆီးကို မည်သို့မျှ မတုံ့ပြန်နိုင်ခဲ့။မိနစ် ၃၀၊ ၄၃မိနစ်နှင့် ၇၁မိနစ်တို့တွင် လူးဝစ်နှင့်တယ်ရီတို့က ချယ်လ်ဆီးအတွက် ဂိုးများသွင်းယူခဲ့ပြီး ချယ်လ်ဆီးကသာ အကောင်းဆုံး ထိန်းချုပ်အနိုင်ယူသွားခဲ့သော ပွဲတစ်ပွဲသာဖြစ်သည်။

ဖူလ်ဟမ် ၁ - ၁ ချယ်လ်ဆီး
၁၀-၄-၁၂ ပရီမီယာလိဂ်

လန်ဒန်ဒါဘီပီသခဲ့သည်ဟုဆိုရမည်။ ၄၅မိနစ်တွင် ချယ်လ်ဆီးတို့ ပယ်နယ်တီရကာ လမ်းပတ်က ကန်သွင်းနိုင်ခဲ့၍ အဖွင့်ဂိုးရသော်လည်း နောက်ပိုင်းတွင် ဖူလ်ဟမ်က အကောင်းဆုံးတုံ့ပြန်ကာ ၈၂ မိနစ်တွင် ဒမ်ဆေးကချေပဂိုးပြန်သွင်းခဲ့သည်။

ဖူလ်ဟမ် ၀ - ၀ ချယ်လ်ဆီး
၁၅-၂-၁၁ ပရီမီယာလိဂ်

ချယ်လ်ဆီးအတွက် ကံကောင်းသောပွဲဟုဆိုရမည်။ တစ်ချိန်လုံးဖိအားပေးခဲ့သော်လည်း ဖူလ်ဟမ်ခံစစ်ကို မကျော်နိုင်ခဲ့သည့်အပြင် နာကျင်အချိန်ပိုတွင် ပယ်နယ်တီပေးခဲ့ရသည်။ ထိုပယ်နယ်တီကို ဒမ်ဆေးက ကန်သွင်းရာ ဂိုးမဝင်ခဲ့၍သာ ချယ်လ်ဆီးတို့ မရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

ဖူလ်ဟမ် ၀-၂ ချယ်လ်ဆီး
၂၃-၈-၀၉ ပရီမီယာလိဂ်

ထိုပွဲတွင်မူ ချယ်လ်ဆီးတို့ ထင်သလောက် အခက်မတွေ့ခဲ့။ ဒရော့ဘာနှင့်အနယ်ကာတို့တိုက်စစ်အတွဲက ဖူလ်ဟမ်ခံစစ်ကို ဖိအားပေးနိုင်ခဲ့ကာ ၃၉မိနစ်တွင် ဒရော့ဘာနှင့် ၇၆မိနစ်တွင် အနယ်ကာတို့က ဂိုးများသွင်းယူကာ နှစ်ဂိုးပြတ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ဖူလ်ဟမ် ၂-၂ ချယ်လ်ဆီး
၂၈-၁၂-၀၈ ပရီမီယာလိဂ်

အကြိတ်အနယ်ရှိခဲ့သည်။ ၁၀ မိနစ်တွင် ဒမ်ဆေးက ဖူလ်ဟမ်အတွက် ဂိုးစသွင်းသော်လည်း မိနစ် ၅၀နှင့် ၇၂မိနစ်တို့တွင် လမ်းပတ်က ချယ်လ်ဆီးအတွက် နှစ်ဂိုးပြန်သွင်းခဲ့သည်။ သို့သော် နာကျင်အချိန်ပိုတွင် ဒမ်ဆေးကပင် ဖူလ်ဟမ်အတွက် ချေပဂိုး ပြန်သွင်းခဲ့၍ သရေကျခဲ့သည်။

ပရီမီယာလိဂ် ပွဲစဉ်(၂၈)

အဲဗာတန် - ဝက်စ်ဟမ်း	ည ၉း၃၀	(၁-၃-၁၄)
ဖူလ်ဟမ် - ချယ်လ်ဆီး	ည ၉း၃၀	(၁-၃-၁၄)
ဟားလ် - ကာဆယ်	ည ၉း၃၀	(၁-၃-၁၄)
စတုတ် - အာဆင်နယ်	ည ၉း၃၀	(၁-၃-၁၄)
ဆောက်သမ်တန်- လီဗာပူး	နံနက် ၀၀း၀၀	(၂-၃-၁၄)
ဗီလာ - နော့ဝှစ်ချ်	ည ၁၁း၀၀	(၂-၃-၁၄)
ဆွမ်ဆီး - ပဲလေ့စ်	ည ၁၁း၀၀	(၂-၃-၁၄)
စပါးစ် - ကာဒစ်ဖ်	ည ၁၁း၀၀	(၂-၃-၁၄၀

၂၀၁၄ ခုနှစ်အတွင်း ဒုတိယမြောက် ချန်ပီယံဆုအဖြစ်

Rio Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆု နာဒယ်လ်ရယူ

ကမ္ဘာ့အဆင့်(၁)တင်းနစ်သမား ရာဖေးလ်နာဒယ်လ်သည် ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၃ ရက်အထိ ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေရိုးတွင် ကျင်းပခဲ့သည့် ၂၀၁၄ ခုနှစ် Rio Open တင်းနစ်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၌ အနိုင်ရ ဗိုလ်စွဲကာ ဆုကြေးငွေအဖြစ် အမေရိကန်ဒေါ်လာ ၃၁၆၄၀၀ ရရှိသွားခဲ့သည်။ အဆိုပါ ချန်ပီယံဆုသည် နာဒယ်လ်ရရှိခဲ့သည့် ဒုတိယမြောက် ချန်ပီယံဆု ဖြစ်သည်။

နာဒယ်လ်သည် ဗိုလ်လုပွဲတွင် ယူကရိန်းနိုင်ငံသား ကမ္ဘာ့အဆင့် ၃၈ ဖြစ်သူ အလက်ဇန်းဒါးဒိုလ်ဂိုပိုလော့ဗ်(၂၅ နှစ်)နှင့် ၁ နာရီ ၄၁ မိနစ်ကြာ ယှဉ်ပြိုင်ခဲ့ပြီး ၆-၃၊ ၇-၆(၃)ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အသက် ၂၇ နှစ်အရွယ်ရှိ နာဒယ်လ်သည် ၂၀၁၄ ခုနှစ် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ဝါရင်ကာအား အရေးနိမ့်ခဲ့ရပြီးနောက် ပထမဆုံး ပါဝင်ယှဉ်ပြိုင်သည့်ပြိုင်ပွဲ၌ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။နာဒယ်လ်သည် ဒိုလ်ဂိုပိုလော့ဗ်နှင့် ရင်ဆိုင်ခဲ့ဖူးသည့် ငါးပွဲတွင် ငါးပွဲစလုံး အနိုင်ရရှိခဲ့သူဖြစ်သည်။

နာဒယ်လ်နှင့် ဒိုလ်ဂိုပိုလော့ဗ်တို့ ယှဉ်ပြိုင်ကစားခဲ့သည့် ဗိုလ်လုပွဲသို့ ဘရာဇီးတိုက်စစ်မှူးဟောင်း ရော်နယ်ဒို လာရောက်အားပေးခဲ့ပြီး ပွဲအပြီး၌ နာဒယ်လ်နှင့်အတူ ဓာတ်ပုံရိုက်ကူးခဲ့သည်။

"ပါဝင်ယှဉ်ပြိုင်တဲ့ ပြိုင်ပွဲတစ်ခုမှာ ဗိုလ်စွဲနိုင်ခဲ့တာက ကောင်းမွန်တဲ့ အချိန်တစ်ခုဖြစ်ပါတယ်" ဟု နာဒယ်လ်က ပြောသွားသည်။

စာမျက်နှာ ၇ သို့ »